၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com








အတွဲ(၁၀)၊ အမှတ်(၄) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် ၊ ကြာသပတေး၊ (မတ် ၃၁ ၊ ၂၀၁၁)




ရှမ်းပြည်နယ်မြောက်ပိုင်း ရွှေတြိဂံဒေသအတွင်း လွယ်မွေမြို့အနီး ဗဟိုပြု၍ မတ်လ ၂၄ရက် ညပိုင်းက လှုပ်ခတ်ခဲ့သော ရစ်ချ်တာစကေး ၇အဆင့်ရှိ အင်အားပြင်းမြေငလျင်ကြောင့် လူရာဂဏန်းနီးပါးသေဆုံးဒဏ်ရာရမှုများ ဖြစ်ခဲ့သည်။ ငလျင်ဒဏ်သင့်ဒေသ၏ လတ်တလောသေဆုံးဒဏ်ရာရမှုအခြေအနေနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယင်းဒေသမှပေးပို့သည့် သတင်းဓာတ်ပုံနှင့် သတင်းပေးပို့ချက်များဖြင့် စုစည်းဖော်ပြအပ်ပါသည်။ (စာ - ၂၇မှ၂၉တွင်ရှု) (ဓာတ်ပုံ-အားမာန်)

## တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပခြင်းမရှိ

**တပ်မတော်အစိုးရလက်ထက် နှစ်ပေါင်း၂၀ကျော်အတွင်း တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားပြုလုပ်ခြင်း မရှိသည့် ပထမဆုံးနှစ်ဖြစ်**

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ မတ် - ၂၇

နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်မိန့်ခွန်း ပြောလေ့ရှိသည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယခု (၆၆)နှစ်မြောက် တပ်မတော်နေ့တွင် ပြုလုပ်ခြင်းမရှိသည့်အတွက်နှစ်ပေါင်း၂၀ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းဝင်သွားကြောင်း နိုင်ငံရေး လေ့လာသူများက သုံးသပ်ပြောကြားသည်။

တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမကျင်းပသော်လည်း (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ညှိခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်တွင် ပြုလုပ်ကျင်းပခဲ့သည်။

စာ(၁၂)သို့


လေတိုက်နှုန်း အတွက်များ၍ ရေလုပ်သားများဒုက္ခရောက် စာ(၄)သို့

ဟတ်ကာအဖွဲ့တစ်ဖွဲ့က အရေးကြီးသောအီးမေးလ်အကောင့် အချို့ကိုထိန်းချုပ်ထားဟုဆို စာ(၆)သို့

ဧပြီလပထမပတ်တွင် ငလျင်တစ်ခုထပ်မံကြုံတွေ့နိုင်ဟု နက္ခတ်သိပ္ပံပညာရှင်ခန့်မှန်း စာ(၃)သို့

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ဧရာဝတီမြစ်အောက်ပိုင်းဒေသများကို မထိခိုက်နိုင်ဟုဆို စာ(၃)သို့


ပို့ဆောင်ရေးလေကြောင်းလိုင်း

## ဂျာမနီလေကြောင်းလိုင်း ဖရန့်ဖတ် – ရန်ကုန် တိုက်ရိုက်ပျံသန်းရန် စီစဉ်

အောင်သူရ

ရန်ကုန်၊ မတ် - ၂၃

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့အခြေစိုက် Condor Air လေကြောင်းလိုင်းသည် လာမည့်ခရီးသွားရာသီတွင် ဂျာမနီနိုင်ငံ၊ ဖရန့်ဖတ်မြို့မှ ရန်ကုန်မြို့သို့တိုက်ရိုက် ပျံသန်းရန် စီစဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"ITB ပွဲမှာ အဲဒီလေကြောင်းကလူတွေ အစ်မတို့နဲ့ လာဆွေးနွေးတယ်။ ရန်ကုန်လေဆိပ်ရဲ့ အခြေအနေကိုလည်း လေ့လာထားပြီးပြီ"ဟု မြန်မာမားကက်တင်းကော်မတီမှ ဒေါ်သွယ်သွယ်ထွန်းကပြောသည်။

ထို့အပြင် ဂျာမနီနိုင်ငံရှိ ရုပ်သံရိုက်ကူးရေးအဖွဲ့တစ်ဖွဲ့ကလည်း မြန်မာနိုင်ငံ၏ အဓိကခရီးသွားဒေသကြီးလေးခုဖြစ်သော ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် အင်းလေးဒေသများအကြောင်း ရုပ်သံလာရောက်ရိုက်ကူးရန် ဆွေးနွေးခဲ့ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

စာ(၁၂)သို့

## ရေကစားမဏ္ဍပ်များတွင် အရက်၊ ဘီယာ၊ ဆေးလိပ်ကြော်ငြာခွင့်တားမြစ်




စိုင်းသာအောင်

မန္တလေး၊ မတ် - ၂၃

၂၀၁၁ ခုနှစ် မန္တလေးမြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလတွင် သင်္ကြန်အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုကို အလေးအမြတ် ထားရမည်ဖြစ်ပြီး စီးကရက်၊ ဆေးလိပ်၊ ဘီယာနှင့် အရက်ကြော်ငြာများ ကပ်ခြင်း၊ ချိတ်ဆွဲခြင်းများ မပြုလုပ်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဌာနမှူးဦးသာထွန်းကပြောသည်။

နန်းမြို့ကျုံးပတ်လည်မှ အပမန္တလေးမြို့တွင်းမဏ္ဍပ်များအနေဖြင့် လမ်းထောင့်မှ ပေ ၂၀ခွာ၍ ဆောက်လုပ်ရန်၊ ရေကစား မဏ္ဍပ်များ ဆောက်လုပ်ရာတွင်လမ်းကို ပိတ်ဆို့ခြင်းမရှိစေရန်

စာ(၁၂)သို့




7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မီးဖိုသုံး ရေနံဓာတ်ငွေ့ရည်ဈေးပြောင်း

မေဝင်းမွန်

ရန်ကုန်၊ မတ် - ၂၂

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းမှရောင်းချလျက်ရှိသည့် မီးဖိုသုံးရေနံဓာတ်ငွေ့ရည် (LPG)ဈေးနှုန်းကို မတ်လ ၁၅ ရက်မှစ၍ပြောင်းလဲသတ်မှတ်လိုက်ကြောင်း အလုံဓာတ်ငွေ့ရည်အရောင်းဆိုင်မှသတင်းရရှိသည်။

ရေနံဓာတ်ငွေ့ရည်ဈေးနှုန်းမှာ ၂၅ကီလိုဂရမ်တစ်အိုးလျှင် ယခင် ၂၀၀ကျပ်မှ ၅,၇၆၄ ကျပ်သို့လည်းကောင်း၊ ၅၀ကီလိုဂရမ် တစ်အိုးလျှင် ယခင် ၇၈၀ကျပ်မှ ၁၂,၈၃၈ ကျပ်သို့ပြောင်းလဲသွားခြင်းဖြစ်သည်။

ရေနံဓာတ်ငွေ့ရည်ထုတ် ဈေးနှုန်းများပြောင်းလဲသွားသော်လည်း ဈေးကွက်အတွင်းရှိ ဓာတ်ငွေ့ရည်အဝယ်ဈေးနှုန်းများ လိုက်တက်ခြင်းမရှိသေးဘဲ ဓာတ်ငွေ့တစ်ပိဿာလျှင် ၁,၆၀၀၊ ၂,၀၀၀ ကျပ်ဖြင့်သာ အဝယ်ဈေးရှိသည်ဟု ဂက်စ်မီးဖိုနှင့်အပိုပစ္စည်းအရောင်းဆိုင်များမှ တာဝန်ရှိသူများကပြောသည်။

ပြင်ပမီးဖိုသုံး ရေနံဓာတ်ငွေ့ရည်ဈေးနှုန်းမှာ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ယခင်တစ်ပိဿာ ၂,၃၀၀ကျပ်ခန့်မှ တစ်ပိဿာ ၄,၅၀၀ ကျပ်သို့ ဈေးပြောင်းသွားခဲ့ပြီး ယခုရက်ပိုင်း ဓာတ်ငွေ့ဈေးကွက်တွင် တစ်ပိဿာ ၂,၇၀၀၊ ၂,၈၀၀ကျပ်ရောင်းဈေးရှိကြောင်း စုံစမ်းသိရသည်။ အဆိုပါမီးဖိုသုံးရေနံဓာတ်ငွေ့ရည်(LPG)များ ဈေးပြောင်းလဲ သတ်မှတ်လိုက်သော်လည်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ (CNG) ဈေးနှုန်းပြောင်းလဲရန်မရှိကြောင်း ဌာနဆိုင်ရာတာဝန်ရှိသူတစ်ဦးကဆိုသည်။

ရေနံဓာတ်ငွေ့ရည်တွင် ပရိုပိန်းနှင့် ဗြူတိန်းဟူ၍ နှစ်မျိုးရှိပြီး မီးဖိုသုံးအဖြစ် ဗြူတိန်းဓာတ်ငွေ့ရည်ကိုအသုံးပြုကာ ဈေးကွက်အတွင်း ရောင်းချနိုင်ရန်အတွက် ပြည်ပမှမှာယူတင်သွင်းရကြောင်း သိရသည်။

# နိုင်ငံတော်သမ္မတက အကျဉ်းကျပုဂ္ဂိုလ်များအား လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်

အိဖြူလွင်

ရန်ကုန်၊ မတ် - ၂၄

အကျဉ်းကျပုဂ္ဂိုလ်များ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းသည် အစိုးရသစ်တာဝန်ယူသော အချိန်ကာလများရောက်မှသာ ဆောင်ရွက်ရမည့်ကိစ္စများဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦးက လင်းခေးမဲဆန္ဒနယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှကျော်၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်းသည့်မေးခွန်းကို ပြန်လည်ဖြေကြားခဲ့သည်။

အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းသည် လွှတ်တော်နှင့်လည်းကောင်း တရားစီရင်ရေးနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိဘဲ အုပ်ချုပ်ရေးယန္တရား၏ အကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတက တိုင်းပြည်၏ အခြေအနေအရပ်ရပ်ကို စဉ်းစားချင့်ချိန်သုံးသပ်၍ ဆောင်ရွက်ရသည့် အမှုကိစ္စဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတသည် ဥပဒေက အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုရာတွင် တိုင်းပြည်အတွင်း အကျိုးယုတ် ဆိုးရွားမှုများ မဖြစ်ပေါ်စေနိုင်ရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီဆောင်ရွက်ရကြောင်း ဖြေကြားခဲ့သည်။

ယခုချိန်သည် နိုင်ငံတော်အစိုးရသစ်တစ်ရပ် ဖွဲ့စည်းပြီး အုပ်ချုပ်ရေးယန္တရားသစ် စတင်လည်ပတ်နိုင်ရန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ကျင်းပနေဆဲဖြစ်ပြီး နိုင်ငံတော်သမ္မတသည် သမ္မတအဖြစ် တာဝန်ထမ်းဆောင်မှု မရှိသေးဘဲ လွတ်ငြိမ်းချမ်းသာခွင့်အတွက် နိုင်ငံတော်သမ္မတအား ထောက်ခံချက်ပေးရမည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုလည်း မဖွဲ့စည်းရသေးသည့်အတွက် လွတ်ငြိမ်းချမ်းသာခွင့်သည် အစိုးရသစ်တာဝန်ယူသော အချိန်မှသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားသွားခဲ့ခြင်းဖြစ်သည်။

အကျဉ်းသားများ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၂၀၄အရ နိုင်ငံတော် သမ္မတသည်(က) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပိုင်ခွင့်ရှိသည်။ (ခ)အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပေးပိုင်ခွင့်ရှိသည်ဟု ဖော်ပြပါရှိကြောင်း သိရသည်။



# မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ဧရာဝတီမြစ်အောက်ပိုင်းဒေသများကို မထိခိုက်နိုင်ဟုဆို

အေးမြကျော်

ရန်ကုန်၊မတ် - ၂၇

မေခနှင့်မလိခမြစ်နှစ်စင်းဆုံရာ မြစ်ဆုံတွင်တည်ဆောက်လျက်ရှိသော မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့်ဧရာဝတီမြစ်အောက်ပိုင်းရှိ စိုက်ပျိုးရေး၊စီးပွားရေးလူမှုရေး ထိခိုက်မှုများ လုံးဝမရှိနိုင်ကြောင်း အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးဇော်မင်းကလွှတ်တော်တွင်ပြောကြားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ရီ၏ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ဧရာဝတီမြစ်အောက်ဘက်ပိုင်းရှိဒေသများတွင် စိုက်ပျိုးရေး၊လူမှုရေး၊စီးပွားရေးထိခိုက်မှုရှိနိုင်၊မရှိနိုင်ကိုမေးမြန်းရာတွင် ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ - အေးမြကျော်

**မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်အား မတ်လတတိယပတ်ကတွေ့ရစဉ်**

ပြန်လည်ဖြေကြားချက်တွင် မြစ်ဆုံစီမံကိန်း တည်ဆောက်သည့်နေရာတွင် နှစ်စဉ်မိုးရွာသွန်းမှုသည် ပျမ်းမျှမိုးရေချိန် ၉၁ လက်မရှိပြီး မြစ်အတွင်းစီးဝင်ရေသည်ဧကပေအားဖြင့် ၁၂၈၅ ဒသမ ၂သိန်းရှိကြောင်း၊ တည်ဆောက်မည့် တမံအမျိုးအစားသည် ကွန်ကရစ်မျက်နှာပြင်ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီးတမံမှာအလျား ပေ၄၃၀၀၊တမံအမြင့် ၄၅၈ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏကေ ပေ၉၇ဒသမ၈၈သိန်းရှိကြောင်းပြောကြားခဲ့သည်။ ယင်းရေသိုလှောင်မည့်ပမာဏသည် စီးဝင်ရေပမာဏ၏ ၇ဒသမ၆ ရာခိုင်နှုန်းရှိပြီး၊ ကျန်စီးဝင်ရေ၉၂ ဒသမ၄ရာခိုင်နှုန်းသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်မြဲစီးဝင်နေမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့ပြင် မြစ်ဆုံတမံတွင် သိုလှောင်ထားသည့်ရေသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ဓာတ်အားပေးစက် မောင်းနှင်သည့်အခါ စက်ရုံရေထုတ်မြောင်းမှတစ်ဆင့်ဧရာဝတီမြစ်အတွင်း စီးဝင်မည်ဖြစ်သဖြင့်မြစ်အောက်ဘက်ပိုင်းမှဒေသများ ထိခိုက်မှုမရှိနိုင်ကြောင်း ဖြေကြားခဲ့သည်။ မြစ်ဆုံစီမံကိန်းသည်နွေရာသီကာလများတွင်ပါလည်ပတ်မောင်းနှင်နေမည်ဖြစ်သဖြင့် စက်ရုံထုတ်မြောင်းမှရေသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်နေမည်ဖြစ်ပြီး စီမံကိန်းပြီးစီးချိန်တွင် ဧရာဝတီမြစ်ရေသည် ပုံမှန်နွေရာသီအချိန်များထက် ၁ဒသမ၅ပေ မှ ၂ပေခန့် အထိမြင့်တက်နေမည်ဖြစ်ကြောင်း သိရသည်။

မြစ်ဆုံစီမံကိန်းကိုအမှတ်၁ စက်မှုဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ China Power Investment Corporation (CPI) တို့ ပူးပေါင်းကာ ၂၀၀၉ခုနှစ်ဒီဇင်ဘာတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး စီမံကိန်းသည် ၂၀၁၉တွင် အားလုံးပြီးဆုံးမည်ဖြစ်သည်။

ယခုအခါမြစ်ဆုံစီမံကိန်း အတွက် အခြေခံအဆောက်အအုံများကို မြစ်ဆုံအနီးရှိ တောတောင်များကိုရှင်းလင်းကာ တည်ဆောက်လျက်ရှိပြီး စီမံကိန်း၏ ၁၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ဧရာဝတီမြစ်သည်မြန်မာနိုင်ငံ၏ အရေးပါဆုံးသောပင်မမြစ်တစ်စင်းဖြစ်ပြီး ကချင်ပြည်နယ်မေခမလိခမြစ်နှစ်စင်းဆုံစည်းရာမှစတင်စီးဆင်းလာသောမြစ်ဖြစ်ပြီးမြန်မာနိုင်ငံ၏ အမှတ်အသားတစ်ခုလည်းဖြစ်သည်။

ဧရာဝတီမြစ်သည် စုစုပေါင်း၁၃၄၈မိုင် ရှည်လျားပြီး မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် မေခနှင့်မလိခမြစ်ဆုံရာ တန်ဖဲရွာမှ ဧရာဝတီတိုင်းဒေသကြီးရှိ ဧရာရွာအထိစီးဆင်းသည်။

## ဧပြီလပထမပတ်တွင်စနေဂြိုဟ်နှင့်ကမ္ဘာတို့ တစ်တန်းတည်းတိုက်ရိုက်ကျရောက်မည် ဖြစ်ကာ ငလျင်တစ်ခုထပ်မံကြုံတွေ့နိုင်

ဥက္ကာကိုကို

ရန်ကုန်၊မတ် - ၂၃

လာမည့်လ ဧပြီလ ၄ရက်တွင် စနေဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ တစ်တန်းတည်း တိုက်ရိုက်ကျသည့်ဖြစ်စဉ်တစ်ခုဖြစ်ပေါ်မည်ဖြစ်ပြီး ယင်းဖြစ်စဉ်ကြောင့် ကမ္ဘာတွင် နောက်ထပ်ငလျင်ဖြစ်စဉ်တစ်ခု ထပ်မံ ဖြစ်ပွားနိုင်ကြောင်း နက္ခတ်သိပ္ပံအဖွဲ့မှ တာဝန်ရှိသူကပြောသည်။

“အနီးစပ်ဆုံးပြောရမယ်ဆိုရင် ၂၀၀၈ ခုနှစ် မေလတုန်းက အခုလို စနေဂြိုဟ်နဲ့ကမ္ဘာနဲ့ တစ်တန်းတည်း ရပ်တည်ခဲ့တဲ့အချိန်မှာ ဒီမှာတော့နာဂစ်ဖြစ်တယ်။ တရုတ်မှာ စီချွမ်ငလျင်ဖြစ်တယ်။ ဒီနှစ်မှာလည်း စနေဂြိုဟ် ခုလို ရပ်တည်နေတဲ့အနေအထားမှာပဲ မတ် ၁၀ရက်မှာ ယူနန်ငလျင်နဲ့ ၁၁ရက်မှာ ဂျပန်ဆူနာမီငလျင်တွေဖြစ်ပေါ်ခဲ့တယ်”ဟု

စာ(၁၂)သို့



7DAY NEWS JOURNAL

Vol.10, No.4 • MARCH 31, 2011

## CRIME CORNER

### လျှပ်စစ်ကြိုး ရှင်းလင်းဖယ်ရှားသူတစ်ဦး ဓာတ်လိုက် သေဆုံး

**အိဖြူလွင်**

**ရန်ကုန်၊ မတ် - ၂၆**

၆,၆၀၀ ဗို့အားရှိ လျှပ်စစ်ကြိုးအား လျှပ်စစ်ဝန်ထမ်းတစ်ဦးက ရှင်းလင်းဖယ်ရှားနေစဉ် မီးအားဝင်ပြီး အဆိုပါဝန်ထမ်း ဓာတ်လိုက်၍ မီးလောင်သေဆုံးသွားမှု မရမ်းကုန်းမြို့နယ်တွင် ယခုလ ၂၁ရက်က ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ရန်ကုန်-အင်းစိန်လမ်းမကြီး ကုလားကျောင်းမှတ်တိုင်အနီး ပေါ်တော်မူလမ်းထိပ်တွင် အဆိုပါဓာတ်ကြိုးသည် အရှေ့မှ အနောက်သို့ပြတ်ကျနေသဖြင့် အသက် ၃၅နှစ်ရှိ လျှပ်စစ်ဝန်ထမ်းကိုအောင်မျိုးသူက ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဓာတ်ကြိုးသည် မီးသတ်စခန်းရှေ့၌ ပြတ်ကျနေခြင်းဖြစ်ပြီး ရှင်းလင်းဖယ်ရှားသူသည် မီးတွင် ဓာတ်အားစီးဝင်နေခြင်းရှိမရှိ တက်စတာ(Tester) ဖြင့် စမ်းသပ်ပြီးမှသာ မီးကြိုးကိုဖယ်ရှားခြင်းဖြစ်သော်လည်း ဓာတ်အားစီးဝင်လာခြင်းဖြစ်သည်ဟု အနီးရှိ မျက်မြင်တွေ့လိုက်ရသူတစ်ဦးကပြောသည်။

"သူက လျှပ်စစ်ဝန်ထမ်းဆိုပေမယ့် အမြဲတမ်းဝန်ထမ်းမဟုတ်ဘူး။ အဲဒါကိုလည်း လမ်းပေါ်ကျနေလို့ဆိုပြီး စေတနာနဲ့ ဝင်ရှင်းပေးတာ၊ တစ်ကိုယ်လုံးကို မီးလောင်ပြီးတော့ညှော်နံ့တွေပါထွက်လာတာ။ အတူပါလာတဲ့နောက်တစ်ယောက်ကလည်း ဓာတ်လိုက်တာတွေ့ပြီး အတင်းဝင်ဆွဲမလို့လုပ်နေတာ။ သူ့ကိုပါ မနည်းဆွဲရတယ်"ဟု အနီးရှိမျက်မြင်တွေ့လိုက်ရသူတစ်ဦးကလည်း ပြောသည်။

သေဆုံးသူသည် မရမ်းကုန်းမြို့နယ် အမှတ် ၂ ရပ်ကွက် ဧရာလမ်းနှင့်ကျောက်ပြားစက်လမ်းထောင့်နေ အသက် ၃၅နှစ်ရှိ ကိုအောင်မျိုးသူဆိုသူဖြစ်ကြောင်း သိရသည်။

### မီးရထားဖြင့် မတော်တဆဖြစ်မှု တိုးလာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၁၆**

မီးရထားဖြင့် မတော်တဆ ထိခိုက်ဒဏ်ရာရသူနှင့် သေဆုံးသူဦးရေမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပိုများလာကြောင်း မြန်မာ့မီးရထား၏စာရင်းဇယားများအရ သတင်းရရှိသည်။

"အရင်နှစ်နဲ့ နှိုင်းယှဉ်ရင် ဒဏ်ရာရ နှစ်ဦးနဲ့ သေဆုံးသူ ငါးဦးတိုးလာတာက မြန်မာ့ရထားက သတ်မှတ်ထားတဲ့ စည်းကမ်းတွေကိုမလိုက်နာတဲ့သူတွေများလို့ ပိုတိုးလာတာပါ"ဟု မြန်မာ့မီးရထားမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုကဲ့သို့ သေဆုံးသူနှင့် ဒဏ်ရာရသူ တိုးလာခြင်းမှာ ရထားမရပ်မီ အတက်အဆင်းပြုခြင်း၊ ရထားထွက်နေစဉ် ပြေးတက်ခြင်းနှင့် ရထားမစီးရန် သတ်မှတ်ထားသော တွဲခြားများတွင် စီးနင်းခြင်းများကြောင့်ဖြစ်သည်ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ "နိုင်ငံရဲ့ စီးပွားရေးအနေအထားအရ အခြေအနေမဲ့တွေ အများစုဟာ ဘူတာတွေမှာ နေတဲ့သူတွေများတော့ သတိမမူတဲ့သူတွေကြောင့် အခုလို ပိုတိုးလာတာပါ" ဟု အထက်ပါပုဂ္ဂိုလ်ကသုံးသပ်ပြောကြားသည်။

## လေတိုက်နှုန်း အတွက်များ၍ ရေလုပ်သားများ ဒုက္ခရောက်



**သန်းဌေး**

**ရန်ကုန်၊ မတ် - ၂၄**

မြန်မာ့ပင်လယ်ပြင် ဧရာဝတီငါးဖမ်းကွက်တွင် စက်မဲ့ကျားဖောင်များဖြင့် ပုစွန်ဖမ်းနေသော ရေလုပ်သားများ ပင်လယ်အတွင်း မျောပါရခြင်းမှာ ၎င်းတို့ထင်ထားသည့် လေတိုက်နှုန်းထက် ပိုမိုပြင်းထန်ခဲ့သောကြောင့်ဖြစ်ကြောင်း သတင်းရရှိသည်။

"သူတို့ကြားတာ တစ်နာရီကို ၃၅ မိုင်နှုန်းနဲ့ အရှေ့ဘက်က တိုက်မယ်လို့သိတာ။ တကယ်တိုက်တာက တစ်နာရီ မိုင် ၇၀ ကျော် ၈၀၊၉၀အထိ မြောက်ဘက်ကရော၊ အရှေ့မြောက်ဘက်ကပါ အကြာကြီးတိုက်လိုက်တော့ သူတို့ဖောင်တွေပျက်ပြီး ပင်လယ်ထဲတွန်းပို့သလိုဖြစ်ခဲ့ကြရတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

အဆိုပါ လေတိုက်ခတ်နေသော ရက်ပိုင်းအတွင်းတွင် မုတ္တမကွေ့နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် မတ်၁၂ရက်တွင်ထုတ်ပြန်ခဲ့သည်။

"မိုးလေဝသသတင်းကို အမှန်အတိုင်းသာသိရမယ်ဆို သူတို့တစ်တွေ ဒီလောက် မဆိုးနိုင်ဘူး"ဟု အဆိုပါအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးအုန်းလွင်ကပြောသည်။

မတ် ၁၄ ရက်မှ ၁၈ ရက်အထိ မြန်မာ့ပင်လယ်ပြင်တွင် ရာသီဥတုဖောက်ပြန်ကာ လေပြင်းများ တိုက်ခတ်မှုကြောင့် ကျားဖောင် ၂၅၀၀ ကျော် ပျက်စီးကာ ဘုံကျောင်းစက်လှေ ၂၉ စီး နစ်မြုပ်ခဲ့သည်။ ထို့ကြောင့် မတ် ၂၄ ရက်အထိ လူ ၁၄ ဦးသေဆုံးကာ ကျပ်ငွေသိန်းပေါင်း ၄၀,၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ ယခုအထိ ရေလုပ်သား ၆,၀၀၀ ကျော် ကယ်ဆယ်ရရှိခဲ့ပြီး နေရပ်အသီးသီးသို့ပြန်ပို့ပေးခဲ့သည့် ရေလုပ်သား ၄၅၁ ဦးအား ဆေးဝါး ကုသပေးလျက်ရှိကြောင်း နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားသည်။

လေပြင်းတိုက်ခတ်စဉ် ပျောက်ဆုံးသွားသူများနှင့် သေဆုံးသူများကို ဆက်လက်ရှာဖွေလျက်ရှိသည်။ ထို့ကြောင့် သေဆုံးသူနှင့် ပျောက်ဆုံးသူအရေအတွက်မှာ ဆက်လက်တိုးလာဖွယ်ရှိသေးကြောင်း သတင်းရရှိသည်။

## ကျပ်သိန်းပေါင်းသောင်းဂဏန်းတန်ဖိုးရှိအိမ်ခြံမြေများ အရောင်းအဝယ်ဖြစ်နေ

**ပြည်သိမ်း**

**ရန်ကုန်၊ မတ် - ၂၅**

ပုဂ္ဂလိကအိမ်ခြံမြေဈေးကွက်တွင် ကျပ်သိန်းပေါင်း သောင်းဂဏန်း အိမ်ခြံမြေများ အရောင်းအဝယ်ဖြစ်နေကြောင်းအိမ်ခြံမြေအကျိုးဆောင်များထံမှစုံစမ်းသိရသည်။

လက်ရှိကာလတွင် ရင်းနှီးမြှုပ်နှံလိုသူများသည် ငွေတန်ဖိုးကို ကြိုတင်လက်ဦးမှုယူပြီး ငွေကြေးကိုင်ဆောင်ထားခြင်းထက် အကျိုးအမြတ်များသည့် အိမ်မြေများတွင် ရင်းနှီးမြှုပ်နှံခြင်းကြောင့်ဖြစ်သည်။ထို့အပြင်လေလံအောင်မြင်ထားသူများကလည်း အမှန်တကယ်အသုံးချလိုသူများရှိသကဲ့သို့ ဈေးကွက်ထဲသို့ပြန်လည်ရောင်းချသူများကြောင့် ယင်းကဲ့သို့ အရောင်းအဝယ်ဖြစ်နေကြောင်း အကျိုးဆောင်များသုံးသပ်သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"အိမ်ခြံမြေက ဩဂုတ်လအထိ အရောင်းအဝယ်ကောင်းမယ်လို့ မှန်းထားတယ်"ဟု မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးသန်းဦးကဆိုသည်။

အိမ်ခြံမြေဈေးကွက်၏ အသက်သွေးကြောတစ်ခုဖြစ်သည့် အခွန်စနစ်ကလည်း သက်တမ်းထပ်မံတိုးမည်၊မတိုးမည်ကို မသိသေးသည့်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဝယ်ယူခြင်းများလည်းဖြစ်သည်။ ထို့အပြင် နေပြည်တော်ကျောက်မျက်ပွဲမှာလည်း ဧပြီလလကုန်ပိုင်းတွင် ငွေများ ဝင်ရောက်လာနိုင်သည့်အတွက် ယင်းကဲ့သို့ ခန့်မှန်းရခြင်းဖြစ်ကြောင်း ဦးသန်းဦးကဆိုသည်။

လက်ရှိအချိန်တွင် အရောင်းအဝယ်ကောင်းနေသည်မှာ အိမ်မြေလုပ်ငန်းများ၌ ကျပ်သိန်းခြောက်ရာမှ ကျပ်သိန်း ငါးထောင်ကြား အရောင်းအဝယ်သွက်နေသည်။ ထို့အပြင် အိမ်မြေများတွင် ရင်းနှီးမြှုပ်နှံမှုသည် အကျိုးအမြတ်ရှိသဖြင့် ငွေကြေးတတ်နိုင်သူများသည် တခြားစီးပွားရေးထက် အိမ်ခြံမြေတွင်ပိုမိုစိတ်ဝင်စားကြသည်။

"ကိုယ်တတ်နိုင်သမျှ ဝယ်ထားရင် အရှုံးမရှိဘူး။ အခုဆိုရင် လပိုင်းအတွင်း သိန်းချီပြီးမြတ်တယ်" ဟု ပြည်တွင်းသွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယင်းကဲ့သို့ ယင်းနှီးမြှုပ်နှံမှုကြောင့် ရန်ကုန်အိမ်ခြံမြေဈေးနှုန်းများသည် ၂ နှစ်အတွင်း နှစ်ဆနီးပါးခန့် ဈေးနှုန်းများမြင့်တက်လာသည်။

"၂၀၀၉ ခုနှစ်တုန်းက တစ်ပေပတ်လည် ကျပ် နှစ်ထောင်ဝန်းကျင်ရှိနေရာက အခုဆိုရင် သုံးထောင့်ငါးရာဈေးခေါ်နေတယ်" ဟုယူနတီ အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီဦးဖော်ဖော်ကဆိုသည်။

ယင်းကဲ့သို့ အိမ်မြေများတွင် ရင်းနှီးမြှုပ်နှံမှုကြောင့် ဈေးနှုန်းများ များစွာမြင့်တက်လာသော်လည်း တိုက်ခန်း၊ ကွန်ဒိုများမှာ ဈေးတက်နိုင်မှုမရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

အခန်းငှားရမ်းမှုမှာလည်း လက်ရှိကာလတွင် ကွန်ဒိုများမှာ နိုင်ငံခြားသားများ အခန်းငှားမှုများပြားပြီး အထူးသဖြင့် တရုတ်လူမျိုးများ ပိုများကြောင်း၊ အခန်းတစ်ခန်းလျှင် ကျပ်ခြောက်သိန်းဝန်းကျင်ရှိကြောင်းသိရသည်။

## ဒုတိယအကြိမ် ကျောက်မျက်ပြပွဲတွင် ကန်ဒေါ်လာ သန်း ၂၈၀၀

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၂၅**

နေပြည်တော်၌ ဒုတိယအကြိမ် ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ၏ ရောင်းရငွေမှာ ယူရိုငွေသန်း ၂,၀၀၀ကျော်(အမေရိကန်ဒေါ်လာ သန်း၂,၈၀၀)ရရှိခဲ့သဖြင့် စံချိန်သစ်တင်ခဲ့ကြောင်းသတင်းရရှိသည်။

အဆိုပါ ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲစုစုပေါင်း ၁၃,၆၀၈ တွဲ ရောင်းချခဲ့ပြီး ပြည်တွင်းပြည်ပရတနာကုန်သည် စုစုပေါင်း ၈,၇၁၉ဦး လာရောက်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများ၌ဖော်ပြထားသည်။

ထို့အပြင် အဆိုပါကျောက်မျက်ရတနာပြပွဲ၌ ကျောက်စိမ်းအတွဲပေါင်း ၁၆,၉၃၉ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၂၀၆ တွဲ၊ ပုလဲ အတွဲပေါင်း ၂၅၅ တွဲ ပြသခဲ့သဖြင့် ကျောက်မျက်ပြပွဲသမိုင်းတစ်လျှောက် ကျောက်မျက်အတွဲအများဆုံးပြသနိုင်ခဲ့သည့်ပွဲဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများ တွင်ဖော်ပြထားသည်။ ကျောက်မျက်များ ရောင်းချခဲ့သည့်ငွေများမှာ ဧပြီလဆန်းမှစ၍ ပြည်တွင်းသို့ ဝင်ရောက်လာမည်ဖြစ်သဖြင့် ထိုငွေများ ဝင်ရောက်လာပါက ပို့ကုန်ရငွေနှင့် အမေရိကန်ဒေါ်လာ တန်ဖိုးများ ထပ်မံကျဆင်းနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

နေပြည်တော်၌ ပထမဆုံး ကျင်းပသော ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၉,၁၅၇ တွဲ ပြသရောင်းချခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ဘီလီယံကျော်ရရှိခဲ့သည်။


TRI
LIVES BRILLIANTLY


QUALITY DREAM
Giorenzo
COLLECTION
MYANMAR
WINTER FESTIVAL
Ph : (01) - 203166, 200796
WEARS
Men & Ladies

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# ဟက်ကာအဖွဲ့တစ်ဖွဲ့က အရေးကြီးသော အီးမေးလ်အကောင့်အချို့ကို ထိန်းချုပ်ထားဟုဆို

သားငယ်

ရန်ကုန်၊ မတ် - ၂၆

**ပြည်တွင်းရှိ ဝန်ကြီးဌာနဝက်ဘ်ဆိုက်များနှင့် စီးပွားရေးဝက်ဘ်ဆိုက်အချို့အား တိုက်ခိုက်လျက်ရှိသော ဟက်ကာအဖွဲ့တစ်ခုက ၎င်းတို့လက်ထဲတွင် အရေးကြီး အီးမေးလ်အကောင့်အချို့ကိုထိန်း ချုပ်ထားပြီး အခြားသော ပြည် တွင်းသုံးအီးမေးလ်အချို့ကိုလည်း မူလပိုင်ရှင်များထံမှ ရယူထားပြီး ဖြစ်ကြောင်း ၎င်းတို့၏ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားသည်။**

၎င်းတို့ ဖောက်ယူထားသော အီးမေးလ်များတွင် ပြည်တွင်းရှိ မြန်မာများ သုံးစွဲသည့် ဂျီမေးလ် အပြင် YMail၊ KMail၊ MptMail စသည်တို့ကို ဖောက်ဝင်ထားပြီး အချက်အလက်အချို့အား ထိန်းချုပ်ထားကြောင်းသိရှိရသည်။

မကြာသေးမီက အဆိုပါအဖွဲ့က ဝင်ရောက်ဖောက်ခဲ့သည့် အီးမေးလ်အကောင့်များထဲမှ အချို့သောသုံးစွဲသူများ၏ အကောင့်များအား ဖျက်ပစ်ခြင်း၊အချို့ကို ၎င်းတို့အဖွဲ့ကထိန်းချုပ်ထားခြင်းနှင့် အချို့သောအကောင့်များကို မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ထားကြောင်း ယင်းထုတ်ပြန်ချက်တွင်ဖော်ပြပါရှိသည်။

ယင်းထုတ်ပြန်ချက်တွင် ၎င်းတို့ဖောက်ဝင်ထားသည့် အီးမေးလ်များအနက် အီးမေးလ်အကောင့်အချို့နှင့် Password များကို အမည်နှင့်တကွဖော်ပြထားသည်။ Password များမှာ မူလပိုင်ရှင်များ ယခင်သုံးစွဲထားသည့် Pass-word သာဖြစ်ပြီး၊ ယင်း Pass-word များကို ပြန်လည်အသုံးပြုလျှင် မရနိုင်ကြောင်းဖော်ပြထားသည်။

အဆိုပါဟက်ကာအဖွဲ့နှင့် ပတ်သက်၍ ကွန်ပျူတာပရိုဂရမ်မာတစ်ဦးက "သူတို့ တိုက်ထားတဲ့ဆိုက်တွေများပါတယ်။ ကျွန်တော်တို့ထင်တာတော့ အိမ်နီးချင်းနိုင်ငံတစ်ခုခုကနေလုပ်နေတာ၊ bot အဖွဲ့တွေဆိုတော့ ဆော့ဖ်ဝဲတွေနဲ့ဟက်ကာမျိုးပဲဖြစ်မှာပါ"ဟုဆိုသည်။

၎င်းအဖွဲ့သည် ပြီးခဲ့သည့်နှစ်အတွင်းက MOFA၊ ခေတ်လူငယ်၊ ရတနာပုံနှင့် အခြားသော စီးပွားရေးဝက်ဘ်ဆိုက်များကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။



ထိုင်းပြည်ဝင်ခွင့် ဗီဇာလျှောက်ရန် စောင့်ဆိုင်းနေသူများကို မတ်လ ၂၄ရက် နံနက်ပိုင်းက တွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ထိုင်းဗီဇာလျှောက်ရန် တိုကင်တစ်ခု ကျပ်နှစ်သောင်းထိ ဈေးပေး

အောင်သူရ

ရန်ကုန်၊ မတ် - ၂၄

မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံသံရုံးမှ ပြည်ဝင်ခွင့်(ဗီဇာ) လျှောက်ထားရန်အတွက် တိုကင်တစ်ခုလျှင် ကျပ်နှစ်သောင်းပေး၍ ဝယ်ယူသူများရှိလာကြောင်း သတင်းရရှိသည်။

"လျှောက်တဲ့သူက အရမ်းများတော့ တိုကင်ရဖို့အတွက် အစောကြီးတန်းစီရတယ်။ စောစောမသွားနိုင်တဲ့သူတွေအတွက် တချို့က တန်းစီပေးပြီး တိုကင်ပြန်ရောင်းစားတာ"ဟု ကိုယ်တိုင်ဆောင်ရွက်ခဲ့သူတစ်ဦးကပြောသည်။

ဧပြီလဆန်းမှစ၍ ထိုင်းနိုင်ငံသို့ သွားရောက်ရန် ပြည်ဝင်ခွင့်ရယူသူများမှာ ဗီဇာကြေး ၃၅ ဒေါ်လာပေးချေရတော့မည်ဖြစ်ပြီး နှစ်သစ်ကူးရုံးပိတ်ရက်သွားရောက်သူများပါ လျှောက်ထားကြသဖြင့် ယခုရက်ပိုင်းမှတွင် ဗီဇာလျှောက်ထားသူ အထူးများပြားခြင်းဖြစ်သည်။

"ဗီဇာသက်တမ်းက သုံးလရတယ်လေ။ အခုလျှောက်ထားရင် ဗီဇာကြေးပေးစရာမလိုဘူး။ ဇွန်လမကုန်ခင်အထိ ကြိုက်တဲ့အချိန် သွားလို့ရတယ်"ဟု ကိုယ်တိုင်လျှောက်ထားသူတစ်ဦးကဆိုသည်။

ထိုင်းသံရုံးမှ တစ်ရက်လျှင် လူ၁၂၀ဦးသာ ဗီဇာထုတ်ပေးသဖြင့် ဗီဇာကြေးမပေးသွင်းရမီ ဗီဇာရရှိထားရန် လျှောက်ထားသူများနေခြင်းဖြစ်သည်။ ထို့အပြင် ငွေကျပ် ၅၀၀၀ရယူ၍ လျှောက်ထားပေးသော ခရီးသွားကုမ္ပဏီများကလည်း ၎င်းတို့ရရှိသော အရေအတွက် ပြည့်သွားသဖြင့် ဗီဇာလျှောက်ထားမှု ပြုလုပ်မပေးတော့ကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

# မြန်မာ စိမ်းလန်းမြေ ပရဟိတဂေဟာ စုပေါင်းရှင်ပြုပွဲ ကျင်းပမည်

ရန်ကုန်၊ မတ် - ၁၇

လှည်းကူးမြို့နယ် စာဘူးတောင်း ကျေးရွာအုပ်စုအတွင်းရှိ အင်ကြင်းတောင်ခြေရင်းတွင်ရှိသော မြန်မာစိမ်းလန်းမြေ ပရဟိတဂေဟာရှိ အမိမဲ့အဖမဲ့နှင့် မိဘမဲ့ ကလေးငယ်များအပြင် ဆင်းရဲနွမ်းပါးမိဘများ၏ ကလေးငယ် ၅၀ဦးကို ၂၀၁၁ ခုနှစ် ဧပြီလ၁၀ ရက်တွင် စုပေါင်းအလှူရှင်များက သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်မည့် စုပေါင်းရှင်ပြုပွဲတစ်ခုကျင်းပမည်ဟု သိရသည်။

၎င်း၏ မြန်မာစိမ်းလန်းမြေ ပရဟိတဂေဟာတွင် ရှမ်း၊ ပအို့၊ ပဒေါင်နှင့် မြန်မာပြည်ထောင်စုတိုင်းရင်းသားများ၏ အမိမဲ့၊ အဖမဲ့နှင့် မိဘမဲ့ဆင်းရဲနွမ်းပါး ကလေးငယ်များကို တာဝန်ယူစောင့်ရှောက်ပေးထားသည်။

# $X_2O$ရေကစားမဏ္ဍပ်လုံခြုံရေး ပိုတင်းကျပ်မည်ဟုဆို

ဝေယံ

ရန်ကုန်၊ မတ် - ၂၄

၂၀၁၀ သင်္ကြန်ကာလတွင် ဗုံးပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သော $X_2O$ ရေကစားမဏ္ဍပ်ကိုယခုနှစ်တွင် လုံခြုံရေးတိုးမြှင့်ဖွင့်လှစ်နိုင်ရန်နှင့် မဏ္ဍပ်နှင့်ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲ ပြုသွားရန်ရှိကြောင်းသိရသည်။

"အရင်နှစ်ကအထိအခိုက်တွေမျိုး အခုနှစ်မဖြစ်ရအောင် မဏ္ဍပ်လုံခြုံရေးတိုးမြှင့်ဖို့အပြင် သက်ဆိုင်ရာက သတ်မှတ်ထားတဲ့ လုံခြုံရေးစည်းကမ်းတွေအတိုင်း ဖွင့်သွားမှာပါ၊ ဆောက်လုပ်ခွင့်တွေလည်းရနေပါပြီ၊ အရင်နှစ်ထက် ထူးတာတော့ လုံခြုံရေးအရ ပိုကျပ်သွားတာမျိုးကလွဲပြီး အရင်နှစ်တွေကအတိုင်း ကျင်းပသွားမှာပါ"ဟု $X_2O$ မှ ကိုဇေယျာကဆိုသည်။

၂၀၁၀ ခုနှစ်က $X_2O$ မဏ္ဍပ်အရှေ့တွင် ဗုံးပေါက်ကွဲမှုကြောင့် လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ရကာ မဏ္ဍပ်အောက်ရှိ ဗုံးတစ်လုံးမှာ ပေါက်ကွဲခြင်းမရှိသောကြောင့် မဏ္ဍပ်ပေါ်ရှိ ရေကစားသူများမှာ စိုးရိမ်ဖွယ် ထိခိုက်ဒဏ်ရာများ မရရှိခဲ့ကြကြောင်းသိရသည်။ ထိုသို့ဖြစ်ရပ်များကြောင့် ယခုနှစ်တွင် $X_2O$ မဏ္ဍပ်မှာ ရေကစားသူ များလျော့ကျသွားနိုင်ဖွယ်ရှိသော်လည်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာမှ ချထားပေးပြီးဖြစ်ကြောင်းသိရသည်။

# ငလျင်ဒဏ်သင့်သူများအတွက် ထူးဖောင်ဒေးရှင်းက ကျပ်သိန်း၄၀၀လှူဒါန်း

ရန်ကုန် - မတ်၂၇

ရှမ်းပြည်နယ်လွယ်မွေမြို့အနီးကို ဗဟိုပြု၍ မတ်လ ၂၄ရက်နေ့ကလှုပ်ခတ်ခဲ့သော ငလျင်ဒဏ်သင့်ဒေသခံများအတွက်ထူးဖောင်ဒေးရှင်းက ဆေးဝါးများအပါအဝင်ငွေကျပ် သိန်း၄၀၀လှူဒါန်းခဲ့ကြောင်းဖောင်ဒေးရှင်းမှသိရသည်။ ထူးဖောင်ဒေးရှင်းသည် ငလျင်ဒဏ်သင့် ပြည်သူများကိုကူညီရန် အလှူငွေကျပ်သိန်း၂၀၀နှင့် ကျပ်သိန်း၂၀၀ တန်ဖိုးရှိဆေးဝါးပစ္စည်းများကိုလည်း ကူညီခဲ့ကြောင်းသိရသည်။ ထူးဖောင်ဒေးရှင်းအနေနှင့်မတ်လ၁၁ ရက်ကလှုပ်ခတ်ခဲ့သော ဂျပန်နိုင်ငံငလျင်ဒဏ်ခံရသူများအတွက်လည်း အမေရိကန်ဒေါ်လာနှစ်သောင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်ဆင့်လှူဒါန်းခဲ့သေးကြောင်း သိရသည်။ ထူးဖောင်ဒေးရှင်းသည် စီးပွားရေး ကုမ္ပဏီကြီးတစ်ခုဖြစ်သောထူးကုမ္ပဏီမှ ဝန်ထမ်းများစုပေါင်းကာ နာဂစ်မုန်တိုင်းအပြီးတွင်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်အပြီး စတင်တည်ထောင်ခဲ့သော ဖောင်ဒေးရှင်းဖြစ်သည်။

# ဒီဇယ်ပီပါအပြည့် တင်ဆောင်လာသည့်၁၂ဘီးယာဉ် မီးလောင်ကျွမ်း

ယဉ်ယဉ်သိန်း

နဘား၊

မတ် - ၂၈

ရွှေဘို-မြစ်ကြီးနား ဗျူဟာလမ်းမပေါ်ရှိ နဘားလျှပ်စစ်ခေတ်အားခွဲစက်ရုံသစ်ကြီးအနီးတွင် ယခုလ ၁၉ ရက် ည ၁၂နာရီခွဲက ဒီဇယ်ပီပါများနှစ်ထပ်ဆင့်၍ တင်ဆောင်လာသည့် ၁၂ ဘီး ယာဉ်တစ်စီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဒီဇယ်ပီပါအပြည့် တင်ဆောင်လာသည့် ၁၂ ဘီးယာဉ်မှာ ဘက်ထရီရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှုကြောင့် မော်တော်ယာဉ်တန်ဖိုး ကျပ်သိန်း၇၅၀ နှင့် ဒီဇယ်ပီပါ ၇၀ကျော်၏ တန်ဖိုးကျပ်သိန်း ၃၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

"ညအမှောင်ထဲမှာ မီးတောက်မီးလျှံကြီးတွေ လွင့်တက်လောင်ကျွမ်းခဲ့တာပါ။ မီးအရှိန်နဲ့ ဒီဇယ်ပီပါတွေ မိုးပေါ်ကို မြောက်တက်ပြီး မီးလျှံတွေဖြစ်တာဝါးလုံးငါးပြန်စာလောက်ရှိတယ်။ ဘေးပတ်ဝန်းကျင်က နိုင်ငံပိုင်အဆောက်အအုံတွေအတွက် အန္တရာယ်များပါတယ်။ အနားမှာရှိတဲ့ ကြံခင်းတွေထဲမှာ ပီပါခွံတွေ လွင့်ပြီး ပြန့်ကျဲနေတာပဲ"ဟု မျက်မြင်ကြုံတွေ့သူတစ်ဦးကပြောသည်။

မီးလောင်မှုကြောင့် ယာဉ်မောင်းကျော်စိုးလေးနှင့် ယာဉ်နောက်လိုက် မင်းအောင် (မြကျွန်းသာရပ်၊ ဟိုပင်မြို့)တို့မှာထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နဘားရဲစခန်းက ပ-၄၆/၂၀၁၁၊ ပြစ်မှုပုဒ်မ ၂၈၅ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဒီဇယ်နှင့် ဓာတ်ဆီများကို မန္တလေး၊ ရွှေဘိုမြို့များမှ ကချင်ပြည်နယ်၊ ဖားကန့်၊ လုံးခင်၊ တာမခန်ဒေသများသို့ သယ်ယူပို့ဆောင်ကြပြီး ကသာမှ ကချင်ပြည်နယ်သို့ ဒီဇယ်တင်ပို့သည့်ကားများမှာ တစ်ရက်လျှင် ကားအစီးရေ ၅၀ကျော်ရှိကြောင်း သိရသည်။



မီးလောင်မှုဖြစ်ခဲ့သည့် ဒီဇယ်သယ်ယာဉ်အား လောင်ကျွမ်းပေါက်ကွဲမှုအပြီး တွေ့ရစဉ်

# လေပတ်ကားဖြင့် ရွှေအရောင်းအဝယ်မပြုလုပ်ရန် ထပ်မံတားမြစ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊**

**မတ် - ၂၂**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ရွှေအရောင်းအဝယ်ပြုလုပ်ရာတွင် ငွေမချေဘဲ ထွက်ပြေးသွားသည့်ဖြစ်ရပ်ဖြစ်ပွားခဲ့၍ ကုန်သည်များအကြား လေပတ်ကားစနစ်ဖြင့် အရောင်းအဝယ်မပြုလုပ်ရန် ယခုလ ၁၉ ရက်က ကုန်သည်များအား အစည်းအဝေးခေါ်ကာ ထပ်မံသတိပေးပြောကြားခဲ့ကြောင်း ၎င်းအသင်းမှ အတွင်းရေးမှူးဦးဝင်းမြင့်ကပြောသည်။

"အခုဖြစ်တာက လေပတ်ကားအရောင်းအဝယ်လည်း မဟုတ်ဘူး။ ပစ္စည်းကို ဝယ်မယ်ပြော ဈေးဖြတ်ပြီး ငွေလာပေးဖို့ ချိန်းထားတာကိုမလာဘဲ သွားတော့၊ ပြဿနာဖြစ်တာကြောင့် အစည်းအဝေးခေါ်ပြီး သတိပေးတဲ့သဘောပဲ"ဟု ဦးဝင်းမြင့်ကပြောသည်။

အဆိုပါအသင်း ထူထောင်စဉ်ကပင် လေပတ်ကားစနစ်ဖြင့် အရောင်းအဝယ်မလုပ်ရန် ပြောကြားခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်တွင် လေပတ်ကားဖြင့် ရောင်းဝယ်မှုကြောင့် ဈေးအတက်အကျကြမ်းသည့်ဖြစ်ရပ်များကြောင့် ယခုကဲ့သို့ အစည်းအဝေးခေါ်ယူသတိပေးခဲ့ဖူးကြောင်း အသင်းရုံး၌ နေ့စဉ်အရောင်းအဝယ်ပြုလုပ်သော ကုန်သည်တစ်ဦးကပြောသည်။

ထို့အပြင် အသင်းရုံးနှင့် ရွှေဘုံသာလမ်းတစ်လျှောက်ရှိ ရွှေအရောင်းအဝယ်ဈေးကွက်တွင် လက်ငင်း(ပစ္စည်းယူငွေချေ)စနစ်ထက် လေပတ်ကားဖြင့် အရောင်းအဝယ်ပြုလုပ်မှုမှာ များနေကြောင်း ကုန်သည်တစ်ဦးကပြောသည်။

ယခုကဲ့သို့ အစည်းအဝေးခေါ်ယူသတိပေးပြောဆိုမှု ကြောင့် ရွှေအရောင်းအဝယ်ဈေးကွက်၌ အရောင်းအဝယ်ဖြစ်သည့်နှုန်းနည်းသွားကြောင်း ကုန်သည်အချို့ကပြောသည်။

ထို့ကြောင့် ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေးမြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေးမှာ ဈေးကွက်ငြိမ်နေပြီး ဈေးကစားမှုနှင့်ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

"အထည်ဈေးကွက် အရောင်းအဝယ်မှာ အများကြီးပြောင်းလဲမှုမရှိပေမယ့် ဈေးငြိမ်နေတော့ အပိုင်းအရောင်းအဝယ်က ဝယ်တဲ့သူရော၊ ပြန်ရောင်းတဲ့သူရောနည်းသွားတယ်"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၄၁၉ ဒေါ်လာရှိနေရာမှ ယခုတစ်ပတ် ၁,၄၂၄ ဒေါ်လာထိ တက်လာသော်လည်း ပြည်တွင်းဈေးကွက်တွင် လေပတ်ကားစနစ်နည်းခြင်းကြောင့် ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း ရွှေလုပ်ငန်းအချို့ကသုံးသပ်ပြောသည်။

ပြည်တွင်းရွှေဈေးမှာ ယခုမတ်လ ၂၂ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၆၈,၀၀၀ ကျပ်နှင့် ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၆၁၃,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

# ကျိုက်ထိုမြို့အနီး ခရီးသည်တင်ယာဉ် တိမ်းမှောက် ၄ ဦးသေ ၁၁ဦး ဒဏ်ရာရ

**နေလင်းထွန်း**

**ရန်ကုန်၊ မတ် - ၂၂**

ကျိုက်ထိုမြို့၊ ကျုံချောင်းရွာအနီး၌ မတ် ၁၈ ရက်တွင် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုကြောင့် အသက် ၁နှစ်နှင့် ၁၁ နှစ်အရွယ် ကလေးငယ်နှစ်ဦးအပါအဝင် လေးဦးနေရာတွင် ပွဲချင်းပြီးသေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

နယ်စပ်ဒေသဖြစ်သော ပိုင်ကျုံးထန်းတပင်ရွာမှ ဆောက်လုပ်ရေးကန်ထရိုက်လုပ်သားများ လိုက်ပါလာသော ပြည့်အားမာန်ယာဉ်လိုင်းမှ ဟိုင်းလပ်အဖြူရောင်ခရီးသည်တင်ကားသည် ဆိုင်ကယ်တစ်စီးအား ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် နေရာတွင်သေဆုံးသူ ၄ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၁၁ ဦးရှိခဲ့ကြောင်း အများစုမှာ ရောင်ခြည်ထွန်းတောက်ကုမ္ပဏီတွင် ဆောက်လုပ်ရေးကန်ထရိုက်လုပ်ကိုင်နေကြသူများဖြစ်ကြောင်း သိရသည်။

"လူနာအချို့က ရန်ကုန်ဆေးရုံကြီးဦးနှောက်နဲ့ အာရုံကြောဌာနမှာ တက်ရောက်ကုသနေရပါတယ်။ ဆေးကုသစရိတ်လည်း အခက်အခဲတွေ့နေပါတယ်။ ယာဉ်ပိုင်ရှင်ကလည်း ဘာမှမလုပ်ပေးပါဘူး"ဟု လူနာတစ်ဦး၏ မိသားစုဝင်က ပြောသည်။

ယာဉ်ပေါ်တွင် ပါရှိသော အလုပ်သမားများမှာ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ရောင်ခြည်ထွန်းတောက်ကုမ္ပဏီမှ ကန်ထရိုက်ကြေးရရှိမှုအခက်အခဲကြောင့် နေရပ်ပြန်လာကြသောသူများဖြစ်ကြောင်း ကန်ထရိုက် ခေါင်းဆောင်တစ်ဦးကပြောသည်။

ယခုအခါ တိမ်းမှောက်သွားသော ယာဉ်၏ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေး တိမ်းရှောင်နေပြီး သက်ဆိုင်ရာ ရဲစခန်းက ပ-၂၇၉/၃၃၇/၃၃၈/ ၃၀၄(က)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။





# လေလွင့်ရှက်ကြွေ

ချစ်သမီး

လောကကြီးထဲမှာ ကျွန်မအပါအဝင် လူသားအားလုံးတို့သည် ခန္ဓာရုပ်သိမ်း၊ ချုပ်ငြိမ်းသွားမှသာလျှင် လူ့ဘဝမှာ တစ်မျိုးတစ်ဖုံ တစ်ဘဝသို့ပြောင်းလဲခြင်းဖြစ်သွားသည်ဟု များသောအားဖြင့် ယုံကြည်မှုရှိကြပါသည်။ အမှန်တကယ်တော့ မသေခင်ကပင်လျှင် ဘဝအမျိုးမျိုးပြောင်းလဲနေကြသည်ကို သတိထားမိသူရှိကြသလို သတိမထားမိသူများလည်း အများအပြားရှိကြပါသည်။

ကျွန်မကိုယ်တိုင်ပင်လျှင် မြို့လယ်ခေါင်မှာ အတည်တကျနေနိုင်၍ အစိုးရရုံးတစ်ရုံးတွင် အမှုတော်ထမ်းခဲ့ပြီး သက်ပြည့်ပင်စင်ယူ၍ အေးအေးဆေးဆေးနေခဲ့သူပါ။ သို့သော်လည်း ဒီပုံစံဖြင့် နေလို့က စားဝတ်နေရေးအဆင်မပြေနိုင်၊ မြို့မဈေးကြီးအတွင်းမှာ ဆိုင်တစ်ခန်းဝယ်ပြီး ဈေးရောင်းဈေးဝယ်လုပ်ငန်းကို မျိုးစုံအောင်လုပ်ခဲ့ရသည်။

လုပ်ငန်းလေးအဆင်ပြေလို့ စိတ်ဓာတ်လေး တက်ကြွနေတဲ့ အချိန်မှာပဲ မျှော်လင့်ခြင်းကင်းမဲ့စေတဲ့ ညတစ်ညမှာ မြို့မဈေးကြီး တစ်ဈေးလုံး ပြာအတိဖြစ်အောင် ဝါးမျိုလိုက်တဲ့ မီးညွန့်မီးလျှံ၊ ဘဝတစ်ခုမှ ပြန်မရသဖြင့် စီးပွားပျက်ရပြန်ချေပြီ။

အတွင်းပစ္စည်းလေးတွေ ထုခွဲရောင်းချပြီး ဘဝကို ပြန်စမယ် ကြံရွယ်တုန်း၊ ပြုန်းခနဲ ကျွန်မ အမျိုးသားက လေဖြတ်သွားပြီး လင်ရယ် မယားရယ်လို့ နှစ်ယောက်တည်း ရပ်တည်နေရတဲ့ ကျွန်မဘဝ၊ သူ့ကို ပစ်ပစ်ခါခါထားခဲ့ပြီး ဘာကိုမှ လုပ်ကိုင်စားလို့မရတော့၊ အဝေးမှာရောက်နေတဲ့ သားနဲ့ ချွေးမ ပို့သမျှနဲ့လုံလောက်အောင် ဘဝတစ်ခုကို ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။

ကျွန်မအမေ အမျှော်အမြင်ကြီးစွာ ဝယ်ထားသောခြံနှင့် အိမ်ကလေးမှာ ကျွန်မအတွက် ဖြစ်လာခဲ့သည်။ ကျွန်မသည် ဆင်ခြေဖုံးရပ်ကွက်လေးထဲတွင် အိုးမကွာအိမ်မကွာ လုပ်ကိုင်စားသောက်နိုင်ရန် ပြောင်းရွှေ့ခဲ့ရပြန်ပါပြီ။ လူမမာက တစ်ဖက်အိမ်ဆိုင်လေးကတစ်ဖက် ဘာမှမလုပ်တာထက်စာရင် အဆင်ပြေလာတယ်လို့ ပြောရမှာပေါ့လေ။ ဒါပေမဲ့ မြို့လယ်ခေါင်မှာ နေရသလိုတော့ မပျော်ပါ။ နေပုံ၊ ထိုင်ပုံ၊ ပြောပုံ၊ ဆိုပုံ၊ ဆက်ဆံပေါင်းသင်းရေးမှအစ ပတ်ဝန်းကျင်အသိုင်းအဝိုင်း အနေအထားအားလုံး ကွာခြားနေပါသည်။ ပျော်ရာမှာမနေ၊ တော်ရာနေဆိုသလို ပျော်အောင် နေခဲ့ရပါသည်။ ရေလိုက်ငါးလိုက်ပေါင်းသင်းဆက်ဆံ၍ နေလာရတာကြာတော့လည်း စရိုက်ချင်း မတူပေမယ့် လူသားချင်း စာနာစိတ်နဲ့ နေတတ်အောင် ကြိုးစားတော့လည်း ကျေနပ်စရာဖြစ်လာပါတယ်။

ကျွန်မအမျိုးသားကတော့ အိုခြင်း၊ နာခြင်းတရားတွေကို သုံးနှစ်လောက်ခံစားပြီးတော့ သေခြင်းတရားနဲ့ ရင်ဆိုင်သွားရချေပြီ။ ကျွန်မအား အထီးကျန်ဘဝနဲ့ အပြီးအပိုင် နှုတ်ဆက်သွားလေပြီ။ ကျွန်မအမျိုးသားရဲ့ နာရေးမှာတော့ ရပ်ကွက်လေးထဲမှ လူများသည် ဘယ်လိုပင် စရိုက်ချင်းမတူကြသော်လည်း စေတနာ၊ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးခဲ့ပါသည်။ ဒီအတွက်တော့ ကျွန်မ အမှန်တကယ်ကျေးဇူးတင်မိပါသည်။ နာရေးမှာ အစောင့်အရှောက်လေးရအောင် ဖဲဝိုင်းလေး လုပ်ပေးရမယ်လို့ပြောလာကြပါသည်။ ဘာတတ်နိုင်မှာလဲလေ၊ သူ့အရပ်နဲ့သူ့ဇာတ်ပေါ့။ ခုနစ်ရက်လုံးလုံးနေ့ရောညပါ၊ ဖဲဝိုင်းကတော့ စည်စည်ကားကား၊ ဒီမှာပင် အံ့သြစရာတွေတွေ့ရပါတယ်။ ကျွန်မတို့ မြို့လယ်ခေါင်က နာရေးကိစ္စတွေမှာ ဖဲဝိုင်းမပါ၊ ပါခဲ့ရင်လည်း ဖဲဝိုင်းမှာက ယောကျ်ားလေးတွေသာ၊ ဒီမှာတော့ မိန်းမတွေက ယောကျ်ားတွေနဲ့ ဒူးတင် ပေါင်တင်ရိုက်နေကြတာတွေ့ရတယ်။ ကျွန်မဖြင့် လေ ဖဲသမားဆိုတာ မိန်းမတွေ မပါဘူးလို့ထင်ခဲ့တာ အခုတော့လေ . . အခုတော့။


ဒါထက်ဆိုးတဲ့ အဆိုးဆုံးက ရှိသေးတယ်။ ဘုရားရှင်လက်ထက်တည်းက ပြည့်တန်ဆာမ ရှိဖူးတယ်လို့ကြားဖူးတယ်။ ခုခေတ်မှာလည်း ရှိတယ်လို့ကြားဖူးတယ်။ လက်တွေ့မမြင်ခဲ့ပါ။ ဒါပေမဲ့ မြင်ဖူးတွေ့ဖူးရပြီ။ အရွယ်ကောင်းလေးတွေ ညနေဆိုရင် လှလှပပဝတ်စားဆင်ယင်၊ ဖီးလိမ်းပြင်ဆင်ထား လိုက်တာများ ပွဲနေပွဲထိုင်သွားတော့မလို၊ ကျွန်မ သူများအကြောင်းကို မစပ်စုတတ်ပါ။ သို့သော် အမြင်ကြာလာတော့ မြင်ရတွေ့ရသိလာရတယ်။ ရင်ထဲမှာနင့်နေအောင် ခံစားရပါတယ်။ ဒီကလေးမလေးတွေကို ဘယ်သူကမှ တန်ဖိုးမထားပါ။ အရေးအရာလုပ်လည်း ပြောဆိုဆက်ဆံခြင်းမရှိကြပါ။ သို့သော် ကျွန်မကတော့ သူတို့ရဲ့ နွံနစ်နေတဲ့ဘဝလေးထဲက ဆွဲထုတ်ချင်တယ်။ ဘဝတစ်ခုပြောင်းလဲစေချင်တယ်။ လူတစ်ယောက် ဘယ်လောက်ပဲဆိုးခဲ့ ဆိုးခဲ့၊ ယခုလက်ရှိ ကောင်းအောင်ပြုပြင်လိုက်ရင် လူကောင်းတစ်ယောက်ဖြစ်လာနိုင်ပါတယ်။


ကျွန်မအိမ်က ဈေးဆိုင်အိမ်ဆိုတော့ သူတို့နဲ့ပတ်သက်တဲ့ အသုံးအဆောင်ဖြစ်တဲ့ နှုတ်ခမ်းနီ၊ ပါးနီ၊ မိတ်ကပ်၊ ပေါင်ဒါ၊ ရေမွှေး၊ ဖိနပ်ကအစ လာဝယ်ကြပါတယ်။ ခင်မင်မှုရှိအောင် လိုက်ရောပြီး ဆက်ဆံပေးပါတယ်။ ဒါလည်း အကြောင်းရှိလို့ပါ။ ကြာတော့လည်း ရင်းနှီးမှုတွေဖြစ်လာသည်။

"သမီးတို့ကို အန်တီတစ်ခုတော့ပြောချင်တယ်။ လောကမှာ လူတွေက စားဝတ်နေရေးကိုပြည့်စုံအောင် စီးပွားရှာနေရတဲ့သူတွေချည်းပါပဲ။ သမီးတို့ တစ်ဝမ်းတစ်ခါးအတွက် ကောင်းရောင်းကောင်းဝယ်လေးနဲ့ လုပ်ကိုင်စားသောက်ရင် ထမင်းမငတ်ပါဘူးကွယ်။ သမီးတို့လုပ်နေတဲ့အလုပ်ကို စွန့်လွှတ်လိုက်ကြပါလား. .၊ သမီးတို့အရွယ်လေးတွေဟာ အင်မတန်နုနယ်ပါတယ်။ တစ်နေ့ ဒုက္ခရောက်မယ်။ ရောဂါတွေရမယ်။

စာ(၄၀)သို့

## လေဒီတို့အတွက် သကြ္ကန်ဖက်ရှင်တွေရှိရာ





ဓာတ်ပုံ - ဝေယံ

**သဇင်ထွေး**

မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကိုရောက်ဖို့ရက်ပိုင်းသာ လိုပါတော့တယ်။

သင်္ကြန်ပျော် မိန်းမပျိုလေးတွေအတွက် ဖက်ရှင်ဟာအဓိကကျတဲ့အတွက် မဏ္ဍပ်ပဲထိုင်ထိုင် ရေပက်ခံကားလေးနဲ့ပဲလည်လည် စတိုင်ကျကျဝတ်ဆင်နိုင်ဖို့အတွက် အချိန်ကုန်သက်သာအောင် ဆိုင်လေးတစ်ဆိုင်နဲ့မိတ်ဆက်ပေးပါရစေလား။

အတာသင်္ကြန်မှာမိန်းကလေးတွေအတွက်တော့ ဖက်ရှင်ဟာ မပါမဖြစ်ပေါ့။ဒီအတွက်လည်း အခုတည်းက ကြိုတင်ပြင်ဆင်နေတဲ့သူတွေအတွက်...

မိုးကာသားအပါးပြောင်နဲ့ မိုးကာသားကိုဘော်ကြယ်ထိုးထားတဲ့ အကျီလေးတွေနဲ့မိတ်ဆက်ပေးချင်ပါတယ်။ သင်္ကြန်မှာရေပက်ခံထွက်ရင် အသားရေတွေထိခိုက်ပျက်ဆီးမှုကိုကာကွယ်နိုင်ပါတယ်။

မိုးကာသားဒီဇိုင်းအပြင် ဂျင်းကုတ်လေးတွေကလည်းအောက်ခံလက်ပြတ်လေးနဲ့ ဂျင်းဘောင်ဘီအပြဲဒီဇိုင်းလေးနဲ့တွဲ ဝတ်လိုက်ရင်တော့သင်္ကြန်မှာ သိပ်ကိုပေါ်လွင်နေမှာပါ။

၂၀၁၁နှစ်သစ်သင်္ကြန်မှာ အတိုကို နှစ်သက်သူများအတွက်လည်း ကျားသစ်စကတ်လေးကလည်း သိပ်ကိုသင်္ကြန်ဖက်ရှင်လေးကျပါတယ်။

ယခုနှစ်အတာသင်္ကြန်မှာတော့ရင် ပြတ်ဂါဝန်၊လက်တစ်လုံးကြိုးအကျီဒီဇိုင်းလေးတွေအဝင်များပါတယ်။


ဈေးနှုန်းကလည်း ၆,၅၀၀ ကျပ်မှ ၉,၀၀၀ ကျပ်အထိသာရှိပြီး ဖက်ရှင်လည်းကျချင်တယ်၊ သင်္ကြန်မှာလည်ဖို့ငွေလည်းကျန်ချင်သေးတယ် ဆိုတဲ့သူတွေအတွက် မြေနီကုန်း ဒဂုံစင်တာ တတိယထပ်မှာရှိတဲ့ Crazy Colour ဆိုင်လေးမှာ ရရှိနိုင်ပါတယ်။

သင်္ကြန်မှာ ဖက်ရှင်ကျကျနဲ့လှနိုင်ပါစေလို့ ဆုတောင်းရင်းနှစ်သစ်မှာ ပျော်ရွှင်မှုအပေါင်းခညောင်းနိုင်ကြပါစေ။



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ



## ဝက်နံရိုးအချိုကြော်နှပ်

ငါးနှစ်မျိုးကို နှစ်ပတ်ဆက်တိုက်ချက် ပြီးသွားပြီမို့ ဒီတစ်ပတ်တော့ ဝက်နံရိုးလေးကို အချိုကြော်နှပ်လေးချက်ကြည့်ရအောင်လား။ ဝက်နံရိုးကို ပုံမှန်ပြုတ်ကြော်လုပ်တာမျိုးမဟုတ်ဘဲ အရိုးလေးတွေထဲထိ စိမ့်ပြီး အရသာဝင်နေစေအောင်ကြော်မယ့် ဝက်နံရိုးအချိုနှပ်ကြော်လေးပါ။

လိုအပ်တဲ့ပစ္စည်းတွေကတော့ ဝက်နံရိုး ၁၅ကျပ်သား၊ ပဲငံပြာရည်အကြည်နဲ့ ခရုဆီလက်ဖက်ရည် ဇွန်းနှစ်ဇွန်းခန့်၊ ဆီနှင့်ဟင်းချက်အရက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ ထန်းလျက်ခဲတစ်ခဲဝက်လောက်၊ ကြက်သွန်နီမြိတ်၊ ငရုတ်ကောင်းအနည်းငယ်တို့ လိုအပ်မှာဖြစ်ပါတယ်။

ဝက်နံရိုးကြော်အတွက် ဝက်နံပတ်ရိုးလေးတွေကို လက်နှစ်သစ်စာ အနေတော်လေးတွေ တုံးပြီး ဆားနည်းနည်းထည့်ကာ နူးညံ့သွားအောင်ပြုတ်ရပါမယ်။ အဲလိုပြုတ်ရာမှာ နံရိုးချောင်းလေးတွေနဲ့ အသားတွေ ကွာထွက်မသွားအောင် ရေနည်းနည်းနဲ့ပဲထည့်ပြီး သတိထားပြုတ်ရမှာဖြစ်ပါတယ်။ အဲဒါမှ နံရိုးချောင်းလေးတွေ ကြော်နှပ်လုပ်ဖို့ အနှစ်နယ်တဲ့အခါ ပြီးတော့ကြော်တဲ့အခါတွေမှာ အသားနဲ့အရိုး ကွဲထွက်မသွားမှာပါ။


နံရိုးကို ရေခန်းအောင်ပြုတ်ပြီးတဲ့အခါမှာ အရသာအနှစ်နဲ့နယ်မှာဖြစ်ပါတယ်။ ပထမဆုံးကတော့ ပြုတ်ပြီးသား နံရိုးထဲကို ဆား၊ ဟင်းခတ်မှုန့်၊ ပဲငံပြာရည်အကြည်၊ ခရုဆီ၊ ငရုတ်ကောင်းတို့ကိုထည့်ပါမယ်။ ပြီးရင်တော့ ကြက်သွန်ဖြူနဲ့ ချင်းနည်းနည်းထောင်းထားတာကို အရည်လေးပဲညှစ်ချလိုက်ရပါမယ်။ ထန်းလျက်ရှိမယ်ဆိုရင်တော့ ထန်းလျက်ခဲတစ်ဝက်လောက်ကို ကြေညက်အောင် ထုထောင်းပြီးထည့်လိုက်ပါ။

စာ(၁၁)သို့

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011




ဓာတ်ပုံ-ဥက္ကာကိုကို





# အမေ့ရင်ခွင်ကြားက ဆိတ်ငြိမ်သောပန်းချီ

ဥက္ကာကိုကို

တစ်ယောက်က အမေကို တမ်းတလွမ်းမော နေချိန်မှာ တစ်ယောက်က တိတ်တဆိတ် ပေါက်ကွဲနေခဲ့သည်။ မတူညီသော အသက်အရွယ်နှစ်ခု၊ မတူညီသော လက်ရာနှစ်မျိုး၊ မတူညီသောရည်ရွယ်ချက်နှစ်မျိုးတို့ဖြင့် ပြသခဲ့သော ပန်းချီပြပွဲတစ်ပွဲပင် ဖြစ်သည်။

သူတို့၏ ပန်းချီပြပွဲကို Mother ဟုတစ်ဦးက အမည်တပ်ပြီး ကျန်တစ်ဦးက Silence ဟုအမည်ပေးသည်။ ထို့ကြောင့် ပန်းချီပြပွဲလေးမှာ အမည်အတိအကျမရှိ။ ကြည့်ရှုလေ့လာသူများကတော့ မိခင်ကိုချစ်သော သားကြီးတစ်ဦးနှင့် ဂီတသံစဉ်များကြားမှာ တိတ်ဆိတ်စွာ ပေါက်ကွဲနေသည့် လူငယ်လေးတစ်ဦးတို့ကို တွဲစပ်မြင်တွေ့ခဲ့ကြရသည်။ ထိုပြပွဲလေးကို မတ်လ ၂၁ရက်မှ ၂၆ရက်နေ့အထိ ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေဟု အမည်ပေးထားသည့် ပန်းချီကားစီးရီးကို ပန်းချီမြင့်စံမြင့်က ရေးဆွဲထားပါသည်။

စာ(၄၀)သို့






ဓမ္မ

အသိတစ်လုံး
အမြတ်ဆုံး
တစ်လုံးသိ
အကျိုးရှိ၏

## ပျော်ရွှင်ငြိမ်းချမ်းသာယာတဲ့ဘဝကို တည်ဆောက်ခြင်း. . .

လူအများရဲ့ စိတ်ထဲမှာ ထင်နေကြတာက ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်ဖို့ဆိုရင် လောကီကြီးပွားရေး၊ ရုပ်ဝတ္ထုကြီးပွားရေးကို ဘာမှလုပ်နေစရာမလိုဘူးလို့ သဘောထားနေကြတယ်။ ဒီအမြင်အယူ အဆဟာ လုံးဝမမှန်ပါဘူး။ မြတ်ဗုဒ္ဓသင်ကြားတော်မူခဲ့တာက လူသား အနေနဲ့ အစွန်းတစ်ဖက်ကို ရောက်လောက်အောင် ရုပ်ဝတ္ထုစည်းစိမ်တွေ အပေါ်မှာ မခံစားဘဲ စည်းစိမ်ဥစ္စာကို သင့်တင့်လျောက်ပတ်စွာခံစားရင်း မိမိရဲ့သီလ၊ သမာဓိ၊ ပညာဘက်မှာ တိုးတက်ဖွံ့ဖြိုးအောင် သတိနဲ့ဆောင် ရွက်တတ်ဖို့ပဲဖြစ်တယ်။ လူသာမန်တွေအနေနဲ့ တစ်ဖက်က လောကီ အာရုံကာမဂုဏ်တွေကိုလည်း အသင့်အတင့်ခံစား၊ ဒါပေမဲ့ ဒီကာမဂုဏ် အာရုံတွေကို အလွန်အကျွံတပ-မက်ပြီး မိမိရဲ့ သီလ၊ သမာဓိ၊ ပညာတိုး တက်ရေးကို အဟန့်အတားမဖြစ်စေဘဲ ခံစားနိုင်ဖို့သာအရေးကြီးတယ်။ ဗုဒ္ဓဘာသာက သင်ကြားတာ အလယ်အလတ်ကျင့်စဉ်၊ မဇ္ဈိမပဋိပဒါကျ အောင်လုပ်တတ်ဖို့၊ နေတတ်ဖို့ပဲဖြစ်တယ်။

ဗုဒ္ဓဘာသာက ဥစ္စာနေကြွယ်ဝချမ်းသာရေးကိုလည်း အားပေး တယ်။ ဒါပေမဲ့ ပျော်ရွှင်ပြီး ငြိမ်းချမ်းသာယာတဲ့ဘဝမှာ နေနိုင်ဖို့အတွက် ကတော့ အကျင့်သီလနဲ့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလည်း လိုအပ် တယ်ဆိုတာကို မြတ်ဗုဒ္ဓက အလေးအနက်ထားပြီး ဟောကြားတော်မူ တယ်။ ဒါမှသာ ပျော်ရွှင်ဖွယ်၊ ငြိမ်းချမ်းသာယာပြီး ရောင့်ရဲတင်းတိမ်တဲ့ လူ့အဖွဲ့အစည်းဖြစ်နိုင်ကြောင်း ဟောကြားတော်မူပါတယ်။

ရည်ညွှန်း - "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈ - ၂၀၀၂)

## စာ - ၉၊ ဝက်နံရိုးအချိုကြော်နပ်မှ

တကယ်လို့ ဟင်းချက်အရက် ရှိမယ်ဆိုရင်တော့ လက်ဖက်ရည် ဇွန်းတစ်ဇွန်းလောက်ထည့်လိုက်ရင် အရသာကို ပိုပြီး လေးလေးနက်နက်ဖြစ်သွားမှာပါ။

အားလုံးကို နှံ့စပ်သွားအောင် နယ်ဖတ်ပြီးသွားပြီဆိုရင်တော့ ငါးမိနစ်လောက် နှပ်ထားပါမယ်။ အဲလိုနှပ်ထားတဲ့ အချိန်မှာ ကြက်သွန်နီအလုံးလိုက်ကို အကွင်းလေးတွေလှီးပါမယ်။ နံရိုးပမာဏပေါ် မူတည်ပြီး နှစ်လုံး၊သုံးလုံး ချိန်ပြီး လှီးနိုင်ပါတယ်။ ပြီးရင် ကြက်သွန်နီမြိတ်သုံးလေးပင်ကိုလည်း လက်တစ်သစ်စာလောက်လေးတွေ ပိုင်းလှီးထားလိုက်ပါ။

အခုဆိုရင်တော့ ခုနက နှပ်ထားတဲ့ ဝက်နံရိုးကိုကြော်ပါတော့မယ်။ ဆီအနေတော်ပဲထည့်ပြီးတော့ မီးခပ်အေးအေးနဲ့ နံရိုးကို ရဲနေအောင်ကြော်ပါမယ်။ ဝက်နံရိုးလေးတွေ ရဲလာပြီဆိုရင်တော့ ပိုနေတဲ့ အိုးထဲက ဆီတွေကိုစစ်ချလိုက်ပြီး ခုနက လှီးထားတဲ့ ကြက်သွန်နီကွင်းတွေကိုထည့်လို့ရပါပြီ။

ကြက်သွန်တွေပျော့ပြီး အဖြူရောင်လေးကျသွားပြီဆိုရင်တော့ မီးပိတ်လိုက်လို့ရပါပြီ။ ပြီးရင်တော့ အသင့်ပြင်ထားတဲ့ ကြက်သွန်မြိတ်လေးတွေထည့်လိုက်ရုံပါပဲ။

ဒါဆိုရင်တော့ အရိုးထဲထိအောင် ချိုစိမ့်စိမ့်အရသာရှိတဲ့ ဝက်နံရိုးအချိုကြော်နှပ်လေးကို အလွတ်ပဲစားစား၊ ထမင်းနဲ့ပဲ တွဲဖက်စားစား နံရိုးကပ်သားလေးတွေတင်မဟုတ်ဘဲ နံရိုးလေး တွေ ပါ ကြေမွသွားတဲ့အထိ စားဖြစ်သွားအောင် အရသာရှိ လွန်းတဲ့ ဟင်းတစ်မျိုးအဖြစ် လက်တွေ့သိရအောင် မြည်းစမ်း ကြည့်ပါလားလို့ တိုက်တွန်းရင်း. . .။

# နေ့စဉ်ရက်ဆက် စောင့်မျှော်နေကြသူများ

သန်းဌေး

"ကားတွေ လာပြီဟေ့"

တစ်စုံတစ်ယောက်ရဲ့ အော်သံနဲ့အတူ မော်တော်ဆိုင်ကယ် ယာဉ်တန်းသည် မြို့လယ် လမ်းမကြီးအတွင်းသို့ မောင်းဝင်လာသည်။ ဝိစီမှုတ်သံများ တရှိန်ရှိန်နဲ့ ဆိုင်ကယ်တန်းနောက်မှာတော့ ကားနှစ်စီးက ကပ်လျက်ပါလာသည်။

ယာဉ်တန်းနှင့် ကားများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့လယ်ရှိ သီရိအဏ္ဏဝါခန်းမ ဝင်ပေါက်ဝ ရှေ့တည့်တည့်တွင် တိခနဲရပ်သွားသည်။ စောစောက နေရာအသီးသီးတွင် စောင့်မျှော်နေကြသူအားလုံးမှာ တိုင်ပင်စရာမလိုဘဲ ကားများဆီသို့ ပြေးလွှားရောက်ရှိလာကြသည်။ ထို့နောက် ခန်းမဝင်ပေါက်ဝဘေး တစ်ဖက်တစ်ချပ်စီတွင် ညီညာစွာ တန်းစီရပ်လိုက်ကြတော့သည်။

ထိုသို့ညီညာစွာ တန်းစီလိုက်ကြသူများမှာ မတ်လ ၁၄ရက်မှ ၁၈ရက်အတွင်း ပင်လယ်ပြင်တွင် လေပြင်းဒဏ်ခံခဲ့ရသောကြောင့် လွင့်ပါပျောက်ဆုံးခံခဲ့ရသော သောင်းဂဏန်းနီးပါးရှိ လုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များဖြစ်သည်။ အဆိုပါ ဒုက္ခသည်များကို ပင်လယ်အတွင်းရှိပုဂ္ဂလိကသင်္ဘောများနှင့် တပ်မတော်(ရေ)မှ ကယ်တင်ခဲ့ပြီး ရန်ကုန်မြို့သို့ ပို့ဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် ဖျာပုံမြို့သို့ ပို့ဆောင်ရောက်ရှိလာမည်ကိုလာရောက်ကြိုဆိုနေသော လူအုပ်စုကြီးလည်းဖြစ်သည်။

မတ် ၁၄ ရက်ညက မြန်မာ့ပင်လယ်ပြင်မှာ လေတိုက်နှုန်းမြင့်တက်လာသည်။ ထို့နောက် လေပြင်းကျလာပြီး စက်မပါသော ဝါးဖောင်များ ပုစွန်နှင့်ငါးများဖမ်းနေသော ကျားဖောင်များ လှုပ်ခါယမ်းကုန်သည်။ လှိုင်းလုံးကြီးများသည် တလိမ့်လိမ့်တက်လာသည်။ ပင်လယ်ပြင်တစ်ခုလုံးမှာ ဒေါသူပုန်ထနေသောနဂါးတစ်ကောင်ပမာဖြစ်လာချိန်တွင် အော်ဟစ်သံများနှင့်အတူ ဖောင်တွေပျက်ကာရေထဲပြုတ်ကျကုန်သည်။



ပင်လယ်ပြင်တွင် မျောပါသွားသည့် ရေလုပ်သားများအား လာရောက်စောင့်မျှော်နေသည့်မိသားစုများ။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အချို့ ကံကောင်းသူများမှာ အနီးရှိ စက်လှေများမှ ကယ်တင်ခြင်းခံရသည်။ ဖောင်ဦးစီးအချို့၏ ကျွမ်းကျင်မှုအရပင်လယ်အောက်ရှိ ကျားပိုက်ကို ခုတ်ဖြတ်ထားခဲ့ပြီး ဖောင်ပေါ်တွင်ရှိနေသူသုံး၊ လေးဦးစလုံး ပြုတ်မကျအောင် လက်ချင်းချိတ် ဝမ်းလျားမှောက်နေလိုက်ကြသည်။

"ကျွန်တော်နဲ့သူ နှစ်ယောက်တည်းရှိတဲ့ ဖောင်ပေါ်က တဲအိမ်လေးလွင့်ထွက်သွားတော့ တစ်ယောက်လက် တစ်ယောက်ချိတ်ပြီး ဝမ်းလျားမှောက်နေလိုက်တယ်။ တော်တော်ကြာမှ ဘေးဘီကြည့်တော့ ဘာမှမတွေ့ရဘူး။ ကျွန်တော်တို့ ဖောင်တစ်ခုတည်း ပင်လယ်ထဲမှာမျောပါနေတယ်" ဟု ဒေးဒရဲမြို့နယ် ကျုံမင်းကျေးရွာသား အသက် ၃၂ နှစ်ရှိ ကိုဇော်ဝင်းအောင်ကပြောသည်။

သူနှင့်အတူ ဖောင်ပေါ်ပါလာသူမှာ ဘိုကလေးမြို့နယ် မြင်းခကုန်းကျေးရွာသား အသက် ၂၉ နှစ်ရှိ ကိုစန်းဝင်းဖြစ်နေသည်။ သူတို့နှစ်ယောက်ရဲ့ တူညီချက်က တစ်ခါမှ ပင်လယ်ထဲမလိုက်ဖူးဘဲ ယခုနှစ်မှ စကာတစ်ယောက် တစ်နယ်စီမှ အသီးသီး ကျားဖောင်လိုက်ခဲ့သူများဖြစ်သည်။

"ဖောင်ပေါ်မှာ စားစရာရှာတော့ ဘာမှမရှိတော့ဘူး။ ဒါနဲ့ ဝါးဖောင်ကို တွဲထားတဲ့သံချောင်းကို ထုတ်ပြီး ဖောင်ဘေးနားရောက်လာတဲ့ ငါးလေးကိုလှမ်းထိုးပြီး မိတဲ့အခါ ငါးဂုတ်ကို သွားနဲ့ကိုက်စုပ်လိုက်တယ်။ ချိုနေတာပဲ။ အသားကို အစိမ်းလိုက်ဝေစားတယ်။ ထမင်းရယ်၊ သောက်ရေရယ်မရတာ ကိုးရက်လောက်ကြာတယ်"ဟု ကိုဇော်ဝင်းအောင်က သူတို့အတွေ့အကြုံကိုပြောသည်။

ပင်လယ်ထဲမှာ မျောနေရင်း ကိုးရက်လောက်ကြာတော့ နိုင်ငံခြားသားတွေပါတဲ့ ရေနံတင်သင်္ဘောတစ်စီးတွေ့တာနဲ့ မှောက်လျက်အနေအထားက လက်လှမ်းပြရတယ်။ နှစ်ယောက်လုံး အားအင်ကုန်ခန်းနေကြတယ်။ သူတို့သင်္ဘောက ကျော်သွားပြီးမှ ပြန်ဝိုက်လာတယ်။ နောက် ဘောကွင်းတွေပစ်ချပြီး လူတွေပါ ခုန်ဆင်းလာကာ ကယ်တင်ခြင်းခံခဲ့ရတယ်"ဟု သူတို့အတွေ့အကြုံကို ပြန်ပြောပြကြသည်။

သူတို့နှစ်ယောက်လုံး ရန်ကုန်မြို့မှတစ်ဆင့် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမကိုရောက်လာကြတယ်။ သူတို့နဲ့အတူတူ လူပေါင်း ၆၇ ယောက်မှာ မတ် ၂၅ ရက် နေ့လယ်မော်တော်ယာဉ်နှင့် ပြန်ရောက်လာကြခြင်းဖြစ်သည်။

'ရေဘေး၊ လေဘေးကယ်ဆယ်ရေးအဖွဲ့'ဟု ကားရှေ့မှန်တွင် စာရွက်ကပ်ထားသော ကားနှစ်စီးပေါ်မှ ဆင်းလာသောလူများကုန်သွားသည်။ သည်နေ့ပါလာမယ်ဟု ကြေညာထားသည့် စာရင်းထဲပါပြီး ကျန်ခဲ့သူများ၊ စာရင်းထဲလည်းမပါ၊ သတင်းလည်းမရ၊ ရောက်လာသူတွေကိုမေးတော့လည်း မတွေ့မိဘူးလို့ပဲကြားရသော မိဘ၊ ဇနီး၊ အစ်မ၊ အစ်ကို၊ သားသမီးများမှာတော့ မျက်နှာများညှိုးကုန်သည်။ ခဏကြာတော့ ပါးပြင်နှစ်ဖက်သို့ မျက်ရည်များ တလိမ့်လိမ့်ကျလာကြသည်။

"ရောက်လာကြတဲ့လူတွေကို ပြေးကြည့်ပြီး သားနဲ့ သိတဲ့လူတွေကိုလိုက်မေး၊ နောက်နေ့ထပ်ရောက်လာတယ်ဆို ပြေးကြည့်၊ မတွေ့ရင် ဒီမှာပဲအိပ်၊ တဖြည်းဖြည်း လာကြိုတဲ့လူတွေနည်းလာပေမယ့် ကျွန်မကတော့ နေ့တိုင်းစောင့်နေမယ်။ ပါလာတဲ့လူ ကုန်တာနဲ့ အော်ငိုလိုက်တယ်။ သားကိုတပြီး နေ့တိုင်းငိုတယ်"ဟု ဖျာပုံမြို့နယ် မငေးကြီးကျေးရွာသူဒေါ်မြင့်အေး ၄၄ နှစ်ကပြောသည်။

အသက် ၂၇နှစ်ရှိ ကလေးနှစ်ယောက်မိခင် မဝါဝါလှိုင်ကလည်း သူ့အမျိုးသားဖြစ်သူ အသက် ၃၇နှစ်အရွယ် ကိုအောင်လွင်ဦးကို နေ့တိုင်း လာရောက်စောင့်မျှော်နေသည်။

"သူက လယ်ပဲလုပ်တတ်တာ၊ ကျွန်မနဲ့ညားမှ ပင်လယ်ထဲလိုက်တာ၊မောင်လေးနဲ့နှစ်ယောက်အတူတူပေါ့။ ငါးဦးစီးမှာ ကပ်ထားတဲ့စာရင်းထဲပါတယ်။ ကော့သောင်းမှာရောက်နေတယ်တဲ့"ဟု ဒေးဒရဲမြို့နယ် အုန်းပင်ရွာသူကပြောသည်။

ကျားပိုက်များဖြင့် ပုစွန်နှင့် ပင်လယ်ငါးများ ဖမ်းသော ကျားဖောင်ရာသီမှာ နှစ်စဉ် ဇွန်လမှစကာ မတ်လကုန်တွင် အလုပ်သိမ်းကြသည်။

"၁၅ ရက်လောက်ပဲလိုတော့တာ၊ ကုန်ချိန်သိပ်မရသေးတော့ စာရေးဒိုင်(ပိုင်ရှင်)တွေက ပိုရအောင်ပြောတယ်။ မရရင် ဆဲဆိုသေးတယ်။ အခုလို လေမိုးကျမှာ သိမှာပေါ့။ သူတို့မှာ စက်တွေရှိတာ ရှမ်းလိုင်းကဆို အတိအကျကြေညာတာ၊ ဒါကို ဖောင်မသိမ်းခိုင်းဘူး။ ဖောင်ပေါ်မှာလည်း ရေဒီယိုပဲပါလာတော့ ၃၅ မိုင်ဆိုတာ ထမင်းစားလို့ ကောင်းတဲ့လေ တိုက်နှုန်းမို့ သတိမထားမိကြတာ၊ အခုတော့ တစ်နာရီ မိုင် ၇၀ ကျော်တယ်။ လှိုင်းလုံးကြီးတွေက တိုက်တစ်လုံးခွဲစာလောက်မြင့်တယ် ပြောကြတယ်"ဟု ပြန်ရောက်လာသူများထံမှ ပြန်ကြားရပုံကို ဖျာပုံမြို့နယ် ၁၄ရပ်ကွက်နေ ဖောင်လုပ်သားတစ်ဦးဖြစ်သူ အသက် ၅၉ နှစ်အရွယ် ဦးမောင်မြင့်ကပြောသည်။

၎င်းကိုယ်တိုင်ပင် ယခုလို လေပြင်းမကျမီ ၁၅ရက်အလိုတွင် ဖောင်ပိုင်ရှင်၏ စက်လှေဖြင့် ကုန်းပေါ်ပြန်တက်လာသောကြောင့် အခုလို အန္တရာယ်နှင့်မကြုံတွေ့ခဲ့ရကြောင်းပြောသည်။

"ပင်လယ်ပြင်ထဲမှာ လှိုင်းလေထန်တော့ အိမ်လုံးလိုက်ရှိတဲ့ လှိုင်းလေတွေကြားမှာ ဖောင်ချင်းတောင်တိုက်ကုန်တယ်တဲ့။ အခုတော့ ဖောင်တွေအားလုံး ဆုံးရှုံးပြီး ကယ်လို့ရတဲ့လူတွေကိုတော့ ဆက်တိုက်ပို့နေတာ လက်ခံထားတယ်။ ပြီးတော့ သူတို့စာရင်းဒိုင်တွေဆီသတင်းပို့ပြီး သူတို့အိမ်သူတို့ပြန်ပို့ပေးတယ်"ဟု မအူပင်ခရိုင် ကျားဖောင်အသင်းဥက္ကဋ္ဌဖြစ်ပြီး ကျားဖောင် ၃၀ ပိုင်ရှင်လည်းဖြစ်သူဦးသံချောင်းကပြောသည်။

ကယ်ဆယ်ရေးလုပ်ငန်းများပြီးသလောက်ရှိနေပြီး ပို့ဆောင်လက်ခံရေးလုပ်ပေးသည့်ရက်မှာ ရက်သတ္တတစ်ပတ်ခန့်ကြာလာသည်။ ယခင်ရက်များထက် ရောက်လာသူ နည်းလာသလို စောင့်မျှော်သူ နည်းလာသော်လည်း ဒေါ်မြင့်အေးကဲ့သို့ မိဘ၊ ဇနီး၊ သား၊ သမီးဆွေမျိုးများမှာ အားခဲ၍စောင့်မျှော်လျက်ရှိနေသည်။

"ကျွန်မယုံကြည်တယ်။ ကျွန်မမောင်လေး ပြန်ရောက်လာရမယ်။ တစ်နေ့တော့ ရောက်လာမှာပဲ။ ပါမလာရင် အိမ်ပြန်မယ်။ နောက်နေ့ထပ်လာစောင့်မယ်" ဟု ဒေးဒရဲမြို့နယ် အုန်းပင်ရွာသူ မခင်ခင် ၃၁နှစ်ကပြောသည်။

မတ်လ ၂၅ရက်အထိ ဖျာပုံမြို့သို့ ပြန်ရောက်လာသော ရေဘေး၊ လေဘေး အန္တရာယ်ကြုံတွေ့ခဲ့သူစုစုပေါင်းမှာ လူ ၆,၀၀၀ ခန့်ရှိပြီဖြစ်ကြောင်းသိရသည်။

ဖျာပုံမြို့နယ် သီရိအဏ္ဏဝါခန်းမရှေ့ တစ်ဖက်ခြမ်းရှိမြစ်ကမ်းနဖူးဘေးက ပန်းခြံလေးမှာတော့ လူအုပ်စုများမှာ နေ့စဉ်ရက်ဆက်စောင့်မျှော်လျက်ရှိနေကြသည်။ သူတို့မိသားစုဝင်များ တစ်နေ့နေ့တွင် ပြန်လာလိမ့်မည်ဆိုသော မျှော်လင့်ချက်ကိုယ်စီ ရင်မှာပိုက်လျက်ရှိနေကြသည်။ ။

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

## မျက်နှာဖုံး-တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပခြင်းမရှိ မှ

"ဒါက တကယ့်ကို ထူးခြားတဲ့ဖြစ်စဉ်တစ်ခုပါပဲ။ နှစ်တိုင်း နှစ်တိုင်း စစ်ရေးပြအခမ်းအနားတွေကို အချိန်ယူကြိုတင်ပြင်ဆင်ပြီး လုပ်ခဲ့ကြတယ်။ အဲဒီနေ့စစ်ရေး ပြအခမ်းအနားတွေက တပ်မတော်အတွက် အခမ်းနားဆုံးနဲ့ အရေးကြီးဆုံးပွဲတစ်ခုပါပဲ။ ဘာကြောင့်လဲဆိုတာကတော့ မေးခွန်းတစ်ခုပါပဲ"ဟု မြန်မာ့နိုင်ငံရေးလေ့လာသူတစ်ဦးက သုံးသပ်ပြောကြားသည်။

တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများကို တပ်မတော်အစိုးရက နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူပြီးချိန်မှစတင်ကာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်စစ်ဆေးမိန့်ခွန်းပြောကြားခဲ့ပြီး ၂၀၀၇ခုနှစ်မှစတင်၍ အစိုးရအုပ်ချုပ်ရေးမြို့တော် နေပြည်တော်တွင် ပြောင်းရွှေ့ကျင်းပခဲ့သည်။

ယခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့သည် နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲအပြီး လွှတ်တော်အစည်းအဝေးများ ကျင်းပနေချိန်နှင့် တိုက်ဆိုင်နေကာ လွှတ်တော်ကိုယ်စားလှယ်အများစုခန့်မှန်းထားချက်များအရ အစိုးရသစ်မတက်မီ ရက်ပိုင်းအလိုတွင်လည်း ဖြစ်နေသည်။

## မျက်နှာဖုံး-ရေကစားမဏ္ဍပ်များတွင် အရက်၊ ဘီယာ၊ ဆေးလိပ်ကြော်ငြာခွင့်တားမြစ် မှ

အတွက် လမ်းဘေးပလက်ဖောင်းအတွင်း၌ ဆောက်လုပ်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ထို့အပြင် မြို့ရေပေးရေး မီးသတ်ပိုက်ခေါင်းများမှ ရေထုတ်ယူ၍ ရေကစားပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ပြီး လေအိုးသုံးရေပိုက်၊ မီးသတ်ပိုက်ခေါင်းများဖြင့် ရေပက်ခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ကာ မဏ္ဍပ်များ ဆောက်လုပ်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော သရုပ်ပျက်ရုပ်ပုံများ ရေးဆွဲခြင်း၊ မဟာသင်္ကြန်ပွဲတော်နှင့်မသက်ဆိုင်သော အရေးအသားနှင့် နိုင်ငံရေးအသွင်ဆောင်သော အရေးအသားများကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်းလည်း ဦးသာထွန်းက ရှင်းလင်းပြောကြားသည်။

ရေကစားမဏ္ဍပ်များတွင် အရက်၊ ဘီယာ၊ ဆေးလိပ်ကြော်ငြာများကပ်ခြင်း၊ ချိတ်ဆွဲခြင်းမပြုလုပ်ရသည့်အပြင် အခြားစီးပွားရေးကြော်ငြာများကပ်လိုပါကလည်း ခွင့်ပြုချက်သီးခြားလျှောက်ထားရမည်ဖြစ်သည်။

## မျက်နှာဖုံး-ဂျာမနီလေကြောင်းလိုင်း ဖရန့်ဖတ်-ရန်ကုန်တိုက်ရိုက်ပျံသန်းရန် စီစဉ် မှ

ထို့အပြင် စီရမ်ရိ(ပ်)-ရန်ကုန်-ဘန်ကောက်ခရီးစဉ် စိတ်ဝင်စားသူများခဲ့ကြောင်း အဆိုပါပြပွဲသို့သွားရောက်ခဲ့သူ MAI လေကြောင်းလိုင်းမှ ဒေါ်အေးမရသာကပြောသည်။

ခရီးသွားကုမ္ပဏီများသို့လည်း Buyer များ၏ စိတ်ဝင်စားမှု ပိုမိုရရှိခဲ့ကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုနှစ် ခရီးသွားပြပွဲသို့ လေကြောင်းလိုင်းသုံးလိုင်း၊ ဟိုတယ်ငါးလုံးနှင့် ခရီးသွားကုမ္ပဏီ ၁၂ခုတို့အပြင် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်အသင်းတို့က သွားရောက်ပြသခဲ့ကြသည်။

## စာ – ၂၉၊ အမှောင်မိုက်ဆုံး နေ့ညများ မှ

နေအိမ်အများစု ရှေ့တွင်တော့ စက္ကူအလံဖြူငယ်များကို သဲပုံပေါ်စိုက်၍ ဖယောင်းတိုင်နှင့် အမွှေးတိုင်ကို ညဦးပိုင်း၌ ထွန်းညှိထားကြသည်။ မြေငလျင်ဆက်မလှုပ်ရန် မြေနတ်မင်းအား ပူဇော်ပသခြင်းဖြစ်ကြောင်း ဒေသခံများက ရှင်းပြသည်။ သို့သော် မြေနတ်မင်းက မညှာတာလေသလား မသိ။ ရစ်ချ်တာစကေး ၇ရှိ ငလျင်ကြီး လှုပ်ပြီးနောက် ၄ ရက်အတွင်း မတ် ၂၇ ရက်နေ့ညအထိ နောက်ဆက်တွဲ ငလျင်ငယ် ၂၅ ကြိမ်လှုပ်ခဲ့သည်။ နောက်ဆက်တွဲ ငလျင်များမှာ ပြင်းအား ၃မှ ၆ဒသမ ၂၇ ရစ်ချ်တာစကေးရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တာချီလိတ်-တာလေ-မိုင်းလင်း လမ်းတစ်လျှောက် မြင်ကွင်းများက ၂၀၀၈ မေလက နာဂစ်အလွန် ရန်ကုန်မြို့မှ ဧရာဝတီတိုင်းသွား ကားလမ်းမများပေါ်မှ မြင်ကွင်းနှင့် ဆင်တူသည်။ ရေသန့်ဘူး၊ ခေါက်ဆွဲထုပ်များ၊ ထမင်းထုပ်များ၊ ကောက်ညှင်းပေါင်းထုပ်များ၊ မုန့်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများကိုယ်စီ သယ်ဆောင်သွားသော ကားများ၊ သုံးဘီးတုတ်တုတ်ဆိုင်ကယ်များက ထိုလမ်းတစ်လျှောက် မကြာခဏ တွေ့ရသည်။ နာဂစ်မုန်တိုင်းတွင် ကူညီခဲ့သော တာဝန်သိစေတနာရှင်များနှင့် ယခုငလျင်ဘေးသင့်လူများအား ကူညီသော စေတနာရှင်များကြား ကွာခြားမှုက စီးသော ကားများပင်။ တာချီလိတ်၊ တာလေ၊ မိုင်းလင်း တစ်လျှောက် ကားများက ပိုမိုသစ်လွင်ခေတ်မီနေသည်။

"လှူကြတာကတော့ တာချီလိတ်မြို့တစ်မြို့လုံးနီးပါးပဲ။ ကျိုင်းတုံကလည်း လာကြတယ်။ ဟိုဘက်ကမ်း(ထိုင်းနိုင်ငံ) က လာကူတာလည်း ရှိတယ်"ငလျင်ဘေးသင့်ပြည်သူများ ဝိုင်းဝန်းကူညီကြခြင်းနှင့်ပတ်သက်၍ တာချီလိတ်မြို့ခံတစ်ဦးက ပြောခြင်းဖြစ်သည်။

ငလျင်ဘေးသင့်သူများကို ကူညီသူများ၍ ငလျင်လှုပ်ပြီးနောက်



မိုင်းလင်းကျေးရွာအုပ်စုမှာ လူသေဆုံးမှုအများဆုံးဖြစ်ခဲ့သည့်အိမ်ကိုတွေ့ရစဉ်။ ဓာတ်ပုံ-အားမာန် ငလျင်ကြောင့် ထိုအိမ်တွင် တီဗီကြည့်နေသူ ခြောက်ဦးပွဲချင်းပြီးသေဆုံးခဲ့သည်။

တစ်နေ့ မတ် ၂၅ ရက်မှစ၍ အစားအသောက် ပုံမှန်ရနေကြောင်း တာလေမြို့ခံများက ပြောသည်။ သို့သော် မိုင်းလင်းကျေးရွာအုပ်စုတွင်တော့ တာလေမှ မိုင်းလင်းသွားသော လမ်းပျက်၍ အကူအညီများ မတ် ၂၆ ရက်မှစတင်ရောက်သည်။ မတ် ၂၇ ရက်ရောက်သောအခါ တာလေမြို့တစ်လျှောက်နှင့် မိုင်းလင်းတစ်လျှောက် လာလှူဒါန်းသူများ၊ ဒုက္ခရောက်နေသူများကို လာနှစ်သိမ့်သူများဖြင့် စည်ကားနေသည်။ ပြိုကျပျက်စီးနေသော အဆောက်အအုံများကို လိုက်လံကြည့်ရှု၍ ကင်မရာ၊ ဖုန်းကင်မရာဖြင့် ဓာတ်ပုံရိုက်သူ၊ အပျက်အစီးများကြား အမူအရာ မျိုးစုံဖြင့် အမှတ်တရ ဓာတ်ပုံရိုက်သူများလည်းပါသည်။

ဒေသအာဏာပိုင်များကလည်း တာလေနှင့် မိုင်းလင်းတွင် ကယ်ဆယ်ရေးခစန်း သုံးခုဖွင့်ထားသည်။ အလှူရှင်များ လာလှူသော ပစ္စည်းများလက်ခံ၍ ရပ်ကွက်၊ ကျေးရွာတာဝန်ရှိသူများကို ပြန်ဖြန့်ဝေပေးနေသည်ကို တွေ့ရသည်။ အလှူရှင်များ လှူဒါန်းသော ပစ္စည်းများ လက်ခံ၍ ပြန်လည်ဖြန့်ဝေခြင်း လုပ်ငန်းအားလုံး အဆင်ပြေကြောင်း တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူက ပြောသည်။ စခန်းသုံးခုလုံးတွင်ရှိသော ဆေးပေးခန်းများတွင်တော့ စစ်ဗိုလ်ဆရာဝန်များ၊ အရပ်သား ဆရာဝန်နှင့် သူနာပြုတို့က လူနာများကို ဆေးကုသပေးနေသည်။ ဒဏ်ရာပြင်းထန်စွာရရှိသူများကို တာချီလိတ်နှင့် ကျိုင်းတုံဆေးရုံများသို့ ပို့ပေးပြီးဖြစ်ရာ၊ ပွန်းပဲ့ဒဏ်ရာရသူ၊ ဖျားနာသူ၊ ဝမ်းလျှောသူ၊ ပူပန်စိတ်ကြောင့် သွေးတိုးနေသူများကို ကုသပေးနေကြသည်။

နောက်ဆက်တွဲ ငလျင်လှုပ်နေခြင်းနှင့် ဆက်လှုပ်ရန် စိုးရွံ့မှုတို့ကြောင့် စိတ်ကရောက်ကယက်ဖြစ်၍ သွေးတိုးသူများကြောင်း ဆေးကုသပေးနေသော စစ်ဗိုလ်ဆရာဝန်များကပြောသည်။ သူတို့အတွက် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ကုသမှုပြုလုပ်သော်လည်း စိတ်ဒဏ်ရာများအတွက် ကုသရန်လိုနေဆဲဖြစ်သည်။

"စဖြစ်ဖြစ်ချင်းတော့ အိမ်ကိုဘယ်က စကိုင်ရမှန်းမသိဘူး။ နောက်တစ်ရက်ကျော်တော့ လူတွေရောက်လာပြီ။ အားပေးတော့ စိတ်ကနည်းနည်းပြန်ကောင်းလာတယ်" လူအများ၏ ကူညီဖေးမမှု၊ အားပေးမှုနှစ်သိမ့်မှုမှာ သူ့စိတ်ဒဏ်ရာ သက်သာရာရကြောင်း ကိုစိုင်းဆမ်တစ် ပြောခြင်းဖြစ်သည်။

ငလျင်သင့်သူများအတွက် မြွေပူရာ ကင်းကတစ်မှောင့် ဆိုသကဲ့သို့ ဒုက္ခထပ်ပေးသည်မှာ မိုးဖြစ်သည်။ ငလျင်မလှုပ်မီက နေသာခဲ့သော်လည်း ငလျင်လှုပ်ပြီးနောက်နေ့မှစ၍ မိုးအုံ့ကာ၊ မတ် ၂၆ ရက်ညမှစ၍ မိုးရွာတော့သည်။ မိုးနှင့်အတူ အေးစက်နေသော လေများက နေအိမ်ပြိုပျက်နေသူများကို အခက်တွေ့စေပြန်သည်။ ထိုကြောင့် ဖျားနာသူများ ရှိလာသည်။ ထုံးစံအတိုင်း ငလျင်ဒဏ်ခံဒေသတွင် ယခုရက်ပိုင်းကောလာဟလများလည်း ပြန့်နေပြန်သည်။ ယင်းမှာ မီးတောင်ပေါက်တော့မည်။ ငလျင်ကြောင့် တာလေချောင်း လမ်းကြောင်းပြောင်းကာ အချို့အိမ်များ ရေထဲပါမည်ဟူ၍ ဖြစ်သည်။ ငလျင်အသေးများနေ့စဉ်လှုပ်၍ စိတ်တို့ချောက်ချားစဉ် ထိုကောလာဟလကြောင့် အိမ်မကပ်ဝံ့သူများ အိမ်ရှိပစ္စည်းအခိုးခံရသည်ကလည်း ရှိသေးသည်။

ရွှေတြိဂံငလျင်မှာ ဖျက်အားပြင်းသော်လည်း နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်ကလောက် ပျက်စီးမှုနှင့် ဧရိယာမကျယ်ဝန်း၍ မကြာမီကိုင်တွယ်ဖြေရှင်းနိုင်ဖွယ်ရှိသည်။ လှူဒါန်းသူများကြောင့် ငလျင်ဘေးသင့်သူများ စားဝတ်နေရေး အဆင်ပြေနိုင်သော်လည်း သူတို့၏ စိတ်ဒဏ်ရာကို အချိန်ယူကုသရမည်ဖြစ်သည်။ လူများစုလှူဒါန်းရာတွင် လမ်းနှင့် နီးပြီးသွားလာရလွယ်ကူသူများကို ပိုလှူ၍ သွားလာရခက်ခဲပြီး ချောင်အတွင်းရှိ ကျေးရွာနှင့် အိမ်များ၊ မသွားလာနိုင်သော သက်ကြီးပိုင်းများကို ကူညီရန် ပိုမိုလိုအပ်သည်။ ထို့အပြင် အချို့ရွာများမှာ လမ်းပေါ်ရှိသော်လည်း အကူအညီအရနည်းတာရှိသည်။ ရေတွင်းများ ပျက်စီးကုန်၍ သန့်ရှင်းသော သောက်ရေ၊ သုံးရေ ရရှိရေးနှင့် ဒဏ်ရာရသူများအတွက် ဆေးဝါးအထောက်အပံ့နှင့် အကူအညီများ လိုအပ်နေဆဲဖြစ်သည်။ ထိုဒေသတွင် ယခုရက်များ၌ မိုးများရွာသွန်းလျက်ရှိခြင်းကြောင့် ယာယီနေထိုင်ရန် ရွက်ဖျင်တဲများ၊ တာပေါ်လင်စများ အရေးပေါ်လိုအပ်နေသေးကြောင်း ကယ်ဆယ်ရေးလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။ ပြိုကျပျက်စီးသွားသော နေအိမ်များ ရှင်းလင်းရန်မှာလည်း လူအများစုနှင့် သက်ဆိုင်ရာဌာနများထံမှ အကူအညီလိုသည်။ ထို့နောက်လုံးလုံးပျက်စီးသွားသော နေအိမ်များကို ပြန်ဆောက်နိုင်ရန်လည်း အကူအညီလိုသည်။

"လူတွေက ကူညီချင်တယ်ဆိုပြီး အိမ်ရှေ့လာကြည့်၊ မေးမြန်းရုံနဲ့ ဘာမှမထူးဘူး။ ကူညီချင်ရင် စိတ်ပေါ်မှာပဲ မူတည်တာပေါ့။ အုတ်တစ်ချပ် မပေး၊ သစ်သားစတစ်ခုသယ်ပေးတာလည်း ကူညီတာပါပဲ"ဟု စိုင်းလင်းကျေးရွာအုပ်စုမှ ကိုစိုင်းလတ်က ပြောသည်။ သူ့သက်တမ်းတစ်လျှောက် ယခုမျှ ခက်ခဲမှောင်မိုက်သော ကာလ မကြုံဖူးဟု အသက် ၃၈ နှစ်အရွယ် ကိုစိုင်းလတ်က ဆိုသည်။ ကုန်စုံနှင့် စက်ပစ္စည်းများရောင်းသော သူ့နေအိမ်ပြိုကျ၍ ဘတ်တစ်သန်း(ကျပ်သန်း ၃၀ ဝန်းကျင်) ဆုံးရှုံးခဲ့ရသည်။

"ညဆို ငလျင်လှုပ်လို့ ကြောက်တာကတစ်မျိုး၊ မိုးယိုတာကတစ်မျိုး၊ အိပ်လို့ကိုမရဘူး" ဟု အဘွားဒေါ်နန်းယုံက ဖွင့်ဟသည်။ ထိုကြောင့် ညကို ပိုကြောက်သည်ဟု အဘွားကပြောသည်။

"ညဆိုရင် ရွာနဲ့ မတူတော့ဘူး။ တိတ်ဆိတ်နေတာပဲ"ဟု ကိုစိုင်းဆမ်တစ်က ငလျင်သင့်သူများ၏ ညကို သရုပ်ဖော်သည်။

နေအိမ်ပြိုပျက်သွားသူအားလုံး တူညီစွာပြောနေသည်က အိမ်ဆောက်ရန် အကူအညီရလျှင် များစွာကောင်းမည်ဟူ၍ ဖြစ်၏။ ငလျင်ကြောင့် ပျက်စီးသည့် ဧရိယာမှာ နာဂစ်မုန်တိုင်းနှင့်ယှဉ်လျှင် များစွာဧရိယာကျဉ်း၍ နာဂစ်သင့်သူများအား မုန်တိုင်းဒဏ်ခံအိမ်များဆောက်လုပ်လှူဒါန်းသကဲ့သို့ လူထုနှင့်အစိုးရက ဝိုင်းကူလျှင် ငလျင်သင့်သူတို့၏အခက်အခဲပြေလည်နိုင်သည်။

မိသားစုဝင် လေးဦးဆုံးရှုံးထားပြီး နေအိမ်ပါ ပျက်စီးထားသော အဘွားဒေါ်နန်းယုံက သူ့ဆန္ဒကိုဖွင့်ဟနေသည်။

"အသက်ကလည်းကြီး၊ ကိုယ်တိုင်လည်း မလုပ်နိုင်တော့ နေစရာအိမ် လှူမယ့်သူရှိရင် တအားဝမ်းသာမယ်"

## စာ-၃၊ ဧပြီလ ပထမပတ်တွင် စနေဂြိုဟ်နှင့်ကမာတို့ တစ်တန်းတည်း တိုက်ရိုက်ကျရောက်မည်ဖြစ်ကာ ငလျင်တစ်ခု ထပ်မံကြုံတွေ့နိုင် မှ

နက္ခတ်သိပ္ပံအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးဇေယျာကိုကပြောသည်။

ယင်းဖြစ်စဉ်ဖြစ်ပေါ်မည့် အချိန်မှာ ဧပြီလ ၄ရက်၊ မြန်မာစံတော်ချိန် နံနက် ၆ နာရီ ၁၃မိနစ်တွင်ဖြစ်ပြီး အဆိုပါဖြစ်စဉ်နှင့်ယှဉ်တွဲ၍ ဧပြီလ၃ရက် ည ၈နာရီ၃၂မိနစ်တွင် နက္ခတ်လကွယ်ချိန်ဖြစ်စဉ်တစ်ခုလည်း ဖြစ်ပေါ်မည်ဖြစ်ကာ စနေဂြိုဟ်မှာလည်း ကောင်းကင်တွင် ဖောက်ပြန်တည်ရှိနေစဉ်မှာပင် ကြာသပတေးဂြိုဟ်နှင့် အပြန်အလှန် သမသတ်အမြင်ရှိနေမည်ဟု ၎င်းကဆိုသည်။

စနေဂြိုဟ်နှင့် ကမ္ဘာနှင့် တစ်တန်းတည်းကျရောက်သည့်ဖြစ်စဉ်များတွင် ယင်းတို့နှစ်ခုအကြား နေမင်းရပ်တည်နေခြင်းရှိတတ်ပြီး နေမင်းမရှိပါက တိုက်ရိုက်တစ်တန်းတည်းကျသည်ဟု ခေါ်ဝေါ်ကာ အကျိုးသက်ရောက်မှုလည်း ပိုမိုရှိတတ်ကြောင်းသိရသည်။

ဖြစ်စဉ် ဖြစ်ပေါ်ချိန်တွင် စနေဂြိုဟ်သည် ဂျပန်နိုင်ငံ၊ တောင်/မြောက်ကိုရီးယားနိုင်ငံများ၊ တရုတ်နိုင်ငံ ပီကင်း အထက်မြောက်ဒေသ၊ ရုရှားနိုင်ငံတို့၏ မွန်းတည့်ကောင်းကင်တွင် ရပ်တည်နေမည်



ဖြစ်ကာ အာဖရိကအလယ်ပိုင်းနှင့် ဂရင်းနစ်ဒေသ ပတ်ဝန်းကျင်နိုင်ငံအချို့တွင် ဧပြီလအတွင်း ငလျင်ဖြစ်စဉ်ဖြစ်ပေါ်မည်ဟု အထက်ပါအဖွဲ့ကပြောသည်။

ယခုကဲ့သို့ စနေဂြိုလ်နှင့် ကမ္ဘာတစ်တန်းတည်းကျရောက်မှုတွင် ကမ္ဘာသည် စနေဂြိုဟ်နှင့် မိုင်သန်းပေါင်း ၈၁၉ ဒသမ၆ အကွာအဝေးတွင် ရှိနေမည်ဖြစ်ကြောင်းသိရသည်။

# Health

7 DAY NEWS JOURNAL

Vol.10, No.4 • MARCH 31, 2011





## အသည်းခြောက် ရောဂါ

သီဟ

အသည်းသည် လူ့ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်လာသည့် အညစ်အကြေးများနှင့် အဆိပ်အတောက်များ၊ ပိုးမွှားများအား ခန္ဓာကိုယ်အတွင်းသို့ ပျံ့နှံ့မှုမရှိစေရန် ထိန်းသိမ်းကာကွယ်ပေးသည့် အရေးပါသော လူ၏ကိုယ်တွင်းအင်္ဂါတစ်ခုဖြစ်သည်။

အစားအသောက်များနှင့်အတူ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်သမျှသော အရာအားလုံးအား အူမကြီးမှ စုပ်ယူကာ သွေးပြန်ကြောမှတစ်ဆင့်အသည်းထဲသို့ ဝင်ရောက်သွားရာ အသည်းသည် ဝင်ရောက်လာသည့် အရာများထဲမှ လူ့ခန္ဓာကိုယ်အတွက် ကောင်းကျိုးမပြုသည့် အရာများအား တားဆီးခြင်း၊ ဖျက်ဆီးခြင်းများပြုလုပ်ပေးသည်။ ထို့ကြောင့် အသည်းသည် ခန္ဓာကိုယ်၏ ရေစစ်သဖွယ်အလုပ်လုပ်ပေးသည့် အင်္ဂါတစ်ခုဖြစ်သည်။

သို့သော် အသည်းသည်လည်း အခြားသော ကိုယ်တွင်းအင်္ဂါများကဲ့သို့ပျက်စီးခြင်း၊ ရောဂါဖြစ်ပွားခြင်းများ ဖြစ်ပေါ်တတ်ပြီး အသည်း၌ ဖြစ်ပွားတတ်သည့် ရောဂါများတွင် အသည်းရောင် အသားဝါဘီ၊ စီ၊ အသည်းကင်ဆာ၊ အသည်းခြောက်ခြင်း စသည့် ရောဂါများမှာ လူသိများသည့် ရောဂါများဖြစ်သည်။

အဆိုပါရောဂါများထဲမှ အသည်းခြောက်ခြင်းသည်လည်း ဂရုပြုရမည့် ရောဂါတစ်ခုဖြစ်သည်။ အသည်းခြောက်ရောဂါအား Cirrhosis ဟုခေါ်ပြီး လူတစ်ဦးတစ်ယောက်တွင် အသည်းခြောက်ရောဂါခံစားနေရပါက ဆရာဝန်များသည် ဆေးမှတ်တမ်းတွင် CL သို့မဟုတ် COL ဟုဖော်ပြလေ့ရှိကြကြောင်း အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

အသည်းခြောက်ခြင်းဆိုသည်မှာ အသည်းတွင် အမာရွတ်များထင်ကာ အသည်း၏ဖွဲ့စည်းပုံ ပျက်ပြားသွားခြင်းဖြစ်ကြောင်း သိရသည်။ထို့ကြောင့် အသည်းခြောက်သည်ဟု ကောက်ချက်ချနိုင်ရန် အချက်သုံးချက်နှင့်ပြည့်စုံရမည်ဟု ပညာရှင်များကပြောသည်။

အဆိုပါ အချက်သုံးချက်မှာ အသည်းတွင် အမာရွတ်များထင်ခြင်း၊ အသည်းတစ်ခုလုံးတွင် ဖြစ်ပွားခြင်း၊ အသည်း၏ဖွဲ့စည်းပုံ ပျက်ပြားသွားခြင်းတို့ဖြစ်သည်။

အသည်းခြောက်ခြင်းကိုဖြစ်ပေါ်စေသော အကြောင်းအရင်းများမှာ အသည်းရောင် အသားဝါဘီနှင့် စီပိုးများကြောင့်လည်းကောင်း၊ အရက်သောက်သုံးမှုများ၍သော်လည်းကောင်း၊အသည်းအဆီဖုံး၍သော်လည်းကောင်း အသည်းခြောက်ရောဂါ ဖြစ်ပွားတတ်ကြောင်း သိရသည်။

အခြားအသည်းခြောက်ရောဂါဖြစ်ပွားစေသည့် အကြောင်းအရာများလည်းရှိရာ ယင်းတို့မှာ မွေးရာပါဇီဝကမ္မ ချို့ယွင်းခြင်းကြောင့် အသည်းခြောက်ခြင်း၊ နာတာရှည် နှလုံးရောဂါကြောင့် အသည်းခြောက်ခြင်း၊ အချို့သော ဆေးဝါးများနှင့် ဆေးမြီးတိုများဖြစ်သည့် အရွက်အခြောက်များကြောင့် အသည်းခြောက်ခြင်း၊ ငရုတ်သီးခြောက်နှင့် အခြား အခြောက်အခြမ်းပစ္စည်းများတွင် တွယ်ကပ်နေတတ်သည့် အာဖလာတောက်စင်မှိုကြောင့်လည်းကောင်း အသည်းခြောက်ခြင်းများ ဖြစ်ပေါ်တတ်ကြောင်းသိရသည်။

အထက်ဖော်ပြပါအချက်များတွင် အသည်းခြောက်စေသည့် အကြောင်းအရာများစွာရှိသော်လည်း အသည်းရောင်အသားဝါ ဘီ၊ စီ၊ အရက်နှင့် အသည်းအဆီဖုံးခြင်းတို့ကြောင့် အသည်းခြောက်ခြင်းသည် မြန်မာနိုင်ငံတွင် အဖြစ်များကြောင်း ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

အသည်းခြောက်ရောဂါ ခံစားလာရပါက အကြောင်းမဲ့ အထွေထွေကျန်းမာရေးချို့တဲ့ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကယောင်ချောက်ချားဖြစ်ခြင်း၊ သွေးမတိတ်ခြင်း သွေးအန်ခြင်း၊ အရေပြား လက်သည်းစသည်များ ပုံပျက်ပန်းပျက်ဖြစ်ခြင်း၊ အသားဝါ ခြေထောက်ရောင် ရေဖျဉ်းဆွဲခြင်း စသည့် လက္ခဏာများ ဖြစ်ပေါ်လာကြောင်း သိရသည်။

"အသည်းခြောက်လာရင် လူကြည့်တော့အကောင်း၊ ဒါပေမဲ့ ဟိုဟာဖြစ်လိုက်၊ ဒီဟာဖြစ်လိုက်ဖြစ်မယ်၊ ရောဂါစစ်ဆေးလည်း မတွေ့ဘူး။ ဘာမှန်းညာမှန်းမသိဘဲ ခန္ဓာကိုယ်အလေးချိန်ကျမယ်၊ ပိန်မယ်၊ နုံးမယ်ဆိုရင် အသည်းခြောက်ရောဂါကိုမမေ့ပါနဲ့" ဟု ဒေါက်တာခင်မောင်ဝင်းကပြောသည်။


စာ(၃၀)သို့


## ဇရာပြသည့် အရေးအကြောင်းများ

ဝတ်ရည်

အသက်အရွယ်ကြီးလာသည်နှင့် အမျှလူခန္ဓာကိုယ်အစိတ်အပိုင်းများသည်လည်း တဖြည်းဖြည်းပျက်ယွင်းလာလေ့ရှိပါသည်။


ခန္ဓာကိုယ်အတွင်း အင်္ဂါအစိတ်အပိုင်းများ ပျက်ယွင်းနေခြင်းကို သာမန်အားဖြင့် မမြင်မတွေ့နိုင်သော်လည်း သိသာမြင်သာသည့် အရေပြားများမှာမူ အသက်အရွယ်ကြီးလာသည်နှင့်အမျှ ဇရာ၏လက္ခဏာအဖြစ် အထင်ရှားဆုံးတွေ့မြင်နိုင်သည့် အစိတ်အပိုင်းများပင်ဖြစ်ပါသည်။

သို့သော်ထိုဇရာကြောင့် ဖြစ်ပေါ်လာသည့်အရေးအကြောင်းများ ပျောက်ကင်းစေရန် နည်းအမျိုးမျိုးဖြင့် ကာကွယ်ကုသလာကြပြီး ထိုအရေးအကြောင်းများအား နေ့စဉ်နေထိုင်စားသောက်ပြုမူသည့် အချက်များဖြင့် ကာကွယ်နိုင်ကြောင်းသိရသည်။

အရေပြားသည် ခန္ဓာကိုယ်အတွင်းပိုင်းနှင့် အပြင်ပိုင်းကို ဆက်သွယ်ပေးသည့်တစ်ခုတည်းသော အစိတ်အပိုင်းဖြစ်ပြီး အရေပြားကို ကြည့်ခြင်းဖြင့် အဆိုပါသူ၏ ကျန်းမာရေးကို သိရှိနိုင်ကြောင်း ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သည့် အရေးအကြောင်းနုပျိုစေချင် ဟောပြောပွဲတွင် ဒေါက်တာခင်မောင်လွင်(FAME)ကပြောသည်။

"ပါးရေအရမ်းတွန့်နေရင် ခန္ဓာကိုယ်အတွင်းက အင်္ဂါအစိတ် အပိုင်းဖြစ်တဲ့နှလုံး၊ ကျောက်ကပ်၊ အရိုးတွေအချိုးကျပျက်စီးနေပြီလို့ ပြောလို့ရတယ်"ဟု ဒေါက်တာခင်မောင်လွင်က ပြောသည်။

အရေပြားသည် အလွှာသုံး လွှာဖြင့်တည်ဆောက်ထားပြီး အသက် ၄၀ ကျော်လာလျှင် အိုမင်းရင့်ရော်ခြင်းကို စတင်ခံစားကြရကြောင်းသိရသည်။



အသက် ၄၀ကျော်လာသည့်အခါ အရေပြား တဖြည်းဖြည်း ပါးလာခြင်းသည် အရေပြားတွန့်လာခြင်း၏ အဓိကအကြောင်းအရင်းဖြစ်ပြီး အရေပြားပါးလာသည်နှင့်အမျှ အရေပြားခြောက်လာခြင်း၊ အသက်ကြီး၍ ဆဲလ်အသစ်များ မထုတ်လုပ်နိုင်တော့ခြင်းကြောင့် အသားအရေညစ်ထေးထေးဖြစ်လာခြင်းနှင့်အတူ အရေပြားများ တဖြည်းဖြည်းတွန့်လာကြောင်း ဒေါက်တာခင်မောင်လွင်ကပြောသည်။

"အရေပြားက နှစ်ပေါင်းများစွာကြာလာတဲ့အခါ အတွင်းကဖြစ်ပေါ်လာတဲ့ရောဂါတွေ၊ အပြင်က ရာသီဥတုဒဏ်တွေကြောင့် အရေပြားကပျက်စီးနေပြီ" ဟုဒေါက်တာ ခင်မောင်လွင်ကပြောသည်။ စာ(၁၄)သို့




# Health

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

## ကိုယ်ဝန်ဆောင်မိခင်များ ပြင်းထန်သော နေရောင်ခြည်အောက်တွင် ထီးကိုမဖြစ်မနေ ဆောင်းသင့်ဟုဆို

ဝတ်ရည်

**ရန်ကုန်၊ မတ် - ၂၄**

ပြင်းထန်သောနေရောင်ခြည်သည် ကိုယ်ဝန်ဆောင်စဉ် သန္ဓေသားကို ထိခိုက်စေနိုင်သည့်အတွက် ကိုယ်ဝန်ဆောင်များနေပူထဲသွားလာရလျှင် မဖြစ်မနေ ထီးဆောင်သွားသင့်ကြောင်း ဒေါက်တာခင်မောင်လွင်(FAME)က ပြောသည်။

နေရောင်ခြည်သည် ခန္ဓာကိုယ်တွင် Free radical (ဓာတ်တိုးပစ္စည်းများ)ထွက်ပြီး ထိုအရာများက အရေပြားအား တိုက်ခိုက်သောအခါ အရေပြားအားပျက်စီးစေခြင်းသာမကခန္ဓာကိုယ်အတွင်းပိုင်းရှိ နှလုံး၊ ဦးနှောက်၊ အသည်းတို့ကို တိုက်ခိုက်ပါက အဆိုပါအင်္ဂါများပါ ပျက်စီးနိုင်ကြောင်းသိရသည်။

"နေရောင်ခြည်က အများကြီးကိုထိလို့မရဘူး။ နေရောင်ခြည်က အဲလိုလူတွေကိုထိခိုက်စေရုံတင်မကဘူး။ ကိုယ်ဝန်ဆောင်သည်တွေဆို နေရောင်က ဗိုက်ထဲက ကလေးကိုထိခိုက်စေပြီးဦးနှောက်ကိုထိခိုက်ရင် ဉာဏ်ရည်မမှီတဲ့ကလေးတွေ မွေးနိုင်တယ်။ နှလုံးကို တိုက်ခိုက်ရင် မွေးရာပါနှလုံးရောဂါတွေဖြစ်လာနိုင်တယ်" ဟု ဒေါက်တာခင်မောင်လွင်က ပြောသည်။

သို့သော် နေရောင်ခြည်အောက်တွင်အကာအကွယ်မပါပါဘဲ သွားလာနေထိုင်ခြင်းသည် သန္ဓေသားအား ထိခိုက်စေနိုင်သည်ဟူသောအချက်အား သိရှိသူနည်းပါးကြောင်းသိရသည်။

"နေရောင်ခြည်ကြောင့် အဲလိုအန္တရာယ်တွေဖြစ်စေတယ်ဆိုတာ ကိုယ်ဝန်ဆောင်တုန်းကလည်းမသိခဲ့ပါဘူး။ ကိုယ်ဝန်ဆောင်သည် တော်တော်များများလည်းမသိကြဘူး။ ကျွမ်းကျင်ဆရာ၊ ဆရာမတွေက သတိပေးပြောတဲ့သူတွေလည်း မရှိခဲ့ဘူး။ ဒီလိုပဲနေပူထဲမှာလည်း ပဲနှုတ်တာတွေလည်းလုပ်ခဲ့တာပဲ'ဟုအသက် ၃၅ နှစ်အရွယ်ရှိ တောင်သူအမျိုးသမီးတစ်ဦးကပြောသည်။

နေပူဒဏ်ခံနိုင်စေရန် SPF ပါဝင်သော အလှကုန်ပစ္စည်းများ အသုံးပြုနိုင်သော်လည်း နေပူထဲ၌ အလုပ်လုပ်နေရသူများအတွက် ထိုနေရောင်ကာလိမ်းဆေးများအသုံးပြုနိုင်သူအလွန်နည်းပါးကြောင်း သိရသည်။

## မွေးကင်းစ ကလေးဖခင်များလည်း စိတ်ကျရောဂါရနိုင်

**ဘေဂျင်း၊ မတ် - ၂၀**



ကလေးမွေးဖွားပြီးနောက် မိခင်အများအပြား စိတ်ကျရောဂါရတတ်သလို မွေးကင်းစကလေးများ၏ ဖခင်များလည်း စိတ်ကျရောဂါရနိုင်ကြောင်း မကြာမီက ပြုလုပ်ခဲ့သည့် အမေရိကန်သုတေသနတစ်ရပ်က ဖော်ပြသည်။

ကလေးတစ်နှစ်သားအရွယ်ဖခင် ၁၇၀၀ ဦးအားလေ့လာခဲ့ရာတွင် ၂၅ ဦးလျှင် တစ်ဦးမှာ စိတ်ကျရောဂါ လက္ခဏာများတွေ့ရှိရကြောင်းနှင့်၎င်းဖခင်များသည်ကလေးများအားရိုက်တတ်သည်ကိုလည်း အံ့သြစရာ တွေ့ရှိရကြောင်း သုတေသီများက ပြောသည်။ "ကလေးတစ်ယောက် မွေးဖွားပြီးသွားရင် မိခင်တွေပဲ စိတ်ကျရောဂါ ခံစားရနိုင်တယ်လို့လူတွေက ထင်နေကြတာ မမှန်ပါဘူး"ဟု သုတေသီများက ပြောကြားသည်။

မိန်းမကလေး မျက်နှာမြင်ရာတွင် ယောကျ်ားများ ပို၍ ပါဝင်ပတ်သက်ရန် မျှော်လင့်ချက်များ မြင့်တက်လာသည်နှင့် အမျှ ဖခင်များလည်း ဖိအားများကို ခံစားလာရကြောင်း၊ ဖခင်များ စိတ်ကျရောဂါခံစားရနိုင်ခြင်း အကြောင်းအရင်းများတွင် ကလေးအတွက် တာဝန်ပိုလာခြင်းနှင့် အသုံးစရိတ်တိုးလာခြင်း၊ မိမိတို့၏ လူမှုဘဝဟန်ပန်ကို ပြောင်းလဲရခြင်းစသည့် အချက်များ ပါဝင်ကြောင်း သုတေသီဘတ်သ်မာဖီကပြောကြားသည်။

ထို့အပြင် မိမိ၏ ဇနီးသည်နှင့်ဆက်ဆံရေး ပုံစံပြောင်းလဲလာခြင်း၊ အိပ်ရေးပျက်ခြင်းနှင့် အိမ်အလုပ်များ ပိုမိုလာခြင်းများကြောင့်လည်းဖခင်များတွင် ဖိအားပိုများလာကြောင်း၊ ထို့အတွက် မွေးကင်းစ ကလေးအဖေများသည် ၎င်းတို့၏ အခြေအနေများကို ကလေးအထူးကုဆရာဝန်ကြီးများနှင့်ပင် ဖွင့်ဟတိုင်ပင်သင့်ကြောင်း မီချီဂန်တက္ကသိုလ်မှ ပညာရှင်များက ပြောကြားသည်။

—Ref: Xinhua

## စာ - ၁၃၊ ဇရာကပြသည့် အရေးကြောင်းများ မှ

ထိုသို့အတွင်း၊အပြင် အကြောင်းအရာများကြောင့် ပျက်စီးနေသည့်အရေပြားသည် အပေါ်ယံလိမ်းဆေးများအသုံးပြုရုံဖြင့် ပျက်စီးခြင်းကိုမကာကွယ်နိုင်ကြောင်း သိရသည်။

ခန္ဓာကိုယ်အတွင်းပိုင်း ပျက်စီးမှုတွင်အသက်ကြီးလာသည့်အခါ ပုံမှန်ထုတ်ပေးသည့် ဆဲလ်အသစ်များ မထုတ်လုပ်နိုင်တော့ခြင်းကြောင့် အရေပြားများညစ်လာခြင်း၊ အရေပြားအတွင်း အလွှာများရှိ အရေပြားအားတင်းစေရန် ထောက်ပံ့ပေးထားသည့် ထောက်တိုင်များ နည်းပါးလာခြင်းကြောင့် အရေပြား ပျော့တွဲလာခြင်း၊အရေပြား အတွင်းဆုံးအလွှာမှ အဆီများနည်းပါးလာခြင်း၊ ရေသောက်နည်းခြင်းတို့သည် အရေပြားတွန့်စေသည့် အတွင်းပိုင်းပျက်စီးမှုများဖြစ်ကြောင်းသိရသည်။

အပြင်ဘက်မှလည်း အရေပြားထိခိုက်စေသည့် နေရောင်ခြည်ထိတွေ့မှုများခြင်း၊ ဆေးလိပ်သောက်သုံးခြင်း၊ အရက်သောက်ခြင်း၊ ယနေ့ခေတ်တွင် အဖြစ်များသော အဆိပ်ဖြစ်စေသည့် ဓာတုပစ္စည်းများပါဝင်သည့် အရာများမှ အငွေ့များရှူရှိုက်မိခြင်း၊ ဓာတုပစ္စည်းများဖြင့် ပြုလုပ်ထားသည့် ဆေးဝါးများ အသုံးပြုခြင်း၊ အကင်များအပူချိန်များသည့် ဆီအပူဖြင့် ကြော်ထားသော အကြော်များ စားသုံးခြင်း၊ စိတ်ပူပန်မှုများပြားခြင်းတို့သည် အရေပြားထိခိုက်စေသည့် အကြောင်းအရာများဖြစ်ကြောင်းသိရသည်။

"အဲလိုအတွင်းအပြင်အကြောင်းအရာတွေကြောင့် ဖြစ်တာဖြစ်တဲ့အတွက် အရေပြားအပြင်ကနေလည်း လိမ်းဆေးတွေနဲ့လုပ်ရမှာဖြစ်သလို အတွင်းကအတွက်လည်း အရေပြားအတွက် သင့်တော်တဲ့အစားအစာတွေစားသုံးပြီးလုပ်ရင်အရေပြားတွန့်ခြင်းကို ၁၀၀ ရာခိုင်နှုန်းကာကွယ်နိုင်တယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

ဗီတာမင်စီသည် အရေးအကြောင်းများကို ကာကွယ်ပေးနိုင်သည့်အတွက် နေပူထဲသွားခါနီးတွင် ဆေးအဖြစ်သောက်သုံးခြင်း၊ ဗီတာမင်အီးဓာတ်ပါဝင်သည့် အစားအစာများ(နေကြာစေ့၊ ပဲပင်ပေါက်)များစားသုံးခြင်း၊ သွေးဆုံးပြီး အမျိုးသမီးများအရေပြားတင်းစေရန်နှင့် အရိုးပွသည့်ရောဂါများမခံစားရစေရန် ပဲအမျိုးမျိုးများစားသုံးခြင်း(ပဲပုပ်၊ နှမ်းဆီ၊ နေကြာဆီ၊ ပဲပိစပ်ဆီစသည်ဖြင့်) အရေပြားတွန့်ခြင်းကိုကာကွယ်ပေးသည့်လိမ်းဆေးများအသုံးပြုနိုင်ကြောင်း သိရသည်။

"ဗီတာမင်အေ၊ စီ၊ အီးပါတဲ့ အစားအစာတွေမစားဖြစ်ဘူးဆိုရင်သောက်ဆေးတွေသောက်နိုင်တယ်။ ပြီးတော့ UV ကြောင့် ပျက်စီးသွားတဲ့ အသားအရေကို သက်သာစေဖို့ ခရင်တွေကတော့ မဖြစ်မနေသုံးသင့်တယ်"ဟု အဆိုပါ ဆရာဝန်ကပြောသည်။

အစာအားသောက်တွင်လည်း အဝါရောင်၊အနီရောင် အသီးများစားသုံးခြင်း၊ ပိုးသတ်ဆေးမပါသည့် ဆန်၊ အသီးအနှံများစားသုံးခြင်း၊ ထမင်းအများကြီးစားခြင်းကိုရှောင်ကြဉ်ခြင်း၊ ထမင်း စားပြီးချိန်တိုင်း အရည်ရွှန်းသည့် အသီးများ စားသုံးခြင်း၊ စိတ်ဖိစီးမှုလျော့နည်းစေရန် ခရီးသွားခြင်းစသည့် အလေ့အထများဖြင့် ပါးရေတွန့်ခြင်းကို ကာကွယ်နိုင်ကြောင်းသိရသည်။

ထိုအလေ့အထများ လိုက်နာမှုအားနည်းခြင်းကြောင့် အသက်ကြီးလာသည့်အခါ အရေပြားတွန့်သူများသည်ချက်ချင်းသက်သာစေသည့် ဓာတုပစ္စည်းများအသုံးပြု၍ ပါးရေတွန့်မှုကိုပျောက်ကင်းအောင် လုပ်ခြင်းများလည်းရှိသည်။ အဆိုပါဟောပြောပွဲတွင် ဘိုတောက် (Botax) အသုံးပြု၍ ပါးရေတွန့်ခြင်းကို ကုသရန်သင့်မသင့်နှင့်ပတ်သက်ပြီး မေးမြန်းရာ ဒေါက်တာခင်မောင်လွင်က "ဘိုတောက်က ဘက်တီးရီးယားရဲ့အဆိပ်နဲ့ ပြုလုပ်ထားတာ ဖြစ်တဲ့အတွက်ပါးရေတွန့်နေတဲ့နေရာကို ထိုးရင် ချက်ချင်းသက်သာသွားတယ်။ အရမ်းကိုသိသာတယ်။ ဒါပေမဲ့ အဲဒါက ပါးရေတွန့်စေတဲ့ ပျော့တွဲနေတဲ့ ကြွက်သားတွေကို သေအောင်လုပ်လိုက်တာဖြစ်တဲ့အတွက် ကြွက်သားတွေ အလုပ်မလုပ်တော့လို့ တင်းပြီးပျောက်သွားတယ်ထင်ရတာ။ လှည့်စားချက်တစ်မျိုးပေါ့။ အဲဒါထိုးတာကိုအား မပေးပါဘူး။ ထိုးတဲ့နေရာပစ္စည်းမသန့်ရင် ပိုးဝင်နိုင်တယ်။ အာရုံကြောတွေ ထိမိရင်အန္တရာယ်ရှိလို့ပါ"ဟု ပြန်လည်ဖြေကြားသည်။






Regional

7 DAY NEWS JOURNAL

Vol.10, No.4 • MARCH 31, 2011

# မန်းတွင် သင်္ကြန်မဏ္ဍပ်ဆောက်လိုလျှင် အာမခံကြေး ကျပ်ငါးသိန်းပေးသွင်းရမည်

စိုင်းသာအောင်

မန္တလေး၊ မတ်- ၂၃

နန်းမြို့ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်ဧည့်ခံဖြေဖျော်ရေးမဏ္ဍပ်များ လျှောက်ထားလိုပါက မဏ္ဍပ်တစ်ခုအတွက် အာမခံကြေးကျပ်ငါးသိန်းကြိုတင်ပေးသွင်းရမည်ဖြစ်ပြီး မဏ္ဍပ်တိုးချဲ့ဆောက်ထားပါကအကျယ်အဝန်းပေါ်မူတည်၍ အာမခံကြေးငွေထပ်မံပေးသွင်းရမည်ဖြစ်ကြောင်း မြို့တော်စည်ပင်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းမဏ္ဍပ်များအား ပေ ၁၀၀× ပေ ၁၂၀ အထိသာခွင့်ပြုပြီး ပိုမိုဆောက်လုပ်လိုပါကထပ်မံလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၁ ခုနှစ် မန္တလေး သင်္ကြန်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်းကဲ့သို့ မြို့တော်ဝန်ဗဟိုမဏ္ဍပ်အား ဗဟိုပြုကာ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့တော်ဝန် ဗဟိုမဏ္ဍပ်တွင် MetalZone တေးဂီတအဖွဲ့နှင့်အတူ ဟန်ထွန်း၊ ဇော်ပိုင်၊ မာရဇ္ဈ၊ Lဆိုင်းဇီ၊ အေသင်ချိုဆွေပွင့်၊ ချစ်သုဝေ၊ မယ်လိုဒီ၊ ရဲလေး၊ ခင်မောင်ထူး၊ သန်းမြတ်စိုး၊ ကြည်သာ၊ ဖိုက်စတားလူရွှင်တော်အဖွဲ့၊ မြို့တော်စည်ပင်ခေတ်ပေါ်တေးဂီတ၊ မြန်မာ့ဆိုင်းဝိုင်းတော်ကြီး၊ မြို့တော်စည်ပင်သမီးပျိုများအဖွဲ့တို့က ဧည့်ခံဖြေဖျော်မည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော် နန်းမြို့ကျုံးပတ်လည်နှင့် မြို့ထဲတို့တွင် ရေစားမဏ္ဍပ်နှင့် ဧည့်ခံဖျော်ဖြေရေးမဏ္ဍပ်များကို မတ်လ ပထမပတ်မှ မတ်လ ၂၃ ရက်အထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့လျှောက်ထားနိုင်သည်။ မတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းအထိ ဌာနဆိုင်ရာ မဏ္ဍပ် ၁၂ ခုနှင့် ပုဂ္ဂလိက ရေကစားမဏ္ဍပ်နှင့် ဧည့်ခံဖျော်ဖြေရေးမဏ္ဍပ် ၄၈ ခုစုစုပေါင်း မဏ္ဍပ် ၆၀ ခန့် လျှောက်ထားပြီးကြောင်း မြို့တော်စည်ပင်မှ တာဝန်ရှိသူကဆိုသည်။

၎င်းက ဆက်လက်၍ "နှစ်စဉ်နှစ်တိုင်း နန်းမြို့ကျုံးပတ်လည်မှာ ၂၆ လမ်း၊ ၆၆ လမ်းနဲ့ လမ်း ၈၀ အတွင်းမှာ ရေကစားမဏ္ဍပ်ဖျော်ဖြေရေးမဏ္ဍပ်တွေလျှောက်ထားတာများပါတယ်။ ဒီနှစ်မှာလည်း ၂၆ လမ်း ၆၆ လမ်းနဲ့ လမ်း ၈၀။ ၆၆ လမ်း၊ ၁၂ လမ်းနှင့် ၂၆ လမ်းအတွင်း လမ်း ၈၀၊ ၁၂ လမ်းနှင့် ၂၆ လမ်း အတွင်းမှာ မဏ္ဍပ်လျှောက်ထားမှုများပါတယ်။ ၁၂ လမ်း၊ ၆၆ လမ်းနှင့် လမ်း ၈၀ အတွင်း (ကျုံးမြောက်ဘက်)မှာတော့ မိသားစုတွေကိုယ့်ရေစုပ်စက်နဲ့ကိုယ်ရေပက်ကြတာများပါတယ်။ လမ်း ၈၀၊ ၁၂ လမ်းနဲ့ ၂၆ လမ်းကြားမှာတော့ ကုမ္ပဏီမိသားစုတွေက မိမိဆိုင်းဘုတ်မိမိဗီနိုင်းဖြင့် ရေးသားပြီး ကိုယ်ပိုင်ရေစုပ်စက်နဲ့ ရေကစားကြတာများပါတယ်။ ကိုယ်ပိုင်ရေစုပ်စက်နဲ့ရေကစားလိုသူများကတော့ မြို့တော်စည်ပင်ရေသန့်ရှင်းရေးဌာနသို့ ဧပြီ ၁ ရက်မှ ၈ ရက်အတွင်းလျှောက်ထားနိုင်ပါတယ်။ ရေကစားချိန်တွေကတော့ မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း နံနက် ၇ နာရီမှ နေ့လယ် ၁၂ နာရီခွဲအထိ၊ ညနေ ၃ နာရီမှ ညနေ ၆ နာရီအထိဖြစ်ပါတယ်" ဟု 7Day News သို့ရှင်းပြသည်။

ယခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံ အက်ဖ်စီအသင်း Alpine ရေကစားမဏ္ဍပ်၊ Myanmar Beer ရေကစားမဏ္ဍပ်တို့၌လည်း ရန်ကုန်မြို့မှ နာမည်ကြီးအဆိုတော်များ၊ရုပ်ရှင်သရုပ်ဆောင်များ၊ မော်ဒယ်များအား ဈေးကြီးကြီးပေး၍ ငှားရမ်းထားသဖြင့် ပိုမိုစည်ကားမည်ဖြစ်ကြောင်း မန္တလေးမြို့ခံတစ်ဦးကပြောသည်။



ယမန်နှစ်မန်းသင်္ကြန်မှ ရေကစားမဏ္ဍပ်တစ်ခုအား တွေ့ရစဉ်။

ဓာတ်ပုံ - ဇေျမောင်မောင်(အမရပူရ)

## အမြန်လမ်းမကြီးဘေးတွင် ကုမ္ပဏီနှစ်ခုက ဟင်းသီးဟင်းရွက်ဇုန်အကောင်အထည်ဖော်

ထူးသန့်

နေပြည်တော်၊ မတ်- ၂၃

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး၏ ယာဘက် (အရှေ့ဘက်) နေပြည်တော်အပိုင်းတွင် ဧက ၂၀၀ အကျယ်ဝန်းရှိ ဟင်းသီးဟင်းရွက်ဇုန်တစ်ခုကို အကောင်အထည်ဖော်လျက်ရှိကြောင်း နေပြည်တော်ဒေသခံများက ပြောသည်။

အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၂၀၆ နေရာတွင် အကောင်အထည်ဖော်လျက်ရှိသော အဆိုပါ ဟင်းသီးဟင်းရွက်ဇုန်ကို ဆီအုန်းစိုက်ပျိုးခြင်းဖြင့် အောင်မြင်လျက်ရှိသည့် ယုဇနကုမ္ပဏီနှင့် နာမည်ကျော်ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီတို့က တာဝန်ယူလုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ယင်းကုမ္ပဏီများနှင့်နီးစပ်သော လုပ်ငန်းရှင်များကပြောသည်။

"ယုဇနကဆီအုန်းနဲ့ အောင်မြင်နေသလို ပြီးခဲ့တဲ့ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားတုန်းကလည်း အက်ဖ်အေအိုက ပေးတဲ့ဆုရရှိခဲ့တယ်။ ဒဂုံဆိုရင်လည်း နေပြည်တော်တည်ဆောက်ရေးမှာ အစကတည်းကဝင်ရောက်လုပ်ကိုင်ခဲ့တဲ့ ကုမ္ပဏီဖြစ်တယ်။ အဲဒီကုမ္ပဏီကြီးနှစ်ခုက တာဝန်ယူလုပ်ဆောင်မှာဖြစ်တဲ့အတွက် စီမံကိန်းကို လပိုင်းအတွင်းအပြီး ဆောင်ရွက်နိုင်ဖို့ရှိပါတယ်" ဟု လုပ်ငန်းရှင်တစ်ဦးကပြောသည်။

နေပြည်တော်မြို့တော် စတင်ပေါ်ပေါက်လာကတည်းက ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းကို အစဉ်တစိုက် လုပ်ဆောင်လာခဲ့သော ဒေသခံတောင်သူတစ်ဦးကမူ "ကျွန်တော်တို့လည်းလုပ်ချင်တာပေါ့။ ကိုယ့်မှာရှိတဲ့ မြေလေးနဲ့လုပ်နေရတာ အားမလိုအားမရဖြစ်ရတယ်။ နောက်ပြီး ကျွန်တော်တို့ ဈေးကွက်ပျောက်သွားမှာကိုလည်း စိုးရိမ်မိပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် အသစ်ပေါ်ပေါက်လာသော အမြန်လမ်းမကြီးကို အမှီပြု၍ စိုက်ပျိုးရေးဇုန်များ အကောင်အထည်ဖော်လာခဲ့ရာ မိုင်တိုင် ၂၀၉ မှစတင်သော စိန်တစ်လုံးသရက်ဇုန်မှာ လူစိတ်ဝင်စားမှုများပြားခဲ့ပြီး ပထမတန်းစားလုပ်ကွက်များတွင် မူလသတ်မှတ်ဈေးနှုန်း၏ ဆယ်ဆကျော်ပေါက်ခဲ့ကြောင်း ယခုဟင်းသီးဟင်းရွက်ဇုန်တွင်မူ သက်ဆိုင်ရာကုမ္ပဏီကြီးများကသာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ကျောက်မျက်ပြပွဲတွင် ပြည်ပကျောက်ကုန်သည်များကို ပြည်တွင်းကုန်သည်များ မယှဉ်နိုင်

မင်းဒင်

မန္တလေး၊ မတ်- ၂၀

နေပြည်တော်ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်းပြည်ပကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် ကျောက်မျက်အတွဲများအလိုက် တန်ဖိုးများခန့်မှန်းကာ တင်သွင်းမှုတွင် ပြည်ပလုပ်ငန်းရှင်များက ဈေးများစွာပိုပေးနိုင်သဖြင့် လေလံအောင်မြင်မှုပိုများကြောင်း သတင်းရရှိသည်။

"ပြည်ပလုပ်ငန်းရှင်တွေက ကျွန်တော်တို့ပေးနိုင်တဲ့ ဈေးတွေထက် သုံးဆလောက်တိုးပေးတာတွေရှိတယ်။ တချို့ကျောက်အတွဲတွေဆို ဆယ်ဆလောက်အထိ ဈေးတိုးပေးပြီးဝယ်နိုင်ကြတယ်။ ကျောက်ကောင်း(အစည်းပိုင်း)တွေကသူတို့ရတာများပါတယ်" ဟု မန္တလေးမြို့ခံ ကျောက်မျက်လုပ်ငန်းရှင်တစ်ဦးက လေလံပွဲ အတွင်း နှုန်းထားများ မြင့်မားလာပုံကို ရှင်းပြသည်။

စာ (၁၈)သို့



7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# မီးလောင်လျှင်ဝိုင်းအုံကြည့်ရှုသောဆိုင်ကယ်စီးသူများကြောင့်မီးငြိမ်းသတ်ရာတွင်အခက်တွေ့ဟုဆို

ရန်နိုင်ကျော်

**မုံရွာ၊ မတ်- ၂၃**

မုံရွာမြို့နယ်အတွင်း ပွင့်လင်းရာသီကာလပေါ်ဆမှုများကြောင့်မီးလောင်မှုဖြစ်ပွားချိန်များတွင် ဒေသခံအများစုကဆိုင်ကယ်များဖြင့်ဝိုင်းအုံကြည့်ရှုခြင်းများကြောင့် မီးငြိမ်းသတ်ရာ၌ မီးသတ်ကားအဝင်အထွက်သွားလာရေးအခက်ကြုံတွေ့ခဲ့ရကြောင်း မတ်လ ၂၁ ရက်ညနေပိုင်း မီးလောင်မှုဖြစ်ပွားခဲ့သောမုံရွာတောင်ရပ်ကွက်၊အောင်ဇေယျာမီးလောင်မှုတွင် ကိုယ်တိုင်မီးငြိမ်းသတ်ခဲ့သော မီးသတ်ယာဉ်မောင်းတစ်ဦးကပြောသည်။

"မုံရွာမှာ မီးလောင်တယ်ဆိုတာနဲ့ ဆိုင်ကယ်တွေတန်းစီလိုက်ကြည့်တာ မီးသတ်တွေအတွက်ရောဆိုင်ကယ်မောင်းနှင်သူတွေအတွက်ပါ အန္တရာယ်ရှိတယ်။ မီးလောင်တဲ့နေရာကို မီးသတ်ကားတွေက အချိန်မီရောက်ဖို့နဲ့ ယာဉ်အန္တရာယ်ကင်းဖို့ ဂရုစိုက်မောင်းနှင်နေရတဲ့အချိန်မှာ လမ်းတစ်လျှောက်ဆိုင်ကယ်တွေနဲ့ပြည့်ကျပ်နေတာကြောင့် မီးသတ်ကားတွေအဝင်အထွက် အခက်ကြုံတွေ့ခဲ့ရတယ်။ မီးလောင်မှုဖြစ်ပွားတဲ့အနီးတစ်ဝိုက်မှာလည်း ဆိုင်ကယ်တွေ ဝိုင်းအုံကြည့်ရှုတာတွေကြောင့် ယာဉ်ကြောကျပ်သွားသလိုမီးသတ်ကားသွားလာနိုင်ရေးအတွက် ယာဉ်ထိန်းတွေလည်း အနီးကပ်ဆောင်ရွက်နေရတယ်"ဟု အဆိုပါမီးသတ်ယာဉ်မောင်းက ပြောသည်။



ဓာတ်ပုံ - မျိုးမင်းဦး

*မုံရွာမြို့၊ အောင်ဇေယျာရပ်ကွက်၊ မြို့ပတ်လမ်း တောင်ဘက်နှင့် ဗိုလ်ချုပ်လမ်းအနောက်ဘက်တွင် မတ်လ ၂၁ ရက်ညက မီးလောင်ကျွမ်းစဉ်။*

မီးလောင်မှုဖြစ်ပွားချိန်အတွင်း မီးငြိမ်းသတ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်လိုသူများအနေဖြင့် မီးလောင်မှုနှင့်အနည်းငယ်ကွာဝေးသော ယာဉ်ရပ်နားနိုင်သည့်နေရာများ၌ ယာဉ်ရပ်နားပြီးဝိုင်းဝန်းငြိမ်းသတ်ပါက ယာဉ်ကြောရှုပ်ထွေးမှုကင်းဝေးပြီး မီးငြိမ်းသတ်ရေးတွင်လည်း ထိရောက်မှုရှိသည်ဟု မုံရွာမြို့၊ အောင်ဇေယျာရပ်ကွက်၊ မြို့ပတ်လမ်းတောင်ဘက်နှင့် ဗိုလ်ချုပ်လမ်းအနောက်ဘက်၌ မတ်လ ၂၁ ရက်ညဦးပိုင်းမီးလောင်မှုတွင် မျက်မြင်ကြုံတွေ့ခဲ့ရသူများက ပြောကြားခဲ့သည်။

"မြို့ပတ်လမ်းပေါ်က တိုက်ခန်းတွေမီးလောင်ချိန်မှာ အခန်းသော့ဖျက်ပြီး ပစ္စည်းတွေဝင်ယူသွားသူတွေရှိသလို မီးလောင်ချိန်မှာ သူ့လူကိုယ့်လူမကွဲပြားတော့ဘဲ ပစ္စည်းတွေအပ်လိုက်ရာကပျောက်ဆုံးသွားသူတွေလည်းရှိတယ်။ မသမာတဲ့နည်းနဲ့ ခိုးယူဖို့ကြံစည်သူတွေရှိသလို မီးလောင်ချိန်မှာ တစ်ခါမှမတွေ့ဖူးတဲ့သူဆီ သေတ္တာတစ်လုံးနဲ့ မုန့်ပုံးတစ်လုံးအပ်လိုက်တယ်။ မုန့်ပုံးက အရေးမကြီးပေမယ့် သေတ္တာကိုစောင့်ရှောက်ပေးဖို့ မှာလိုက်တာ မီးငြိမ်းပြီး နောက်တစ်နေ့ကယ်ဆယ်ရေးစခန်းမှာ ရပ်ကွက်တာဝန်ရှိသူတွေနဲ့ ရိုးရိုးသားသားပိုင်ရှင်ထံလာအပ်လို့ လက်ဝတ်လက်စား သေတ္တာတစ်လုံး ပြန်ရတာတွေလည်း ရှိတယ်။ မီးလောင်ချိန်မှာကူညီသူတွေအများစုကတော့ ရိုးရိုးသားသားနဲ့ ကူညီမှုတွေပြုပေးကြပါတယ်"ဟု မီးလောင်မှု ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူတစ်ဦးကပြောသည်။

မီးလောင်မှုဖြစ်ပွားချိန်များတွင် မီးဘေးကာကွယ်တားဆီးရေးယာဉ်များ၏ နောက်မှ ကပ်လိုက်ခြင်း၊ မီးသတ်ယာဉ်များနှင့်အတူ ယှဉ်ပြိုင်မောင်းနှင်ခြင်း၊ မီးသတ်ယာဉ်များရှေ့မှ အရှိန်လွန်မောင်းနှင်ခြင်း နှစ်ဦးထက်ပို၍ဆိုင်ကယ် မောင်းနှင်ခြင်း၊ မီးလောင်မှု ဖြစ်ပွားရာနေရာများတွင် ယာဉ်ရပ်တန့်ကြည့်ရှုခြင်းများကြောင့် ယာဉ်အန္တရာယ်ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း မုံရွာဒေသခံများပြောပြချက်အရသိရသည်။

## ရွှေစာရံဘုရားပွဲတွင် ဈေးသည်များ ရောင်းမကောင်း



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)


ညီညီဇော်

**မန္တလေး၊ မတ်- ၂၃**

ယခုနှစ်ရွှေစာရံဘုရားပွဲတွင် လာရောက်လည်ပတ်သူနည်းပါးကာ ဘုရားပွဲဈေးဆိုင်များ ရောင်းအားကျဆင်းခဲ့ကြောင်း သတင်းရရှိသည်။

"မနှစ်က တပေါင်းလပြည့်နေ့မှာ ရွှေစာရံဘုရားပွဲသွားတာ ပြင်ဦးလွင်၊ မန္တလေးကားလမ်းပေါ်ထိကို ကားတွေ ဆိုင်ကယ်တွေတစ်နေတာ။ ပွဲတော်ထဲဝင်ဖို့အချိန်တော်တော်ကြာပေးခဲ့ရတယ်။ ဒီနှစ် တော်တော်အံ့သြစရာကောင်းတယ်။ ကားတွေဆိုင်ကယ်တွေ ရှင်းနေပြီးတော့ အလွယ်တကူပဲ ဘုရားပွဲကို ဝင်လို့ရတယ်"ဟု တပေါင်းလပြည့်နေ့က ဘုရားပွဲသို့ သွားရောက်လည်ပတ်ခဲ့သူအမျိုးသားတစ်ဦးကပြောသည်။ ရွှေစာရံကျေးရွာတွင်နေထိုင်ပြီး ဘုရားပွဲတော်၌ ထန်းရွက်ဖြင့်ပြုလုပ်သည့် ရွှေစာရံအထိမ်းအမှတ်လက်မှုပစ္စည်းများ ရောင်းချနေသော အမျိုးသမီးတစ်ဦးက ယခုနှစ်တွင် ဆိုင်ခန်းခများ ပိုမိုပေးရသည့်အပြင် ဈေးအလာနည်းကာ အရောင်းအဝယ် မကောင်းသောကြောင့် စိတ်ညစ်မိကြောင်း ပြောသည်။

"အရင်နှစ်တွေမှာ ဒုဋ္ဌဝတီမြစ်ရေကျပြီး ရွှေသောင်ယံပေါ်တယ်။ ဒီနှစ်မပေါ်ဘူး။ ပြီးတော့ ရွှေစာရံဘုရားပွဲနှစ်စဉ်နှစ်တိုင်း ယင်ကောင်လုံးဝမလာဘူး။ အခုဒီနှစ်ဘုရားပွဲမှာ ယင်ကောင်တွေကို ခဲနေတာပဲ" ဟု ရွှေစာရံကျေးရွာနေအမျိုးသမီးတစ်ဦးကဆိုသည်။ ရွှေစာရံဘုရားသည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာတွင်တည်ရှိသည်။ ဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၉ ရက်အထိ ကျင်းပလေ့ရှိပြီး တပေါင်းလဆန်းမှစတင်ကာ ပွဲဈေးသည်အချို့လာရောက်လေ့ရှိကြောင်းဒေသခံများက ပြောသည်။






7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# ဒုတိယအကြိမ်နေပြည်တော်ကျောက်မျက်ပြပွဲ ပိုမိုအောင်မြင်ဟုဆို

ထူးသန့်

**နေပြည်တော်၊ မတ်- ၂၄**

နေပြည်တော်တွင် ဒုတိယအကြိမ်ပြုလုပ်သည့် (၄၈)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပြသ၊ ရောင်းချရသည့် ကျောက်မျက်နှင့် ပုလဲအပါအဝင်ကုန်သည်လာရောက်မှုလည်း ပိုများခဲ့သည့်အတွက် ယခင်ပွဲထက်ပိုမိုအောင်မြင်ခဲ့ကြောင်းသိရှိရသည်။

ယခုလ ၁၀ ရက်မှ ၂၂ရက်အထိ နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ ပြုလုပ်ခဲ့သည့် (၄၈)ကြိမ်မြောက် ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၁၆,၉၃၉ တွဲပြသရောင်းချခဲ့ရာကျောက်စိမ်းအတွဲပေါင်း ၁၃၆၀၈ တွဲရောင်းချခဲ့ရကြောင်း ပုလဲအတွဲပေါင်း ၂၅၅ တွဲပြသရောင်းခဲ့ရာတွင် ၂၂၃ တွဲရောင်းချခဲ့ရကြောင်း ကုန်သည်လာရောက်မှုတွင်လည်း ၈၇၀၉ ဦးအထိရှိခဲ့ကြောင်းနိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ်နိုဝင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ နေပြည်တော်တွင်ပြုလုပ်ခဲ့သော ပထမအကြိမ် ကျောက်မျက်ပြပွဲ၌ကျောက်စိမ်းအတွဲပေါင်း ၉,၁၅၇ တွဲ ပြသရောင်းချခဲ့ရာ ၇,၇၈၄ တွဲရောင်းချခဲ့ရကြောင်း ပုလဲ အတွဲပေါင်း ၂၇၆ တွဲမှ ၂၀၇တွဲရောင်းချခဲ့ရကြောင်း ပြည်တွင်း၊ ပြည်ပကုန်သည် ၆၇၅၀ ဦး လာရောက်ခဲ့သော အဆိုပါ ကျောက်မျက်ပြပွဲမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံဖိုး ရောင်းချခဲ့ရသည်။



နေပြည်တော် ကျောက်မျက်ပွဲများကျင်းပရာ ကျောက်စိမ်းခန်းမ။

ဓာတ်ပုံ - စိုင်းသာအောင်

နေပြည်တော်တွင် ပထမအကြိမ် ပြုလုပ်ခဲ့သော ပွဲထက် ပိုမိုအောင်မြင်ခဲ့သော ယခုဒုတိယအကြိမ်ကျောက်မျက်ပြပွဲတွင်လည်း ယူရို ၁ ဒသမ ၅ ဘီလီယံကျော်ဖိုး ရောင်းချခဲ့ရကြောင်းကျောက်မျက်ပြပွဲနှင့် နီးစပ်သော သတင်းများမှသိရသည်။

ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေခဲ့သော ကျောက်မျက်ပြပွဲနှင့်ပတ်သက်၍ ဒေသခံ ကာယလုပ်သားလူငယ်တစ်ဦးက "ကျွန်တော်က ကျောက်စိမ်းတုန်းတွေစောင့်ရ၊ ပြရတယ်။ တစ်နေ့ကို ၅,၀၀၀ ကျပ်ရတယ်။ အဆင်ပြေတာပေါ့ဗျာ။ နောက်ပွဲကိုလည်း မေလထဲမှာ လုပ်မယ်လို့ကြားတယ်။ ကျွန်တော်လည်း အလုပ်ရမယ်ပေါ့ဗျာ"ဟုပြောသည်။ ၎င်းကဲ့သို့ပင် ဆိုင်ကယ်တက္ကစီသမားများလည်း ပြပွဲကာလအတွင်း ဝင်ငွေတိုးခဲ့ကြောင်းသတင်းရရှိသည်။

# မုံရွာမြို့ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတွင် နွေရာသီလေးလပတ်ပညာသင်ကြားရေးစနစ် စတင်

မျိုးမင်းဦး

**မုံရွာ၊ မတ် - ၂၁**

မုံရွာမြို့၊ သလ္လာရပ်ကွက် ပေ ၈၀ လမ်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် ပညာသင်ယူလျက်ရှိသော ကလေးငယ်များ ပညာရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နွေရာသီအားလပ်ရက်(လေးလပတ်) ပညာသင်ကြားရေးစနစ်ကို ပထမအကြိမ်အဖြစ် ယခုနှစ်မတ်လဆန်းမှ စတင်သင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

"မုံရွာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှာ ၂၀၁၀-၁၁ ပညာသင်နှစ်အတွင်း သူငယ်တန်း ၆ ဦး၊ ပထမတန်း ၅ ဦး၊ ဒုတိယတန်း ၁၁ ဦး၊တတိယတန်း ၁၃ ဦး၊ စတုတ္ထတန်း ၇ ဦး၊ ပဉ္စမတန်း ၈ ဦး၊ ဆဋ္ဌမတန်း ၁၁ ဦး၊ သတ္တမတန်း ၉ ဦး၊ အဋ္ဌမတန်း ၇ ဦး၊ နည်းပညာအထက်တန်းကျောင်း (ပထမနှစ်) ၁ ဦး၊ နဝမတန်း၂ ဦး၊ အသက်မွေးပညာ (ပန်းတိမ်) ၁ ဦး စုစုပေါင်း ၈၁ ဦးရှိပါတယ်။ ကလေးငယ်တွေ ပညာရည်မြင့်မားရေးအတွက် နွေရာသီအားလပ်ရက်မှာအတန်းလိုက် လေးလအပြတ်သင်ကြားရေးစနစ်နဲ့ ပထမအကြိမ် စတင်သင်ကြားပေးတာဖြစ်ပါတယ်။ နွေရာသီအားလပ်ရက်မှာ အားကစားပညာ၊ ပန်းချီအနုပညာတွေကိုပါ လေ့လာခွင့်ပြုထားပါတယ်" ဟု လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ အုပ်ချုပ်ရေးမှူးဦးအောင်ကြီးကပြောကြားသည်။

ပရဟိတဂေဟာတွင် ပအို့ဝ် ၂၆ ဦး၊ နာဂ ၂၇ ဦး၊ ဗမာ ၁၆ ဦး၊ ဓနု ၆ ဦး၊ ပလောင် ၅ ဦး၊ ချင်း ၁ ဦး၊ ရှမ်း ၁ ဦးရှိပြီး မိဘမဲ့နှစ်ပါးမဲ့ ၅ ဦး၊ မိမဲ့ ၇ ဦး၊ ဘမဲ့ ၁၅ ဦးဆင်းရဲချို့တဲ့ခိုကိုးရာမဲ့ ၅၄ ဦးရှိသည်။ ယခုနှစ်မတ်လ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့နယ်အတွင်း ဗမာတိုင်းရင်းသားနှစ်ဦးနှင့်ရေတာရှည်မြို့နယ်၊ ဆွာမြို့မှ ဗမာတိုင်းရင်းသားတစ်ဦးထပ်မံရောက်ရှိလာသဖြင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတွင် ကျောင်းသား ၈၄ ဦး လက်ခံစောင့်ရှောက်ထားသည်။

ကလေးငယ်များ ပညာသင်ကြားရေးတွင် အာဟာရဒါနထာဝရပဒေသာပင်စိုက်ထူထားသော ကုသိုလ်ရှင်များအနေဖြင့် ယခုနှစ်ဇန်နဝါရီလ ၂၂ ရက်အထိ ၂၀၄ ဦးရှိခဲ့သည်။ ပရဟိတဂေဟာတွင် လက်ရှိပညာသင်ကြားလျက်ရှိသော မူလတန်းကျောင်းဆောင်နံရံကပ်ကာကျောင်းဆောင်မှာ ဟောင်းနွမ်းလျက်ရှိပြီး မကြာမီကာလအတွင်း အုတ်နံရံကပ်ကျောင်းဆောင်အဖြစ်တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတွင် ပန်းထိမ်ပညာတတ်မြောက်ပြီးသူ တစ်ဦး၊ သိပ္ပံဘွဲ့ (မဟာတန်း)တက်ခွင့်ရသူ တစ်ဦး၊ နယ်စပ်စည်ပင်ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)နှင့် (ရန်ကုန်)တွင် ပအို့ဝ်တိုင်းရင်းသား တစ်ဦး၊ နာဂတိုင်းရင်းသား တစ်ဦး၊ ပညာသင်ကြားနိုင်ရန်မွေးထုတ်ပေးခဲ့ကြောင်းသိရသည်။

# ၂၀၁၀ - ၁၁ ဘဏ္ဍာနှစ်ကုန်ခါနီး မောင်တောနယ်စပ် ရွှေဈေးခုန်တက်

မောင်ကံ

**မောင်တော၊ မတ်- ၂၂**

၂၀၁၀-၁၁ ဘဏ္ဍာနှစ်ကုန်ခါနီးအချိန်နှင့် သင်္ကြန်ကာလ နီးကပ်လာပြီဖြစ်သောကြောင့် မောင်တောနယ်စပ် ရွှေဈေးများ ခုန်တက်သွားကြောင်း ရွှေအရောင်းဆိုင်များမှ စုံစမ်းသိရသည်။ "သင်္ကြန်နီးလာလို့ တစ်ခုတည်း မဟုတ်ပါဘူး။ အစိုးရဝန်ထမ်းတွေလစာတိုးမယ့် သတင်းကြောင့်အခုလို ခုန်တက်သွားတာဖြစ်ပါတယ်။ အရင်နှစ်တွေကဆိုရင် သင်္ကြန်လွန် မေလလောက်မှ ရွှေဈေးတွေတက်တတ်ပါတယ်" ဟု ရွှေထည်အရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။ မောင်တောနယ်စပ်ရွှေဈေးကွက်တွင် မတ်လ ၁၅ ရက်က ကိုးသုံးလုံးအခေါက်ရွှေတစ်ကျပ်သားလျှင် ၆၄၀,၀၀၀ ကျပ်နှင့် ၁၅ ပဲရည်တစ်ကျပ်သားလျှင်၆၂၀,၀၀၀ ကျပ်ဈေးရှိရာမှ မတ်လ ၁၆ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၉၀,၀၀၀ ကျပ်နှင့် ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၆၆၅,၀၀၀ကျပ်သို့ခုန်တက်သွားခဲ့ကြောင်းသိရသည်။ "ရွှေဈေးတက်တာက ဒီလောက်ပြဿနာမရှိဘူး။ ဆန်နဲ့ အခြေခံစားသောက်ကုန်ဈေးတွေမတက်ဖို့ အရေးကြီးပါတယ်"ဟု ကုန်စုံဆိုင်အရောင်းဆိုင်သည်တစ်ဦးက ပြောသည်။



# ရပ်ထားသော ဆယ့်နှစ်ဘီးယာဉ်အား ဘုရားဖူးယာဉ် ဝင်တိုက်မိ လူနှစ်ဦးသေဆုံးပြီး ဆယ်ဦးဒဏ်ရာရ

ထူးအောင်ကြီး

**မင်းတုန်း၊ မတ်- ၂၂**

သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ပုသိမ်-မုံရွာ ကားလမ်းပေါ်တွင် ဘုရားဖူး (Express) ယာဉ်က လမ်းဘေး၌ရပ်ထားသော (Coundor)ဆယ့်နှစ်ဘီးယာဉ်အား ဝင်တိုက်မိသဖြင့် လူနှစ်ဦးသေဆုံးပြီး ဆယ်ဦးပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း သိရသည်။

ယခုလ ၅ ရက်နံနက် ၇ နာရီအချိန်တွင် ရန်ကုန်မှ ရွှေစက်တော်သို့ဘုရားဖူးထွက်လာသော ယာဉ်မောင်း တင်ကိုလတ်မောင်းနှင်သည့် ဘုရားဖူးယာဉ်သည် ပုသိမ်-မုံရွာလမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ မောင်းနှင်လာစဉ် မင်းတုန်းမြို့နယ်၊ ကန်လည်တံတားအနီး မိုင် တိုင်အမှတ် ၂၁၁/၇ တွင် လမ်းဘေး၌ ဖရဲသီးများတင်ဆောင်ရပ်နားထားသော UD Coundor ဆယ့်နှစ်ဘီးယာဉ်အား ဝင်တိုက်မိရာ ဘုရားဖူးယာဉ်ပေါ်တွင် လိုက်ပါလာသော ယာဉ်မောင်းတင်ကို လတ်နှင့် ဒေါ်ရီရီတို့နှစ်ဦး သေဆုံးပြီး ဘုရားဖူးခရီးသည်ဆယ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းတုန်းရဲစခန်းက (ပ)၂၁/၂၀၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇/ ၃၃၈/၃၀၄ (က)အရသေဆုံးသူ ယာဉ်မောင်းတင်ကိုလတ်အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

# ဘုရားဖူးခရီးစဉ်နှင့် နတ်ပွဲများကြောင့် လိုက်ထရပ်ယာဉ်များ ငှားရမ်းမှုမြင့်တက်

ရန်နိုင်ကျော်

**မုံရွာ၊ မတ်- ၂၁**

အညာဒေသအတွင်းပွင့်လင်းရာသီ ဘုရားဖူးခရီးစဉ်များနှင့်အတူ ရိုးရာနတ်ပူဇော်ပွဲများကျင်းပသည့် တပေါင်းလ(မတ်လ)ကာလတွင်ပြည်တွင်းစက်မှုဇုန်ထုတ်ကိုယ်ပိုင် လိုက်ထရပ်ယာဉ်ငယ်များ ငှားရမ်းမှုနှုန်းမြင့်တက်လာခဲ့ကြောင်း မုံရွာဒေသခံ ယာဉ်ပိုင်ရှင်များကပြောသည်။

"ဒီနှစ်ဆန်းပိုင်းကစပြီး ပွင့်လင်းရာသီ အလောင်းတော်ကဿပဘုရားဖူးခရီးစဉ်ကို ခေါက်တိုပြေးခဲ့ရတယ်။ တပေါင်းလမှာ ပခန်းကိုကြီးကျော်ပွဲ၊ မုံရွေးနတ်ပွဲ၊ အမေကြီးပွဲ (အမေရေယာဉ်ပွဲ) အလုံဘိုးတော်ကြီးပွဲ(ဗဒုံဘိုးတော်ကြီး)တွေမှာ ကိုယ်ပိုင်လိုက်ထရပ်တွေ လိုင်းကားအနေနဲ့ပြေးကြသလို စင်းလုံးငှားစနစ်နဲ့လည်းပြေးရတယ်။ အများစုက ကားစင်းလုံးငှားတာပိုများတယ်။ ကာငှားခကိုလည်း ခရီးအကွာအဝေးအပေါ်မူတည်ပြီး တစ်ရက်ကျပ်သုံးသောင်းကနေ ကျပ်တစ်သိန်းဝန်းကျင်အထိရတယ်"ဟု မုံရွာဒေသခံကိုယ်ပိုင် လိုက်ထရပ်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

အညာဒေသရိုးရာနတ်ပူဇော်ပွဲများတွင် သက်ဆိုင်ရာယာဉ်လိုင်းများမှ တရားဝင်သတ်မှတ်ဈေးနှုန်းဖြင့်ပြေးဆွဲပေးလျက်ရှိပြီး ကိုယ်ပိုင်ယာဉ်ငယ်အချို့မှာ တရားဝင်သတ်မှတ်ဈေးနှုန်းမရှိဘဲ ပြေးဆွဲခြင်းများရှိကြောင်း သိရှိရသည်။ အလားတူ မုံရွာ-မန္တလေး၊ မုံရွာ-ပခုက္ကူ၊ မုံရွာ-ကလေး၊ မုံရွာ-ယာကြီး၊ မုံရွာ-ရေဦး-တန့်ဆည်စသည့် ခရီးစဉ်များတွင်လည်း တရားဝင်ပြေးဆွဲပေးသောယာဉ်လိုင်းများနည်းတူ ကိုယ်ပိုင်ယာဉ်ငယ်များဖြင့် ခရီးသည်နှင့်ကုန်စည်များ တင်ဆောင်ပြေးဆွဲခြင်းတို့ရှိကြောင်း သိရသည်။

"ဇုန်ထုတ်လိုက်ထရပ်ယာဉ်တွေကို အငှားယာဉ်အဖြစ်တရားဝင်ယာဉ်လိုင်းတွေမုံရွာမှာ စတင်ပြေးဆွဲနေပါပြီ။ အချို့ကိုယ်ပိုင်လိုက်ထရပ်ယာဉ်တွေက လိုင်းကားတွေနဲ့အပြိုင် ဝင်ပြေးတော့ လိုင်းကားတွေမှာထိခိုက်နစ်နာမှုတွေရှိတယ်။ မုံရွာ-မန္တလေးလမ်းမှာ ယာဉ်လိုင်းအနေနဲ့ အောင်ကမ္ဘာ၊ မဟာနွယ်၊ ရတနာပုံစတဲ့မှန်လုံယာဉ်တွေသာ ပုံမှန်ပြေးနိုင်ပြီး တခြားယာဉ်လိုင်းတွေမှာ ခရီးသည်မရဖြစ်ခဲ့ရတယ်။ လမ်းတစ်လျှောက် ကိုယ်ပိုင်လိုက်ထရပ်ယာဉ်တွေက ခရီးသည်လုတင်တော့ ဟိုင်းလပ်နဲ့ ဒိုင်နာယာဉ်ငယ်တွေ ကုန်တင်ယာဉ်ငယ်တွေဖြစ်ခဲ့ရတယ်" ဟု မုံရွာ-မန္တလေးယာဉ်မောင်းတစ်ဦးက ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# မုံရွာမြို့ပေါ်တွင် အင်တာနက်သုံးစွဲသူနှစ်ဆကျော်တိုးလာဖွယ်ရှိဟုဆို

ရန်နိုင်ကျော်

**မုံရွာ၊ မတ်- ၂၁**

ချင်းတွင်းမြစ်စီးပွားရေးတံခါးဝမြို့တော် မုံရွာမြို့တွင် ယခုနှစ်မတ်လအတွင်း အင်တာနက်ဝန်ဆောင်မှုအပြည့်အဝပေးနိုင်မည့် ဆက်သွယ်ရေးလုပ်ငန်းသုံးကိရိယာများ တိုးချဲ့တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သဖြင့် ယခုနှစ်မတ်လကုန်ရက်ပိုင်းအတွင်း အင်တာနက်သုံးစွဲသူနှစ်ဆနီးပါး တိုးပွားလာဖွယ်ရှိကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(စစ်ကိုင်းတိုင်းဒေသကြီး) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ဒီနှစ်ဆန်းပိုင်းကစပြီး မုံရွာမြို့ပေါ်မှာ SKY NET ရုပ်သံလိုင်းကနေတစ်ဆင့် အင်တာနက်ချိတ်ဆက်အသုံးပြုလို့ရသလို ကွန်ပျူတာတက္ကသိုလ်နဲ့ နည်းပညာတက္ကသိုလ်မှာဝိုင်ဖိုင်စနစ်နဲ့ အင်တာနက်အသုံးပြုခွင့်ရခဲ့တယ်။ယခုနှစ်မတ်လလယ်ကာလမှာမုံရွာမြို့ပေါ်မှာ အများပြည်သူသုံးဝိုင်ဖိုင်စနစ် (P.A.C)နဲ့ လစဉ်ကြေးပေးစနစ်အင်တာနက်စသုံးလို့ရပြီ။ မတ်လကုန်ရက်ပိုင်းမှာ Mc Will မက်စ်ဝဲလ်ဖုန်းတွေချထားပေးတဲ့အတွက် အင်တာနက်ကိုအလွယ်တကူသုံးနိုင်တော့မှာဖြစ်တယ်။ အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်တဲ့ဆက်သွယ်ရေးနည်းစနစ်တွေကြောင့် မုံရွာမှာ အင်တာနက်သုံးစွဲသူနှစ်ဆနီးပါးတိုးပွားလာနိုင်တယ်"ဟု အဆိုပါတာဝန်ရှိသူကရှင်းလင်းပြောကြားသည်။



မုံရွာမြို့တွင် ၂၀၀၃ ခုနှစ်အတွင်း အိုင်ပီစတားအသုံးပြုအင်တာနက်ဆိုင်သုံးဆိုင်သာရှိခဲ့ပြီး ၂၀၁၀ပြည့်နှစ်တွင် အများပြည်သူသုံး အင်တာနက်ဆိုင် ၂၁ ဆိုင်ရှိလာကြောင်းသိရသည်။ ၂၀၁၁ အတွင်း အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သော ဆက်သွယ်ရေးကိရိယာများ အလွယ်တကူအသုံးပြုနိုင်သဖြင့် အင်တာနက်အသုံးပြုသူဦးရေ ထက်ဝက်ခန့်ပိုမိုတိုးပွားလာနိုင်ပြီး အများပြည်သူသုံးအင်တာနက်ဆိုင်များဝန်ဆောင်မှုပေါ်မူတည်၍ အင်တာနက်သုံးစွဲသူပိုမိုများပြားလာနိုင်ကြောင်းမုံရွာဒေသခံကွန်ပျူတာလုပ်ငန်းရှင်များကသုံးသပ်ပြောကြားခဲ့သည်။ အင်တာနက်ဆက်သွယ်ရေး ကိရိယာများတိုးပွားလာခြင်း၊ အင်တာနက်သုံးစွဲသူဦးရေပိုမိုများပြားလာခြင်းတို့ကြောင့် အင်တာနက်ဆက်သွယ်ရေး (Internet Connection) လုပ်ငန်းများနှေးကွေးသွားမည်ကိုလည်း ကွန်ပျူတာသုံးစွဲသူများက စိုးရိမ်လျက်ရှိကြောင်းသိရသည်။ မုံရွာမြို့ပေါ်တွင် အင်တာနက်သုံးစွဲသူ ဦးရေတစ်သောင်းဝန်းကျင်ရှိကြောင်း စစ်တမ်းများအရသိရှိခဲ့ရပြီး ၂၀၁၀ နှစ်ကုန်လများအတွင်း အင်တာနက်ဆက်သွယ်ရေးလိုင်းများ မကြာခဏပြတ်တောက်ခြင်းများကြောင့် အင်တာနက်သုံးစွဲသူဦးရေ လျော့နည်းလာခဲ့ကြောင်း မုံရွာဒေသခံ အင်တာနက်လုပ်ငန်းရှင်များကပြောသည်။

## စာ (၄၁) လွှတ်တော်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆွေးနွေးမေးမြန်းမှုများ အားနည်းနေခြင်းကို ထိန်းသိမ်းရေးအဖွဲ့များက ထောက်ပြ မှ

အမဲလိုက်တဲ့သူတွေ အမဲမရတဲ့ကိစ္စ။ နွေရာသီဆိုရင် သောက်သုံးရေပြတ်လပ်တဲ့ ပြဿနာ။ သစ်တောတွေကလည်း တဖြည်းဖြည်းလျော့နည်းလာတာ တွေ့ရတယ်။ ရေကိုထိန်းမယ့် သစ်ပင်တွေမရှိဘူး။ ဒေသခံတွေ အသိဉာဏ်ဗဟုသုတနည်းနေတယ်။ ပညာပေးကိစ္စ အရင်လုပ်ရမယ်" ဟု ချင်းပြည်နယ် တီးတိန် မဲဆန္ဒနယ်(၂) တွင် အနိုင်ရ တီးတိန်အမှတ် ဦးဇမ်ကျင့်ပေါ်(ခ) ဦးဇိုဇမ်းက ပြောသည်။ "တကယ်တမ်း သဘာဝကျကျ ဆက်စပ်ပြီးပြောရရင် သစ်တော၊ သစ်ပင်တွေ တဖြည်းဖြည်းလျော့နည်းလာလို့ပဲ။ ဒီလို ပြဿနာတွေက ဆေးမြီးတိုနဲ့ ကုသလို့မရဘူး။ ဥပမာပြောရရင် မြေဆီလွှာ ပြုန်းတီးတယ်။ မြေဆီလွှာကိုခြေကုပ်ထားတဲ့ သစ်ပင်တွေ မရှိလို့ပြုန်းတီးတယ်။ မြေဆီလွှာမရှိလို့ မြေဆီလွှာဖြည့်စွက် ဓာတ်မြေဩဇာသုံးလာကြတယ်။ သုံးလာတဲ့ ကုန်ပစ္စည်းကဈေးနှုန်း မြင့်လာမယ်။ စသဖြင့်ဆက်စပ်စဉ်းစားရင် ချန်ထားလို့ မရဘူး" ဟု ဦးဝင်းမျိုးသူကပြောသည်။

နိုင်ငံရေးသမားများအနေဖြင့် ယခုလက်ရှိဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ဝင်တစား အလေးပေးဆောင်ရွက်လာပါက ခရီးရောက်နိုင်ကြောင်း ယခုလက်ရှိ လုပ်ကိုင်နေသူ သဘာဝပတ်ဝန်းကျင် လုပ်ကိုင်နေသူများက ပြောသည်။

"အစိုးရကိုယ်တိုင်က ပိုပြီးထိရောက်အောင် လုပ်လာမယ်ဆိုရင် ခရီးပေါက်နိုင်တယ်။ တစ်ဖက်လည်း ပညာပေးအစီအစဉ်၊ တစ်ဖက်ကလည်း ဥပဒေအရ တွန်းအားပေးမယ်ဆိုရင် ခရီးပေါက်နိုင်တယ်။ ကမ္ဘာပေါ်မှာတော့ နည်းလမ်းမျိုးစုံနဲ့ ကောင်းအောင် ကျင့်သုံးနေတယ်။

ယခုလက်ရှိပြောရရင် မြန်မာနိုင်ငံမှာလည်း အပူလွန်၊ အအေးလွန်တဲ့ ရာသီဥတု ပြောင်းလဲခြင်းကို ခံစားနေရပြီ။ အဲဒီအတွက် သောက်သုံးရေပြဿနာ၊ စားနပ်ရိက္ခာ ပြဿနာ၊ သဘာဝဘေးအန္တရာယ်တွေ ခံစားလာရမယ်။ ရေရှည်တည်တံ့ဖို့ ဘာလုပ်ကြမလဲ။ နောက်မျိုးဆက်အတွက် ဘာချန်ထားခဲ့ရမလဲ။ လုပ်နိုင်တဲ့သူကတော့ လုပ်နိုင်သလောက် လုပ်ကြရမှာပဲ"ဟု မန္တလေးမြို့တွင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားမှုများ လုပ်ကိုင်နေသူဦးနေဝင်းကပြောသည်။

## Photo News



စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမီးပွိုင့်အနီး
ဗားကရာလမ်းနှင့် ပြည်လမ်းထောင့်ရှိ
လူသွားလမ်းပလက်ဖောင်းပေါ်တွင် အုတ်မြစ်ချထားသည့်
ကြော်ငြာထောက်တိုင်အောက်ခြေအားတွေ့ရစဉ်
ယင်းနေရာသည် ကွေ့ကြောနေရာဖြစ်သည့်အတွက်
လမ်းလျှောက်ခရီးသွားများ အခက်ကြုံလျက်ရှိသည်။

ဓာတ်ပုံ – လမင်းနိုင်

## စာ(၁၅) ကျောက်မျက်ပြပွဲတွင် ပြည်ပကျောက်ကုန်သည်များကို ပြည်တွင်းကုန်သည်များမယှဉ်နိုင် မှ

ပြည်ပ လုပ်ငန်းရှင်များအနေဖြင့် အိတ်ပိတ်တင်ဒါစနစ်တွင် ကျောက်မျက်အတွဲပေါင်း ၃၄၀၀ အား နေ့စဉ်ခန့်မှန်းတွက်ချက်မှုတွင်အလတ်စား(ခါးပိုင်း)ကျောက်များ၊ (ကျောက်ပုန်း)အမြင်မလှကျောက်များ ကျန်ရှိခဲ့ရာ ပြည်ပကမကြိုက်သည့်ကျောက်များသာ ပြည်တွင်းလုပ်ငန်းရှင်များအတွက် အခွင့်သာခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။

အဆိုပါဈေးနှုန်းများ အဆများစွာပေးသွင်းကာ ပြည်ပဝယ်ယူမှုများကြောင့်ပြည်တွင်းလုပ်ငန်းရှင်များ ကျောက်ရရှိမှုနည်းပါးပြီး လေလံပွဲအပြီးကျောက်ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှုပြောင်းလဲသွားနိုင်ကြောင်းနှင့် အချောထည်ဈေးကွက်အတွင်း ပစ္စည်းဝင်ရောက်မှုနည်းသွားနိုင်ကြောင်း ကျောက်ကုန်သည်တစ်ဦးကသုံးသပ်ပြောကြားသည်။

အိတ်ပိတ်တင်ဒါစနစ်ဖြင့် ပြုလုပ်သည့် ကျောက်မျက်အတွဲများတွင် အတွဲပေါင်း ၃၄၀၀ အား နေ့စဉ်ကြည့်ရှုခန့်မှန်းကာ ဈေးနှုန်းများတွင်သွင်း ရမှုကြောင့် အချို့မှားယွင်းကာ လော့နံပါတ်များမှားယွင်းခြင်း၊ ဈေးနှုန်းများမှားယွင်းခြင်းများရှိခဲ့ကြောင်းသိရသည်။

"အိတ်ပိတ်စနစ်နဲ့ လုပ်တဲ့ပွဲမှာ ပြည်တွင်းက လုပ်ငန်းရှင်တွေက ကျောက်ပုန်း(အမြင်မလှ)တွေရှာပြီး ပုံမှန်ဈေးတွေနဲ့ လေလံရတာတွေရှိတယ်။ အမြင်လှတဲ့ကျောက်တွေကမရတာများတယ်။ ကျောက်တွဲတွေသုံးထောင်ကျော်နေ့စဉ်ကြည့်ရတာသိပ်တော့မလွယ်ဘူး။ တချို့ဟာတွေမကြည့်နိုင်မဆုံးဖြတ်နိုင်တာတွေရှိတယ်" ဟု ကျောက်တွဲများစွာအားကြည့်ရှုအကဲခတ် ဆုံးဖြတ်ရပုံကို ပြန်ပြောပြသည်။

ဈေးပြိုင်စနစ်ဖြင့် ပြုလုပ်သည့် ကျောက်မျက်အတွဲများတွင် ကျောက်ကောင်း(တန်ဖိုးမြင့်)များထားရှိရာ ပြည်တွင်းကုန်သည်များဈေးလိုက်၍ မပေးနိုင်ခြင်းကြောင့် လေလံအောင်မြင်မှုနည်းပါးကာ လုံးဝနီးပါးလေလံမအောင်မြင်ကြောင်း သိရသည်။

ဈေးပြိုင်လေလံပွဲစတင်သည့်ရက်တွင် ယူရိုငွေသန်းပေါင်း ၃၃ သန်းအထိ ဈေးနှုန်းမြင့်တင်ပေးသွင်းကာ လေလံအောင်မြင်သွားပြီး လေလံကို မတ်လ ၁၉ ရက်မှ ၂၂ရက်အထိ ဈေးပြိုင်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

"ဈေးပြိုင်စနစ်နဲ့ရောင်းတဲ့ကျောက်အတွဲတွေက ကျောက်ကောင်းလို့ခေါ်တဲ့ ဂေါင်ကျောက်တွေ(အစည်းပိုင်း)တွေထားတာများတယ်။ ကျောက်မျက်အတွဲပေါင်း ၄၀၀ ကျော်ကို ဈေးပြိုင်စနစ်နဲ့ရောင်းမှာ မန္တလေးမှာ နာမည်ကြီးကျောက်လည်းပါတယ်။ ဒါပေမဲ့သူ့ထက်ကောင်းတဲ့ကျောက်တွေအများကြီးဆိုတော့ မန္တလေးမှာ နာမည်ကြီးခဲ့တဲ့ကျောက်က ပုံမှန်လိုဖြစ်သွားတယ်"ဟု မန္တလေးမြို့ခံ ဝါရင့်ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦးကပြောသည်။


အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရသည့် ကျောက်စိမ်းအတွဲပေါင်း တစ်သောင်း သုံးထောင်ကျော်သည်အထိ ရောင်းချခဲ့ရသည်။ ပြီးခဲ့သည့် ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချခဲ့သော ကျောက်မျက်အတွဲများ ရွေးယူရာ၌ ကျန်ရှိကျောက်မျက်အတွဲမှာ တစ်ထောင်ကျော်အထိ ရှိခဲ့ပြီး ပြည်ပကုန်သည်အများစုက ရွေးယူရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ ကျောက်မျက်အတွဲပေါင်း ၃၄၀၀ အား နေ့စဉ်ကြည့်ရှုကာ ခန့်မှန်းတွက်ချက်ဈေးနှုန်းပေးသွင်းရာတွင် အမှားအယွင်းများရှိခဲ့ပြီး ထိုလုပ်ငန်းရှင်များအနေဖြင့် ရွေးယူရန်ပျက်ကွက်ပါက ကျောက်မျက်ပြပွဲများတွင် တက်ရောက်ခွင့်ပိတ်ပင်ခံရမည်ဖြစ်ကြောင်းသိရသည်။

TRADEMARK CAUTION
Sime Darby Malaysia Berhad a company incorporated in Malaysia at 21 st Floor, Wisma Sime Darby, Jalan Raja Laut, 50350 Kuala Lumpur, Malaysia is the Owner and Sole Proprietor of the following Trademarks:-




Reg : No.4/ 974/2011
"In respect of : Int'l Class 25 : Caps, shorts.
Reg : No.4/ 975/2011
"In respect of : Int'l Class 21: Camping gear.
Reg : No.4/ 976/2011
"In respect of : Int'l class18 : Bags.
Reg : No.4/ 977/2011
In respect of : Int'l Class 41 : Timing of sports events; organisation of sports competitions; recreation information.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL,
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 11 March 2011

## စားသုံးသူများသို့ ပန်ကြားချက်



ရောင်းချသွားပါမည်၊
ရက်နေ့အထိဖြစ်ပါသည်၊

# မလေးရှားတွင် အခက်တွေ့နေသူတစ်ဦး၏ ရင်ဖွင့်သံ

**သဇင်ထွေး**

မလေးရှားနိုင်ငံရှိကားစက်ရုံ၌ အလုပ်လုပ်ရမည်ဟုဆိုကာ လက်တွေ့တွင်စိုက်ပျိုးရေးစက်ရုံ၌ လုပ်ကိုင်နေသော ကိုသန်းမြင့်ဦးနှင့် မတ်လ ၂၀ ရက်တွင် မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**♦ အစ်ကို အေးဂျင့်ကို ဘာနဲ့တင်ထားတာလဲ။**

အဲဒီ အေးဂျင့်က စခေါ်တည်းက ကားစက်ရုံမှာလုပ်ရမယ် ဆိုပြီးတော့ ခေါ်တာပါ။

**♦ အစ်ကိုစသွားတည်းက စိုက်ပျိုးရေးဗီဇာနဲ့ သွားတာလား။**

ဟုတ်ပါတယ်။ မြန်မာနိုင်ငံဘက်က အေးဂျင့်က ဒီဗီဇာနဲ့ပဲသွား၊ ဟိုရောက်ပြီး တစ်ပတ်ကြာတော့ ကားစက်ရုံပြောင်းပေးမယ်လို့ပြောတယ်။ ကျွန်တော်ရောက်တာ နှစ်လရှိပြီ။ အခုထိ ဘာမှ မထူးခြားသေးဘူး။

**♦ လက်ရှိစိုက်ပျိုးရေးခြံမှာ ဘာတွေလုပ်နေရလဲ။**

အလုပ်တွေကတော့ မြန်မာပြည်က ခြံအလုပ်ထက်တောင်ကြမ်းသေးတယ်။ ထမင်းလည်း စားရတာ မဝတဝပဲ။အလုပ်ချိန်ကအပြည့်ပဲ။ နားချိန်တောင် သိပ်မရှိဘူး။

**♦ အစ်ကို့လိုပဲ ဘယ်နှယောက်လောက်ပါသွားလဲ။**

ကျွန်တော်နဲ့ဆိုလေးယောက်ပါ။ အရင်ရောက်နေတဲ့သူတွေလည်းရှိတယ်။ သူတို့လည်းကားစက်ရုံမှာလုပ်ရမယ်ဆိုပြီးတော့ခေါ်တာတဲ့ အခုထိအဲဒီစိုက်ပျိုးရေးခြံမှာပဲရှိသေးတယ်။

**♦ အစ်ကိုတို့ကိုခေါ်တဲ့အေးဂျင့်ကမလေးရှားမှာဆက်သွယ်ထားတဲ့အေးဂျင့်ကိုသွားပြီးမမေးဘူးလား။**

ဒီမှာရှိတဲ့အေးဂျင့်ကို သွားမေးတယ်။ လာကတည်းက စိုက်ပျိုးရေးဗီဇာနဲ့ လာတဲ့အတွက် ဘယ်လိုမှ ပြောင်းလို့မရတော့ဘူးလို့ပြောတယ်။ တစ်နှစ်လောက်တော့ စိုက်ပျိုးရေးခြံမှာပဲ လုပ်ရမယ်။မလုပ်ချင်ပြန်လို့ပြောတယ်။

**♦ အစ်ကိုတို့စလုပ်တည်းက အေးဂျင့်နဲ့တိုက်ရိုက်ဆက်သွယ်တာလား။**

မဟုတ်ဘူး။ ပွဲစား တစ်ယောက်က လိုက်ပြီးဆက်သွယ်ပေးတယ်။ တင်တာတို့ဘာတို့ကို ပွဲစားကအကုန်လုပ်ပေးတယ်။ ခေါ်စာရောက်တော့မှ အေးဂျင့်နဲ့တွေ့ရတယ်။

**♦ အေးဂျင့်က ခေါ်တွေ့တော့လည်း စိုက်ပျိုးရေးဗီဇာပဲလား။**

ဟုတ်တယ်။ အဲဒါကြောင့် ကျွန်တော်တို့ကလည်း ပြောတာပေါ့။ ကားစက်ရုံဆိုပြီးခေါ်တာမဟုတ်လား။ တော်တော်အငြင်းပွားရသေးတယ်။ စိတ်ချသွား ဘာမှ စိတ်မပူနဲ့လို့ပြောတယ်။ ကိုယ်ကလည်း ပိုက်ဆံပေးပြီးသွားပြီဆိုပြီး လိုက်သွားလိုက်တာ အခုတော့ ဒုက္ခတွေ ရောက်နေတယ်။

**♦ အဲဒီအေးဂျင့်က ဘယ်မှာရှိတာလဲ။**

၃၉ လမ်းအောက်ဘလောက်မှာရှိတယ်။

**♦ အေးဂျင့်ကို ဝန်ဆောင်ခဘယ်လောက်ပေးရလဲ။**

အကြေ ၆၅၀,၀၀၀ ကျပ် ပေးခဲ့ရတယ်။

**♦ အခု စိုက်ပျိုးရေးခြံမှာရော လစာဘယ်လောက်ရလဲ။**

မလေးရှားရင်းဂစ် ၂၀၀ ပဲရတယ်။ ကားစက်ရုံမှာဆို ၃၅၀ နဲ့အချိန်ပိုကြေးနဲ့ဆို ၄၀၀ လောက်ရမယ်ဆိုပြီးခေါ်တာ။ အေးဂျင့်စကားယုံပြီးလိုက်လာတာမှားတာပဲ။ ကျွန်တော့်လို မဖြစ်ဖို့အတွက် ဒီကိုလာမယ့်သူတွေအတွက် အေးဂျင့်နဲ့ လိုအပ်မယ့်ဖုန်းနံပါတ်တွေကို မှတ်လာစေချင်တယ်။

# နယ်မြို့များမှ အလုပ်ခေါ်ယူမှု မြင့်တက်လာ

**ဝတ်ရည်**

**ရန်ကုန်၊ မတ်- ၂၆**

ယခုနှစ်ပိုင်းအတွင်းနယ်ဒေသများတွင် ဆောက်လုပ်ရေးလုပ်ငန်း များပြားလာခြင်း၊ ကုမ္ပဏီလုပ်ငန်းများ တိုးချဲ့လာခြင်းတို့ကြောင့် နယ်မှအလုပ်ခေါ်ယူခြင်းနှင့် နယ်သို့သွားရောက်အလုပ်လုပ်လိုသူ များပြားလာကြောင်း ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှ စုံစမ်းသိရသည်။

ရန်ကုန်တွင် အလုပ်ရနိုင်ရန်အခွင့်အလမ်းများနည်းပါးခြင်း၊ နယ်များတွင်အလုပ်အကိုင်နေရာများ ခေါ်ဆိုမှုများပြားလာခြင်းတို့ကြောင့် လူအများသည် ယခင်ကနယ်များတွင် သွားရောက်အလုပ်လုပ်ရန် စိတ်ဝင်စားမှုနည်းပါးသော်လည်း ယခုလပိုင်းအတွင်းနယ်သွား၍ အလုပ်လုပ်ရန်ဆန္ဒရှိသူများပြားလာကြောင်း Market Care မှ ဦးအောင်မြင့်က ပြောသည်။

"အရင်ကဆို ရန်ကုန်အလုပ်ခေါ်တာ ၁၀ ခုဆိုရင် နယ်ကတစ်နေရာလောက်ခေါ်တာ။ အခုဆို ရန်ကုန် ၆ နေရာဆို ၄ နေရာလောက်နှုန်းလောက်ရှိတယ်။ အလုပ်တွေက ဆောက်လုပ်ရေးလုပ်ငန်းတွေများတော့ မြို့ပြအင်ဂျင်နီယာသမားတွေ ခေါ်တာများတယ်" ဟု ဦးအောင်မြင့်ကပြောသည်။

ကျောင်းပြီးခါစ လုပ်ငန်းအတွေ့အကြုံနည်းပါးသူများအတွက် နယ်မှခေါ်ယူသည့် အလုပ်များပိုမိုရနိုင်ပြီး အတွေ့အကြုံရှိသူများအတွက်လည်း ရန်ကုန်မှာလုပ်သည်ထက် အကျိုးခံစားခွင့်များ ပိုမိုရရှိခြင်းတို့ကြောင့် နယ်အလုပ်များအား ပိုမိုစိတ်ဝင်စားလာခြင်းဖြစ်ကြောင်း သိရသည်။

"အလုပ်ရှာပေးတဲ့ အေဂျင်စီတွေအနေနဲ့လည်း နယ်အတွက်ခေါ်တဲ့ကုမ္ပဏီတွေကို နေဖို့ စားဖို့ကိစ္စတွေကို သေချာမေးတယ်။ အလုပ်လျှောက်တဲ့သူတွေအနေနဲ့လည်း သူတို့အတွက် စိတ်ကြိုက်အနေအထားရမှ လက်ခံကြတာ"ဟု ပြည်တွင်းအလုပ်အကိုင်ရှာဖွေပေးသည့် ကုမ္ပဏီတစ်ခုကပြောသည်။

နေပြည်တော်အနီးအနားရှိ ဆောက်လုပ်ရေးလုပ်ငန်းများ၊ မန္တလေး၊ မူဆယ်ဘက်နှင့် တခြားဒေသများတွင် ကုမ္ပဏီခွဲဖွင့်ခြင်းများ များပြားလာခြင်းကြောင့် စာရင်းကိုင်အလုပ်အကိုင်များနှင့် အင်ဂျင်နီယာများခေါ်ယူမှုများ ပြားခြင်းဖြစ်ကြောင်း သိရသည်။

"နေပြည်တော်မှာလည်း အခုကျောက်စိမ်းပြပွဲတွေ ပရောဂျက်တွေလည်းများနေတော့ စကားပြန်တွေလည်းခေါ်တာများတယ်။ အဲလိုပွဲတွေကြောင့်လည်း အလုပ်နေရာတွေခေါ်ဆိုမှု ပိုများလာတာလည်းပါတယ်" ဟုဦးအောင်မြင့်က ပြောသည်။

ပြည်တွင်းအလုပ်အကိုင်ရှာဖွေပေးသည့် အေဂျင်စီများသည် ၂၀၁၀ လဆန်းပိုင်းနှင့်ယှဉ်လျှင် ယခုနှစ်လဆန်းပိုင်းတွင် အလုပ်အကိုင်ရှာဖွေပေးရမှုများ ပိုမိုများပြားလာကြောင်း အဆိုပါအေဂျင်စီများမှသိရသည်။ ပုံမှန်အားဖြင့် ဖေဖော်ဝါရီလကုန်နှင့် မတ်လဆန်းလောက်မှ စတင်၍အလုပ်ခေါ်ဆိုမှုများပြားလေ့ရှိပြီး ဇွန်လခန့်အထိ ခေါ်ဆိုမှုများပြားကြောင်း သိရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

(ဓာတ်ပုံနှင့် ဗီနိုင်းဆိုင်တွင်ခန့်ထားရန်) Accountant ကျား/မ (၁) ဦး၊ CPA (or) B.Com (or) L.C.C.I Level (3) အောင်မြင်ပြီးသူ၊ လုပ်ငန်းအတွေ့အကြုံ (၃) နှစ်၊ Marking မ(၄) ဦး။ စိတ်ပါဝင်စားသူများကိုယ်ရေးရာဇဝင် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့ဖြင့် အမှတ်(၉၁) အနော်ရထာလမ်း (၃၉လမ်းနှင့်) ဆိပ်ကမ်းသာလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်သို့ နံနက် ၉ နာရီမှ ညနေ ၇ နာရီအတွင်း လာရောက်လျှောက်ထားနိုင်သည်။

---

(၁) office staff ကျား(၃)ဦး၊ ရုံးလုပ်ငန်းများဆောင်ရွက်နိုင်ရမည်။ အသက်(၃၅)နှစ်ထက်မကျော်ရ။ (၂) ယာဉ်မောင်း ကျား(၃)ဦး၊ အသက် ၄၅ နှစ်ထက်မကျော်ရ။ လိုအပ်သည့်စာရွက်စာတမ်းနှင့်အတူ Optimun Co., Ltd အမှတ်(၈၃-က)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကမ္ဘောဇလမ်းထောင့်၊ (ပုလဲကွန်ဒိုနှင့်မျက်နှာချင်းဆိုင်)၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၀၁-၅၄၃၇၉၃**

---

ဆံပင်ညှပ်၊ လျှော်ကျွမ်းကျင်မ (၅) ယောက်၊ ခေါင်းလျှော်အလုပ်သင်မ(၁၅)ယောက်၊ လစာ၊ နေရေး၊ စားရေးစီစဉ်ပေးမည်။ ဖုန်း-၀၉-၇၃၀၀၅၆၁၁၊ အမှတ် ၈၆၊ C-2 လေးထောင့်ကန်လမ်းမကြီး၊ သံလမ်းမှတ်တိုင်၊ ရန်ကုန်။ နံနက် ၉ နာရီမှ ၁၂ နာရီအတွင်းလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

---

မြန်မာဒီဇိုင်နာ သုံးဦးပူးပေါင်း၍ Myanmar Designer House အမည်ဖြင့် Designer Collection အထည်များကို အရောင်းဆိုင်ဖွင့်လိုသဖြင့် ဆိုင်ခန်းနေရာပူးပေါင်းရင်းနှီးမြှုပ်နှံလိုသူ လူငယ်ဖက်ရှင်ဒီဇိုင်နာတစ်ဦး အလိုရှိသည်။ အသေးစိတ်ဆွေးနွေးလိုပါက ဆက်သွယ်ရန် ချိုချိုမြင့် (Designer) CCM Fashion&Tailoring, ph-0973077657, Email:cho.designer@ gmail.com,http:// chodesigner.multiply.com အေးအေးလှိုင် (designer),

**Ph: 09 49303058**

---

21st Country Entertainment တွင် (၁)မိန်းကလေးဝန်ထမ်း (၁၆) ဦး၊ (၂) ယောကျ်ားလေးဝန်ထမ်း (၅)ဦး၊ အမှတ်စဉ်(၁)နှင့်(၂)အတွက်အသက်၁၈နှစ်မှ ၂၅နှစ်အတွင်း၊ ပညာအရည်အချင်း (၁၀) တန်း(၃)လုံခြုံရေးဝန်ထမ်း ကျား (၆)ဦး၊ ၂၅နှစ်မှ ၄၅နှစ်အတွင်း၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။ အချိန်ပြည့်တာဝန်ထမ်းဆောင်ရမည်။ အမှတ် (၂၈၈/၂၉၀) အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၂၁၄၆၂၄၊ ၂၂၂၂၈၄**

---

ဆေးဆိုင်အရောင်းဝန်ထမ်းအလိုရှိသည်။ ယုဇနပလာဇာအနီးနေသူဦးစားပေးမည်။ လျှောက်ထားရန် ၀၉-၇၃၀၃၃၇၇၆။ **အမှတ်-၁၃၅၊ ပထမထပ်၊ တော်ဝင်ပလဇာ။ မင်္ဂလာတောင်ညွန့်မြို့နယ်။**

---

အိမ်ကားယာဉ်မောင်း (၄၀ မှ ၅၀ ကြား) ဖြည်းဖြည်းမှန်မှန်မောင်းသူ မောင်းသက်ရင့်သူ (လိုင်သာယာ-အင်းစိန်-လှိုင်နှင့်နီးစပ်သူများသာ)

**ဖုန်း- ၀၉-၇၃၁၇၀၄၉၂၊**
**၀၁-၆၈၇၀၈၉(ညနေပိုင်းခေါ်ရန်)**

---

မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းတွင်တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအတွက် စိတ်ဝင်စားသူများလျှောက်ထားနိုင်ပါသည်။ ၁။ လက်ထောက်စာကြည့်တိုက်မှူး (ကျား၊ မ) ၁ ဦး၊ ၂။ လက်ထောက်သင်တန်းမှူး (ကျား၊ မ) ၁ ဦး၊ ၃။ ကွန်ပျူတာအော်ပရေ (ကျား၊မ) ၁ ဦး၊ Web Developer (ကျား၊ မ) ၁ ဦး။ လိုအပ်သည့်အထောက်အထားများနှင့်အတူ ၁၇-၃-၁၁ နောက်ဆုံးထား၍တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်၊

**ဖုန်း-၀၁-၅၁၉၆၇၃**

---

SE မီးလေးလုံး (CNG) Taxi ညအချိန် ပိုင်းဝင်ငွေ ရှာလိုသူများဆက်သွယ်ပါ။ ဗဟန်းမြို့နယ်အနီးနေထိုင်သူကို ဦးစားပေးမည်။

**ဖုန်း-၅၅၈၈၉၄၊ ၀၉-၅၁၇၃၁၉၁**

---

1. General Manger (M) 1 Post, 2.Marketing Manager (M/F) 1 Post, 3. Sales Manager (M/F) 1 Post, 4. Operation Manager/IT Manager (M) 1 Post, 5. Admin Manager (M/F) 1 Post, 6. Operation Executive (M) 2 Posts, 7. Marketing Executive (F) 4 Posts, 8. Sales Executive (F) 6 Posts, 9. Networking Engineer (M) 1 Post, 10. Admin Executive (F) 1 Post, 11. Cashier (F) 2 Posts.

**PH: 09-73132222, 09-73141111**

---

IELTS, TOEFL, 4 Skills ကို ကျွမ်းကျင်စွာသင်ကြားနိုင်သော ဆရာမ တစ်ဦးအမြန်အလိုရှိသည်။ Working Hours: Tuesday to Friday (9:00 am to 7:00 pm), Saturday & Sunday (2:30 Pm to 6:00 pm), Salaray : 200,000 ks, Contact: **09-5188720, 09-50 59993,** Address: 40/42, 136th Street, Near Yuzana Plaza, Tamwe Tsp.

---

**Secretary (Female) (1) Post,** ၄င်းရာထူးကို လျှောက်ထားလိုသူများသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်။ English 4 Skill ကျွမ်းကျင်ရမည်။ Internet/ Email ကို ကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။ ရုပ်ရည်အသင့်အတင့် ရှိရမည်။ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရမည်။ အလုပ်အတွက် အချိန်ပေးနိုင်သူဖြစ်ရမည်။ အိမ်ထောင်မရှိသူအပျိုဖြစ်ရမည်။ အမှတ်(ဘီ-၈) ဦးဝိစာရလမ်း၊ မြောက်ဒဂုံစက်မှုဇုန်၊ ဒဂုံမြို့သစ် မြောက်ပိုင်း။ **ဖုန်း- ၅၈၁၈၃၅၊ ၅၈၁၃၉၆**

---

၁။ Accountant ကျွမ်းကျင် မ ၂ ဦး၊ ၂။ Engineer (BE) ကျား ၃ ဦး။ မော်တော်ယာဉ်လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။ ၃။ တရုတ်စကားပြန် မ ၁ ဦး။ တရုတ်စကား (အရေး၊အဖတ်၊အပြော)ကျွမ်းကျင်ရမည်။ ကွန်ပျူတာကျွမ်းကျင်သူဦးစားပေးမည်။ ၄။ အတွင်းရေးမှူး မ (၁) ဦး၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ No.18(A/1), Tharyarwaddy Street, Sayarsan Qut, Bahan Tsp, Yangon. **PH:542111**

---

၉၊ ၁၀ တန်းကို Guide လုပ်ရန် လက်ရှိ B.Ed တက်နေသော 1st Year, 2nd Year ဆရာ/မများ အလိုရှိသည်။ အသက်ကြီး၍ အတွေ့အကြုံရှိသော အဆောင်မှူးဆရာ/မ အလိုရှိသည်။ လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် အမြန်ဆက်သွယ်ပါ။ **ဖုန်း-၀၉-၅၀၆၁၃၆၈၊**

---

Admin/ HR ကျွမ်းကျင်ဝန်ထမ်း အလိုရှိသည်။ (ကျား/မ အသက်၂၅ နှစ်မှ ၃၀ အတွင်း) ဆက်သွယ်ရန်

**ဖုန်း- ၀၉-၇၃၀၆၆၁၅၆၊**
**၀၁-၀၃၀ ၀၀၃၁၇**

---

ကံ့ကော်ရွှေပြည်ပညာ့အောင်မြေရိပ်သာတွင် ၁။ အဆောင်မှူး မ(၁)ဦး၊ ၂။ Study Guide ကျား(၃)ဦး၊ မ(၄) ဦး၊ အမှတ်စဉ်(၁)အတွက် သိပ္ပံဘွဲ့၊ အတွေ့အကြုံ(၃)နှစ်အထက်၊ အသက် (၃၅)အထက်၊ (၂)အတွက် မဟာသိပ္ပံဘွဲ့ရရှိသူ၊ ၉၊ ၁၀ တန်း ဘာသာရပ်နှစ်ခုလုံးပြသနိုင်သူ၊ လုပ်သက်(၁)နှစ်အထက်ရှိရမည်။ 3A၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်။ (ရိပ်သာမှတ်တိုင်) (၁၀)ရက်အတွင်း လျှောက်ထားရန်

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


NAING Group Construction Co., Ltd.
CLASSIC STRAND
OFFICE & RESIDENTIAL VIEW TOWER
SPECIAL SALES
(၁၇.၃.၂၀၁၁ မှ ၃၁.၃.၂၀၁၁အတွင်း)အခန်းဝယ်ယူသူ
Customer များအား အထူးသက်သာခွင့်၊
အထူးငွေပေးချေမှု တို့နှင့်အတူ
သိန်း 50 ဖိုး Decoration ပြင်ဆင်ခွင့်ရရှိမည့်အခွင့်အရေး
River View
Barbecue Counter
Playground
Gymnasium
Sauna Room
အိမ်ရာအရောင်းပြခန်း (၁) - အမှတ်(၇၆)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
255755, 255766, 09 73066635, 09 51 12136.
Pansodan
Business & Residential Tower
Heart Area
Office & Residential
Heart Area Car Basement Car Parking...
Downtown Area Condominium...
Wind Load & Earthquake Super Structure...
No. (123/133), Corner of Anawrahta Road & Pansodan Road, Kyauktada Township.
ကျန်ပြတ်အစီအစဉ်
Royal Rose Condo
NAING Group Construction Co., Ltd.
Show Room
No. (76), Bo Yar Nyunt Road, Dagon Township.
Ph: 255755, 255766, 09 51 12136, 09 49 295429, 09 73066635, 09 99 27389, 09 51 12139

Education

7DAY NEWS JOURNAL

Vol.10, No.4 • MARCH 31, 2011

# GCE, iGCSE အင်္ဂလိပ်စာအမှတ် မမီသူများအား PSB အကယ်ဒမီက ဝင်ခွင့် စစ်ဆေးပေးမည်

**သီဟ**

**ရန်ကုန်၊ မတ် - ၂၄**

နိုင်ငံတကာ အသိအမှတ်ပြုစာမေးပွဲများဖြစ်သည့် GCE နှင့် iGCSE စာမေးပွဲများတွင် အင်္ဂလိပ်စာဘာသာရပ်၌ အမှတ်မမီသူများအတွက် University of Cambridge, University of Newcas tle နှင့် University of Wolloonge တို့ကဲ့သို့သော တက္ကသိုလ်များတွင် Foundation ပရိုဂရမ်များသို့ တိုက်ရိုက်တက်ရောက်နိုင်ရန် PSB Academy မှ လာမည့် ဧပြီ ၇ ရက်တွင် စစ်ဆေးပေးမည်ဖြစ်သည်။

နိုင်ငံတကာတက္ကသိုလ်များသို့ ဝင်ခွင့်ရရန်အတွက် နိုင်ငံတကာ အသိအမှတ်ပြုစာမေးပွဲများဖြစ်သော GCE နှင့် iGCSE စာမေးပွဲများအား ငါးဘာသာဖြေဆိုကြရလေ့ရှိပြီး ဘာသာရပ်တိုင်းတွင် ယေဘုယျအားဖြင့် အဆင့်စီ ရရှိရန်အပ်ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများအနေဖြင့် အခြားဘာသာရပ်များတွင် အဆင့်(အေ)(ဘီ)စသည်ဖြင့် ရရှိကြသော်လည်း အင်္ဂလိပ်စာရမှတ်တွင် အဆင့်(စီ)ရရန် ခက်ခဲလေ့ရှိကြောင်း ပညာရေးအေဂျင်စီတစ်ခုကပြောသည်။

ထိုအခါတွင် ကျောင်းသားကျောင်းသူများသည် အင်္ဂလိပ်စာအရည်အချင်းအတွက် IELTS, TOEFL အစရှိသည့် အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲများအား ပြန်လည်ဖြေဆိုကြလေ့ရှိကြောင်း သိရသည်။

ယခုစစ်ဆေးမည့်စာမေးပွဲသည် အထက်ပါတက္ကသိုလ်များသို့ အခြားအင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲများ ပြန်လည်ဖြေဆိုစရာမလိုဘဲ တိုက်ရိုက်တက်ရောက်နိုင်မည်ဖြစ်သည်။

စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းလိုသူများသည် Crown Education သို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။



## အချိန်ပိုင်းအလုပ်လုပ်ခွင့်နှင့် ကျောင်းပြီးဆက်လက်နေထိုင်ခွင့်ကို ဗြိတိန်အစိုးရကန့်သတ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ် - ၂၅**

ဗြိတိန်တွင် သွားရောက်ပညာသင်ယူနေကြသော ကျောင်းသားများအတွက် အချိန်ပိုင်းအလုပ်လုပ်ကိုင်ခွင့်နှင့် ကျောင်းပြီးချိန်တွင် နေထိုင်အလုပ်လုပ်ကိုင်ခွင့်တို့အား ကန့်သတ်ထားမည်ဖြစ်ကြောင်းဗြိတိန်ဘော်ဒါအေဂျင်စီမှ သတင်းထုတ်ပြန်သည်။

အသိအမှတ်ပြုတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူနေသော ကျောင်းသားများသာ တစ်ပတ်လျှင် နာရီနှစ်ဆယ်တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရမည်ဖြစ်ပြီး အစိုးရအထောက်အပံ့ပေးထားသော ကောလိပ်တွင် ပညာသင်ယူနေသူများသည် တစ်ပတ်လျှင် ၁၀ နာရီတရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောင်းသားမှီခိုသူခေါ်ယူခွင့်ကန့်သတ်ခြင်းနှင့် ကျောင်းသားပညာသင်ယူချိန်သတ်မှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိကျင့်သုံးနေသော ကျောင်းပြီးချိန်တွင်နေထိုင်အလုပ်လုပ်ကိုင်ခွင့် ၂နှစ် သက်တမ်းပေးနေမှုအား ၂၀၁၂ခုနှစ် ဧပြီလတွင် ဖျက်သိမ်းတော့မည်ဖြစ်သည်။

ကျောင်းသားများ၏ နေထိုင်အလုပ်လုပ်ကိုင်ခွင့်မူဝါဒပြောင်းလဲရန်သတ်မှတ်လိုက်ခြင်းကြောင့်ဗြိတိန်သို့သွားရောက်မည့်မြန်မာကျောင်းသားများအား များစွာသက်ရောက်မှုရှိစေနိုင်ကြောင်း ပညာရေး အတိုင်ပင်ခံများက ဆိုသည်။

# နွေရာသီမှာ ကလေးတွေကို အားကစားသင်တန်းတွေ တက်ခိုင်းတာက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးစေတယ်

## စိတ်ပညာဌာနပါမောက္ခ(ငြိမ်း) ဒေါ်ခင်အေးဝင်း

**မြတ်စုမွန်**

ကျောင်းသားကလေးသူငယ်များအတွက် တစ်နှစ်တာ သင်ခန်းစာများသင်ယူအပြီး၊ နောက်တစ်နှစ်အတွက် သင်ခန်းစာများကို မသင်ယူသေးမီ ကြားကာလ နွေရာသီ ကျောင်းအားလပ်ရက်များကို ရောက်ရှိခဲ့ပြီဖြစ်သည်။ ကလေးစိတ်ပညာလေ့လာသူများနှင့်စိတ်ပညာရှင်များက နွေရာသီကျောင်းပိတ်ရက်သည် ကလေးငယ်တစ်ယောက်၏ စိတ်ပိုင်း၊ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများစွာအား ပေးစွမ်းနိုင်ကြောင်း၊ ဦးနှောက်၏ညာဘက်ခြမ်းကိုအသုံးပြုကာ တစ်နှစ်တာကာလပတ်လုံး ကျောင်းသင်ခန်းစာများအား လေ့လာသင်ကြားခဲ့ရသဖြင့် မောပန်းနွမ်းနယ်နေသောကလေးငယ်များကို ဦးနှောက်၏ဘယ်ဘက်ခြမ်းကိုအသုံးပြုကာ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများ ပေးနိုင်မည့်အကြောင်းအရာများကို လေ့လာသင်ယူစေသင့်ကြောင်းပြောကြားကြသည်။



**အပြေးပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်နေသည့် ကလေးငယ်တစ်ဦး။**

မြန်မာနိုင်ငံတွင် မြို့ပြနေကလေးငယ်များနှင့် ကျေးလက်နေ ကလေးငယ်များ၏ နွေရာသီကျောင်းအားလပ်ရက်ကို အသုံးပြုကြပုံချင်း အတော်ပင်ကွဲပြားခြားနားလျက်ရှိသည်။ ကျေးလက်နေ ကလေးငယ်များ၏ နွေရာသီကျောင်းအားလပ်ရက်မှာ ရိုးစင်းသည်။ အတန်းတင်စာမေးပွဲပြီးလျှင် ကျောင်းလွယ်အိတ်ကိုချောင်ထိုးကာ စိတ်လွတ်ကိုယ်လွတ်ပေါ့ပါးစွာ ခုန်ပေါက်ပြေးလွှားဆော့ကစားရင်းဖြင့် နွေရာသီ အားလပ်ရက်ကိုကုန်ဆုံးကြသည်။ သူတို့တွင် ပြေးလွှားဆော့ကစားရန် ကွင်းပြင်ကျယ်များစွာလည်းရှိကြသည်။ ကျောင်းကြီးဖွင့်ချိန် နီးလာသည်နှင့်အမျှ တစ်နှစ်တာကျောင်းသင်ခန်းစာများကို သင်ယူလေ့လာရန်အတွက် စိတ်ရောလူပါ အားသန်လျက်ရှိကြသည်။ ထိုသို့ ပုံမှန်ဖြတ်သန်းရသည့် နည်းများမှလွဲလျှင် ရွေးချယ်စရာမရှိ။ နွေရာသီကျောင်းပိတ်ရက်သုံးလသည် သူတို့အတွက် အားလပ်ရက်များသက်သက်သာဖြစ်သည်။ ပန်းချီသင်တန်းဆိုတာမရှိ။ ဝူရှူးသင်တန်းဆိုတာ မကြားဖူး။

မြို့ပြမှ ကလေးများကား တစ်နှစ်တာ ကျောင်းစာသင်ခန်းမှထွက်ရန် ဟန်ပြင်သည့်အနေအထားမျိုးတွင် နောက်စာသင်ခန်းတစ်ခုက အဆင်သင့်စောင့်နေကြပါသည်။ မြို့ပြမိဘများသည် သင်တန်းများ၊ နွေရာသီကျူရှင်များကို ဆုပ်ကိုင်ကာ စာမေးပွဲခန်းအတွင်းမှထွက်လာမည့် မိမိတို့ကလေးငယ်များကို စောင့်ကြိုနေသည်။ အတန်းတင်စာမေးပွဲပြီးသည်နှင့် လွတ်လပ်စွာ ဆော့ကစားမည့်ကလေးများအတွက် မိဘများတွင် အချိန်ရှားပါးသည်။ ကလေးများကို နေအိမ်တွင် တစ်နေကုန်စောင့်ရှောက်အုပ်ထိန်းမှု ပေးနိုင်ရန်အတွက် အချိန်အခက်အခဲရှိသည်။ တိုက်ခန်းလူနေမှုဖြင့် ကြီးပြင်းရှင်သန်ခဲ့ရသည့် ကလေးငယ်များအတွက်လည်း ဆော့ကစားရန်နေရာကအစ ရှားပါးလွန်းသည်။ ထို့ပြင် အချို့ကလေးငယ်များမှာ မိဘအချင်းချင်း ပြိုင်ဆိုင်လိုစိတ်များကြောင့် စာသင်ခန်းတစ်ခုမှအထွက်တွင် နောက်စာသင်ခန်းတစ်ခုသို့ ဝင်ကြရပြန်သည်လည်းရှိသည်။ ယခုနှစ်များတွင် ကျောင်းသားမိဘများ၏ ပြောင်းလဲလာသောရွေးချယ်မှုအချို့ကိုတွေ့ရပြီး နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းစာမဟုတ်သော အခြားပန်းချီ၊ ဂီတ၊ အားကစား စသည့်သင်တန်းများ၊ ယဉ်ကျေးမှုသင်တန်းများကို ချိတ်ဆက်တက်ရောက်မှုများလည်း ရှိလာသည်ကို တွေ့ရသည့်နည်းတူ ပြောင်းလဲမှုမရှိသည့် မိဘများလည်းရှိနေသည်ကိုတွေ့ရသည်။ ယင်းသို့ အမျိုးမျိုးသောမိဘများအတွက် မိမိတို့သားသမီးများအတွက် မိမိတို့ရွေးချယ်ပေးနေသောလမ်းကြောင်းများ၏ကောင်းခြင်းဆိုးခြင်းများနှင့်ပတ်သက်၍ ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာန၊ ပါမောက္ခ(ငြိမ်း)ဒေါ်ခင်အေးဝင်းနှင့် တွေ့ဆုံမေးမြန်းထားသည်များမှ အချို့ကိုကောက်နုတ်ဖော်ပြအပ်ပါသည်။

**အခုနောက်ပိုင်းမှာ ကလေးတွေကို အတန်းတင်စာမေးပွဲပြီးတာနဲ့ ချက်ချင်းပဲ နောက်နှစ် အတွက် ကျူရှင်တွေ ပြန်ထားတာတို့၊ စာပဲသင်တဲ့ နွေကျောင်းတွေပြန်ထားတာတွေရှိနေတော့ အဲဒီအချက်တွေက ကလေးတွေကြီးလာတဲ့အခါမှာ ဘယ်လို ဆိုးကျိုးမျိုးတွေ ဖြစ်နိုင်သလဲဆိုတာ သိချင်ပါတယ်။**

ဆရာမတို့ရဲ့ စိတ်ပညာပိုင်းက လေ့လာထားတာတွေ၊ သုတေသနတွေအရ ပြောရမယ်ဆိုရင် ကလေးလေးတွေအတွက် နွေကျောင်းပိတ်ပေးတယ်ဆိုတာကိုက ဘာလဲဆိုရင် အဓိက သူတို့တစ်နှစ်ပတ်လုံး စာတွေသင်ခဲ့ရပြီ။

စာ(၂၂)သို့







# Technology

7DAY NEWS JOURNAL

Vol.10, No.4 • MARCH 31, 2011




## ဦးထွန်းလွင်၏ မိုးလေဝသဝက်ဘ်ဆိုက် ဖောက်ထွင်းထိန်းချုပ်ခံရ

**နေလင်းအောင်**

ရန်ကုန်၊ မတ် - ၂၆

ရာသီဥတုပြောင်းလဲမှုဆိုင်ရာများနှင့်ပတ်သက်၍ ကိုယ်ပိုင်ဝက်ဘ်ဆိုက်ဖြင့် သတင်းထုတ်ပြန်ချက်များ ဖြန့်ဝေလျက်ရှိသည့် မိုးလေဝသပညာရှင် ဦးထွန်းလွင်၏ ဝက်ဘ်ဆိုက်အား ယခုလ ၂၄ ရက်တွင် ပြည်ပအခြေစိုက် ဟက်ကာများက ဖောက်ထွင်းထိန်းချုပ်မှုပြုလုပ်ခဲ့သည်။

အဆိုပါဟက်ကာများသည် ဦးထွန်းလွင်၏ဝက်ဘ်ဆိုက်သို့ ဖောက်ထွင်းဝင်ရောက်၍ သတိပေးကြေညာချက်တစ်ခုကို ပင်မစာမျက်နှာတွင် ယင်းဆိုက်မှ အသုံးပြုသူများ၏ အကောင့်များနှင့်ပတ်သက်၍ လုံခြုံမှုမရှိသောကြောင့် ယင်းအချက်ကို ပြန်လည်ပြင်ဆင်ရန် ညွှန်ကြားစာရေးသားခဲ့ပြီး မပြင်ပါက ၎င်းအင်တာနက်စာမျက်နှာအား အပြီးတိုင်ဖျက်ဆီးမည်ဟု ရေးသားသွားခဲ့သည်။

ဟက်ကာများသည် အဆိုပါတိုက်ခိုက်မှုသတင်းအား ၎င်းတို့၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွင်ပါ သတင်းအဖြစ်ထည့်သွင်းထားခဲ့သည်။ ယင်းအဖွဲ့မှ ယခုလ ၁၁ ရက်ကတည်းက ဖောက်ထွင်းဝင်ရောက်ခဲ့ပြီး ၂၄ ရက်တွင်မှ ဝက်ဘ်ဆိုက်ကိုထိန်းချုပ်၍ ယခုကဲ့သို့ ဝင်ရောက်ရေးသားသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒပညာရှင်ဦးထွန်းလွင်သည် ၎င်း၏ Myanmar Climate Change Watch (MCCW)အမည်ဖြင့် ဝက်ဘ်ဆိုက်အား ၂၀၁၀ ပြည့်နှစ်ကုန်ပိုင်းက စတင်လွှင့်တင်ခဲ့ပြီး မိုးလေဝသဆိုင်ရာသတင်းများအား နေ့စဉ် နာရီနှင့်အမျှ ဖြန့်ဖြူးပေးလျက်ရှိရာ ပြည်တွင်းပြည်ပမှ သတင်းမီဒီယာများနှင့် လူထုအကြား လျင်မြန်စွာပျံ့နှံ့ခဲ့ရာ အချိန်တိုအတွင်း လူသိများခဲ့သော ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည်။

ဦးထွန်းလွင်သည် ၎င်း၏ www.tunlwin.com တွင် လာနီညာဆိုင်ရာသတင်းဆောင်းပါးများ၊ မိုးကြိုးနှင့် ငလျင်သတင်းများ တင်ဆက်ခဲ့ပြီး ပြင်ပတွင်ပျံ့နှံ့ခဲ့သော ရာသီဥတုဆိုင်ရာ ကောလာဟလသတင်းများအား ဖြေရှင်းအသိပေးမှုများ ပြုလုပ်ခဲ့သကဲ့သို့ ၂၅ ရက်နံနက်စောစောကလည်း ရှမ်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ငလျင်သတင်းနှင့်ပတ်သက်၍ ပြည်တွင်းသတင်းစာ၊ ရေဒီယိုနှင့် တီဗီအစီအစဉ်များ မထုတ်လွှင့်မီ ဖော်ပြခဲ့သည်။

## ကုန်စည်ဒိုင် ခုနစ်ဒိုင်မှ အချက်အလက်များကို အင်တာနက်မှတစ်ဆင့် အခမဲ့ဝန်ဆောင်မှုပေးမည်


ရန်ကုန်-မတ်-၂၅

တစ်နိုင်ငံလုံးရှိ ကုန်စည်ဒိုင်ကြီးခုနစ်ဒိုင်မှ ရောင်းဝယ်လျက်ရှိသည့် ဈေးနှုန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို သိရှိနိုင်ရန်အတွက် အင်တာနက်ပေါ်မှတစ်ဆင့် အခမဲ့ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းသိရသည်။

Soft Gate Technology ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးမည့်အဆိုပါကုန်စည်ဒိုင်ကြီးများနှင့် ပတ်သက်သည့်ဈေးနှုန်းများ၊ သတင်းအချက်အလက်များမှာ ရန်ကုန်မှ ဘုရင့်နောင်၊ မန္တလေး၊ မုံရွာ၊ ဟင်္သာတ၊ ပြည်၊ အောင်လံနှင့် မုံရွာ အစရှိသည့် ကုန်စည်ဒိုင်ကြီးများမှ ပဲအမျိုးမျိုး၏ ဈေးနှုန်းများအပြင် ရော်ဘာ၊ ပဲဆီ၊ နှမ်းဆီ၊ စားအုံးဆီနှင့် နှမ်းအစရှိသည့် ကုန်စည်များ၏ ဈေးနှုန်းများကို နေ့စဉ်ပေါက်ဈေးများအတိုင်းသိရှိနိုင်မည်ဖြစ်သည်။

အဆိုပါကုန်စည်ဈေးနှုန်းများကို အခမဲ့ရယူလိုသူများအနေဖြင့် အင်တာနက်ပေါ်မှ Yahoo Messager,Gtalkနှင့် Facebook အစရှိသည့် ဆိုရှယ်ဝက်ဘ်ဆိုက်များတွင် myanmarexchange ဟူသောအမည်ကို ဖိတ်ကြားထားရုံဖြင့် အခမဲ့သုံးစွဲနိုင်မည်ဖြစ်သည်။

## ဂျီမေးလ်၊ ဂျီတော့ခ်နှင့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များ အသုံးပြုရပိုခက်လာ



**နေလင်းအောင်**

ရန်ကုန်၊ မတ်-၂၂

ပြည်တွင်း အင်တာနက်အသုံးပြုသူအများစု အသုံးပြုကြသည့် ဆက်သွယ်ရေးဝန်ဆောင်မှုများဖြစ်သော ဂျီမေးလ်၊ ဂျီတော့ခ်နှင့် ဖေ့စ်ဘွတ်ခ် စသည်တို့မှာ နှောင့်ယှက်မှုများ ဆိုးရွားလာခြင်းကြောင့် သုံးစွဲရန်ခက်ခဲလာကြောင်း အွန်လိုင်းအသုံးပြုသူများကပြောသည်။

မြန်မာနိုင်ငံ၏ အင်တာနက်သုံးစွဲသူအားလုံး သုံးစွဲကြသော ဂျီမေးလ်၊ ဂျီတော့ခ် ဝန်ဆောင်မှုများမှာ ယခုနှစ်ဆန်းပိုင်းမှစတင်၍ သိသာစွာ သုံးစွဲရခက်ခဲလာကြောင်းသိရှိရသည်။

"အခုက အင်တာနက်ကျတာထက်ကို ဒီလုပ်ဆောင်မှုတွေက လုံးဝသုံးမရတဲ့ နီးပါးဖြစ်လာတယ်။ ဂျီမေးလ်ဆိုရင် ဝင်လိုက်ရင် Homepage လောက်ပဲရတယ်။ နောက်ပိုင်း Log in ဝင်ပြီးရင် ဘာမှဆက်မလာတော့ဘူး။ အရေးကြီးမဖြစ်မနေ သုံးရမယ်ဆိုရင်တောင် ကွန်နက်ရှင်ကောင်းတဲ့ဆိုင်တွေမှာ သွားသွားသုံးရတယ်" ဟု သွင်းကုန်ထုတ်ကုန်ကုမ္ပဏီတစ်ခုမှ စာရင်းကိုင်တစ်ဦးကပြောသည်။

အလားတူ နိုင်ငံတကာနှင့် ပြည်တွင်းနှင့် မိတ်ဆွေများ အချင်းချင်းစာရိုက်ဆက်သွယ်နိုင်သည့် ဂျီတော့ခ်သည်လည်း ဝင်မရဖြစ်နေပြီး၊ Social Site များဖြစ်သည့် Facebook , Twittes , my-space စသည်တို့အားလည်း အသုံးပြုရန် ခက်ခဲလျက်ရှိကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးက မူပြန်ချက်အရ ကွန်နက်ရှင် ကျဆင်းသည့် အချိန်တွင် တိုက်ခိုက်မှုများ ခံရသည်ဟု ထုတ်ပြန်လေ့ရှိပြီး အထက်ပါဝန်ဆောင်မှုများမှာ ကွန်နက်ရှင်ကောင်းမွန်သည့်အချိန်များတွင်လည်း အခြားဝက်ဘ်ဆိုက်များကဲ့သို့ လွယ်ကူစွာဝင်ရောက်၍ မရနိုင်ကြောင်း အွန်လိုင်းသုံးစွဲသူများက ပြောသည်။

"ကျွန်တော်တို့ရုံးမှာ ကွန်နက်ရှင် ကောင်းနေရင်တောင် ဂျီမေးလ်၊ ဂျီတော့ခ် သုံးလို့မရဘူး။ တခြား ဂူးဂဲလ်၊ ရတနာပုံ ဆိုက်တွေလိုမျိုးနဲ့ တခြားဆိုရှယ်မဟုတ်တဲ့ ဆိုက်တွေဝင်လို့ ရတယ်။ အခုက ဒီလုပ်ဆောင်မှုတွေကို သက်သက်တိုက်နေသလိုမျိုးကိုဖြစ်နေတယ်။ ဘယ်သူတွေက ဘယ်လိုတိုက်နေလည်းတော့ မသိဘူး"ဟု ဘလော့ဂ်ဂါတစ်ဦးက ကြုံတွေ့ရမှုနှင့်ပတ်သက်၍ ပြောကြားသည်။

အများအားဖြင့် ပုဂ္ဂလိကလုပ်ငန်းများ၊ ရုံးများနှင့်အဖွဲ့အစည်းမှ သုံးစွဲသူများအနေဖြင့် ယင်းပြဿနာမျိုး ကြုံတွေ့နေရပြီး အင်တာနက်ဆိုင်များမှာမူ ယင်းဝန်ဆောင်မှုများအား ပံ့ပိုးပေးနိုင်သည့် ဆော့ဖ်ဝဲနှင့် system များကို အသုံးပြု၍ ဝန်ဆောင်မှုပေးနေကြရကြောင်း သိရှိရသည်။




## Apple ၏ iPad 2 ကို ဧပြီလတွင် အာရှနိုင်ငံအချို့ ဖြန့်ချိမည်



ဆန်ဖရန်စစ္စကို၊ မတ် - ၂၂

နာမည်ကျော်ကွန်ပျူတာကုမ္ပဏီ Apple သည် မကြာသေးမီကထုတ်လုပ်လိုက်သည့် ၎င်း၏ ဒုတိယမျိုးဆက် iPad 2 Tablet ကွန်ပျူတာကို လာမည့်ဧပြီလတွင် ဟောင်ကောင်၊ ကိုရီးယား၊ စင်ကာပူနှင့် အာရှဒေသတွင်းနိုင်ငံအချို့၌ ဖြန့်ချိရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ ကုမ္ပဏီသည် မတ် ၂၅ ရက်တွင်မှ အမေရိကန်အပါအဝင်နိုင်ငံပေါင်း ၂၅ နိုင်ငံသို့ iPad 2 ကို ဖြန့်ချိသွားမည်ဆိုသည်။

Apple ၏အမှုဆောင်အရာရှိချုပ် စတိဗ်ဂျော့ဘ်ကလည်း ကုမ္ပဏီ၏ကြေညာချက်ထဲ၌ "ဈေးကွက်ထဲမှာ ပြိုင်ဘက်တွေဟာ ကျွန်တော်တို့ရဲ့ ပထမမျိုးဆက် iPad နဲ့ယှဉ်ပြိုင်နေဆဲပါ။ အခုတော့ iPad 2 နဲ့ပြိုင်ပွဲကို ကျွန်တော်တို့ ပြောင်းလဲလိုက်ပါပြီ" ဟု ဖော်ပြသည်။ Apple သည် မူလက iPad 2 ကိုဂျပန်နိုင်ငံတွင် မတ် ၂၅ ၌ဖြန့်ချိရန် ပြင်ဆင်ခဲ့သော်လည်း ငလျင်နှင့် ဆူနာမီဖြစ်ပေါ်မှုတို့ကြောင့်ဖြန့်ချိရေးအစီအစဉ်အားရွှေ့ဆိုင်းခဲ့ရသည်။ *—Ref: Xinhua*

## အင်္ဂလိပ်စာမှ အလိုအလျောက် မြန်မာဘာသာသို့ ပြန်ဆိုမည့် ဘာသာပြန်ဆော့ဖ်ဝဲသုံးနိုင်တော့မည်


ရန်ကုန်-မတ်-၂၅

ကွန်ပျူတာသုံး မြန်မာစာစနစ်အကောင်အထည်ဖော်ရေးအဖွဲ့က အင်္ဂလိပ်စာစကားလုံးများမှ မြန်မာဘာသာသို့ အလိုအလျောက် ဘာသာပြန်ဆိုပေးမည့်ဆော့ဖ်ဝဲကို ယခုနှစ်အတွင်းအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

စာပိုဒ်တစ်ပိုဒ်ချင်းအလိုက်ပါ ဘာသာပြန်ဆိုနိုင်မည့် အဆိုပါစနစ်အား မြန်မာယူနီကုဒ်စာလုံးဖောင့်များဖြင့် သုံးစွဲနိုင်မည်ဖြစ်သည် ဟုသိရသည်။

အင်္ဂလိပ်စာမှ မြန်မာဘာသာသို့ ပြန်ဆိုနိုင်မည့်အဆိုပါ စနစ်သည်ပြည်တွင်းနည်းပညာနယ်ပယ်အတွက် ပထမဆုံးဖြစ်လာမည့် ဆော့ဖ်ဝဲဖြစ်လာမည်ဟုသိရသည်။

## Street View ကြောင့် ဂူးဂဲလ်ဒဏ်ရိုက်ခံရ



ပါရီ၊ မတ် - ၂၂

Street View လမ်းမြင်ကွင်း ဝန်ဆောင်မှုအတွက် အချက်အလက်များစုဆောင်းရာတွင် ပုဂ္ဂလိကသတင်းအချက်အလက်များ ရယူခဲ့ခြင်းအတွက် ပြင်သစ်နိုင်ငံက ဂူးဂဲလ်ကုမ္ပဏီအား စံချိန်တင် ဒဏ်ကြေးငွေ ယူရိုငွေတစ်သိန်း (ကန်ဒေါ်လာ ၁၄၂,၀၀၀) ချမှတ်လိုက်ကြောင်း သိရသည်။

ယခုဒဏ်ငွေပမာဏမှာ ဒဏ်ငွေချမှတ်ခွင့်ရှိသည့် ၂၀၀၄ ခုနှစ်မှစ၍ စံချိန်တင်သော ပမာဏဖြစ်ကြောင်း ပြင်သစ်ပုဂ္ဂလိကအချက်အလက်ကာကွယ်ရေးအဖွဲ့အကြီးအကဲ ယန်းပါဒိုဗာက ပြင်သစ်သတင်းစာ Le Parisien အားပြောကြားသည်။

ဂူးဂဲလ်ကုမ္ပဏီသည် Street View ဝန်ဆောင်မှုအား ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ပြီး ဥရောပတွင် ယင်းဝန်ဆောင်မှုအတွက် ပုဂ္ဂလိကလွတ်လပ်မှုအခွင့်အရေးအတွက် စိုးရိမ်ပူပန်မှုများ ရှိနေသည်။

သို့သော် လမ်းများအား ဓာတ်ပုံရိုက်ရန် အထူးကိရိယာများ တပ်ဆင်ထားသောကားများသည် ဓာတ်ပုံရိုက်နေစဉ် အခြားဝိုင်ဖိုင်အချက်အလက်များ၊ လျှို့ဝှက်သင်္ကေတဖြင့် မရေးသားထားသည့် ကုတ်နံပါတ်များ၊ အီးမေးလ်များကိုလည်း မရည်ရွယ်ဘဲရရှိခဲ့ကြောင်း ဂူးဂဲလ်က ဝန်ခံထားသည်။

၎င်းပုဂ္ဂလိကနှင့်ဆိုင်သော ကိုယ်ပိုင်အချက်အလက်များကို ဖျက်ပေးသွားမည်ဟု ဂူးဂဲလ်က ကတိပြုခဲ့ကြောင်း၊ သို့သော် ဂူးဂဲလ်သည် အချို့လူပုဂ္ဂိုလ်များ၏ ဝိုင်ဖိုင်မှ ချိတ်ဆက်ရယူနိုင်သည့်အချက်အလက်များကို ယင်းလူပုဂ္ဂိုလ်များအား အသိမပေးဘဲ ဆက်လက်သုံးစွဲနေခဲ့ခြင်းကို တွေ့ရှိရကြောင်း သတင်းလွတ်လပ်ခွင့်အတွက် အမျိုးသားကော်မရှင်အကြီးအကဲက ပြောကြားသည်။ ထို့အပြင် ဂူးဂဲလ်သည် ယင်းအချက်အလက်များကိုအသုံးချ၍ စီးပွားရေးအကျိုးအမြတ်ရရှိခဲ့သည့်အတွက် စံချိန်တင်ဒဏ်ငွေချမှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်အရာရှိက ဆက်လက်ပြောကြားသည်။ *—Ref: AFP*



7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# အထူးစီးပွားရေးဇုန်သည် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၏ လက်နက်ကိရိယာတစ်ခုဖြစ်သည်

ရွှေနွယ်

**SEZ ရည်ရွယ်ချက်များ**

အထူးစီးပွားရေးဇုန် (Special Economic Zone-SEZ)များကို ကမ္ဘာအနှံ့ထူထောင်ခဲ့ကြသည်။ ဤသို့ ထူထောင်ကြရာ၌ အဓိက အားဖြင့် ကုန်သွယ်မှုနှင့် အရင်းမြှုပ်နှံမှုကို မြှင့်တင်ရန်၊ ကျောထောက်နောက်ခံ အဆောက်အအုံအသစ်များ ဖန်တီးပေးရန်၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာစေရန်၊ အထူးစီးပွားရေးဇုန်ရှိရာ ဒေသ၏ ဒေသစီးပွားရေး တိုးတက်ဖွံ့ဖြိုးလာစေရန်၊ နိုင်ငံခြားငွေ ပိုမိုရရှိလာစေရန်၊ ပို့ကုန်လုပ်ငန်းများ၏ ပြိုင်ဆိုင်မှုအား ပိုမိုကောင်းမွန်လာစေရန်နှင့် နည်းပညာနှင့်ကျွမ်းကျင်မှုများကို လွှဲပြောင်းရယူကြရန်ဆိုသော ရည်ရွယ်ချက်များ ထားရှိခဲ့ကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ အထက်ဖော်ပြပါ အချက်များသည် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို မောင်းနှင်ပေးသော အရာများပင်ဖြစ်၏။ SEZ များတည်ရှိခဲ့သည်မှာ ဆယ်စုနှစ်အတန်ကြာခဲ့ပြီးဖြစ်သလို SEZ များက သက်ဆိုင်ရာဒေသနှင့် နိုင်ငံ၏ ကျောထောက်နောက်ခံအဆောက်အအုံ ဖွံ့ဖြိုးရေးကို အားပေးကူညီရုံမျှသာမက စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကိုပါ ဆောင်ကြဉ်းပေးနိုင်သည် ဟူသော အယူအဆကလည်း အတော်ပင် အမြစ်တွယ်လာပြီဖြစ်၏။

အထူးစီးပွားရေးဇုန်(SEZ) ဟု ဆိုရာတွင် ပို့ကုန်ထုတ်လုပ်မှုဇုန်(Export Processing Zone-EPZ)၊ မဟာဗျူဟာစီးပွားရေးဇုန် (Strategic Economic Zone)၊ ပြည်ပကုန်သွယ်မှုဇုန်(Foreign Trade Zone-FTZ)၊ လွတ်လပ်စွာကုန်သွယ်နိုင်သော ဧရိယာ (Free Trade Area)၊ ဖွင့်ထားသော ကမ်းရိုးတန်းဇုန်(Open Coastal Zone) စသည်ဖြင့် ပါဝင်လေ့ရှိကြသည်။

အဆိုပါ အထူးဇုန်များ၌ ထူးခြားချက်အချို့ ကိုယ်စီရှိကြသည်။ သို့သော် ကြိုးနီစနစ်လျှော့နည်းခြင်း၊ ကျောထောက်နောက်ခံ အဆောက်အအုံ သာလွန်ကောင်းမွန်ခြင်း၊ အခွန်လျှော့ပေါ့ခွင့်နှင့် ကင်းလွတ်ခွင့်များ ဖောဖောသီသီ ရရှိခြင်း၊ ကုန်ကြမ်းများအတွက်သာမက အခြားသွင်းအားစုများနှင့် ရင်းနှီးကုန်စည်များအတွက် သွင်းကုန် ခွန်ကင်းလွတ်ခွင့်ပြုခြင်းစသော ထူးခြားချက်များမှာ သိသာထင်ရှား၏။

အိုင်ယာလန်နိုင်ငံတွင် ၁၉၅၈ ခုနှစ်က ရှန်နွန်(Shannon) အမည်ရှိ ပို့ကုန်ထုတ်လုပ်မှုဇုန်(EPZ)တစ်ခုကို စတင်ထူထောင်ခဲ့သည်။ ထိုဇုန်သည် SEZ များ၏ ပထမဆုံး နမူနာဟုလည်း ဆိုနိုင်သည်။ (ဤအချက်နှင့် ပတ်သက်၍ ဝိဝါဒကွဲပြားမှုများ ရှိနေဆဲဖြစ်သည်။) ရှန်နွန် EPZ အပေါ် အတွေ့အကြုံယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံအများအပြား၊ အထူးသဖြင့် အာရှဒေသတွင် ပို့ကုန်ထုတ်လုပ်မှုဇုန် EPZ များ တည်ထောင်ခဲ့ကြသည်။ ထိုစဉ်က EPZ ထူထောင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ သွင်းကုန်အစားထိုးဖွံ့ဖြိုးမှု မဟာဗျူဟာမှ ရှောင်ခွာပြီး ပို့ကုန်တွန်းအားပေးသော စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု မဟာဗျူဟာ လမ်းကြောင်းကို ရွေးချယ်ကြရန် ဖြစ်၏။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က နိုင်ငံပေါင်း ၃၀ တွင် EPZ ပေါင်း ၈၀ မျှသာရှိသည်။ ထို EPZ များက ပို့ကုန်မှ နိုင်ငံခြားငွေရှာဖွေပေးနိုင်မှုမှာ ဒေါ်လာ ၆ ဘီလီယံဖိုးမျှသာရှိပြီး လူတစ်သန်းခန့်အတွက်သာ အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် နိုင်ငံပေါင်း ၁၃၀ ကျော်၌ SEZ ပေါင်း ၃၅၀၀ ကျော်ရှိကာ ပို့ကုန်မှ နိုင်ငံခြား ငွေ ဒေါ်လာ ၆၀၀ ဘီလီယံရှာပေးနိုင်သလို အလုပ်သမားပေါင်း ၆၆ သန်းအတွက်လည်း အလုပ်အကိုင်သစ်များ ရရှိစေခဲ့သည်။

**နိုင်ငံတကာရှိ SEZ များ**

နိုင်ငံအလိုက် ကြည့်မည်ဆိုလျှင် အမေရိကန်နိုင်ငံ၌ လွတ်လပ်သော ကုန်သွယ်မှုဇုန်(Free Trade Zone) အများဆုံးရှိနေပါသည်။ SEZ အရေအတွက်၌ ဒုတိယလိုက်သော နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံတွင် ၁၉၈၀ ခုနှစ်များနှင့် ၁၉၉၀ ခုနှစ်များအတွင်း ပို့ကုန်ဇောင်းပေးသော တိုးတက်မှု မဟာဗျူဟာ (Export -oriented growth strategy)ကို ချမှတ်အကောင်အထည် ဖော်ခဲ့သည်။ ထိုမဟာဗျူဟာ၏ အဓိက သွင်ပြင်လက္ခဏာမှာ အထူးစီးပွားရေးဇုန်များ ထူထောင်ခြင်းနှင့် ပင်လယ်ကမ်းရိုးတန်းဆိပ်ကမ်းမြို့များကို တံခါးဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။

မကြာသေးမီနှစ်များက ပို့ကုန်ဦးစားပေး တိုးတက်မှု မဟာဗျူဟာကို ဗီယက်နမ်၊ ဟန်ဂေရီ၊ ကော့စတာရီကာနှင့် မက္ကဆီကို နိုင်ငံများတွင် ချမှတ်ကျင့်သုံးမှုနှင့်အတူ အထူးစီးပွားရေးဇုန်(SEZ)များလည်း ထိုနိုင်ငံများ၌ သိသိသာသာ ပေါ်ပေါက်လာခဲ့ကြသည်။ ထို့အပြင် အာရှဒေသရှိ နိုင်ငံအများစုကလည်း အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပိုမိုရရှိရေးနှင့် ပို့ကုန်တိုးမြှင့်ရေးကို ရည်ရွယ်ပြီး အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှု မဟာဗျူဟာများ ချမှတ်လာကြောင်း တွေ့ရသည်။

အထူးဇုန်များ၏ ဧရိယာ အကျယ်အဝန်းကို ကြည့်လျှင် ရုရှားနိုင်ငံရှိ ကာလင်နင်ဂရက် (Kaliningrade) စီးပွားရေးဇုန်သည် ၁၅,၀၀၀ စတုရန်း ကီလိုမီတာရှိကာ အကြီးမားဆုံး အထူးစီးပွားရေးဇုန်ဖြစ်သည်။ ဒုတိယ ဧရိယာအကျယ်ဆုံး အထူးစီးပွားရေးဇုန်မှာ ပနားမားနိုင်ငံတွင်ရှိပြီးတတိယ ဧရိယာအကျယ်ဆုံး အထူးစီးပွားရေးဇုန်မှာ ဟောင်ကောင်ကျွန်း၌ ရှိသည်။

ဇယားတွင် နိုင်ငံအလိုက်ရှိသည့် အထူးစီးပွားရေးဇုန် အရေအတွက်ကို ဖော်ပြပေးထားပြီး ထိုအထူးဇုန်အသီးသီးက ပို့ကုန်တင်ပို့မှု ရငွေဒေါ်လာသန်းပေါင်းကိုလည်း ဖော်ပြထားပါသည်။

နိုင်ငံတကာ အတွေ့အကြုံများအရ SEZ များ၏ ဧရိယာအကျယ်အဝန်းသည် ၂ စတုရန်းကီလိုမီတာမှ ၁၅,၀၀၀ စတုရန်းကီလိုမီတာအထိ ရှိကြသည်။ SEZ ၏ ဧရိယာအကြီးအသေးသည် SEZ အတွင်း ကိုယ့်ခြေထောက်ပေါ်၌ ကိုယ်ရပ်ပြီး လုပ်ငန်းလုပ်နိုင်ခြင်း ရှိ၊ မရှိ (Self-sufficiency) နှင့် အထူးစီးပွားရေးဇုန်၏ စုစည်းပေါင်းစပ်မှု (Infegration) အားကောင်း၊ မကောင်းအပေါ်တွင် မူတည်သည်။ သို့သော်လည်း လိုအပ်သော စီးပွားရေးလုပ်ငန်းတစ်ခု အကောင်အထည် ပေါ်လာစေရန်အတွက် သတ်မှတ်သော အနည်းဆုံး မြေဧရိယာအကျယ်အဝန်း တစ်စုံတစ်ရာက မလွဲမသွေရှိမှ ဖြစ်မည်။

ထို့အပြင် ပထဝီဝင်အနေအထားရ မဟာဗျူဟာ အချက်အချာကျမှု၊ အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် လွယ်လင့်တကူ အဆင်ပြေချောမွေ့စွာ ဘက်စုံမှ ဆက်သွယ်ဆောင်ရွက်နိုင်မှုတို့ကလည်း SEZ တို့၏ ရေရှည်အောင်မြင်မှုရေးအတွက် အထူးအရေးပါလှသည်။ အထူးစီးပွားရေးဇုန်အတွင်း လုပ်ကိုင်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလမ်းကြောင်း တံခါးမကြီးနှင့် လွယ်လင့်တကူ ချိတ်ဆက်နိုင်ရေးအတွက် အထူးဂရုစိုက် ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရသည်။

SEZ အကောင်အထည်ဖော်သော နိုင်ငံများ၌ ထိုနိုင်ငံ၏ စီးပွားရေးအတွက် မည်သည့် စက်မှုလုပ်ငန်းက မဟာဗျူဟာအရ အရေးပါအရာရောက်သနည်းဆိုသော အချက်ကို အလေးအနက်ထားပြီး သုံးသပ်လေ့ရှိကြ၏။ ထိုသုံးသပ်ချက်အပေါ်၌ အခြေခံကာ မဟာဗျူဟာကျသော စက်မှုလုပ်ငန်းများ၌ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် အာရုံစိုက်ဆောင်ရွက်ကြ၏။

ကုန်ပစ္စည်း တစ်မယ်၊ နှစ်မယ်(သို့မဟုတ်) ကုန်စည်အုပ်စုတစ်မျိုး၊ နှစ်မျိုးအပေါ်တွင် ဇောင်းပေး မှီခိုနေရခြင်းမျိုးသည် ဈေးကွက်အပြောင်းအလဲများဖြစ်ပေါ်လေ့ရှိသည့် ကာလရှည်တစ်လျှောက်၌ ရေရှည်ရှင်သန်ရပ်တည်မှုကို အထောက်အကူမပြုနိုင်ပေ။

ကျောထောက်နောက်ခံ အဆောက်အအုံဟူသော စကားတွင် ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေးအစရှိသည်တို့ ပါဝင်၏။ အထူးစီးပွားရေးဇုန် SEZ များထူထောင်ခါစ ကနဦးပိုင်းတွင် အစိုးရပိုင်းက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းသည် SEZ များ၏ အောင်မြင်မှုကို ကောင်းစွာအထောက်အကူပေးနိုင်သည်။

နေထိုင်ရေး၊ အပန်းဖြေရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို လွယ်လင့်တကူ အဆင်ပြေအောင် ဖန်တီးပေးနိုင်မည်ဆိုပါက အထူးစီးပွားရေးဇုန်များသို့ ရင်းနှီးမြှုပ်နှံသူများ ပို၍လိုမ့်ဝင်လာစရာ လမ်းခင်းပေးသလို ဖြစ်သွားသည်။

ဤတွင် တရုတ်ပြည်ရှိ SEZ က ရရှိအသုံးချခဲ့သော အကျိုးထူးတစ်ခုကို တင်ပြလိုသည်။ တရုတ်နိုင်ငံရှိ SEZ များအနေနှင့် ကျွမ်းကျင်လုပ်သားများကို လွယ်လင့်တကူရနိုင်သလို သွင်းအားစုများနှင့် သယံဇာတကုန်ကြမ်းလိုအပ်ချက်ကိုလည်း စရိတ်နည်းနည်း၊ ထိထိရောက်ရောက်ဖြင့် ဖြည့်ဆည်းပေးနိုင်စွမ်းရှိခြင်းသည် အခြားနိုင်ငံများရှိ SEZ များထက် သာလွန်ကောင်းမွန်သော အကျိုးထူးပင်ဖြစ်၏။

**တည်ငြိမ်၊ မျှတသော အခွန်စနစ်ကိုလိုချင်**

SEZ များနှင့်ပတ်သက်သော စရိတ် (Cost) မှာမြင့်မား၏။ အစိုးရပိုင်းအနေနှင့် SEZ အတွင်းရှိ လုပ်ငန်းများအတွက် အခွန်သက်သာခွင့်ပေး၏။ အခွန်အကောက်သက်သာခွင့်ပေးသဖြင့် အစိုးရဘက်က ရသင့်ရထိုက်သော အခွန်အကောက်ကို တစ်စုံတစ်ရာ ကာလအထိ မရနိုင်တော့။ သို့သော်နိုင်ငံတကာ အတွေ့အကြုံများက SEZ ၌ လာရောက်ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းလုပ်ကြရာ၌ အဓိကရွေးချယ်မှုမှာ အခွန်သက်သာကင်းလွတ်ခွင့်မဟုတ်။ ရှိရင်းစွဲ အခွန်အကောက်စနစ်က မည်မျှအထိတည်ငြိမ်(Stable)သနည်း။ မည်သည့် အတိုင်းအတာအထိ မျှမျှတတဆောင်ရွက်သနည်းဆိုသောအချက်က ပို၍အဓိကကျသည်ကို တွေ့ရ၏။

ထို့အပြင် အထူးစီးပွားရေးဇုန်၏ အပြင်ဘက်ရှိ ထုတ်လုပ်သူများနှင့် စားသုံးသူများက အထူးစီးပွားရေးဇုန်အတွင်းရှိ ထုတ်လုပ်သူများနှင့် စားသုံးသူများရခွင့်ရှိသည့် အထူးအခွင့်အရေးများ သက်သာခွင့်များကို မသမာသောနည်းများဖြင့် ရယူခံစားနိုင်ရန် ကြိုးစားမှုများ ရှိလာသည်။ ဤအခြေအနေတွင် ဥပဒေကြောင်းအရ ထိန်းသိမ်းဆောင်ရွက်ရသည့် စရိတ်စကများလည်း ရှိလာနိုင်ရာ ဤစရိတ်ကို ကြိုတင်တွက်ဆထားရန်လိုသည်။

SEZ များ၏ အောင်မြင်မှု အရှိန်အဟုန်ကို တွန်းတင်ပေးနိုင်သော အချက်တစ်ခုမှာ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ပတ်သက်မှု ကြီးမားကျယ်ပြန့်ခြင်း ရှိ-မရှိ ဟူသော အချက်ပင်ဖြစ်၏။ ပုဂ္ဂလိကကဏ္ဍသည် SEZ ၏ အဓိကအရေးပါသော ကျောထောက်နောက်ခံ အဆောက်အအုံများတွင် လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှုများတွင် ပါဝင်လုပ်ကိုင်ခွင့်ရရန် အရေးကြီးသည်။

ထို့အပြင် အရေးအရာများကို စီမံအုပ်ချုပ်ခန့်ခွဲရာ၌ ထိရောက်၊ ထက်မြက်ပြီး စွမ်းဆောင်ရည်ပြည့်ဝသောစီမံခန့်ခွဲမှု စနစ်တစ်ခုရှိရန် လိုအပ်သည်။ ထိုစနစ်မရှိလျှင်SEZ လုပ်ငန်းများ မအောင်မြင်နိုင်ပေ။

**နိဂုံး**

နိုင်ငံတကာ အတွေ့အကြုံများအရ SEZ များ အောင်မြင်မှုရှိ၊ မရှိသည် SEZ ၌ လာရောက်လုပ်ငန်းလုပ်သူများ မည်သည့် အတိုင်းအတာအထိ အဆင်ပြေခြင်းရှိ၊ မရှိ ဟူသော အချက်နှင့် ဆက်စပ်နေကြောင်း တွေ့ရသည်။ အရင်းမြှုပ်နှံရန် လွယ်ကူရမည်။ စက်ရုံဆောက်ရန် လွယ်ကူရမည်။ သယ်ယူပို့ဆောင်ရေး၊ ရေ၊ မီး၊ ဆက်သွယ်ရေး လွယ်ကူအဆင်ပြေရမည်။ လိုအပ်သည့် ကျွမ်းကျင်လုပ်သားကို ပြည်တွင်းဈေးကွက်၌ ရရှိနိုင်ရမည်။ ကုန်ကြမ်းပစ္စည်းတင်သွင်းခွင့်၊ ထုတ်လုပ်ပြီး ကုန်ချောများ ပြည်ပသို့တင်ပို့ခွင့် အဆင်ပြေချောမွေ့ရမည်။ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများကလည်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံချင်စိတ်ပေါ်လာအောင် စီစဉ်ဖန်တီးပေးထားသော အရာများ ဖြစ်ရမည်။ ထိုအခြေအနေများနှင့် ပြည့်စုံလျှင် နိုင်ငံအများစု၌ ပုဂ္ဂလိကကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုက ဦးဆောင်သော စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရရန်အတွက် SEZ သည် အရေးပါသော လက်နက်ကိရိယာတစ်ခုအဖြစ် တည်ရှိခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ။

**အဓိက အထူးစီးပွားရေးဇုန်များ၏ အလုပ်အကိုင်ရရှိမှုနှင့် ပို့ကုန်တင်ပို့မှု အခြေအနေ**


| နိုင်ငံ | ဇုန်အရေအတွက် | နိုင်ငံ | အလုပ်အကိုင် ရရှိမှု (ထောင်ပေါင်း) | နိုင်ငံ | ပို့ကုန် (ဒေါ်လာ သန်းပေါင်း) |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| တရုတ် | ၁၈၇ | တရုတ် | ၅၀,၀၀၀ | တရုတ် | ၁၄၅,၀၀၀ |
| ဗီယက်နမ် | ၁၈၅ | အင်ဒိုနီးရှား | ၆,၀၀၀ | မလေးရှား | ၁၁၇,၀၁၃ |
| ဟန်ဂေရီ | ၁၆၀ | မက္ကဆီကို | ၁,၃၀၀ | ဟောင်ကောင် (တရုတ်) | ၁၀၁,၅၀၀ |
| ကော့စတာရီကာ | ၁၃၉ | ဗီယက်နမ် | ၉၅၀ | အီရန် | ၈၇,၂၈၉ |
| မက္ကဆီကို | ၁၀၉ | ပါကစ္စတန် | ၈၈၈ | အိုင်ယာလန် | ၈၂,၅၀၀ |
| ချက် | ၉၂ | ယူအေအီး | ၅၅၂ | ချက် | ၆၈,၆၂၆ |
| ဖိလစ်ပိုင် | ၈၃ | ဖိလစ်ပိုင် | ၅၄၅ | အယ်လ်ဂျီးရီးယား | ၃၉,၄၂၃ |
| ဒိုမီနီကန် | ၅၈ | တောင်အာဖရိက | ၅၃၅ | အာဂျင်တီးနား | ၃၆,၄၇၈ |
| ကင်ညာ | ၅၅ | ထိုင်း | ၄၅၂ | ဖိလစ်ပိုင် | ၃၂,၀၃၀ |
| အီဂျစ် | ၅၃ | ယူကရိန်း | ၃၈၇ | ကိုရီးယား | ၃၀,၆၁၀ |
| ပိုလန် | ၄၈ | မလေးရှား | ၃၆၉ | တူနီးရှား | ၂၀,၅၄၄ |
| နိုင်ကရာဂွာ | ၃၄ | လစ်သူနီးယား | ၃၆၉ | ဘင်္ဂလားဒေ့ရှ် | ၁၁,၇၁၆ |
| ထိုင်း | ၃၁ | ဟွန်ဒူးရပ်စ် | ၃၅၄ | လစ်သူနီးယား | ၁၁,၄၀၄ |
| ဂျော်ဒန် | ၂၇ | ဟောင်ကောင် (တရုတ်) | ၃၃၆ | မက္ကဆီကို | ၁၀,၆၇၈ |
| ယူအေအီး | ၂၆ | တူနီးရှား | ၂၆၀ | | |

မှတ်ချက် -OECD နိုင်ငံများရှိ ဇုန်များမပါဝင်ပါ။
ဇစ်မြစ် - အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# မိတ္တူလူသားနှင့်အနာဂတ်

ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)



ကျောင်းဆရာတစ်ဦးဖြစ်သော ကျွန်တော်သည် ဒသမတန်း မြန်မာစာကို နှစ်စဉ် သင်ကြားပေးရ၏။ ယခုဆိုဆယ်နှစ်ပင်ကျော်ခဲ့ပါပြီ။ သင်နေရင်း စိတ်တိုင်းမကျမှုက တိုး၍သာလာနေ၏။ ကိုယ့်ဆရာ အချင်းချင်းလည်း ကလေးတွေ၏အခြေအနေကို အပြန်အလှန်ဆွေးနွေးမိ၏။ တစ်သံတည်း ထွက်မိတာက ကလေးတွေသိမှုနယ်ပယ်ကျဉ်းလာသည့်အကြောင်း။

တစ်ခါက နှစ်ပတ်လည် ညစာစားပွဲကို ကျွန်တော်တက်ခွင့်ရခဲ့သည်။ ထမင်းဝိုင်းတစ်ဝိုင်းတည်း၌ ထိုနှစ်က ဒသမတန်းတွင် တစ်နိုင်ငံလုံး တတိယရသည့် ကလေးတစ်ယောက်ပါသည်။ သူ့ကို နံဘေးက ပါမောက္ခ တစ်ယောက်က ဉာဏ်စမ်းလေးတွေမေး၏။ ကျွန်တော်နားထောင်နေသည်။ ထိုကလေး ဟုတ်တိ၊ ပတ်တိမဖြေနိုင်။ ပါမောက္ခဆရာကြီးက အားရဟန်မတူ။ "မဟုတ်ဘူးလေကွာ၊ သည်လိုလေ"ဟု မဖြေနိုင်တိုင်း ရှင်းပြသည်။

ကျွန်တော် သိသလောက် ပါမောက္ခကြီးမေးခွန်းမှာ သိပ်ခက်တာမပါ။ ဆရာကြီးက ကောင်းကင်မှာသာနေသောလကို လက်ညှိုးထိုးပြပြီး အင်္ဂလိပ်လိုဘယ်လိုခေါ်သလဲမေးသည်။ ကြယ်ကိုမေးသည်။ ကလေးကသည်လောက်တော့ 'Moon'၊ 'Star' ဖြေနိုင်သည်။ သို့သော် ကြယ်အစုအဝေး (Galaxy) ကျတော့ မဖြေနိုင်တော့။

အမှန်တော့ မဖြေနိုင်လို့သာရှိ၏။ ဆဋ္ဌမတန်းမှာပင် စကြဝဠာနှင့် နေအဖွဲ့အစည်းအကြောင်း၌ ဂလက်ဆီအကြောင်းပါသည်။ ပါမောက္ခကြီးကိုလန့်၍ ကျက်ပြီးသားတွေမေ့ကုန်တာလား။ Chapter End Test ခေါ် အခန်းဆုံးဖြေပြီးတာနှင့် မေ့ပစ်လိုက်ဆိုသော မူကြောင့်လား။ ကျွန်တော်မပြောတတ်။ သူ့အဖြေ ကျေနပ်ဖွယ်မရှိတာကအမှန်။

"မနေ့ညနေက မင်း ဘာဟင်းနဲ့စားခဲ့သဲ"ဟုမေးလျှင် မဖြေနိုင်သူ အတော်များပါသည်။ ဤကိစ္စမေ့တာကလည်း သဘာဝကျပါသည်။ ပြန်သတိရလို့ကလည်း မနေ့ညနေက ဟင်းအရသာ အခုပြန်မပေါ်နိုင်တော့ပြီကိုး။ သို့သော် အခန်းဆုံးစစ်ဆေးပြီးတာနဲ့သည် သင်ခန်းစာမေ့လိုက်တော့ ဆိုသောအချက်ကမူ မနေ့က စားခဲ့သော ဟင်းနှင့် သဘောသဘာဝချင်းမတူဟု ကျွန်တော် မြင်မိသည်။

ကျွန်တော်က ကလေးတွေကို လူ့ဘဝမှာ စဉ်းစားဆင်ခြင်တတ်မှုအရေးကြီးပုံပြောပြသည်။ ဘာသာရပ်တိုင်းကို စဉ်းစားမှုဖြင့် ချဉ်းကပ်ဖို့ဆုံးမ၏။ ယနေ့ခေတ်ပြယုဂ်တစ်ခုဖြစ်သည့် လင်ကွာ၊ မယားကွာရခြင်းတွင် မစဉ်းစားမဆင်ခြင်ဘဲ တဒင်္ဂအတွေးဖြင့် အိမ်ထောင်ပြုမိခြင်းသည် အချက်တစ်ခု အနေဖြင့်ပါကြောင်း သာဓကတင်ရှင်းပြပေမယ့် သူတို့က တုံဏှိဘာဝေသာ။ ကျွန်တော်ဘာပြောပြော အဆုံးကျ သူတို့တွေက မြန်မာစာဝါကျဖွဲ့ကအစ အထူးထုတ်မှ ကူးချတော့၏။ ရင်မောစရာပင်။

ဤမိတ္တူ လူသားများဖြင့် ခေတ်မီနိုင်ငံတော်ကို မည်သို့ထူထောင်ကြမည်နည်း။ စက်မှုထွန်းကားနေသော တိုင်းပြည်တွေကို မည်သို့ အမီလိုက်မည်နည်း။ ကျွန်တော်တို့ အလေးထား၍ စဉ်းစားသင့်ပြီထင်ပါသည်။

နေပြည်တော်၌ မတ်လ ၁၁ ရက်တွင် ပြုလုပ်ခဲ့သည့် အမျိုးသားလွှတ်တော်၌ ဦးစတီဗင်သာဘိတ်တင်သွင်းသည့် လက်ရှိပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန်အဆိုမှာ မဲခွဲဆုံးဖြတ်ရာတွင် လွှတ်တော်က သဘောမတူကြောင်း သုံးသပ်ခဲ့သည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဦးစတီသာဘိတ်၏ အဆိုကို ပြန်လည်ရှင်းလင်းပြရာတွင် အခြေခံသင်ရိုးညွှန်းတမ်းများကို ပြည်တွင်းပြည်ပပညာရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပညာရှင်များ၊ နိုင်ငံတကာ ပညာရှင်များနှင့် ညှိနှိုင်း၍ နိုင်ငံတကာအဆင့်မီ ရေးဆွဲထားခြင်းဖြစ်သည်ဟု ပြောကြားသွားသည်ကို တွေ့ရသည်။

ထို့အပြင် အခြေခံပညာအဆင့်တွင် နှစ်၃၀နှစ်ရှည်စီမံကိန်းချမှတ်၍ လုပ်ဆောင်နေသည်ဟု ပညာရေးဝန်ကြီးက ပြောကြားခဲ့သည်။ အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းအဆင့်ဆင့်ကို တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်မှ ပညာရှင်များပါဝင်သော အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပဆောင်ရွက်ပြီး ပညာရေးဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို ပုံမှန်ပြန်လည်စိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ ဖြတ်တောက်ပြင်ဆင်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်ဟု ဒေါက်တာချမ်းငြိမ်းက ပြောကြားသွားခဲ့သည်။

"မူက ကောင်းတယ်ကွ၊ လူမကောင်းတာ"ဟုဆိုလျှင်လည်း ကျောင်းဆရာဖြစ်သော ကျွန်တော်က ဝန်ခံရန် အသင့်ရှိပါသည်။ ကျွန်တော်တို့ ပညာရေးလောကသားအများစုကလည်း ကလေးကို ပြုစုခြင်းသည် အနာဂတ်ကိုတည်ဆောက်နေတာဟု နားမလည်။ "ငါ့လက်ကလွတ်၊ ပြွတ်"ဟု လုပ်နေကြသည်ကိုး။

ပညာရေးသည် တိုင်းပြည်၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်ဟု ယုံကြည်လျှင် ပညာပြည့်ဝ၊ နှလုံးလှ၍ စဉ်းစားဆင်ခြင်မှုအတတ်ပြီးသော ပညာတတ်လူအရင်းအနှီးများ အမှန်တကယ် တိုးပွားလာအောင် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းအဖြေရှာသင့်ပြီထင်ပါသည်။ ॥

# ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်း မိုးသီးများကြွေကျ

မျိုးမင်းဦး၊ ညီညီဇော်

ရန်ကုန်၊ မတ် - ၂၇

မုံရွာခရိုင်၊ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်း ကျေးရွာအချို့၌ မတ်လ ၂၆ရက် ညနေ ၄ နာရီ မိနစ် ၅၀ အချိန်တွင် ပဲစေ့ခန့်မှ မြန်မာဆီးချဉ်သီးအရွယ်ရှိသည့် မိုးသီးများကြွေကျခဲ့ကြောင်း ယင်းမာပင်မြို့နယ်၊ တမာပင်ခွကျေးရွာဒေသခံများက ပြောသည်။

"မိုးတွေအုံ့ဆိုင်းညို့မှိုင်းလာပြီး မိုးသီးတွေကျလာတယ်။ မိုးသီးလုံးတွေက အသေးဆုံး ပဲစေ့လောက်ကနေ အကြီးဆုံးမြန်မာဆီးချဉ်သီးလောက်အထိရှိတယ်။ မိုးသီးတွေကျနေချိန်မှာ လျှပ်စီးတွေလက်ပြီး မိုးတွေမကြာခဏခြိမ်းခဲ့တယ်။ ဒီဘက်နယ်ကတော့ ဂျုံ၊ ကုလားပဲရိတ်သိမ်းပြီးချိန်ဆိုတော့ စိုက်ခင်းတွေ ပျက်စီးတာမရှိပါဘူး"ဟု ပုလဲမြို့နယ်၊ မောင်းတုံကျေးရွာ ဒေသခံတစ်ဦးက ပြောကြားသည်။

မိုးသီးကျဆင်းခြင်းကို ပုလဲမြို့နယ်နှင့် ယင်းမာပင် မြို့နယ်အတွင်း ကျေးရွာအချို့တွင် ကြုံတွေ့ခဲ့ရပြီး မုံရွာခရိုင်အတွင်း မြို့နယ်များ၌ မတ်လကုန်ရက်ပိုင်းအတွင်း နေရာကွက်ကျား မိုးရွာသွန်းခဲ့ကြောင်း သတင်းရရှိသည်။

"မိုးသီးတော့မကျဘူး။ နေရာကွက်ကျား မိုးသည်းသည်းရွာတော့ အမေရေယဉ်ရိုးရာနတ်ပူဇော်ပွဲသွားတဲ့ ဇီးတောကျေးရွာ ကျေးလက်လမ်းအချို့မှာ ရွှံ့စေးမြေတွေကပ်ပြီး ယာဉ်တွေသွားလာရခက်ခဲကုန်တယ်။ အလောင်းတော်ကဿပ ကားလမ်းနေရာအချို့မှာလည်း အချိန်အခါမဟုတ်ရွာတဲ့မိုးကြောင့် လမ်းတွေ သွားမရလာမရဖြစ်ခဲ့ရတယ်" ဟု ယင်းမာပင်ဒေသခံတစ်ဦးကပြောသည်။

မတ်လ ၁၀ရက်မှ ၁၇ရက်အထိ အချိန်အခါမဲ့ မိုးရွာသွန်းမှုများ တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးဆက်တိုက်ရွာသွန်းခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

မုံရွာဒေသ အနီးတစ်ဝိုက်မြို့နယ်များတွင် ယခုနှစ်အတွင်း အချိန်အခါမဲ့မိုးမှာ မတ်လ ၁၅ ရက်ကစတင်ရွာသွန်းခဲ့ပြီး ဆောင်းသီးနှံ၊ ဂျုံ၊ ကုလားပဲ စိုက်ခင်းများတွင် ရိတ်သိမ်းခြွေလှေ့ချိန်ဖြစ်သဖြင့် တောင်သူများ သီးနှံပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဆောင်ရွက်ခဲ့ရကြောင်းသိရှိရသည်။ ဆောင်းသီးနှံ စိုက်ခင်းအများစု ရိတ်သိမ်းခြွေလှေ့ပြီးစီးသူများပြားသဖြင့် မုံရွာဒေသ၌ရွာသွန်းသော မိုးကြောင့်အပျက်အစီးအနည်းငယ်သာကြုံတွေ့ခဲ့ရပြီး စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်အတွင်း မြေနိမ့်ပိုင်းရှိ ဆောင်းသီး နှံစိုက်ခင်းများတွင် မိုးနှောင်းကာလက သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင့် စိုက်ပျိုးချိန်နောက်ကျကာ ရိတ်သိမ်းချိန်နောက်ကျခဲ့သဖြင့် အချိန်အခါမဲ့ မိုးရွာသွန်းချိန် ကာလအတွင်း ရိတ်သိမ်းခြွေလှေ့ခဲ့ရကြောင်း သိရသည်။

အညာဒေသသည် နှစ်စဉ်ဖေဖော်ဝါရီလကုန်နှင့် မတ်လအတွင်း အပူချိန်ရုတ်တရက်မြင့်တက်ကာ မိုးသီးကျဆင်းခြင်း မကြာခဏ ကြုံတွေ့ခဲ့ရကြောင်း မုံရွာဒေသခံ တောင်သူကြီးများက ဆိုသည်။ မိုးသီးများကျဆင်းချိန် ငါးမိနစ်ခန့်သာ ကြာမြင့်ခဲ့သော်လည်း အဆိုပါ ဒေသအတွင်း အလောင်းတော်ကဿပဘုရားဖူးယာဉ်များ၊ အမေရေယာဉ်ရိုးရာနတ်ယုံကြည် ကိုးကွယ်သူတို့၏ ယာဉ်များ သွားလာရေးအခက်အခဲကြုံတွေ့ခဲ့ရသည်။

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.4 • MARCH 31, 2011

အင်တာဗျူး

## ငလျင်ပညာရှင်နှင့် မေးခွန်း ၆ ခု

**ပြည့်သိမ်း**

ရှမ်းပြည်နယ်မြောက်ပိုင်း တာချီလိတ်မြို့တွင်ဖြစ်ခဲ့သည့် ငလျင်ကြောနှင့် မြန်မာနိုင်ငံအတွင်း မြေငလျင်ကြောချိတ်ဆက်မှုများ၊ မြေငလျင်ကြိုတင်ကာကွယ်ခြင်းပြင်ဆင်ရေးများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံငလျင်ကော်မတီဥက္ကဌ ဦးသန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည့် မေးခွန်း ၆ ခုအား ဖော်ပြလိုက်ပါသည်။

**➲ တာချီလိတ်မှာ လှုပ်ခတ်ခဲ့တဲ့ငလျင်က မြန်မာနိုင်ငံ ငလျင်ကြောတွေနဲ့သက်ဆိုင်မှုရှိပါသလား။**

တာချီလိတ်မှာ လှုပ်ခတ်ခဲ့တဲ့ငလျင်က စစ်ကိုင်းငလျင်ကြောနဲ့မသက်ဆိုင်ဘူး။ တရုတ်နိုင်ငံမှာရှိတဲ့ Red River Fault လက်တက်တစ်ခုကလှုပ်တာပါ။ Normal Fault လို့ ခေါ်တဲ့ ပြတ်ရွေ့ကြောင်းလေးပါ။ အခုဒီမှာလှုပ်တာ မဂ္ဂနီကျူဒ် ၆ ဒသမ ၈ ရှိတယ်။ ယခုခေတ် ရစ်ချ်တာစကေးအစား မဂ္ဂနီကျူဒ်ကိုသုံးလာကြတယ်။

**➲ ယခု တာချီလိတ်မှာလှုပ်တဲ့ ငလျင်ပြင်းအား ပမာဏက မြန်မာနိုင်ငံမှာ လှုပ်တဲ့ငလျင်တွေနဲ့စာရင် ဘယ်လိုရှိပါသလဲ။**

အခု တာချီလိတ်မှာလှုပ်တဲ့ မဂ္ဂနီကျူဒ် ၆ ဒသမ ၈ နဲ့ ၇ က အတော်အသင့်ပြင်းတယ်လို့ ဆိုရမှာပဲ။ စစ်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက်မှာလှုပ်ခဲ့တဲ့ ငလျင်တော်တော်များများမှာလည်း ဒီပမာဏဝန်းကျင်တွေပါပဲ။

**➲ ၂၀ ရာစုနှစ်အတွင်း မြန်မာနိုင်ငံမှာ ထူးခြားတဲ့ ငလျင်တွေ ဘယ်လောက်ထိလှုပ်ခတ်ခဲ့ပါသလဲ။**

ရာစုနှစ်တစ်ခုအတွင်းဆို ပထမဦးဆုံး ၁၉၁၂ မှာ လှုပ်ခဲ့တဲ့ ပြင်ဦးလွင်ငလျင်၊ ၁၉၂၉ မှာလှုပ်ခတ်ခဲ့တဲ့ ဆွာငလျင်၊ ၁၉၃၀ မှာလှုပ်ခတ်ခဲ့တဲ့ ဖြူးငလျင်၊ ၁၉၃၀ မှာလှုပ်ခဲ့တဲ့ ပဲခူးငလျင် (ပြင်းအားရစ်ချ်တာစကေး ၇ ကျော်)၊ ၁၉၅၆ မှာလှုပ်တဲ့ စစ်ကိုင်းငလျင် (ပြင်းအားရစ်ချ်တာစကေး ၇)၊ ၁၉၇၅ မှာလှုပ်ခဲ့တဲ့ ပုဂံငလျင်၊ ၁၉၉၀ မှာလှုပ်ခဲ့တဲ့ တကောင်းငလျင်၊ ၂၀၀၃ မှာလှုပ်ခဲ့တဲ့ တောင်တွင်းကြီးငလျင်တို့ပါ။ ဒီငလျင်တွေထဲမှာ ရစ်ချ်တာစကေး ၈ ဒသမ ၃ ရှိတဲ့ ပြင်ဦးလွင်ငလျင်ကလွဲလျှင် ကျန်ငလျင်တချို့က ပြင်းအားရစ်ချ်တာစကေး ၆ အထက် ငလျင်တွေပဲ။

**➲ မြန်မာနိုင်ငံရဲ့ စစ်ကိုင်းငလျင်ကြောပေါ်မှာ ဘယ်မြို့တွေ ကျရောက်နေပါသလဲ။**

ငလျင်ကြောပေါ်ကမြို့တွေက စစ်ကိုင်း၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ဆွာ၊ ပျဉ်းမနား၊ တကောင်း ဒီမြို့တွေက အဓိကငလျင်ကြောပေါ်မှာ ကျတယ်။ တောင်တွင်းကြီးတို့ တချို့မြို့တွေကတော့ အစွယ်အပွားဖြစ်တဲ့ လက်တက်တွေပေါ်မှာရှိတယ်။

**➲ ငလျင်လှုပ်ခတ်မှုကို ကြိုတင်မှန်းဆနိုင်ပါသလား။**

မြေငလျင်လှုပ်ခတ်မှုအတိအကျကို ဘယ်ပညာရှင်မှ မခန့်မှန်းနိုင်သေးဘူး။ တိုင်းပြည်ကြီးတွေက လက်ရှိအချိန်ထိ ကြိုးစားနေဆဲပဲ။

**➲ မြေငလျင်တစ်ခုက နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုကို ကြီးမားတဲ့ ဖျက်ဆီးမှုကြီးတစ်ခုဖြစ်တဲ့အတွက် ကြိုတင်ပြင်မှုတွေ ဘယ်လို ပြုလုပ်ထားသင့်ပါသလဲ။**

ငလျင်အန္တရာယ်ကို ခုခံကာကွယ်ဖို့ဆိုရင် တိုင်းပြည်မှာ တစ်ဦးတစ်ယောက်တစ်ဖွဲ့တည်းနဲ့ လုပ်ဆောင်လို့မရပါဘူး။ ငလျင်က မြေကြီးထဲကစဖြစ်ပြီး မြေပြင်ပေါ်ရောက်၊ အဆောက်အအုံတွေကို ပြိုစေတာ။ ဖြစ်စဉ်တစ်ခုလုံးကိုကြည့်မယ်ဆိုရင် ဘူမိသိပ္ပံပညာရှင်တွေကလည်း မြေငလျင်နဲ့ပတ်သက်ပြီး လေ့လာတွက်ချက်ဖို့လိုတယ်။ ဒီလိုပဲ အင်ဂျင်နီယာတွေကလည်း ပညာရှင်တွေ တွက်ချက်ခန့်မှန်းမှုကို အခြေခံပြီး ခိုင်ခံ့အောင်တည်ဆောက်ရမယ်။ မူဝါဒချမှတ်သူတွေကလည်း စည်းမျဉ်း၊ စည်းကမ်းတွေ စနစ်တကျချမှတ်ရမယ်။ စီမံကိန်းကြီးတွေမှာ ဒီလို ပူးပေါင်းဆောင်ရွက်လုပ်ဆောင်မယ်ဆိုရင် ငလျင်အန္တရာယ်ကို ကာကွယ်နိုင်သလောက် ကာကွယ်နိုင်မယ်။ မြေငလျင်အန္တရာယ်လျှော့ပေါ့စေဖို့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ဥပဒေစည်းကမ်းရှိရမယ်။ အဆင့်အတန်းသတ်မှတ်ချက်တွေရှိရမယ်။ တည်ဆောက်မှုဒီဇိုင်းကိုလည်း စနစ်တကျလုပ်ရမယ်။ ဒီဇိုင်းနဲ့ တည်ဆောက်သူကို ကြီးကြပ်သူလည်းရှိရမယ်။ တည်ဆောက်သူကို ဥပဒေ၊ စည်းကမ်းတွေနဲ့လည်း ကြီးကြပ်ပေးရမယ်။ ပိုင်ရှင်၊ မြေရှင်ကလည်း စည်းမျဉ်း၊ စည်းကမ်းတိုင်း တည်ဆောက်ချင်ဖို့လိုအပ်တယ်။ လေ့လာသုတေသနပြုမှုတွေရှိရမယ်။ ကြိုတင်ပြင်ဆင်မှုလည်းရှိရမယ်။ ဒါတွေပြည့်စုံမယ်ဆိုရင် ငလျင်အန္တရာယ်က အတော်အသင့်လျော့နည်းနိုင်တယ်။

## လွယ်မွေငလျင် နှစ်ပေါင်း ၅၅ နှစ်အတွင်း အပြင်းထန်ဆုံး



**တာလေတံတားသို့သွားရာကတ္တရာလမ်းပိုင်း တစ်နေရာ** ဓာတ်ပုံ - အားမာန်

**အားမာန်**

**တာချီလိတ်၊ မတ် - ၂၈**

ရှေတြိဂံဒေသအတွင်း လွယ်မွေမြို့အနီး ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ အဆင့်ရှိ ငလျင်မှာ နှစ်ပေါင်း ၅၅ နှစ်အတွင်း မြန်မာနိုင်ငံ၌ လှုပ်ခဲ့သောငလျင်များအနက် အင်အားအပြင်းထန်ဆုံးဖြစ်ကြောင်း မြေငလျင်ပညာရှင်များ၏အဆိုနှင့် မှတ်တမ်းများအရ တွေ့ရှိရသည်။

၁၉၅၆ ခုနှစ် ဇူလိုင် ၁၆ရက်က စစ်ကိုင်းကို ဗဟိုပြုလှုပ်ခတ်ခဲ့သောငလျင်မှာလည်း အင်အား ရစ်ချ်တာစကေး ၇ ရှိသည်။ ထိုငလျင်ကြောင့် လူပေါင်း ၅၀ ခန့် သေဆုံးခဲ့သည်။ အဆိုပါငလျင် နောက်ပိုင်း နှစ်ပေါင်း ၅၅နှစ်အတွင်း ကျိုင်းတုံမြို့ အရှေ့တောင်ဘက် ၃၅ မိုင်ခန့်အကွာ လွယ်မွေမြို့အနီး ဗဟိုပြု၍ မတ်လ ၂၄ ရက် ည ၈နာရီခွဲခန့်က လှုပ်ခဲ့သောငလျင်မှာ အင်အားအပြင်းထန်ဆုံးဖြစ်သည်။ အဆိုပါငလျင်ကြောင့် ၇၃ ဦးသေဆုံးပြီး ၁၂၅ ဦး ဒဏ်ရာရရှိခဲ့ကာ နေအိမ် ၂၂၄ လုံး၊ သာသနိကအဆောက်အအုံ ၁၁ ခုနှင့် ဌာနဆိုင်ရာအဆောက်အအုံ ၉လုံး ပျက်စီးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြထားသည်။

အဆိုပါငလျင်မှာ ရှေတြိဂံ ငလျင်ကြောပေါ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး၊ ထိုဒေသတွင် လှုပ်ခတ်ခဲ့ဖူးသော ငလျင်များအနက် အင်အားအပြင်းထန်ဆုံးဖြစ်ကြောင်း မြေငလျင်ကော်မတီအတွင်းရေးမှူးဦးစိုးသူရထွန်းက ပြောသည်။ မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သောငလျင်များအနက် အပြင်းထန်ဆုံးမှာ ၁၉၁၂ ခုနှစ်တွင် ပြင်ဦးလွင်မြို့ အရှေ့ဘက် ကျောက်ကြမ်းငလျင်ကြောပေါ် လှုပ်ခတ်ခဲ့သော အင်အား ရစ်ချ်တာစကေး ၈ ရှိငလျင်ဖြစ်ကြောင်း ဦးစိုးသူရထွန်းက ပြောသည်။ သို့သော် လူနေနည်းပါးမှုနှင့် နေအိမ်ခိုင်ခံ့မှုတို့ကြောင့် လူသေဆုံးမှုမရှိခဲ့ပေ။

အဆိုပါငလျင်ပြီးပါက ၁၉၄၆ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် တအောင်းကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇၅ ရှိငလျင်၊ ၁၉၃၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အင်းတော်ကြီး အရှေ့ပိုင်း ဗဟိုပြုလှုပ်ခတ်ခဲ့သော ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိငလျင် စသောငလျင်တို့မှာ လွယ်မွေငလျင်ထက် ပိုကြီးသည်။ ခရမ်းငလျင်တွင် လူပေါင်း ၅၀၀ ဝန်းကျင်သေဆုံးခဲ့သည်။

လူ ၃၀၀ မှ ၄၀၀ အတွင်း သေဆုံးခဲ့သော ၁၈၃၉ ခုနှစ် မတ် ၂၃ ရက် အင်းဝငလျင်နှင့် အချို့ငလျင်များစွာတို့မှာ ငလျင်ပြင်းအား ရစ်ချ်တာစကေးမည်မျှရှိသည်ကို မှတ်တမ်းမတင်နိုင်ခဲ့ပေ။

လွယ်မွေငလျင်မှာ ယခုနှစ်အတွင်း မြန်မာပြည်အတွင်း လှုပ်ခတ်ခဲ့သောငလျင်များထဲတွင် ၇ ခုမြောက်ဖြစ်သည်။ သို့သော် အဆိုပါငလျင်လှုပ်ခတ်ခဲ့ပြီးနောက် မတ် လ ၂၄ မှ ၂၇ရက်ညအထိ လေးရက်အတွင်း နောက်ဆက်တွဲငလျင်ပေါင်း ၂၅ကြိမ်လှုပ်ခတ်ခဲ့သည်။ နောက်ဆက်တွဲငလျင်များမှာ ပြင်းအား ရစ်ချ်တာစကေး ၃ မှ ၆ ဒသမ ၂ အဆင့်ရှိငလျင်များဖြစ်သည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းပြီးနောက် မြန်မာလူထုက သဘာဝဘေးအန္တရာယ်များကို ပိုမိုဂရုစိုက်လာကြောင်း ပညာရှင်များကပြောသည်။ သို့သော် မြေငလျင်မှာ မည်သည့်အချိန်တွင် လှုပ်ခတ်မည်ကို မခန့်မှန်းနိုင်၍ လူထုအနေဖြင့် မြေငလျင်သတိ၊ အသိရှိရန်လိုကြောင်း မြေငလျင်ပညာရှင်များကအကြံပြုသည်။

မိမိနေထိုင်သောဒေသမှာ ငလျင်မည်မျှလှုပ်ခတ်နိုင်သောဒေသတွင်ပါဝင်သည်၊ မိမိနေထိုင်သောအဆောက်အအုံမှာ ငလျင်ပြင်းအား မည်မျှခံနိုင်သည်၊ အကယ်၍ ငလျင်လှုပ်ပါက မည်သို့ပြုလုပ် တုံ့ပြန်ရသည်တို့ကို လူထုက သိရှိရန်လိုကြောင်း ဦးစိုးသူရထွန်းကပြောသည်။

(ကိုးကား-မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်များ ၂၀၀၉)

## ငလျင်ဘေးသင့်သူများ သွေးတက်ဝေဒနာအဖြစ်များ

**အားမာန်**

**တာလေ၊ မတ်- ၂၄**

မြေငလျင်ဘေးသင့်သူများတွင် ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်များ ဆက်တိုက်လှုပ်ခတ်မှုကြောင့် ထိတ်လန့်ကြောက်ရွံ့ပူပန်ပြီး သွေးတက်သည့် ဝေဒနာ အဖြစ်များနေကြောင်း ဆေးဝါးကုသပေးနေသော ကယ်ဆယ်ရေးစခန်းများမှ ဆရာဝန်များက ပြောသည်။

ပြင်းအား ရစ်ချ်တာစကေး ၇ ရှိ ငလျင်နှင့် နောက်ဆက်တွဲငလျင်များ ဆက်တိုက်ကြုံတွေ့နေရ၍ ထိတ်လန့်၊ ချောက်ချားကာသွေးတက်နေကြခြင်းဖြစ်ကြောင်း ၎င်းတို့က ရှင်းပြသည်။ ထိုကြောင့် ကယ်ဆယ်ရေးစခန်းများသို့ ဆေးဝါးလှူဒါန်းပါက သွေးကျဆေးများ လှူဒါန်းသင့်ကြောင်း ဆရာဝန်များကပြောသည်။ ထိုအပြင် ငလျင်ဘေးသင့်သူများမှာ စိတ်ဒဏ်ရာများ ရရှိထားကြ၍ ၎င်းတို့အား နှစ်သိမ့်၊ ကုသမှုပြုနိုင်သူများလိုအပ်နေသည်။ လက်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ငလျင်ဘေးသင့်သူများ စိတ်ဒဏ်ရာကုသသူ ဆရာဝန်များရှိသော်လည်း လိုအပ်နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

ငလျင်သင့်သူများ အခြားအဖြစ်များသောရောဂါများမှာ ဖျားနာခြင်း၊ ပွန်းပဲ့ဒဏ်ရာရခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်း၊ ချောင်းဆိုးခြင်း ယားနာဖြစ်ခြင်း စသည်တို့နှင့် အားနည်းခြင်းများဖြစ်သည်။ ကယ်ဆယ်ရေးစခန်းတွင် ဖွင့်လှစ်ထားသော ဆေးကုသခန်းတွင် တစ်ရက်လူ ၈၀ ခန့် ဆေးကုသမှုပေးနေကြောင်း ဆရာဝန်များက ပြောသည်။ ထိုအပြင် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် ရေတွင်းများအတွင်းသို့ ကလိုရင်း လိုက်လံခတ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

သို့သော် ရေတွင်းများ ပျက်စီးသွား၍ သောက်သုံးရေသန့် အကူအညီလိုအပ်ကြောင်း ဒေသခံများက ပြောသည်။ ထို့အပြင် ငလျင်ကြောင့် ပျက်စီးပြိုကျနေသော နေအိမ်များ ရှင်းလင်းရန်နှင့် ပြန်ဆောက်ရန် အကူအညီလိုအပ်ကြောင်း ဒေသခံများက ဆက်ပြောသည်။ တာလေမြို့နှင့် မိုင်းလင်းရွာအုပ်စုတို့တွင် စက်သုံးဆီရောင်းဝယ်မှု ယာယီရပ်တန့်သွားခြင်းကြောင့် ဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်သွားပြီး တစ်လီတာ ဘတ် ၁၀၀(တစ်ဂါလန် ကျပ်၁၃၀၀၀ ဝန်းကျင်) ဈေးပေါက်သည်။ တာချီလိတ်မြို့တွင် ဓာတ်ဆီတစ်ဂါလန် ၃၅ ဘတ် ဝန်းကျင်ရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011


ကယ်ဆယ်ရေးလုပ်ငန်းလုပ်ကိုင်နေသူများ၏ အဆိုအရ သေဆုံး၊ ဒဏ်ရာရသူစာရင်းမှာ ထပ်တိုးလာနိုင်ဖွယ်ရှိသည်။
ဓာတ်ပုံ - အားမာန်

# အမှောင်မိုက်ဆုံးနေ့ညများ

အားမာန်

အထုပ်များသယ်လာ၍ သူမအား လာပေးသူတိုင်းကိုပြုံးပြီး လက်အုပ်ချီကာ "ယင်းလိခ"ဟု ဒေါ်နန်းယုံတုံ့ပြန်သည်။ အသက် ၇၅ နှစ်အရွယ် ဒေါ်နန်းယုံက သူမတို့အား ပစ္စည်းလာပေးသူများကို လက်အုပ်ချီပြီး ရှမ်းဘာသာစကားဖြင့် "ကျေးဇူးတင်ပါတယ်" ဟု ယဉ်ကျေးစွာပြောနေခြင်းဖြစ်၏။ ဝါးတိုင်များ ထောင်ပြီး တာပေါ်လင်နှင့် ပလတ်စတစ်စများဖြင့် ကပိုကရိုမိုးထားသော ယာယီတဲငယ်အတွင်း မတ်လ ၂၇ရက် ညနေပိုင်းက သူမထိုင်နေသည်။

သူမနံဘေးတွင် လူအများက ပေးထားသော ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကောက်ညှင်းပေါင်းထုပ်များနှင့်မုန့်အချို့ကိုတွေ့ရသည်။ ရေစိုကာ၊ ရွှံ့ပေကျံနေသော ထင်းပုံမှာ သူမဘေးနားတွင်ပုံလျက်။ ၂နှစ်ခွဲအရွယ် ချစ်စဖွယ် သူ့မြေးမလေးက ဘေးနားတွင်ဆော့ကစားနေသည်။

ဒေါ်နန်းယုံမျက်နှာ၌ ဇရာကြောင့်ဖြစ်သော အရေးအကြောင်းများ အထင်းသား။ ဦးခေါင်းတွင်တော့ ပေါက်ပြဲဒဏ်ရာများကိုဆေးထည့်၍ ပတ်တီးစီးထားသည်။ ပစ္စည်းပေးသည့်အပြင် သူမ လက်မောင်းနှင့်လက်များကို ကြင်နာစွာကိုင်၍ နှစ်သိမ့်ပြောသူများရှိလာရင်တော့ သူမ မျက်ဝန်းထဲ မျက်ရည်ကြည်များ ဝေ့တက်လာသည်။ သူမနှင့်အတူနေသော ခင်ပွန်းသည်၊ သမီး၊ သမက်နှင့် မြေးတို့မှာ မတ်လ ၂၄ ရက်ညက ကွယ်လွန်သွား၍ဖြစ်သည်။ တစ်ချိန်က ခန့်ညားခဲ့သော နှစ်ထပ်တိုက်အိမ်မှာလည်း အခုတော့ အုတ်ခဲပုံဖြစ်နေပြီ။

မတ်လ ၂၆ရက် ညကတည်းကစ၍ ရွာခဲ့သောမိုးမှာ မတ်လ ၂၇ ရက် မွန်းလွဲပိုင်းတွင် တိတ်သွားသည်။ သို့သော် ကောင်းကင်တစ်ခွင်လုံး အုံ့မှိုင်း၍ တိုက်ခတ်သည့်လေတို့က အေးစက်နေသည်။ အေးစက်နေသော ရာသီဥတုကို အန်တုရန်စွပ်ကျယ်လက်ပြတ်ဝတ်ထားသော အမျိုးသားကြီးတစ်ဦး၊ လူငယ်သုံးဦးနှင့်အတူ အလုပ်များနေသည်။ အုတ်ခဲပုံကြားထဲမှ ထိုးထွက်နေသော သစ်သားချောင်းကြီးများကို ဆွဲထုတ်ရှင်းလင်းနေခြင်းဖြစ်သည်။ အသက် ၅၈ နှစ်အရွယ်ရှိ ဦးစိုင်းလုံ၏ ပြောင်နေသော နဖူးတွင်ဒဏ်ရာများလည်းတွေ့ရသည်။ လက်မောင်း၌ ပွန်းပဲ့နေသော ဒဏ်ရာကို ဆေးပတ်တီးစည်း ထားသည့်ကြားကပင် မြင်ရသည်။

"တစ်ခါမှ ဒီလိုစိတ်မဆင်းရဲရဖူးဘူး။ ကိုယ့်အိမ်က ဒီလိုဖြစ်သွားတာ စိတ်မကောင်းဘူး" စက္ကန့်ပိုင်းအတွင်း နှစ်ထပ်တိုက်အိမ်မှ အမှိုက်ပုံဘဝ ပြောင်းသွားသော နေအိမ်ကိုကြည့်ရင်း ဦးစိုင်းလုံက ဖွင့်ဟသည်။ အိမ်နှင့် အိမ်တွင်းပစ္စည်းအားလုံးပျက်စီး၍ ဆုံးရှုံးမှုတန်ဖိုးကိုသူ မခန့်မှန်းတတ်ဟု သူတွေဝေစွာပြောသည်။

တာချီလိတ်ခရိုင်၊ တာလေမြို့နယ်ခွဲ မိုင်းလင်းကျေးရွာအုပ်စုတွင်နေသော ဒေါ်နန်းယုံနှင့် ဦးစိုင်းလုံတို့မှာ မတ် ၂၄ ရက် ညဦးပိုင်းက လှုပ်ခတ်ခဲ့သည့် ပြင်းအား ရစ်ချ်တာစကေး ၇ ရှိ ငလျင်ဒဏ်ကို အဆိုးဆုံးခံခဲ့ရသူများထဲမှ နှစ်ဦးဖြစ်သည်။ ငလျင်ကြောင့် သူတို့ဘဝများ အကြီးအကျယ်ပြောင်းလဲခဲ့ရသည့်အပြင် မတ် ၂၇ ရက်အထိ ကြိုးကြားကြိုးကြား လှုပ်နေဆဲ နောက်ဆက်တွဲငလျင်ငယ်များ၏ ခြိမ်းခြောက်မှုကြောင့် ထိတ်လန့်ကြောက်ရွံ့နေရဆဲပင်။ မြန်မာ-ထိုင်း-လာအိုနယ်စပ် နာမည်ကျော် ရွှေတြိဂံဒေသတွင် မတ် ၂၄ရက် ညရှစ်နာရီခွဲဝန်းကျင်တွင် လှုပ်ခတ်ခဲ့သော ပြင်းအား ရစ်ချ်တာစကေး ၇အဆင့်ရှိ ငလျင်မှာ ထိုဒေသသမိုင်းတွင် အပြင်းအထန်ဆုံး ငလျင်အဖြစ် မှတ်တမ်းဝင်သွားသည်။ ထိုငလျင်ကြောင့် မတ် ၂၈ရက် နံနက်ပိုင်း ရရှိသောစာရင်းများအရ လူ၇၃ ဦးသေဆုံး၍ ၁၂၅ဦး ဒဏ်ရာရရှိခဲ့သည်။ နေအိမ်နှင့် အဆောက်အအုံပေါင်း နှစ်ရာကျော် ပြိုကျပျက်စီးခဲ့ရသည်။

မြေငလျင်ဒဏ်ကို အဆိုးဆုံးခံခဲ့ရသော နေရာများမှာ တာချီလိတ်ခရိုင်အတွင်းရှိ တာလေမြို့၊ မိုင်းလင်းကျေးရွာအုပ်စုနှင့် ထိုဒေသအနီးတစ်ဝိုက်ရှိ ကျေးရွာများ ဖြစ်သည်။ အဆောက်အအုံများ ပျက်စီးသည့်အပြင် လူသေဆုံး ဒဏ်ရာရရှိသူ များပြား၍ ဖြစ်သည်။ ငလျင်ဗဟိုနှင့်နီးသော လွယ်မွေမြို့တွင် လူသေဆုံး၊ ဒဏ်ရာရမှုနှင့် အဆောက်အအုံပျက်စီးမှုမှာ တာလေ၊ မိုင်းလင်းတို့နှင့်စာလျှင် နည်းပါးသည်။ လွယ်မွေဒေသခံများ၏ လူနေမှုပုံစံဖြစ်သော သက်ငယ်တဲအိမ်ငယ်များဖြင့် နေထိုင်ကြခြင်းကြောင့် ကြောက်စရာကောင်းသော ငလျင်နှင့်ကြုံတွေ့ရသော်လည်း ပျက်စီး၊ ဆုံးရှုံးမှု လျော့နည်းစေခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

မြေငလျင် မှတ်တမ်းများအရ ရွှေတြိဂံဒေသတွင် လှုပ်ခဲ့သော



ငလျင်မှာ ၁၉၅၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ရစ်ချ်တာစကေး ၇ ရှိ စစ်ကိုင်းငလျင်အပြီး နောက်ပိုင်း ၅၅ နှစ်အတွင်း မြန်မာနိုင်ငံအတွင်းလှုပ်ခဲ့သည့် ငလျင်များအနက် အင်အားအပြင်းဆုံး ဖြစ်သည်။ ငလျင်မှာ ရွှေတြိဂံငလျင်ကြောဟု ပညာရှင်များသတ်မှတ်ထားသောငလျင်ကြောပေါ်တွင် လှုပ်ရှားခဲ့ခြင်းဖြစ်သည်။ ယခင်က မြေငလျင်ပညာရှင်များက ထိုဒေသကို ငလျင်လှုပ်ပါကအားအသင့်အတင့်သာ လှုပ်နိုင်သည့် ဇုန်အဖြစ် သတ်မှတ်ထားသည်။ သို့သော် ရွှေတြိဂံဒေသငလျင်က မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ဖူးသော ငလျင်အားလုံးထဲတွင် အပြင်းထန်ဆုံးတော့ မဟုတ်ပါ။ အင်အားရစ်ချ်တာစကေး ၈ ရှိသော ပြင်ဦးလွင်မြို့အရှေ့ဘက် ကျောက်ကြမ်းငလျင်ကြောတွင် ၁၉၁၂ ခုနှစ်က လှုပ်ခဲ့သော ငလျင်မှာ မြန်မာနိုင်ငံ၌ လှုပ်ခဲ့သော ငလျင်များတွင် အပြင်းထန်ဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီအတွင်းရေးမှူး ဦးစိုးသူရထွန်းကပြောသည်။

၁၉၃၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အင်းတော်ကြီးအရှေ့ပိုင်းတွင် လှုပ်ခဲ့သော ပြင်းအား ၇ ဒသမ ၆ ရစ်တာစကေးရှိ ငလျင်၊ ၁၉၃၀ မေ ၅ ရက်တွင် ခရမ်းမြို့နယ်အနီး ဗဟိုပြု၍ ၇ ဒသမ ၃ အဆင့်ရှိ ငလျင်(အဆိုပါငလျင်ကြောင့် လူ ၅၅၀ ဦးသေဆုံးခဲ့သည်။)၁၉၃၀ ဒီဇင်ဘာ ၃ ရက်တွင် ညောင်လေးပင်မြို့အနီး လှုပ်ခဲ့သော အင်အား ၇ ဒသ ၃ ရှိ ငလျင်တို့မှာ ယခုငလျင်ထက်ပိုပြင်းထန်ခဲ့သည်။ သို့သော် ၁၉၆၂ ခုနှစ် ဧပြီ ၂ ရက်၌ စစ်တွေ၌ လှုပ်ခဲ့သော ငလျင်နှင့်မူ ယခုငလျင်မှာ အင်အားအတူတူပင် ဖြစ်သည်။ ၁၈၃၉ ခုနှစ်တွင် လှုပ်ခဲ့ပြီး လူ ၃၀၀မှ ၄၀၀ အတွင်း သေဆုံးခဲ့သည့် အင်းဝငလျင်၊ ၁၄၈၅ ဇူလိုင် ၂၄တွင် လှုပ်ခဲ့သည့် စစ်ကိုင်းငလျင်အပါအဝင် အခြားနာမည်ကြီးငလျင်များမှာ အင်အားမည်မျှရှိသည်ကို မှတ်တမ်းမတင်နိုင်ခဲ့ကြ၍ ရွှေတြိဂံငလျင်နှင့် မနှိုင်းယှဉ်နိုင်တော့ပေ။

"ဒုန်းဆိုပြီး အသံကြီးနဲ့ လှုပ်သွားတာ။ အပေါ်အောက်လှုပ်တာ။ ပြီးမှ ဟိုဘက် ဒီဘက်လှုပ်တာ" ဟု ဒေါ်နန်းယုံက ငလျင်အတွေ့အကြုံကိုပြန်ပြောသည်။ အသက် ၇၅ နှစ်အရွယ် ခင်ပွန်းသည် ဦးခမ်းနွမ်းနှင့်အတူ နှစ်ထပ်အိမ်အပေါ်၌ အိပ်နေသော ဒေါ်နန်းယုံမှာ ငလျင်လှုပ်ပြီးနောက် ပြိုကျပျက်စီးနေသော အုတ်ပုံများကြားမှ ဆွေမျိုးများက ကယ်ထုတ်ခဲ့ရသည်။ သို့သော် ဦးခမ်းနွမ်းမှာ ပွဲချင်းပြီး သေဆုံးသွားသည်။ အိမ်ရှေ့တွင်တီဗီကြည့်နေကြသော သား၊ သမီးနှင့် မြေးတို့ထဲမှလည်း သုံးဦးပွဲချင်းပြီး ကွယ်လွန်သွားသည်။ ဒေါ်နန်းယုံ၏ သမက်ဖြစ်သူ အသက် ၅၅ နှစ်အရွယ် ဦးစိုင်းစု၊ အသက် ၂၆ နှစ်အရွယ် သမီးဖြစ်သူ မနန်းလီ၊ အသက် ၁၃ နှစ်အရွယ်မြေးဖြစ်သူ မနန်းမိုင်တို့ပင်။ ထိုကြောင့် တစ်အိမ်တည်းအတူနေသူ ကိုးဦးထဲတွင် လေးဦးမှာ ငလျင်ကြောင့် ကွယ်လွန်သွားခြင်းဖြစ်သည်။

"ညရောက်ရင် ပိုပြီးစိတ်ပူတယ်။ ငလျင်ဆက်လှုပ်မှာကိုလေ။ အခုလောလောဆယ် သား



ဓာတ်ပုံ-အားမာန်

သမီးတွေ၊ မြေးတွေက လာနေပေးလို့ စိတ်သက်သာရာရတယ်။ ဝမ်းနည်းတယ်။ အမျိုးတွေလာလည်ရင် ပိုပြီး ဝမ်းနည်းပြီး ငိုချင်တယ်။ ဖြစ်နိုင်ရင် တစ်ထပ်အိမ်လေး ပြန်ဆောက်နိုင်ရန် ကျေနပ်ပါပြီ"ဟု သူမက ပူပန်စွာဖြင့် ပြောသည်။ သို့သော် သူမထံတွင် အိမ်ပြန်ဆောက်နိုင်ရန် ငွေကြေးနှင့် အင်အားမရှိတော့ဟု အသက် ၇၅ နှစ်အရွယ် အဘွားအိုက ဆက်ပြောသည်။ အစားကောင်းစွာ မစားဘဲ ရက်ဆက်ငိုခဲ့ရသောကြောင့်အခုမျက်ရည်များ ခန်း၍ မငိုနိုင်တော့။ သို့သော် အဘွား၏ ဝမ်းနည်းစိတ်များနှင့် ရင်တွင်းအပူမှာ မျက်နှာ၌ အထင်းသား တွေ့ရသည်။

"အဓိကကတော့ နေဖို့အိမ်ပဲ။ အိမ်မရှိတော့ စိတ်တောင်မကောင်းဘူး။ ညဆိုလည်း အိပ်မရဘူး။ နှစ်ညရှိပြီး အိပ်မရတာ" နေအိမ်နှင့် အိမ်တွင်းပစ္စည်းများစွာ ဆုံးရှုံးရခြင်း၏ ဒုက္ခကို ဦးစိုင်းလုံက ညည်းညူပြောသည်။ မိသားစုလေးဦးရှိသည့် အိမ်တွင် အခြားအိမ်များကဲ့သို့ လူမသေ၍ ကံနည်းနည်းကောင်းသည်ဟု သူဖြေသော်လည်း ရင်ထဲကပူပန်စိတ်အား သူမဖြေနိုင်။ အုတ်ပုံသာကျန်သော အိမ်ကိုကြိုးစားရှင်းလင်းနေသော်လည်း ဘယ်တော့ပြီးမည်ကို သူမခန့်မှန်းနိုင်။ အရင်လို နှစ်ထပ်တိုက် အိမ်ပြန်ဆောက်နိုင်ဖို့ သူမမျှော်လင့်ရဲတော့။ အနှစ်နှစ်အလလ စုဆောင်း၍ သူဆောက်ခဲ့သော အိမ်သည် အမှိုက်ပုံဖြစ်သွားသည်မှာ စက္ကန့်ပိုင်းသာကြာသည်။

"ဗုံးပေါက်သလိုပဲ" မတ် ၂၄ ရက် ည ၈ နာရီခွဲက လှုပ်သွားသော ငလျင်ကို မိုင်းလင်းကျေးရွာအုပ်စုမှ ကိုစိုင်းဆမ်တစ်က ပြောပြခြင်းဖြစ်သည်။ အပေါ်အောက်ပြင်းစွာ လှုပ်ပြီး စက္ကန့်ပိုင်းအတွင်းမှာပင် အဆောက်အအုံများ လျင်မြန်စွာ ပြိုကျပျက်စီးသွားခြင်းဖြစ်သည်။ ငလျင်လှုပ်ပြီး ပြိုကျသည်မှာ မြန်ဆန်လွန်း၍ ပြိုကျသော အဆောက်အအုံအတွင်းပိုင်းရှိ လူအချို့ပွဲချင်းပြီး သေဆုံးခဲ့ရသည်။ မိုင်းလင်းနှင့် တာလေမြို့တွင် လူအများသေဆုံးခဲ့သည့် အိမ်မှာ မိုင်းလင်းကျေးရွာအုပ်စုမှာ လူခြောက်ဦးပွဲချင်းပြီး သေဆုံးခဲ့သည့် ဦးလုံးစိန်အိမ်ဖြစ်သည်။ ညဦးပိုင်းအိမ်ရှင်များနှင့် အိမ်နီးဝန်းကျင်မှ လူ ၁၂ ဦး တီဗီကြည့်စဉ် ထိုငလျင်ကြောင့် ၆ဦး သေဆုံးခဲ့သည်။သေဆုံးခဲ့သူများမှာ အိမ်ရှင်တစ်ဦးနှင့် ဘေးအိမ်မှ ငါးဦးဖြစ်သည်။ ငလျင်လှုပ်ပြီး အိမ်ပြိုကျသည်မှာ မြန်ဆန်လွန်း၍ ထွက်ပြေးချိန်မရဘဲ ထိုသို့ပွဲချင်းပြီးသေဆုံးရခြင်းဖြစ်သည်။

ငလျင်ပြင်းထန်မှုကြောင့် အက်ကွဲနေသော ပေတစ်ရာလမ်းများကို တာချီလိတ်၊ ကျိုင်းတုံကားလမ်းတစ်လျှောက် ကြိုးကြား ကြိုးကြား တွေ့ရသည်။ အချို့လယ်ကွင်းများတွင် အက်ကြောင်းများပေါ်လာပြီး မြေအောက်ရေများပင် ပန်းထွက်ကုန်သည်။ မိုင်းလင်းနှင့် တာလေမြို့အနီး ဝန်းကျင်ရှိ ရေတွင်းအားလုံး အချို့က ရွံ့ရေများဖြစ်ကုန်၍ အချို့က နောက်ကျိကာ သုံးမရဖြစ်သွားသည်။

နေအိမ်ပျက်စီးမှုများသော တာလေမြို့နှင့် မိုင်းလင်းတွင် ပြိုကျပျက်စီးနေသော အိမ်များကို မတ် ၂၇ ရက်အထိ မရှင်းလင်းနိုင်သေးပေ။ အပျက်အစီးများ မရှင်းလင်းနိုင်ခင် နောက်ဆက်တွဲ ငလျင်ကြောင့် လူအားလုံးနီးပါးမှာ အိမ်ရှေ့တွင် ယာယီတဲထိုး၍ အိပ်နေကြသည်။ တောင်ပေါ်မှ ရွာအများ ကားလမ်းဘေးတွင် ယာယီတဲဆောက်၍ နေကြသူများလည်း ရှိသည်။

စာ(၁၂)သို့






7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

## စာ-၁၃၊ အသည်းခြောက်ရောဂါ မှ

အသည်းခြောက်ရောဂါ ခံစားရပါက အကြောင်းမဲ့ အထွေထွေကျန်းမာရေးချို့တဲ့ရခြင်းမှာ အသည်းသည် လူ့ခန္ဓာကိုယ်ထဲသို့ အစားအသောက်များမှတစ်ဆင့် ဝင်ရောက်လာမည့် အညစ်အကြေးများ၊ ဓာတုဗေဒပစ္စည်းများအား ချေဖျက်တားဆီးပေးသည်ဟု အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော် အသည်းခြောက်ပါက အသည်း၏ လုပ်ငန်းဆောင်တာများ ပုံမှန်လုပ်ဆောင်နိုင်ခြင်းမရှိသည့်အတွက် အဆိုပါ ပိုးမွှားအညစ်အကြေးများနှင့် ဓာတုဗေဒပစ္စည်းများသည် ခန္ဓာကိုယ်အနှံ့သို့ ဝင်ရောက်သွားသဖြင့် အကြောင်းမဲ့ဖျားနာခြင်း၊ အထွေထွေကျန်းမာရေးချို့တဲ့ခြင်းများ ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း သိရသည်။

အသည်းခြောက်ရောဂါ ခံစားနေရသူများသည် တစ်ခါတစ်ရံတွင် စိတ်ကယောက်ကယက်ဖြစ်ခြင်းများလည်း ဖြစ်ပေါ်တတ်သည်။ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ အသည်း ဦးနှောက်နှင့် စိတ်တို့သည် ဆက်စပ်နေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

လူတို့ စားလိုက်သည့် ပရိုတင်းများသည် အူမကြီးအတွင်းရှိ ဘက်တီးရီးယားများနှင့် ထိတွေ့ကာ အမိုးနီးယားအဖြစ်သို့ပြောင်းလဲသွားတတ်သည်။ အဆိုပါ အမိုးနီးယားများသည် သွေးပြန်ကြောမှတစ်ဆင့် အသည်းထဲသို့ ရောက်ရှိသွားကာ အသည်းမှတစ်ဆင့် ယူရီးယားအဖြစ်သို့ ပြောင်းလဲပြီး ကျောက်ကပ်မှ ဆီးအဖြစ် စွန့်ထုတ်ပေးခြင်းဖြစ်သည်။

သို့သော် အသည်းမကောင်းသူများသည် အူမကြီးအတွင်း၌ ဖြစ်ပေါ်လာသည့်အမိုးနီးယားများအား ယူရီးယားအဖြစ်မပြောင်းလဲနိုင်တော့ဘဲ အဆိုပါအမိုးနီးယားများသည် သွေးပြန်ကြောမှတစ်ဆင့် ဦးနှောက်ထဲ ရောက်ရှိသွားကာ ဦးနှောက်အတွင်းရှိ အာရုံကြောဆဲလ်များအား အဆိပ်အတောက်ဖြစ်စေသဖြင့် စိတ်ကယောက်ကယက် ဖြစ်ပေါ်လာစေကြောင်းသိရသည်။

ထို့ကြောင့် အသည်းမကောင်းသူများသည်စိတ်ကယောက်ကယက်မဖြစ်စေရန် မိမိတွင် အသည်းခြောက်သည်ဟု တွေ့ရှိပါက ပရိုတင်းစားသုံးခြင်းအား လျှော့ချသင့်ကြောင်း ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောပြသည်။

အသည်းခြောက်သူများသည် သွေးမတိတ်ခြင်း၊ သွေးအန်ခြင်းများလည်း ဖြစ်ပေါ်တတ်သည်။ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ အသည်းသည် သွေးခဲစေသည့် ပရိုတင်းတစ်မျိုးကို ထုတ်ပေးလေ့ရှိသော်လည်း အသည်းခြောက်နေပါကထိုပရိုတင်းကို ထုတ်မပေးနိုင်တော့ဘဲ သွားဖုံး၊ နှာခေါင်းတို့မှတစ်ဆင့် သွေးများ စိမ့်ထွက်တတ်ကြောင်းသိရသည်။ ထို့အပြင် အရေပြားပေါ်တွင် သွေးများစိမ့်ထွက်သဖြင့် အရေပြားတွင် အပြောက်များထင်ခြင်းများဖြစ်ပေါ်တတ်ကြောင်းသိရသည်။

"အသည်းခြောက်ရောဂါရှိနေတဲ့သူက သွေးမတိတ်တာဖြစ်တတ်တဲ့အတွက် သွားနုတ်မယ်ဆို သွေးမတိတ်ဘဲ ဒုက္ခရောက်နိုင်တယ်"ဟု ဒေါက်တာခင်မောင်ဝင်းကပြောသည်။

ထို့အပြင် အသည်းခြောက်သူများသည် သွေးအန်ခြင်းလည်း ဖြစ်ပွားနိုင်ရာ ထိုသို့ဖြစ်ခြင်းမှာ သွေးပြန်ကြောအတွင်းမှ သွေးများသည် အသည်းထဲသို့မဝင်နိုင်ဘဲ ပြန်လည်စီးဝင်သွားရာမှ အစာအိမ်လမ်းကြောင်း၊အူမကြီး၊ အစာမြို လမ်းကြောင်း စသည်တို့တွင် သွေးများစုကာ သွေးကြောထုံးများ ဖြစ်ပွားပြီး အဆိုပါသွေးကြောထုံးများပေါက်သွားပါက သွေးအန်ခြင်းဖြစ်ပွားနိုင်ကြောင်း သိရသည်။

ထို့အပြင် ခန္ဓာကိုယ်၏ အခြားသောနေရာများဖြစ်သည့် စအို၊နှာခေါင်းကဲ့သို့သောနေရာများမှသွေးများထွက်တတ်သေးသဖြင့် အခြားသောရောဂါများနှင့်လည်းမှားယွင်းတတ်ကြောင်း သိရသည်။

သွေးအန်ခြင်းသည် အသည်းခြောက်ရောဂါ၏ ကြောက်စရာအကောင်းဆုံးနှင့် သေဆုံးမှုအဖြစ်နိုင်ဆုံးသော ရောဂါလက္ခဏာတစ်ခုဖြစ်ကြောင်း သိရသည်။

"အသည်းက ပိုပိုခြောက်လာတာနဲ့အမျှ သွေးပြန်ကြောမှာ ဖိအားတွေပိုများလာပြီး သွေးကြောထုံးတွေပေါက်ဖို့ ပိုနီးစပ်လာတယ် အဲဒီလိုနဲ့ သွေးကြောတွေပေါက်ပြီး သွေးနီနီရဲရဲတွေအန်ချလိုက်ရင် ရုတ်တရက်အသက်ပါသေသွားနိုင်တယ်" ဟုဒေါက်တာခင်မောင်ဝင်းကပြောသည်။

အသည်းခြောက်ရောဂါ ခံစားနေရသူများတွင် အခြားပြင်းထန်သည့် လက္ခဏာတစ်ရပ်မှာ ခြေထောက်ရောင် ဗိုက်ဖောင်း၍ ရေဖျဉ်းစွဲခြင်းပင်ဖြစ်သည်။ အသည်းခြောက်သူများသည် အဆိုပါလက္ခဏာများပေါ်ပေါက်လာပါက ရောဂါအခြေအနေမှာ အတော်ပင် နောက်ကျနေပြီဟု ဒေါက်တာခင်မောင်ဝင်းကပြောသည်။

တစ်ခါတစ်ရံတွင် အသည်းခြောက်သူများသည် အထက်ပါလက္ခဏာများအား မပြသေးဘဲ အပြင်ပန်းလက္ခဏာများအဖြစ် အရေပြားနှင့် လက်သည်းတို့တွင်လည်း လက္ခဏာများပြသတတ်ကြောင်းသိရသည်။

အရေပြားတွင် ပြတတ်သည့် လက္ခဏာများမှာ မျက်နှာ၊ လက်မောင်းနောက်ဘက်၊ ကျောနှင့် ရင်ဘတ်တို့တွင် Spider ဟုခေါ်သည့် အစက်များ ထွက်လာခြင်းပင်ဖြစ်သည်။ အဆိုပါအစက်များသည် ပင့်ကူကဲ့သို့ပင် အလယ်တွင် အဖောင်းရှိပြီး ဘေးဘက်တွင် ပင့်ကူခြေထောက်များကဲ့သို့ အမြွာများ ထွက်နေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစက်အပြောက်များသည် သေးငယ်သည့် အစက်အပြောက်များမှ ကြီးမားသည့် အစက်အပြောက်များ အထိဖြစ်ပွားတတ်ကြောင်းသိရသည်။ ထို့အပြင် အခြားအပြင်ပန်းလက္ခဏာများမှာ အမျိုးသားများ၏ ရင်သားများသည် အမျိုးသမီးရင်သားများကဲ့သို့ ကြီးထွားလာမည်ဖြစ်ပြီး အမျိုးသမီးများတွင်မူ ရင်သားများ သေးငယ်သွားတတ်ကြောင်းသိရသည်။

အလားတူ ချက်ပတ်ပတ်လည်တွင် သွေးကြောထုံးများ ထွက်လာခြင်းလည်း ဖြစ်ပွားတတ်သည်။ ထို့အပြင် အမျိုးသမီးများတွင် မျိုးပွားအင်္ဂါ အနီးတစ်ဝိုက်ရှိ အမွေးအမှင်များ နည်းပါးသွားခြင်းတို့ ဖြစ်ပွားတတ်ပြီး အမျိုးသားများတွင်မူ ဝှေးစေ့သေးသွားခြင်း ယောက်ျားတန်ဆာ သေးငယ်သွားခြင်းတို့ ဖြစ်တတ်ကြောင်းသိရသည်။

အလားတူ မျက်နှာနှင့် လက်များသည် မည်းညစ်ခြောက်ကပ်နေမည်ဖြစ်ပြီး လက်ချောင်းထိပ်များသည် အနီရောင်ဖြစ်နေမည်ဖြစ်ကာ လက်သည်းများသည် ဖြူဖွေးနေမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ အပြင်ပန်းလက္ခဏာများပေါ်ချိန်တွင် အသည်းသည် မခြောက်သေးသည့်တိုင် မာနေပြီဖြစ်ကြောင်းကို ပြသခြင်းဖြစ်သည်ဟု သိရသည်။

ထိုအချိန်တွင် အနေအထိုင်ဆင်ခြင်ခြင်း၊ဆေးဝါးကုသမှု စနစ်တကျခံယူခြင်းနှင့် အရက်သောက်တတ်သူများ အရက်ဖြတ်ခြင်းတို့ဖြင့် အသက်ရှည်ရှည် နေထိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။


### TRADEMARK CAUTION

COMPAGNIE GERVAIS DANONE a company incorporated in France at 17, Boulevard Haussmann 75009 PARIS, FRANCE is the Owner and Sole Proprietor of the following Trademarks;-

### DANONE ACTIV'

Reg: No. 3084/00
Reg: No. 4/4375/2008

In respect of Class 29: "Meat; fish; ham; poultry; game; cut meat in particular for appetizers. Preserved dried and cooked fruits and vegetables, stewed fruits, jam, fruit purées, jelly; soups. Canned food partially or wholly made of meat, fish, ham, poultry, game, cut meat in particular for appetizers. Preserved, dried, cooked, frozen or canned ready made dishes, partially or wholly made of meat, fish, ham, poultry, game. Sweet or salted appetizers made of fruits or vegetables such as potato, flavoured or natural, potato chips; dried fruits mix and all prepared oleaginous nuts such as peanuts and cashew nuts, mini cooked pork meats as appetizers. Milk, powder milk, flavoured gelled milk and whipped milk. Milk products namely: milky desserts, yoghurts, yoghurts to drink, mousses, creams, cream dessert, fresh cream, butter, cheese pastes, cheeses, cheeses ripened, cheeses ripened with mould, fresh cheeses unripened, cheeses in brine, cottage cheese, drinks mainly made with milk or dairy products. Frozen milk products, fermented milk products. Edible oils, olive oil, edible fats.

Class 32:Beers(alcoholised or alcohol-free), still or aerated waters (mineral or non mineral waters), fruit or vegetable juice, fruit-or vegetable-based drinks, lemonade, tonic water, ginger beer, sorbets(drinks), preparations for making drinks, syrups for drinks, alcohol-free fruit or vegetable extracts. Alcoholised and alcohol-free drinks comprising lactic ferments.

### DANONINO

Reg: No. 7449/2003
Reg: No. 4/3792/2008

In respect of Class 29: "Meat, fish, ham, poultry, game, cut meats in particular for appetizers. Dried, preserved and/or cooked fruit and vegetables, stewed fruit; jam, fruit purées, jelly; soups. Canned food essentially made of meat, of fish, of ham, of poultry and/or of game. Prepared, dried, cooked, canned, frozen dishes, essentially made of meat, of fish, of ham, of poultry and/or of game. Sweet or savoury appetizers made of fruits or vegetables such as potato, flavoured or natural potato chips, dried fruit mix and all prepared oleaginous nuts such as peanuts and cashew nuts, all oleaginous products, particularly prepared nuts, hazelnuts and nuts such as peanuts, cashew nuts, mini cooked meats as appetizers. Milk, milk powder, gelled, flavoured and whipped milk.Milk products, namely: milky desserts, yoghurts, yoghurt drinks, mousses, creams, dessert creams, fresh cream, butter, cheese spreads, cheeses, ripened cheeses, ripened cheeses with mould, unmatured fresh cheeses and cheeses in brine, cottage cheese, fresh cheeses sold either liquid or in paste, plain or flavoured beverages composed mainly of milk or milk products, milky beverages mainly made of milk, milky beverages comprising fruit. Fermented plain or flavoured milky products. Edible oils, olive oil, edible fats.

### ACTIMEL

Reg: No. 65/2003
Reg: No. 4/3791/2008

In respect of Class 5: Dietetic products for medical purposes, medical preparations for slimming, sugar for medical purposes, nutritive substances for micro-organisms; vitamin preparations; baby food, namely lacteal flour, soups, dehydrated soups, milk, powdered milk, fruit compotes, vegetable purees, dehydrated vegetable purees, fruit and vegetable juice, pulp.

In respect of Class 29: Preserved, dried and cooked fruits and vegetables, stewed fruits, jam, fruit purées, jelly; soup; milk, powder milk, flavoured gelled milk and whipped milk; milk products, namely milky desserts, yoghurts, yoghurts, yoghurts to drink, mousses, creams, cream dessert, fresh cream, butter, cheese pastes, cheeses, cheeses ripened, cheeses ripened with mould, fresh cheeses unripened, cheeses in brine, cottage cheese, drinks mainly made with milk or dairy products; frozen milk products, fermented milk products.

In respect of Class 32: Still or aerated waters (mineral or non mineral waters), fruit or vegetable juice, fruit- or vegetable-based drinks, lemonade, tonic water, ginger beer, sorbets (drinks), preparations for making drinks, syrups for drinks, alcohol-free fruit or vegetable extracts, alcohol-free drinks comprising a minority of dairy produce, alcohol-free drinks comprising a minority of lactic fermenting agents.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

31.March.2011

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011



CHICKEN SOUP

**စိန်ခေါ်မှုတွေကြုံလာတော့မှ သင်ကိုယ်တိုင် ဘယ်တုန်းကမှ မသိမမြင်နိုင်ခဲ့တဲ့ သင့်အကြောင်းတွေကို သင်သိခွင့်ရလာတယ်**

***စီဆလီတိုင်ဆန်***

# လမ်းသွယ်ပေါင်း တစ်ထောင်

အိန်ဂျယ်လင်း



ဒန်အော့စ်ဘွန်းရဲ့ မိဘတွေအိမ်က အိုင်ဒါဟိုမှာရှိတယ်။ အခုရာသီက ဆောင်းတွင်းကြီးဆိုတော့ အပြင်မှာ နှင်းတွေ တအားကိုကျနေတာပဲ။ ဒန်တစ်ယောက် သူ့အခန်းထဲမှာ မလှုပ်မယှက်ငြိမ်ငြိမ်ကလေးထိုင်နေတယ်။ သူဟာ သူနဲ့ လောလောလတ်လတ် လမ်းခွဲခဲ့ရတဲ့ ချစ်သူကလေးအကြောင်းကိုထိုင်တွေးပြီး လွမ်းဆွတ်နေတာပါ။ သူ့စိတ်တွေဟာ ဂနာမငြိမ်ဖြစ်လွန်းလို့ အခန်းထောင့်မှာ အကြာကြီးပစ်ထားခဲ့တဲ့ ကျမ်းစာစာအုပ်ကို ကြံရာမရ ကောက်ကိုင်လိုက်တယ်။ ပြီးတော့ စာအုပ်ထဲမှာ တစ်နေရာကို ရှာတယ်။ အခန်း ၁၆း၃၃ ပါ။ အဲဒီအထဲမှာက ဒီလိုရေးထားတယ်။ “အန်စာတုံးဟာ ဘာကျမယ်ဆိုတာ ဘယ်သူမှကြိုမသိနိုင်ဘူး။ သူကျချင်ရာ ကျတာပဲ။ ဒါပေမဲ့ အဲဒီ့အဖြစ်အပျက်တစ်ခုတိုင်းဟာ ဖန်ဆင်းရှင်ရဲ့ ဆုံးဖြတ်ချက်တွေ ဖြစ်တယ်”တဲ့။ အဲဒီလိုကြီး အတိအကျရေးထားတာတော့မဟုတ်ဘူး။ ဒါကိုဖတ်ပြီး ဒန်နားလည်သွားတာကတော့ ဒီအတိုင်းပဲ။

ခေတ်လူငယ်တစ်ဦးပီပီ ဒန်ဟာ ဖန်ဆင်းရှင်အကြောင်းတွေဘာတွေကို သိပ်စိတ်ဝင်စားတဲ့သူတော့မဟုတ်ဘူး။ တယ်အရေးမပါလှတဲ့ အယူအဆတွေပါလို့ ဒီလိုပဲရိုးရိုးမြင်ထားတယ်လေ။ ဒါပေမဲ့ ဒီညနေခင်းတစ်ခင်းမှာတော့ သူဟာ အထူးကို စိတ်ခတ်ကျဆင်းပြီး အထီးကျန်ဖြစ်နေရှာတယ်။ လမ်းခွဲသွားတဲ့ သူ့ချစ်သူကောင်မလေးက ဆန်ဒီတဲ့။ ဆန်ဒီအကြောင်း တွေးနေရင်းနဲ့ သူအထီးကျန်ဝမ်းနည်းလာတယ်။ ဒါနဲ့ သူ့အိတ်ကပ်ထဲက အကြွေစေ့တစ်စေ့ကို ထုတ်လိုက်တယ်။ ဒီအကြွေစေ့ကို လေထဲမှာ မြှောက်ပြီး “ကဲ ဘုရားသခင်ရေ၊ ခေါင်းကျရင်ငါနဲ့ ဆန်ဒီနဲ့ ပြန်ပြေလည်ပြီး တစ်ချိန်ချိန်မှာ လက်ထပ်ဖြစ်လိမ့်မယ်။ တကယ်လို့ ခေါင်းမကျဘူးဆိုရင်တော့ ဟိုစာအုပ်ထဲမှာ ခင်ဗျားတပည့်တွေ ရေးထားသလိုပဲ ခင်ဗျားကကျွန်တော်တို့နှစ်ယောက်ကိုသဘောမတူဘူးလို့ ယူဆလိုက်မယ်”လို့ပြောကာလေထဲမှာမြှောက်ပစ်လိုက်တယ်။ မြှောက်လိုက်တော့ ပန်းကျတယ်။ ဒီတော့ ဒန်မျက်မှောင်ကုတ်သွားတယ်။ “မဟုတ်သေးဘူးလေ ဘုရားသခင်ရယ်။ တစ်ပွဲတည်းကအဖြေမှန်မှာမဟုတ်ဘူး။ ဘက်စ်အော့ဖ်သရီးလုပ်မှ သဘာဝကျမှာပေါ့လို့”ခပ်တည်တည်ဆင်ခြေပေးပြီး အကြွေစေ့ကို လေထဲမြှောက်ပစ်လိုက်ပြန်တယ်။ ဒီတစ်ခါလည်း ပန်းပဲကျပြန်တယ်။ နောက်ဆုံး လေးခါတိတိ မြှောက်ပြီးတဲ့အချိန်မှာ ဒန်တစ်ယောက် လက်လျှော့လိုက်တယ်။ “ကဲ ဒီတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ”လို့ ညည်းညူပြီး သူလက်လျှော့သွားတယ်။

ဘုရားသခင်နဲ့ စိတ်ပျက်စရာဖြစ်သွားတော့ ကြံရာမရနဲ့ အခန်းထဲမှာ ကျီးကြည့်ကြောင်ကြည့် ဟိုဟိုသည်သည်ကြည့်လိုက်တော့ မတ်ခွက်ရဲ့ဘေးမှာ ကိုးရိုးကားရားလဲနေတဲ့ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို မျက်စိက ရောက်သွားပြန်တယ်။ ဒီစာအုပ်ရဲ့ ကျောဖုံးမှာ လူငယ်များအတွက် စံနမူနာပုံပြင်များဆိုတဲ့ စာအုပ်တစ်အုပ်ရဲ့ ကြော်ငြာကို တွေ့တယ်။ သူက “ဘုရားသခင်ကို တိုင်ပတ်ရတာ အားမရသေးဘူးထင်တယ်။ “ဘုရားသခင် ဒီတစ်ခါတော့ မေးခွန်းပြောင်းရမယ်။ “ဆန်ဒီနဲ့ အရှင်ဘုရားက သဘောကျတော်မမူဘူးဆိုရင် ကျွန်တော်ဘယ်သူနဲ့ လက်ထပ်ရမှာလဲ”လို့ပြောတယ်။ စာအုပ်အဖုံးပေါ်က စာရေးသူနာမည်က ဆူဆန်တီတပ်စ်တဲ့။ ဒါဆိုရင် မိန်းကလေးဖြစ်တာတော့သေချာပြီပေါ့။ ကျွန်တော် သူနဲ့ လက်ထပ်ရမလားလို့မေးပြီး အကြွေစေ့ကိုမြှောက်လိုက်တာ ဒီတစ်ခါတော့ သူလိုချင်တဲ့အတိုင်းပဲခေါင်းကျသွားတယ်။ “ကဲ ကျွန်တော်မပြောလား။ ဒါတွေက တကယ့်ကို တိုက်ဆိုင်ပြီးဖြစ်တဲ့ဟာတွေပဲ။ ကျွန်တော် ဆူဆန်ဆိုတဲ့ နာမည်မျိုးကို အသိအကျွမ်းထဲမှာတောင် တစ်ယောက်မှ မမြင်ဖူးဘူး။ သူဘယ်မှာနေလဲဆိုတာကတော့ ဝေလာဝေးပဲ။ ဒီလိုမိန်းကလေးမျိုးနဲ့ ကျွန်တော် လက်ထပ်ရမယ်ဆိုတော့ ဒါတွေဟာ ကျွန်တော်ထင်တဲ့အတိုင်းပဲ သူ့ဘာသာဖြစ်ချင်တိုင်းဖြစ်နေတဲ့ဟာတွေပါပဲ”ဆိုပြီး စိတ်ပျက်လက်ပျက် အခန်းထဲက ထွက်သွားတယ်။ ဘုရားသခင်လည်း သူ့ကို စိတ်ပျက်သွားမယ်ဆိုတာကိုတော့ သူပေရှည်ပြီး တွေးမနေတော့ဘူး။ ဒီလို ဂျောင်တွေ လျှောက်လုပ်နေမယ့်အစား ကြုံလာတဲ့ဘဝကိုပဲ ဟန်ပန်တကျဖြစ်အောင် ကြိုးစားနေတော့မယ်လို့ သူ့ဘာသာ တစ်ခါတည်း တရားပေါက်သွားတယ်။

နောင်တစ်လလောက်လည်း ကြာရော စိတ်အကြာကြီး မညစ်တတ်ဘဲ ပျော်ပျော်နေတတ်တဲ့ ဒန်ဟာ ပြုံးလို့ ရယ်လို့ နောက်လို့ ပြောင်လို့ ပြန်ဖြစ်သွားပါတယ်။ တစ်ရက်မှာ ဒန်ကို သူ့သွားနေကျ ဘုရားကျောင်းက မိတ်ဆွေတွေနဲ့ ရယ်ရယ်မောမော စကားပြောနေတာကိုတွေ့ရမယ်။ ဒန်ဟာ ဘုရားသခင်ကိုသာ သိပ်အာရုံမရှိတာ၊ ဘာကြောင့်မှန်းမသိ ဘုရားကျောင်းကိုတော့ ပုံမှန်သွားလေ့ရှိတယ်။

“အရင်အိမ်ထောင်နဲ့တုန်းက အမှတ်အရဆုံးကတော့ အယ်လ်အေ ဘတ်စကက်ဘော ပွဲစဉ်လက်မှတ်တွေ လက်ဆောင်ရတာပဲ” လို့ အမျိုးသမီးငယ် တစ်ဦးကပြောတယ်။ ဒန်ကလည်း အကွက်ချောင်းနေတာဆိုတော့ “ကျွန်တော့်မှာလည်း တစ်ရာသီစာလက်မှတ်ရှိတယ်ဗျ။ တစ်ခါတလေ အတူသွားကြည့်ကြတာပေါ့လို့” ဇာတ်လမ်းထွင်လိုက်တယ်။ ဟိုမိန်းကလေးကလည်း အသံတိုးတိုးကလေးနဲ့ “စိတ်မရှိပါနဲ့ရှင် ကျွန်မမှာချိန်းတွေ့ဖို့ ရည်ရွယ်ထားတဲ့လူရှိပြီးပါပြီ”လို့ပြန်ပြောတယ်။ ဒန်တော်တော်ဘူသွားတာပေါ့။ ဒါပေမဲ့ ဟန်ကိုယ့်ဖို့ဆိုတဲ့အတိုင်းပဲ“မင်းစိတ်ပြောင်းမယ်ဆိုရင်တော့ ကိုယ့်ကိုပြောပေါ့” လို့ အပြုံးမပျက်ပြောလိုက်နိုင်တယ်။ စိတ်ထဲမှာတော့ ရှုံ့မဲ့သွားတာပေါ့။

နောင်လအနည်းငယ်အကြာမှာ ဒန်အတွက် စိတ်ပျက်စရာကိစ္စတစ်ခုက ထပ်ဖြစ်ပြန်တယ်။ ဒါကတော့ သူ့ရဲ့ ရည်းစားဟောင်း ဆန်ဒီဟာ နောက်ချစ်သူသစ်တစ်ယောက်တွေ့ပြီး စေ့စပ်ပြီးသွားလို့ပဲ။ ဆန်ဒီနောက် ရည်းစားမရသေးသရွေ့ ဒန်က သူ့ဆီများပြန်လည်လာမလားလို့ မျှော်လင့်လို့ရနေသေးတာကိုး။ အခုတော့ လုံးဝလမ်းဆုံးသွားတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ထုံးစံအတိုင်း ဘုရားကျောင်းတော့အသွားမပျက်ပါဘူး။ နောက် တနင်္ဂနွေနေ့မှာ ဘုရားကျောင်းကအပြန် ဘတ်စကက်ဘောပွဲသွားကြည့်ဖို့ ဝါသနာတူဘော်ဒါတစ်ယောက်နဲ့ ဒန် လမ်းလျှောက်လာတယ်။ အဲဒီမှာ ဇာတ်လမ်းအလယ်မှာပါတဲ့ ကောင်မလေးက သူ့ကိုလှမ်းနှုတ်ဆက်ပြီး “ဟဲ့ ဒန်၊ ငါ စိတ်ပြောင်းသွားရင် နင့်ကိုပြောလို့ နင်ပြောထားတာ မှတ်မိလား။ အခု ငါစိတ်ပြောင်းချင်ရင်ရော ရသေးလား” လို့လာမေးတယ်။ ဒန်မျက်နှာကြီး ချက်ချင်းဝင်းထိန်သွားတာပေါ့။ ဒါပေါ့ရပါတယ်။ ဟုတ်ကဲ့၊ ဝမ်းသာတယ်တွေကို ဘယ်လို ပြောလိုက်မှန်းတောင်မသိဘူး။ အဲဒီနေ့က ဘတ်စကက်ဘောပွဲ အတူတူ သွားကြတယ်။ နောက်နေ့ နေ့လယ်စာ အတူစားကြတယ်။ သူတို့ကြားမှာ အချစ်ဟာ အလျှင်အမြန်ပဲ ပေါက်ဖွားလာခဲ့တယ်။ သူ့မှာက အရင်အိမ်ထောင်နဲ့ရတဲ့ ကလေးလေး တစ်ယောက်လည်းရှိတယ်။ ဒန်လိုဘဝကိုအလိုက်သင့်အလျားသင့် ဖြတ်သန်းတတ်တဲ့ လူတစ်ယောက်ဟာချက်ချင်းပဲ ကလေးချစ်တတ်တဲ့ လူတစ်ယောက် ဖြစ်သွားခဲ့တယ်။ တစ်ရက်တော့ အဲဒီကောင်မလေးရဲ့ အိမ်ကိုရောက်တုန်း နံရံမှာတွဲလောင်း ချိတ်ထားတဲ့ပိုစတာတစ်ခုကိုသွားတွေ့တယ်။ စာအုပ်အဖုံးတစ်ခုကို အမှတ်တရပိုစတာပုံလုပ်ထားတာပဲ။ စာအုပ်အမည်က လူငယ်များအတွက် စံနမူနာပုံပြင်များတဲ့၊ ရေးသူက ဆူဆန်တီတပ်စ်တဲ့။ အဲဒီတော့မှာ ဒန်တစ်ယောက် ဘုရားသခင် စိတ်ရှုပ်တော်မူအောင် သူရှုးကြောင်မူးကြောင်နဲ့ လုပ်ခဲ့တုန်းက ကိစ္စကို သတိပြန်ရပြီး မျက်လုံးမျက်ဆန်တွေ ပြူးသွားတယ်။ ပြီးတော့ သူ့ချစ်သူကိုအသည်းအသန်မေးတယ်။ ဒီစာအုပ်ကို တကယ်ရေးတာလားပေါ့။ ဟိုကလည်း အံ့ဩတကြီးနဲ့ “အေးလေ၊ ရေးတယ်လေ။ ဘာဖြစ်သလဲ။ နင့်ကိုတောင်ပြောဖူးသေးတာ နင်ကသေသေချာချာမှ နားမထောင်တာကိုး” လို့ ပြန်ပြောတာပေါ့။ အဲဒီတော့မှာ ဒန်တစ်ယောက်ကြက်သီးတွေဘာတွေတောင် ထဆိုပဲ။

ဒါနဲ့ သူတို့ လက်ထပ်ဖြစ်လိုက်ကြတယ်။ ဟန်းနီးမွန်းထွက်တော့ ဒန်က သူ့ဇနီးချောကလေးကိုဒီလိုပြောတယ်။ ‘ဆူးရေ၊ ကိုယ်မင်းကို အင်မတန် အံ့သြစရာကောင်းတဲ့ ပုံပြင်တစ်ပုဒ်ပြောပြမယ်ကွ။ ဒါပေမဲ့ မပြောခင် ခဏလေး”ဆိုပြီး ဘောင်းဘီအိတ်ထဲက အကြွေတစ်စေ့ကိုထုတ် လေထဲကို ဆတ်ခနဲ မြှောက်ပစ်လိုက်တယ်။ ပြီးတော့ ဘာကျလဲ ပြူးပြဲကြည့်တယ်။ ‘ခေါင်းကွ’ လို့ဝမ်းသာအားရ အော်လိုက်ပြီးတော့မှ သူ့ရဲ့ ပုံပြင်ကိုစပြောသတဲ့။ ။

*Ref: 'A Thousand Ways' by Susan Titus Osborn*

## စာ – ၄၉၊ သင်္ကြန်မှာ သူတို့ဘယ်မှာရှိကြမလဲ မှ

ACE ဆောက်လုပ်ရေးကစီစဉ်တယ်လို့ သိရပါတယ်။

**The Trees တီးဝိုင်း**

The Trees တီးဝိုင်းက မန္တလေးအယ်လ်ပိုင်းမဏ္ဍပ်မှာ R ဇာနည်၊ ထွန်းအိန္ဒြာဗို၊ ဝိုင်းစုခိုင်သိန်း၊ ကောင်းမြတ်၊ ခန့်စည်သူ၊ ခိုင်သင်းကြည်၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ No အဖွဲ့တို့ရှိနေမယ်လို့ သိရပါတယ်။

**Plus 3 တီးဝိုင်း**

Plus 3 တီးဝိုင်းကတော့ နေပြည်တော်က အမရာဟိုတယ် မဏ္ဍပ်မှာ ဖျော်ဖြေမှာပါ။ ဆောင်းဦးလှိုင်၊ စည်သူလွင်၊ ရှင်ဖုန်းနဲ့ N ကိုင်ရာ၊ သို့စန္ဒီမြင့်လွင်တို့ဖြစ်ပါတယ်။

မဖြို့မလှိုင်းတီးဝိုင်း၊ ရောင်စဉ်လှိုင်း (Spectrum) တီးဝိုင်းနဲ့ Cobra-H တီးဝိုင်းတွေလည်း နေပြည်တော်မှာပဲရှိမှာဖြစ်ပြီး Cobra-Hတီးဝိုင်းနဲ့ ဖြိုးကြီး၊ ယုဇနတို့ပါဝင်ဖျော်ဖြေမယ်လို့ သိရပါတယ်။

**ဘိုဖြူ**

နေပြည်တော်က ရွှေဧည့်သည်ဟိုတယ်မှာ DM 4 တီးဝိုင်းနဲ့အတူရှိနေပါမယ်။ ချစ်ကောင်းနဲ့အံ့မော်ဦးတို့ ပါတယ်လို့တော့ သိတယ်။ တခြားအဆိုတော်တွေတော့ ကျွန်တော် သေချာမသိဘူး။

**မိုးယုစံ**

လားရှိုးနဲ့မော်လမြိုင် နှစ်နေရာကကမ်းလှမ်းထားတာရှိတယ်။ ဘယ်ကိုသွားဖြစ်မလဲမသိဘူး။ မနှစ်ကတော့မန္တလေးအယ်လ်ပိုင်းမဏ္ဍပ်မှာပါ။

**Ar.T**

မန္တလေးမှာပဲရှိပါမယ်။ အဆိုတော်ဖြစ်ပြီးမှ မန္တလေးမှာ သင်္ကြန်ကျတာ ၂ နှစ်ရှိပါပြီ။ မဏ္ဍပ်နာမည်ကတော့ အတည်မဖြစ်သေးပါဘူး။

**Immortal Dance Group**

မန္တလေးမှာပဲ ကို Ar.T တို့ရှိတဲ့ မဏ္ဍပ်မှာပဲ တူတူရှိပါမယ်။

7Day News Journal
Vol.10, No.4 • MARCH 31, 2011



သာခွေယိုင်

# အောင်ဆန်းကွင်းပရိသတ်သို့ တမ်းချင်း

ဂျာနယ်ဆောင်းပါးတစ်ပုဒ်ဖြစ်သော "မကုန်နိုင်သော သင်ခန်းစာများ"ကို ဖတ်ရှုရသဖြင့် ဤအကြောင်းကို ရေးဖြစ်ရပါသည်။

'မကုန်နိုင်သော သင်ခန်းစာများ' ဆောင်းပါးသည် သုဝဏ္ဏ ဘောလုံးကွင်းတွင် အိန္ဒိယ အိုလံပစ်ဘောလုံးအသင်းနှင့်မြန်မာအသင်း ကစားစဉ်ကမြင်ကွင်းကို ကိုယ်တွေ့မှတ်တမ်းတင်ထားသော ဆောင်းပါးဖြစ်သည်။

မြန်မာပရိသတ်က ပထမပိုင်းမှစကာ ကွင်းအတွင်းသို့ ဖိနပ်၊ ရေသန့်ဘူး၊ ကွမ်းတံထွေးထုပ်၊ ကျောက်ခဲများဖြင့် ပစ်ပေါက်သည်ကို အာရှဘောလုံးအဖွဲ့ချုပ်၏ တာဝန်ရှိသူတစ်ဦးက မှတ်တမ်းဓာတ်ပုံရိုက်ကူးကာ Goal ဝက်ဘ်ဆိုက်မှ လွှင့်တင်သွားကြောင်း ဖော်ပြထားသည်ကို ဖတ်ရှုရသည်။ စာရေးသူသည် ဆောင်းပါးကိုဖတ်ရင်းမှ သက်ပြင်းအကြိမ်ကြိမ်ချမိသည်။ စိတ်မသက်မသာလည်း ဖြစ်သွားရသည်။ ဟိုတစ်ချိန်က ဘောလုံးပရိသတ်နှင့် နှိုင်းယှဉ်မိကာ "အားလုံးပြောင်းပြန်ကြီးတွေ ဖြစ်ကုန်ပါပေါ့လား" ဟူ၍ ညည်းတွားမိတော့သည်။

စာရေးသူ နှိုင်းယှဉ်မိသော ဟိုတစ်ချိန်က ပရိသတ်ဆိုသည်မှာ အောင်ဆန်းကွင်းပရိသတ်ကို ဆိုလိုသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ရန်ကုန်မြို့လယ် အောင်ဆန်းကွင်းတွင် ဘောလုံးပွဲများကို အစဉ်တစိုက်ကျင်းပလာခဲ့သည်။ ထိုစဉ်က ကျွန်တော်သည် လူငယ်ပီပီ အောင်ဆန်းကွင်းပွဲစဉ်မှန်သမျှ မလွတ်စတမ်း ဝါသနာကြီးကြီး ကြည့်ရှုခဲ့ရသည်။ ဝါသနာကြီးခဲ့ရခြင်းမှာ မြန်မာ့အသံ ရေဒီယိုလိုင်းမှ အသက်ပါပါအသံလွှင့်ခဲ့သောကြောင့်လည်း ဖြစ်သည်။ ကျွန်တော်တို့ခေတ်သည် ယခုခေတ်လို ရုပ်မြင်သံကြားမရှိ။ ကစားပုံကို မမြင်ရပါ။ အသံလှိုင်းသက်သက်ဖြင့်သာ ရေဒီယိုကို နားထောင်စိတ်လှုပ်ရှားခဲ့ရသည်။ ကျွန်တော်၏ သူငယ်ချင်းဖြစ်သော မြန်မာ့အသံဝန်ထမ်းကိုဝင်းအောင်(စာရေးဆရာမောင်အောင်မွန်)သည် ဘောလုံးပွဲမှန်သမျှ အောင်ဆန်းကွင်းအထူးတန်းပွဲကြည့်စင် သီးသန့်မှန်လုံခန်းထဲမှ ဒိုင်ခံအသံလွှင့်ပေးနေသူဖြစ်သည်။ သူကိုယ်တိုင်ဘောလုံးဝါသနာအိုးတစ်ယောက်ပီပီ ကိုဝင်းအောင်၏ အသေးစိတ်လွှင့်ထုတ်ချက်မှာ အသက်ဝင်လှသောကြောင့် အရုပ်မမြင်ရသော်လည်း နားဖြင့်နားထောင်ရုံမျှဖြင့် ကွင်းထဲမှ ဘောလုံးပြေးလွှားရာသို့ တစ်ပြည်လုံးရှိ ရေဒီယိုပရိသတ်သည် တကောက်ကောက်လိုက်ပါ စွဲလမ်းခဲ့ကြရသည်။

စောစောက ပြောခဲ့သလို ကိုဝင်းအောင်နှင့် သူငယ်ချင်းဖြစ်သောကြောင့် ကျွန်တော်သည် ကိုဝင်းအောင်၏ ဧည့်သည်အဖြစ် တစ်ခါတစ်ရံ မှန်လုံခန်းထဲမှာပင် ထိုင်ကြည့်ခွင့်ရခဲ့သည်။ မှန်လုံခန်းမှာ အထူးတန်းပွဲကြည့်စင်၏အမြင့်ပိုင်းတွင် အခန်းဖွဲ့ထားသောကြောင့် ကစားကွင်းတစ်ခုလုံးကို သာမက ပွဲကြည့်ပရိသတ်ကိုပါ အပေါ်စီးမှ မြင်ကွင်းကျယ်မြင်နိုင်သည်။ ပရိသတ်အားလုံးကို ကောင်းကောင်းအကဲခတ်နိုင်သည်။

အောင်ဆန်းကွင်း ပရိသတ်သည် များစွာအံ့သြဖွယ်ကောင်းလောက်အောင် အဆင့်အတန်းမြင့်သည်။ တိုင်းတစ်ပါး နိုင်ငံခြားမှလာကန်သော ဘောလုံးအသင်းများကို အိမ်ရှင်ပီပီကောင်းလျှင်ကောင်းသလို အားပေးသည်။ လက်ခုပ်လက်ဝါးတီးသည့်အခါတီးသည်။ မိမိပြည်တွင်း အိမ်ရှင်အသင်း အနိုင်ရစေချင်သော ဆန္ဒ ရှိစေကာမူ တစ်ဖက်အသင်းကစားကွက်ကောင်းလျှင် လေးလေးစားစား အသိအမှတ်ပြုသည်။ ထိုစဉ်ကမြန်မာဘောလုံးအသင်းသည် အာရှတွင် အထင်ကြီးအခံရဆုံး အသင်းဖြစ်သောကြောင့် ရုရှားမှ ဒိုင်နမိုအသင်း၊ အစ္စရေးလက်ရွေးစင်၊ ဟန်ဂေရီလက်ရွေးစင်၊ ဂျာမနီ၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ အင်ဒိုနီးရှား၊ ယူဂိုဆလပ်၊ ဂျပန်တို့ တကူးတကပင် လာရောက်ကမ်းလှမ်းခြေစမ်းကြသည်။ အိမ်နီးချင်း တရုတ်နှင့် အိန္ဒိယတို့မှာမူ အကြိမ်ကြိမ်။

အောင်ဆန်း ပရိသတ်၏ ကွင်းလုံးပြည့်အားပေးလေ့ရှိသော ပွဲစဉ်များမှာ တိုင်းနှင့်ပြည်နယ်ဘောလုံးပွဲများဖြစ်၏။ ထိုစဉ်က ရေပန်းအစားဆုံး အသင်းများမှာ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ ဖြစ်သည်။

ရှုံးထွက် ပွဲစဉ်များတွင် အစောဆုံးပြန်ရလေ့ရှိသော အသင်းမှာ ရခိုင်အသင်းဖြစ်သည်။ ရခိုင်အသင်းသည် အမြဲတမ်းပြန်ရသဖြင့် ထိုခေတ်သတင်းစာများက အောင်ဖျာလိပ်ဟု ရေးသားကျီစယ်လေ့ရှိကြသည်။

မည်သို့ပင်ဖြစ်စေ အောင်ဆန်းကွင်းပရိသတ်သည် ထူးချွန်သူကို ထူးချွန်သလို အားပေးချီးကျူးကြသည်။ ရခိုင်အသင်းမှပင် ဂိုးသမား 'စံကျော်' နှင့် 'မောင်ကြီးရေ' အမည်ရှိသော ဘောလုံးသမားနှစ်ဦးသည် ရန်ကုန်ရှိ ပထမတန်း လက်ရွေးစင်ဘောလုံးသမားများဖြစ်လာသည်။ နိုင်ငံခြားပွဲစဉ်များတွင်ပင် စံကျော်ကို ပွဲထုတ်ဖူးသည်။ ရှမ်းအသင်းမှ ဗဟာဒူးဆိုလျှင် ရှမ်းပြည်နယ်တွင် တာဝန်ကျနေသော ဂေါ်ရခါးလူမျိုး စစ်သား၊ အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌဖြစ်သူ စင်ကာပူမှ 'ကိုအီတိတ်'ဆိုသူက ဗဟာဒူးကို အာရှ၏ဘောဘုရင်ဟုပင် တင်စားခေါ်ဆိုဖူးသည်။ အလားတူပင် ပရိသတ်၏ မြှောက်စားမှုဖြင့် တောက်ပြောင်လာကြသူများမှ စောဘုန်းမြင့်(ကရင်)၊ ဟန်ခိုလျှံ(ချင်း)၊ ခွန်ကျော့ဖေ(ရှမ်း)၊ ခင်ထွေး(တနင်္သာရီ)၊ နာသန် (ပဲခူး)၊ လှငွေး(ဧရာဝတီ)၊ တင်အောင်(ကချင်)၊ ပေါက်စီ(မန္တလေး)၊ ဂိုးဖိုးသာဘေး (စစ်ကိုင်း)တို့ ဖြစ်သည်။ စာရေးသူမမှတ်မိသော အမည်နာမများ ကျန်ရှိနိုင်သေးသည်။

တိုင်းနှင့်ပြည်နယ်ပွဲများတွင် အောင်ဆန်းကွင်းပရိသတ်၏ သိသာသော အရည်အသွေးတစ်ခုကို စာရေးသူ သတိပြုမိဖူးသည်။ ထိုနေ့သည် ရန်ကုန်အသင်းနှင့် ကယားဘောလုံးအသင်းတို့ ကစားသော ပွဲစဉ်ဖြစ်သည်။ ကယားအသင်းက ဘောလုံးသယ်သွားပြီဆိုလျှင် ပရိသတ်၏ တစ်ခဲနက်သြဘာလက်ခုပ်သံညံမစဲ။ အားနည်းသူဘက်မှ အားပေးပုံမှာ သြချလောက်စရာ။

ထိုနေ့ပွဲတွင် ကယားသည် ရန်ကုန်ကို ဂိုးမသွင်းနိုင်ခဲ့။ အကယ်၍ တစ်ဂိုးတလေ သွင်းယူခဲ့လျှင်အောင်ဆန်းကွင်းတစ်ကွင်းလုံး၌ သြဘာသံဝက်ဝက်ကွဲသွားလိမ့်မည်။

မြန်မာဘောလုံး ပရိသတ်အပေါ်တွင် ထိုစဉ်က နိုင်ငံခြားမှလာကန်သော အသင်းခေါင်းဆောင်တစ်ဦး၏ အမြင်စကားဖြင့် နိဂုံးချုပ်ပါရစေ။ သူက မြန်မာဘောလုံးပရိသတ်သည် "မျှတသည်"တဲ့။ ကဲ အဘယ်မျှ ဂုဏ်ယူချင်စရာကောင်းလိုက်ပါသနည်း။ ဂုဏ်ယူထိုက်ပါသနည်း။ သြော် ဟိုတစ်ချိန်က ဘောလုံးပရိသတ်။ အောင်ဆန်းကွင်းမှ ပရိသတ်။ ။

## JOKE

### လွယ်သွားအောင်လို့

တရားရုံးသို့ ရောက်လာသော တရားခံအား အစိုးရရှေ့နေက မေးသည်။

"မင်း ညဘက်အလုပ်ဆင်းပြီး၊ အိမ်ပြန်လာတော့ မင်းမိန်းမကို လူစိမ်းတစ်ယောက်နဲ့ အိပ်နေတာတွေ့တယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီတော့ မင်းက သေနတ်ထုတ်ပြီး မင်းမိန်းမကိုပစ်လိုက်တယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့ လူစိမ်းယောကျ်ားကို မပစ်တာလဲ"

"ယောကျ်ားတွေကို ပစ်ရရင် ကျွန်တော်နေ့တိုင်းပစ်နေရမှာပေါ့၊ အခုတော့ ရှေ့နေကြီးတို့အတွက် လွယ်ကူသွားတာပေါ့"

### လုပ်ငန်းခွင်မှ စာတန်းများ

၁။ မင်းအလုပ်ကို ၂၄ နာရီအတွင်းပြီးအောင် လုပ်ပါ။ မပြီးရင် ညဘက် ဆက်လုပ်ပါ။

၂။ ယနေ့တွင် ပခုံးပုတ်အားပေးခြင်းသည် နောက်တစ်နေ့မှာပင် ဖင်ကိုပိတ်ကန်ခြင်းအဖြစ် ပြောင်းလဲသွားနိုင်သည်။

၃။ အစားထိုးလို့မရဘူး မပြောပါနဲ့။ အစားထိုးလို့မရရင် ရာထူးလည်း တိုးဖို့မရှိတော့ဘူး။

၄။ မင်း ဘာလုပ်နေတယ်ဆိုတာထက် မင်း ဘာတွေလုပ်ခဲ့တယ်၊ ဘာတွေလုပ်ဦးမယ်ဆိုတာကို အာပေါင်အာရင်းသန်သန်ပြောဖို့ အရေးကြီးတယ်။

၅။ လခတိုးပြီးသွားရင် အဲဒီ့လ လကုန်ရက်မှာ အရင်လကထက် မင်းလက်ထဲမှာ ပိုက်ဆံကျန်တာပိုနည်းနေလိမ့်မယ်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

7Day News Hotline : 73032006

Business
7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# သင်္ကြန်ကြောင့် ဇုန်ထုတ်ပစ်ကပ်ကား အရောင်းအဝယ်သွက်လာ

ဇာဇာနီ

ရန်ကုန်၊ မတ် - ၂၃



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်တွင်း ကားရောင်းဝယ်ရေး စျေးကွက်တွင် သင်္ကြန်ပွဲတော်အတွက် စက်မှုဇုန်ထုတ် ပစ်ကပ်ကားများ အရောင်းအဝယ်ရှိလာပြီး ယခင်တစ်ပတ်ကထက် ကျပ်ဆယ်သိန်းဝန်းကျင်ခန့် မြင့်လာကြောင်း ဟံသာဝတီကားပွဲစားတန်းမှ ကားဝယ်ရောင်းများကပြောသည်။

"သင်္ကြန်ရုံးပိတ်ရက်နီးတော့ နည်းနည်းရောင်းရတယ်။ စျေးနှုန်းကတော့ ကားပေါ် မူတည်ပြီး ကျပ်ငါးသိန်းနဲ့ ဆယ်သိန်းကြား လောက်မြင့်လာတယ်။ ကျပ်သိန်းနှစ်ရာဝန်းကျင်ကားတွေ အရောင်းအဝယ်ဖြစ်တာများတယ်" ဟု ဟံသာဝတီကားပွဲစားတန်းမှ ကားဝယ်ရောင်းလုပ်ကိုင်သူ ဦးဝင်းကပြောသည်။

ပြီးခဲ့သည့်တစ်ပတ်ခန့်က ရာသီဥတုကြောင့် ကားပွဲစားတန်းတွင် ကားအရောင်းအဝယ်မရှိသလောက်အေးခဲ့ပြီး ယခုအခါ ပြန်လည်၍ အရောင်းအဝယ်များ ရှိလာကြောင်းနှင့် သဘာဝဓာတ်ငွေ့သုံးယာဉ်များမှာလည်း အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

"ဒီဇယ်နဲ့ ဓာတ်ဆီကားတွေထက် စီအင်န်ဂျီကားတွေရောင်းလာရတယ်။ ဒါကြောင့် စျေးကလည်းမြင့်လာတယ်။ စျေးကတော့ တိုယိုတာ၊ 90 မော်ဒယ်နံပါတ်ကို ကျပ်သိန်း ၂၅၀ နဲ့ ၂၆၀ လောက်ရှိတယ်"ဟု ကားပွဲစားဦးဝင်းကပြောသည်။

ယခု အဝယ်ရှိသော ဆန်နီပစ်ကပ်နှင့် ပါဘလေကာ 80 မော်ဒယ်ကားများမှာ ကျပ်သိန်း ၅၀ နှင့် ကျပ်သိန်း ၆၀ ခန့်ရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၇၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၄ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၈၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၈. ၅ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၅ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၉၁၀ | ကျပ် |

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၃၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၉၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၃၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၅၆၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၆၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၁၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၁၀. ၇၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၂၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၃၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၀၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၂၈၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၇၄၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၂၈. ၂၇၆ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ စျေးနှုန်း

| ပစ္စည်း | ယူနစ် | စျေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၄၃၄. ၂၀၀ |
| ရေနံ | စည် | ၁၁၅. ၇၅၀ |
| ငွေ | ၁ အောင်စ | ၃၇. ၅၂၀ |
| ကြေးနီ | ပေါင် | ၄၄၀. ၈၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၂၄၅ |

မှတ်ချက်။ ။ စျေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီစျေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ မတ်လ ၂၆ ရက် ကမ္ဘာ့ပေါက်စျေးနှုန်းဖြစ်သည်။

# ရာသီဥတုဖောက်ပြန်မှုကြောင့် ကုန်စျေးနှုန်းအချို့တက်

သန်းဌေး

ရန်ကုန်၊ မတ် - ၂၃

မုန်တိုင်းတိုက်ခတ်မည်ဆိုသော သတင်းများ ထွက်ပေါ်လာသောကြောင့် အခြေခံစားသောက်ကုန်အချို့ စျေးတက်ခဲ့ကြောင်းသတင်း ရရှိသည်။

"မိုးတွေရွာပြီး စျေးတက်လာတယ်"ဟု ရန်ကုန်မြို့လယ်ရှိ 'ခိုင်' ထမင်းဆိုင်ပိုင်ရှင်က မတ်လ ၂၃ ရက်တွင်ပြောသည်။

အသားတိုးကြက်သား အသားတစ်ပိဿာလျှင် မူလက ၆,၀၀၀ ကျပ်စျေးနှုန်း ဝယ်ယူရသော်လည်း မတ်လ ၁၅ ရက်မှစတင်ကာ ၇,၀၀၀ ကျပ်စျေးနှုန်းဖြင့် တစ်ပိဿာလျှင် ၁,၀၀၀ ကျပ် စျေးတက်သွားသည်။ အလားတူ အခြားသော ဆန်၊ ဆီ၊ ကြက်ဥ စျေးနှုန်းများလည်း တက်စျေးဖြင့်နေ့စဉ် ဝယ်ယူခဲ့ရကြောင်း ၎င်းက ပြောသည်။

"ကြက်သား၊ ဝက်သားတွေက အရင်ကထက် တစ်ပိဿာကို ငါးရာစီတက်သွားတယ်။ ဒါတောင် အမြဲဝယ်နေကျ ဖောက်သည်မို့ပါ။ ဆန်တစ်အိတ်ကို နှစ်ထောင့်ငါး ရာ၊ ပဲဆီတစ်ပိဿာကို သုံးရာစီတက်တယ်။ ဒါပေမဲ့ ကျွန်မရောင်းတော့ သတ်မှတ်စျေးထက် ပိုရောင်းလို့မဖြစ်ဘူးလေ"ဟု ကုမ္ပဏီကြီးတစ်ခု၏ ကင်န်တင်းတွင် အစားအသောက်ရောင်းပေးနေသူ အမျိုးသမီးတစ်ဦးကလည်း ပြောသည်။

မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ် နွေဥတုကာလ နွေခေါင်ခေါင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်ခြင်းနှင့်အတူ မတ်လ ၁၁ ရက်က ဂျပန်နိုင်ငံ၌ ငလျင်လှုပ်ကာ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခဲ့သော အကျိုးဆက်အားဖြင့် မြန်မာနိုင်ငံတွင် ရေဒီယိုဓာတ်သတ္တိပါသည့် အက်ဆစ်မိုးများ ရွာသွန်းကာ၊ မုန်တိုင်းများ ဝင်ရောက်မည်ဆိုသောကောလာဟလများထွက်ပေါ်ခဲ့သည်။

ထိုအခါ အသား၊ ငါးများ ရန်ကုန်မြို့တွင်းရှိ လက်ကား စျေးကြီးများသို့ ဝင်ရောက်မှု အနည်းငယ်ကျဆင်းခဲ့ပြီး လက်လီစျေးများလည်း မြင့်တက်ခဲ့ခြင်းဖြစ်နိုင်ကာ ယခုအခါ စားသောက်ကုန်စျေးနှုန်းများ ပြန်လည်မကျဆင်းသေးကြောင်း စူပါမားကက်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## အသားတိုးကြက်မွေးမြူမှုလျော့ ကြက်သားစျေးတက်

သန်းဌေး

ရန်ကုန်၊ မတ် - ၂၂

အသားတိုးကြက်မွေးမြူထုတ်လုပ်သူများမှ အရေအတွက်လျော့ချ မွေးမြူလာသောကြောင့် လက်လီကြက်သားစျေးတက်လာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းရှင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂)ဦးလှိုင်မြင့်ဦးကပြောသည်။

"မွေးတဲ့နှုန်းကျတော့ ကြက်သားထွက်နှုန်းကျတယ်။ ဒါကြောင့် ကြက်သားစျေးအပြောင်းအလဲဖြစ်ပြီး စျေးတက်လာတယ်"ဟု ၎င်းကပြောသည်။

စာ(၃၄)သို့



7DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# တရုတ်သို့ ကဏန်းတင်ပို့မှုများလာ၍ ဈေးပြုတ်ကျ

**သန်းငွေး**

**ရန်ကုန်၊ မတ်- ၂၂**

မူဆယ်နယ်စပ် ကုန်သွယ်ရေး စခန်းမှ နေ့စဉ်ကဏန်းတင်ပို့မှု နှစ်ဆနီးပါးမြင့်မားလာသောကြောင့် မူလဈေးနှုန်းအောက် ထက်ဝက်နီးပါးကျဆင်းခဲ့ရကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောသည်။

ကဏန်းတင်ပို့ရာတွင် ပုံမှန်အားဖြင့် ကုန်တန်ချိန်တစ်တန် တင်ဆောင်နိုင်သော ဟိုင်းလက်ကားလေးစီးတင်ပို့စဉ်က တစ်တန်လျှင် ကန်ဒေါ်လာ ၄,၈၅၃ ဈေးထိရရှိခဲ့သည်။ သို့သော် ယခုရက်ပိုင်း ကား ၇ စီးရှိသည့်တိုင် ကုန်နှစ်ဆနီးပါး တိုးရာတွင် ကဏန်းတစ်တန်လျှင် ကန်ဒေါ်လာ ၂,၆၀၀ သို့ လေလံဈေးနှုန်းကျဆင်းခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

"ကားစီးရေများလို့ ဈေးနှုန်းက ပြန်ကျဆင်းတတ်ပါတယ်။ မနေ့က ၄ စီးကနေ ၇ စီးဆိုတော့ သုံးတန်ပိုတင်လိုက်တော့ ဈေးနှုန်း ထက်ဝက်လောက်ကျတာပေါ့။ ဒါကြောင့် အတက်ကြမ်း၊ အကျကြမ်းတယ်"ဟု ရေထွက်ကုန် ပြည်ပတင်ပို့မှု အရည်အသွေးစစ်ဆေးရေးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။

သို့ရာတွင် လေကြောင်းမှ တင်ပို့မှုမှာ ဈေးနှုန်းပုံမှန်ဖြစ်နေသောကြောင့် ဌာနမှ တစ်တန်လျှင် ကန်ဒေါ်လာ ၂,၀၀၀ သတ်မှတ်ထားရာမှ ကန်ဒေါ်လာ ၂,၅၀၀ သို့ တိုးမြှင့်သတ်မှတ်ပေးလိုက်သည်။ အဆိုပါဈေးနှုန်းမှာ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလမတိုင်မီက ဌာနမှသတ်မှတ်ဈေးနှုန်းအတိုင်း ပြန်ဖြစ်သွားသည်။ ဌာနက သတ်မှတ်ဈေးနှုန်းအတိုင်း ပြည်ပတင်ပို့ကုန်ရငွေ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ အခွန်ငွေအဖြစ် ပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ကဏန်းမွေးမြူရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ် ဓာတ်ပုံ - သန်းငွေး




## အာလူးဈေးမြင့်တက်လာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ်- ၂၅**

အာလူးဈေးကွက်တွင် မိုးရွာသွန်းပြီးနောက်ပိုင်း၌ ကုန်သည်အချို့၏ ဈေးကွက်ဈေးကစားခြင်းကြောင့် အာလူးဈေးနှုန်းများမြင့်တက်နေကြောင်း ဘုရင့်နောင်ဈေးကွက်မှ သတင်းရရှိသည်။

အာလူးဈေးနှုန်းမှာ ယခုမတ်လ ၂၁ ရက်တွင် အချိန် ၄၀ ဝင် တစ်အိတ်လျှင် ၁၆၈၀၀ ကျပ်မှ ယခု ၂၄ ရက်တွင် ၂၀၄၀၀ ကျပ်ထိ ဈေးမြင့်လာသောကြောင့် ၄ ရက်အတွင်းတစ်အိတ်လျှင် ၃၆၀၀ ကျပ် ထိမြင့်တက်လာခဲ့ကြောင်းသိရသည်။

"အာလူးအဝင်က ပုံမှန်လောက်ပဲ အများကြီးမလျော့ဘူး။ ဒါပေမဲ့ ပြီးခဲ့တဲ့ရက်ပိုင်းက မိုးရွာထားတော့ ကုန်သည်အချို့ဈေးကစားတာကြောင့် ဈေးတက်လာတာပါ"ဟု အာလူးပွဲစားတစ်ဦးက ပြောသည်။

ရန်ကုန်ဈေးကွက်သို့ နေ့စဉ် အာလူးကား ငါးစီးနှင့် ဆယ်စီးကြား ပိဿာချိန် အနည်းဆုံး ၅၀,၀၀၀ ခန့် ပုံမှန်ဝင်ရောက်နေ ကြောင်း သိရသည်။

ထို့ပြင် ယခုရက်ပိုင်းအတွင်း အာလူးဝယ်ယူလိုပါက ပေါက်ဈေးထက် ၁ ပိဿာလျှင် ၅၀ မှ ၁၀၀ ကျပ်အထိ ထပ်ဆောင်းပေးမှသာ ဝယ် ယူနိုင်ကြောင်း အာလူးပွဲစားတစ်ဦးကပြောသည်။

သို့သော် ယခုတက်လာသောဈေးနှုန်းမှာ အာလူးဝင်ရောက်မှုနည်းခြင်းနှင့် ဝယ်လိုအားများခြင်းများကြောင့်မဟုတ်ဘဲ ဈေးကစားခြင်းသာဖြစ်၍ ဈေးနှုန်းများ ပြန်လည်ကျဆင်းနိုင်ကြောင်း အာလူးပွဲစားတစ်ဦးကခန့်မှန်းပြောကြားသည်။

## စာ(၃၃) - အသားတိုးကြက်မွေးမြူမှုလျော့ ကြက်သားဈေးတက် မှ

ထို့ကြောင့် ဖေဖော်ဝါရီလဆန်းက ကြက်အရှင် ခြံဖမ်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ၃၀,၀၀၀ ကျပ်ဝန်းကျင်ရှိနေရာမှ မတ်လ လယ်တွင် ၄၀,၀၀၀ ကျပ်ဈေးနှုန်းအထိဈေးတက်ခဲ့သည်။

ကြက်သားပေါက်ထုတ်လုပ်သောကုမ္ပဏီများမှာ တစ်ပတ်လျှင် ရက်သားအရွယ် ကြက်ပေါက်ကောင်ရေ ၄၀၀,၀၀၀ နီးပါး ဖြန့်ချိနေရာမှ ၃၃၇,၁၀၀ သာဖြန့်ချိခဲ့သည်။ ထို့အပြင် အမျိုးအစားအလိုက် ဈေးနှုန်းအမြင့်ဆုံးမှာ တစ်ကောင်လျှင် ၈၅၀ ကျပ်သို့ ရောက်ရှိခဲ့သည်။ ၎င်းရက်သားကြက်ပေါက်များကို ၄၅ ရက်ခန့် မွေးမြူသောအခါ တစ်ကောင်လျှင် တစ်ပိဿာ ၂၅ကျပ်သားခန့် ကြောင်း အသားတိုးကြက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

သို့ရာတွင် ကျွေးမွေးရသော ကြက်စာဈေးနှုန်းများ သိသိသာသာမကျဆင်းသည့်အပြင် ၂၀၁၀ ပြည့်နှစ်ကကဲ့သို့ ရာသီဥတုပူပြင်းမှုဒဏ်ကိုလည်း ကြုံတွေ့လာပါက ကြက်သေနှုန်းမြင့်မားမည်ကို စိုးရိမ်နေကြသည်။ ထို့ကြောင့် အသားတိုးကြက်မွေးမြူသူများက ယခုကာလတွင် သာမန်ထက် လျှော့ချမွေးမြူလာ၍ လက်လီဈေးနှုန်းတက်နေကြောင်းသိရှိရသည်။

"မိုးတွင်းကာလ မေ၊ ဇွန်ဆိုရင်တော့ ဈေးနှုန်းကျလာမယ်လို့ ခန့်မှန်းပါတယ်"ဟု ကြက်ဒိုင်များမှ စုံစမ်းသိရှိရသည်။

## 7DAY BOOK REVIEW

## ခေတ်ဟောင်းမြန်မာ့သမိုင်း သုတေသနအဘိဓာန် (ဦးသိန်းလှိုင်)



မဟာရာဇဝင်တော်ကြီးများ၊ ရာဇဝင်များ၊ အမိန့်တော်များ၊ ကျောက်စာများ၊ မင်စာများ၊ ဓမ္မသတ်များ၊ ဇမ္ဗူ့ဒီပဥဆောင်းကျမ်း၊ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ရွှေဘုံနိဒါန်းတို့တွင်ပါဝင်သော ခေတ်ဟောင်းမြန်မာ့သမိုင်းဆိုင်ရာ ဝေါဟာရများ၊ ပေါရာဏများ၊ အနုပညာနှင့် ဗိသုကာမှုဆိုင်ရာ အသုံးအနှုန်းများ၊ သာသနာရေးနှင့် လူမှုရေးဆိုင်ရာဝေါဟာရများ၊ ပါဠိစကားလုံးများ၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အာမေနီယံ၊ အီတလီနှင့် အိန္ဒိယအမည်များ၊ အခေါ်အဝေါ်များကိုထုတ်နုတ်၍ ပြုစုထားသော အဘိဓာန်စာအုပ်ဖြစ်သည်။

သမိုင်းဆိုင်ရာ အချက်အလက်များကို စုစည်းဖော်ပြသည့် အဘိဓာန်မဟုတ်ဘဲ ဝေါဟာရများနှင့် အသုံးအနှုန်းများ၏ အဓိပ္ပာယ်ကို ရှင်းလင်းဖော်ပြသည့် အဘိဓာန်သာဖြစ်ပါသည်။ အထူးသဖြင့် ခေတ်ဟောင်းမြန်မာ့သမိုင်းကို လေ့လာလိုသူများ၊ လေ့လာလျက်ရှိသောလူငယ်များ၊ သုတေသနပြုလျက်ရှိသော လူငယ်များအား အခြေခံအားဖြင့် အထောက်အကူပြုစေနိုင်ရန်ရည်ရွယ်၍ ဤအဘိဓာန်ကိုပြုစုခြင်းဖြစ်ပါသည်ဟု ဦးသိန်းလှိုင် ဝိဇ္ဇာ(အထွေထွေဂုဏ်ထူး)၊ မဟာဝိဇ္ဇာ(ဂုဏ်ထူး) ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာနက စာအုပ်၏ အဖွင့် **စကားဦး** တွင် ရေးသားထားပါသည်။

သမိုင်းဘာသာကို အထူးပြုလေ့လာပြီး မဟာဝိဇ္ဇာကျမ်းပြုနေသော ကျောင်းသူကျောင်းသားများနှင့် မဟာရာဇဝင်တော်ကြီးများနှင့် အမိန့်တော်များကို လေ့လာဖတ်ရှုနေကြသူများအတွက် သမိုင်းဝေါဟာရအဓိပ္ပာယ်ကို နားလည်သိရှိရန် အရေးကြီးပါသည်။ ထိုကွက်လပ်ကို ဦးသိန်းလှိုင်က ဖြည့်ဆည်းထားလေသည်။ စာအုပ်တွင် သမိုင်းဝေါဟာရစုစုပေါင်း ၄,၃၄၂ လုံးပါရှိပြီး ကျမ်းဖြစ်မြောက်ရေးအတွက် ပါဠိ-မြန်မာစာအုပ် ၂၅၀ ကျော်နှင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စာအုပ် ၄၀ ခန့်အား စုစည်းမှီငြမ်းပြုစုထားသည်ဟုဆိုပါသည်။ ထို့အပြင် သမိုင်းဝေါဟာရများအတွက် အချက်အလက်ခိုင်မာစေရန် ရဟန်းပညာရှိ၊ လူပညာရှိများထံ ကိုယ်တိုင်သွားရောက်မေးမြန်းခဲ့သည်မှာ ပုဂ္ဂိုလ် ၁၈ ဦးရှိသည်ဟု ကျမ်းကိုးစာရင်း၌ဖော်ပြထားသည်။ စာအုပ်တွင် သမိုင်းဝေါဟာရများနှင့်အတူ ယင်းတို့နှင့်သက်ဆိုင်သော ရုပ်ပုံအချို့ကိုလည်းထည့်သွင်းဖော်ပြထားသည်။ အထူးသဖြင့် ပုဂံစေတီပုထိုးများ တည်ဆောက်ပုံအဆင့်ဆင့် ဝေါဟာရများ၊ ရာဇပလ္လင်ဥကင်တော်တွင်ပါဝင်သည့် အခေါ်အဝေါ်များ၊ နန်းတွင်း မင်းခမ်းတော် အဆောင်အယောင်တို့၏ ဝေါဟာရများ၊ဆင်၊ မြင်း၊ တိရစ္ဆာန်တို့၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းအား ရှေးဘုရင်မင်းများလက်ထက်ခေါ်ဝေါ်ပုံဝေါဟာရများ၊ မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့လှေ၊ မြန်မာ့လှည်း၊ မြန်မာ့ရက်ကန်းစင်တို့တွင်ပါဝင်သော အစိတ်အပိုင်းများ၏ ယဉ်ကျေးမှုအမွေအနှစ် ရှေးဝေါဟာရများ၊ ဆင်၏ကကြိုး၊ မြင်း၏ကကြိုး၊ ဆံထုံးငါးဆယ့်ငါးမျိုးတို့၏ ရှေးအခေါ်အဝေါ်တို့ကို ရုပ်ပုံကားချပ်များနှင့် ရည်ညွှန်းပြသထားသည်ကို လေ့လာမှတ်သားနိုင်မည်ဖြစ်ပါသည်။

ပေပုရပိုက်တို့တွင် တွေ့ရသောအတိုကောက်အရေးအသား၊ ရှေးစာပေ အရေးအသားတွင် တွေ့ရသော နေ့နံအလိုက်အခေါ်အဝေါ်များ၊မြန်မာအခြင်အတွယ်၊ အတိုင်းအတာ၊ မြန်မာအချိန်ကာလများကိုလည်း နောက်ဆက်တွဲဖြည့်စွက်ချက်များဖြင့် လေ့လာမှတ်သားနိုင်မည်ဖြစ်ပါသည်။ ရှေးယခင် ပေါ်ထွက်ခဲ့ဖူးသော သမိုင်းနှင့်သက်ဆိုင်သည့် ဝေါဟာရအဘိဓာန်တို့တွင် မပါရှိခဲ့သော မဟာရာဇဝင်တော်ကြီးများ၊ အမိန့်တော်များနှင့် မှတ်တမ်းများ၏ သမိုင်းဝေါဟာရအစုံအလင်ကို ယခုစာအုပ်တွင် တစ်စုတစ်စည်းတည်း စုစည်းထားသည်ကိုဖတ်ရှုရမည်ဖြစ်သည်။ သုတေသီများနှင့် မြန်မာ့သမိုင်းအားစိတ်ပါဝင်စား လေ့လာနေသူများအတွက်သာမက ပညာရှင်အလုပ်ဖြစ်သော မြန်မာရာဇဝင်တော်ကြီးများ၊ အမိန့်တော်များနှင့် မှတ်တမ်းမှတ်ရာများကို နိုင်ငံခြားဘာသာသို့ ပြန်ဆိုနေသူများအတွက် အထောက်အကူပြုမည်ဖြစ်သော စာအုပ်ဖြစ်ပါသည်။ခေတ်ပြတိုက်စာပေမှ တန်ဖိုး ငါးထောင်ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ရေခဲပြင်စကိတ်ကွင်းတွေ ဘာကြောင့် အရည်မပျော်သလဲ

ရေခဲပြင်စကိတ်ကွင်းများသည် ပူနွေးသောလေထုတွင်းတည်ရှိနေသော်လည်း အေးခဲသောမျက်နှာပြင်အတိုင်း အရည်မပျော်ဘဲတည်ရှိနေခြင်းမှာ ရေခဲပြင်အောက်ရှိ အပူချိန်သည် အေးခဲလွန်းနေသည့်အတွက် ရေခဲပြင်အပေါ်ရှိ မပြင်းထန်လွန်းသောအပူချိန်ကို အန်တုနိုင်စွမ်းရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့်ပြင်ပရှိစကိတ်ကွင်းများတွင် နေရောင်ခြည်ကျရောက်နေသော်လည်း စကိတ်စီးသူများကိုသာဝတ်ထားသည့်ဆွယ်တာများ ချွတ်စေရုံမှအပ ရေခဲပြင်ကိုအရည်ပျော်အောင် လုပ်ဆောင်နိုင်စွမ်းမရှိပေ။

ပုံစံတကျတည်ဆောက်ထားသည့် စကိတ်ကွင်းများတွင် ပုံမှန်အားဖြင့် ရေခဲထုထည်မှာ ၂ လက်မအထူရှိပြီး ပုံစံသေဖြင့် အထိုင်ချတည်ဆောက်ထားသည့်ရေခဲပြင်ဟော်ကီကွင်းများတွင်မူ အဆိုပါပမာဏထက်ထူသည့် ရေခဲထုထည်ဖြင့်တည်ဆောက်ကြသည်။ ယင်းမှာကွန်ကရစ်ကြမ်းခင်းပေါ်တွင် အချင်း ၇/၄ မှ ၁ လက်မရှိပိုက်များကို အကွာအဝေး ၂ လက်မစီခြားပြီးတည်ဆောက်ထားကာ ပိုက်များကိုကြက်ခြေခတ်ပုံစံထည့်သွင်းထားသည်။ အိုလံပစ်စံချိန်အလျား ၁၈၅ ပေ၊ အနံ ၈၅ ပေရှိစကိတ်ကွင်းများတွင်မူ ကွန်ကရစ်ကြမ်းပြင်ထဲတွင် ၇ မိုင်မှ ၁၁ မိုင်အရှည်ပိုက်များကို မြှုပ်နှံတည်ဆောက်ထားသည်။ အလွန်အေးသည့် ဆားရည် သို့မဟုတ် ကားများတွင်အသုံးပြုသည့်ဂလိုက်ကောအရည်များကို ပိုက်များအတွင်းဖြတ်သန်းစီးဆင်းစေခြင်းဖြစ်သည်။ အဆိုပါအရည်များက စကိတ်ကွင်းမျက်နှာပြင်ပေါ်မှ အပူများကိုဖယ်ရှားပစ်ပြီး အအေးပေးစက်များဖြင့် အနုတ် ၅ မှ အနုတ် ၁၅ ဒီဂရီဖာရင်ဟိုက်အထိအေးခဲအောင်ပြုလုပ်ခြင်းဖြစ်သည်။ ရေခဲပြင်အထက်တွင် လေထုပူနွေးလာလေလေ၊ အေးခဲသည့်အရည်များကို ပိုက်များအတွင်း ပိုမိုစီးဆင်းအောင် ပြုလုပ်လေလေဖြင့် ဆောင်ရွက်ကြခြင်းဖြစ်သည်။ —Source: Reader's Digest

## တစ်ပတ်တာကံကြမ္မာ

မတ် ၃၀ ရက် မှ ဧပြီ ၅ ရက် အထိ



### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

အရာရာအဆင်ပြေမည်။ အခက်အခဲများပြေလည်မည်။ ငွေကြေးကံကောင်းမည်။ ရည်မှန်းချက်များအောင်မြင်မည်။ သတင်းစကားကောင်းများကြားသိရမည်။ အလုပ်၊ နေအိမ်အချို့တွင် ရှိကြသောသူများအပြန်အလှန်အေးချမ်းစွာ ဆက်ဆံနိုင်သောကံရှိသည်။ မေတ္တာရေးကံကောင်းသည်။ အညှိကင်းစင်မည်။ အဆင်ပြေခြင်းများဖြစ်ထွန်းမည်။ အလုံးစုံစိတ်ချမ်းမြေ့ရမည်။ ပညာအတတ်နှင့်ဘဝတိုးတက်မှုရမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အနှောင့်အယှက်အမျိုးမျိုးရှိနေမည်။ သေချာစွာစီစဉ်ထားသည့်ကိစ္စများပင် အလွဲလွဲအချော်ချော်ဖြစ်နေမည်။ ကတိစကားများကို မထိန်းသိမ်းနိုင်သောအနေအထားသို့ရောက်ရှိမည်။ ရသင့်သည့်ငွေ၊ အခွင့်အလမ်းများပိတ်နေမည်။ အလုပ်ခန်း၊ အိပ်ခန်းအတွင်း စာရွက်စာတမ်းများ တစ်စစီပြန့်ကျဲနေခြင်းကို သေချာစွာသိမ်းဆည်းပါ။ စိတ်ရှုပ်နေရသည်များ ရှင်းလင်းသွားမည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ထူးခြားသောငွေဝင်လမ်းများပေါ်ပေါက်မည်။ လုပ်သမျှအဆင်ပြေမည်။ ရည်မှန်းထားသောကိစ္စများကို စနစ်တကျဆောင်ရွက်၍ ပြီးမြောက်အောင်မြင်သွားမည်။ ကောင်းသောသတင်းစကားများလက်ခံရရှိမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ကောင်းသောတိုးတက်မှုများရရှိမည်။ မိတ်ဆွေအကြီးအကဲအထောက်အကူရမည်။ အကြီးအကဲနှင့်နီးစပ်သောနေရာသို့ရောက်မည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ကောင်းမယောင်နှင့်ဆိုးသည်။ အဆင်ပြေမယောင်နှင့် အတိုက်အခံများရှိမည်။ အပြိုင်အဆိုင်များနှင့်တွေ့မည်။ ကိုယ်က ကြိုးစားပမ်းစားလုပ်ကိုင်ထားသောကိစ္စများအား လိုက်လံတုပကာ အကြံတူနောက်လူသာကိန်းနှင့် လိုက်လံပြိုင်ဆိုင်ခြင်းပြုလိမ့်မည်။ စကားပဋိပက္ခများပြောရမည်။ ကြွေးတောင်း၍ ကောင်းသည်။ လက်လွှန်ထားသည်များပြန်ရမည်။ မိသားစုအတွက်ရည်စူးထားသည်မှငွေဝင်မည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

တစ်ခုထက်မကသော လုပ်ငန်းများကို ကိုင်တွယ်လုပ်ကိုင်နေရမည်။ စိတ်ပင်ပန်းစရာများ ဆက်တိုက်ကြုံမည်။ အလုပ်အကြံတစ်ခုမပြီးခင် နောက်တစ်ခုအား စတင်ရသောအနေအထားရှိသည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ဆက်တိုက်ဆောင်ရွက်ရမည်။ နေရာအပြောင်းအလဲနှင့် တိုးတက်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ အပြိုင်အဆိုင်များရှိမည်။ ရပ်တန့်ထားသောလုပ်ငန်းများ ပြန်လည်စတင်နိုင်သည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

ဆောင်ရွက်သမျှအောင်မြင်မည်။ အလုပ်အကြံအစည်များမှ ကောင်းသောတိုးတက်မှုများရရှိမည်။ သူတစ်ပါးနှင့်ယှဉ်ပြိုင်ပြီး လုပ်သောကိစ္စများမှ အဆင့်မြင့်တိုးတက်မှုများရရှိမည်။ အကြီးအကဲများထံမှ ကောင်းသောအထောက်အကူရရှိမည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ လုပ်ငန်းရှိသူတိုးတက်မည်။ လုပ်အားကြောင့်သာမက ကံကြောင့်ပါငွေဝင်မည်။ တစ်ဦးထက်ပိုသော မေတ္တာစန်းများပေါ်မည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

စိတ်အနှောင့်အယှက်အတိုက်အခံများနှင့် ရင်ဆိုင်ရမည်။ ဦးတည်ဆောင်ရွက်သမျှ အခက်အခဲနှင့်ကြုံတတ်သည်။ လူယုံဒုက္ခပေးမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်ရာတွင် မတော်တဆထိခိုက်တတ်သည်။ စုစည်းပေါင်းစပ်ပြီး လုပ်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုရမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်း တိုးတက်မှုသတင်းကြားမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အချစ်ရေး၊ မေတ္တာရေးကံကောင်းသည်။ ထူးခြားစွာစန်းပွင့်မည်။ လူချစ်လူခင်ပေါများမည်။ ကိုယ့်အပေါ်ကူညီသောသူများနှင့်တွေ့မည်။ ပျိုရွယ်သောသူများ အိမ်ထောင်ရေးကိစ္စများပေါ်မည်။ ပညာရေးကံအထူးကောင်းသည်။ ရင်းနှီးသောသူများနှင့် ပဋိပက္ခဖြစ်တတ်သည်။ လက်လွှန်ပြန့်ကျဲနေသော ငွေကြေး၊ လာဘ်လာဘများ လက်ဝယ်ပြန်လည်ရရှိမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ရန်အနှောင့်အယှက်များမည်။ မတော်တဆထိခိုက်မှုများ သတိရှိရမည်။ ကြိုတင်ပြင်ဆင်ထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှု ကွာခြားမည်။ မိဘအကြီးအကဲကျန်းမာရေးချူချာမည်။ နောက်ကွယ်မှ အကူအညီပေးသောသူ နည်းပါးသွားမည်။ ငွေကြေးစုဆောင်းရန်ခက်ခဲမည်။ ပညာကိုအခြေတည်၍ ဆောင်ရွက်သောကိစ္စများမှ ထူးခြားစွာအောင်မြင်မည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အတိုက်အခံအားလုံးကိုကျော်လွှား၍ အဆင့်မြင့်အောင်မြင်မှုများပြန်ရမည်။ ဆိုင်းငံ့ထားသည်များ ပြန်လည်ဆောင်ရွက်နိုင်မည်။ ခရီးကိစ္စများ စီစဉ်အောင်မြင်မည်။ လူမျိုးခြားနှင့် တိုက်ရိုက်လုပ်ကိုင်သောလုပ်ငန်းများ အောင်မြင်မည်။ ခြံ၊ ကား၊ အခန်းကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ စုပေါင်းလုပ်ငန်းများမှ ငွေဝင်ခြင်းရှိမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

ကောင်းသောအပြောင်းအလဲနှင့်တိုးတက်မည်။ မူလအနေအထားမှ တိုးတက်သောအနေအထားကောင်းရမည်။ လူမျိုးခြားအကျိုးပေးမည်။ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရမည်။ ထူးခြားသောအပြောင်းအလဲနှင့်တိုးတက်မည်။ ဆောင်ရွက်ထားသောကိစ္စမှ ကောင်းစွာတိုးတက်ခြင်းနှင့် ကျော်ကြားခြင်းတို့ကို ရရှိမည်။ ဦးတည်ချက်ပြောင်း၍ လုပ်ငန်းသစ်များစတင်နိုင်သည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အလုပ်အခွင့်အရေးသစ်များပေါ်ပေါက်မည်။ ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်မည်။ မူလစီစဉ်ထားသည်များမှ လမ်းကြောင်းပြောင်း၍ ဆောင်ရွက်ရာမှ တိုးတက်မှုရမည်။ ရသင့်လျက် ကြန့်ကြာနေသောအခွင့်ကောင်းများ လက်ခံရရှိမည်။ မိတ်ဆွေအကြီးအကဲအထောက်အကူရမည်။ ဥစ္စာဓနတိုးပွားမည်။ မိဘဝန်းကျင်မှ လက်ခံခြင်းမရှိသောသူနှင့်မေတ္တာမျှမည်။

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011



# မရေရာသော အနာဂတ်ကို အန်တုခြင်း

ကြည်နေဝင်းမင်း

**ဂျပန်နိုင်ငံ၊ ခီဆန်နုမမြို့**

ဂျပန်နိုင်ငံ၌ စာသင်ကျောင်းများသည် ဧပြီလတွင် ပြန်ဖွင့်ပြီး အတန်းသစ်များ စတင်ကြသည်။ နွေဦးရာသီကဲ့သို့ပင် အသစ်ပြန်လည် စတင်ခြင်း၊ တစ်ဖန်မွေးဖွားခြင်းကိုကိုယ်စားပြုသည်။

မတ်လ ၂၂ ရက် နံနက်ခင်းတွင်မူ ဆူနာမီဒဏ်ခံစားခဲ့ရသော ဤပင်လယ်ဆိပ်ကမ်းမြို့ စာသင်ကျောင်းတစ်ကျောင်း၏ အစည်းအဝေးခန်းမတွင် ယင်းနွေဦးအစဉ်အလာမှာ အန်တုခြင်းအသွင် ပြောင်းလဲသွားသည်။

ဆူနာမီ ဘေးအန္တရာယ်ဇုန်အရိပ်မည်းတွင် ဟာကီရှီးမားမူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းသားများအတွက် ဒီပလိုမာပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို တက်ရောက်လာသော လူအုပ်ကြီးနှစ်စုမှာ လေးနက်တည်ကြည်ခြင်းနှင့်အတူ တစ်ခါတစ်ရံ မျက်ရည်များလည်း ဝဲနေကြသည်။ အလယ်တန်းကျောင်းခန်းမကြီးထဲတွင် မတ်လ ၁၁ ရက် ဆူနာမီ ဒုက္ခသည်များသည်စောင်များကို ပတ်ရင်း အခမ်းအနားပြုလုပ်နိုင်ရန် နောက်နားဆုတ်ပေးကြသည်။ အခမ်းအနားစတင်ကြောင်း ခရာသံနှင့်အတူ ကျောင်းသားများ စင်မြင့်ထက်သို့ ချီတက်ခြင်း၊ ကျောင်းသီချင်းများ သီဆိုခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်းများမှာ အစဉ်အလာဖြစ်သည်။

သို့သော် မည်သူမျှအထင်အမြင်မများကြစေလိုပါ။ မူလတန်းပြီးမြောက်ခြင်း၊ အလယ်တန်းပြီးမြောက်ခြင်း အခမ်းအနားများမှာဂျပန်နိုင်ငံတွင် အရေးကြီးသောဖြတ်သန်းမှုများ ဖြစ်သည်။ အမှန်တကယ်တော့ အခမ်းအနားများကို ကုန်ခဲ့သည့်ရက်သတ္တပတ်တွင် ကျင်းပရန်ဖြစ်သည်။ သို့သော်ငြားလည်း မြေငလျင်ကြောင့် မူလတန်းကျောင်းကွဲအက်ထွက်သွားခဲ့သည်။ လှိုင်းလုံးကြီးများက ဆရာများ၊ ကျောင်းသားများ၏ နေအိမ်များနှင့်မိသားစုဝင်များကို သိမ်းကျုံးသယ်ဆောင်သွားခဲ့သည်။ ဟာကီရှီးမားကျောင်းမှ မူလတန်းကျောင်းသားများ သေဆုံးခြင်းမရှိသော်လည်း အလယ်တန်းကျောင်းသား (ကိုးတန်း)တစ်ယောက်၏ အလောင်းကို စနေ၊ တနင်္ဂနွေရက်များက ရှာဖွေတွေ့ရှိခဲ့သည်။ အခြားကျောင်းသားနှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။

ကျောင်းသားများနှင့် ဆရာများအတွက်မူ ၎င်းတို့ကိုယ်တိုင်ကြုံတွေ့ခံစားနေရသည့် အခက်အခဲများကြားမှပင် အတန်းပြီးမြောက်ခြင်း အခမ်းအနားများ ကျင်းပခြင်းမှာ စိတ်ဓာတ်ခွန်အားပြသခြင်း၊ ရဲရင့်မှုပြသခြင်းဟုပင် ဆိုနိုင်သည်။

“ဒီအခမ်းအနားအတွက် အချိန်စောလွန်းနေတယ်လို့ ငါတို့က ထင်တယ်” အလယ်တန်းကျောင်းကျောင်းအုပ်ဆရာမကြီး ဟီရိုကိုဆူဝါဝါရာက ပြောပြသည်။ ‘ဒါပေမဲ့ မြို့ခံလူတွေနဲ့ မိဘဆရာအသင်းက လူတွေက ဒီအခမ်းအနားကို ကလေးတွေအတွက် ငါတို့ လုပ်ပေးချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၅ နှစ်သားတွေအတွက် ဒါဟာ (ဆူနာမီ) ဟာရက်စက်တဲ့ အတွေ့အကြုံလို့ပဲ’ လို့ ဆိုကြတယ်။ ငါကလည်း အသက်ရှင်ကျန်ခဲ့တဲ့ ကျောင်းသားတွေကို ထွန်းပေါက်စေချင်တယ်။ သူတို့ဘဝကို ဆက်လက်ရှင်သန်စေချင်တယ်”

ကျောင်းအုပ်ဆရာမကြီး၏ ညီမနှင့် အစ်ကိုမှာ ဆူနာမီဝင်ရောက်ပြီးကတည်းက ပျောက်ဆုံးနေပြီး သူမ၏ အိမ်မှာလည်း ရေထဲပါသွားခဲ့သည်။ အခမ်းအနားကိုဦးဆောင်သော ဆရာနှစ်ဦးတွင်လည်း တစ်ဦးက၎င်း၏ နေအိမ်ဆုံးရှုံးသွားပြီး ကျန်တစ်ဦး၏ မိဘများအိမ်မှာ အစအနပင် ရှာမရတော့။



အလယ်တန်းကျောင်းသား ၂၈ ဦး ၎င်းတို့၏ အောင်လက်မှတ်များလက်ခံရန် စောင့်ဆိုင်းနေကြစဉ်တွင် ဟာတာကီယာမာ (၄၈နှစ်) သည် ကျောင်းသားမိဘများ၏ ထိပ်ဆုံးတန်းအလယ်တွင် ထိုင်နေသည်။ လက်ထဲတွင် သူ၏ ၁၅ နှစ်အရွယ်သား ဖူမိယာ၏ ဓာတ်ပုံကို ကိုင်ဆောင်ထားသည်။ ဖူမိယာမှာ ဟာတာကီယာမာ၏ သားသုံးယောက်ထဲတွင် အငယ်ဆုံးဖြစ်ပြီး မြို့နယ်လူငယ် ဘေ့စ်ဘောအသင်း၏ အလယ်တန်းကစားသမား တစ်ဦးဖြစ်သည်။ ဆူနာမီဝင်ရောက်ချိန်တွင် ဖူမိယာမှာ သူ့အမေနှင့်အတူရှိနေခဲ့ပြီး ကုန်းမြင့်ပိုင်းသို့ နှစ်ဦးသားခြေဦးတည့်ရာ ပြေးကြရာတွင် အမေသာ လွတ်မြောက်ခဲ့သည်။

ကျောင်းအခမ်းအနားနေ့တွင်မစ္စတာ ဟာတာကီယာမာသည် သားငယ် ဖူမိယာ၏ အပြာရောင်အားကစား ဝတ်စုံနှင့် ဖိနပ်များကို ဝတ်ဆင်ထားသည်။ “ငါ့သားက ပျောက်နေတုန်းပဲ။ ငါသာမလာရင် သူ့အောင်လက်မှတ်ကို လက်ခံမယ့်လူရှိမှာမဟုတ်ဘူး” ဟုမစ္စတာဟာတာကီယာမာ က ပြောပြီး “ငါ့သားကိုပြန်လာစေချင်တယ်။ ငါ့မိန်းမက သူ့သားကို ထွေးပွေ့ချင်တယ်။ သူကတော့ ဖြေမဆည်နိုင်အောင်ပါဘဲ” ဟု ပြောပြသည်။

ထို့အတူပင် မူလတန်းကျောင်းသား ၄၂ ဦး၎င်းတို့ခုံများတွင် ရှုစိရှုစိဖြစ်နေစဉ်မှာပင် ဟိုတယ်စားဖိုမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ အသက် ၃၇ နှစ်အရွယ် ကင်မူယားတစ်ယောက် ကျောင်းသားမိဘများ၏ နောက်တန်း၌ထိုင်နေသည်။ သူ၏ ၁၂ နှစ်အရွယ်သား တာကူမီမှာ ဆေးကုသမှု ခံယူနေရဆဲဖြစ်သည်။

ဆူနာမီသတိပေးချက်ထွက်ပေါ်လာချိန်တွင် ၎င်းတို့သားအဖနှစ်ဦးအိမ်ထဲမှာ ရှိနေခဲ့သည်။ မစ္စတာ မူယားသည် မြေနိမ့်ပိုင်းမှအိမ်နီးချင်းများကို ကယ်ဆယ်ရန်အလျင်အမြန် ထွက်သွားခဲ့ပြီး သူ့အိမ်သို့ ဆူနာမီလှိုင်းများ ရောက်လာမည်ဟု မထင်မှတ်ခဲ့။ မစ္စတာမူယားသည် ကားထဲမှာပင် ပင်လယ်ထဲသို့ မျောပါသွားခဲ့ပြီး နောက်တစ်နာရီကြာမှ မီးသတ်သမားများက ၎င်းအားကယ်ဆယ်ခဲ့သည်။ ၎င်းမှာ အပျက်အစီးများကြားထဲအဝတ်အစား မရှိတော့။

သူ၏ သားငယ် တာကူမီကို ဆွေမျိုးများနေထိုင်ရာ မြို့သို့ခေါ်ဆောင်သွားခဲ့သည်။ သားငယ်လေးမှာ ထိတ်လန့်တုန်လှုပ်လွန်း၍ရက်ပေါင်းများစွာ စကားပင်မပြောနိုင်ခဲ့။ စကားပြန်ပြောသောအခါ ကျောင်းအခမ်းအနားကို လာရောက်လိုကြောင်း ပြောပါသည်။

“ဒါပေမဲ့ သူ့ကို သွားခေါ်ဖို့ ဓာတ်ဆီရှာလို့ မရဘူး” ဟု မစ္စတာမူယားက ပြောသည်။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် အရေးပေါ် ပါမစ်ကိုင်ဆောင်ထားသူများမှလွဲ၍ အခြားလူများအတွက် ဓာတ်ဆီထုတ်မပေးနိုင်တော့ပါ။ ကျောင်းအခမ်းအနားပြီးဆုံးသောအခါ ဆရာများက သူ့သား၏ အောင်လက်မှတ်ကို မစ္စတာမူယားက ပေးအပ်ခဲ့ပါသည်။

အတိတ်ကာလတွင် မူလတန်း၊ အလယ်တန်းအောင်မြင်ခြင်းအခမ်းအနားများမှာ အသစ်တစ်ဖန်စတင်ခြင်း ထုံးတန်းစဉ်လာအခမ်းအနားများဖြစ်ကြောင်း ဆရာများက ပြောပြသည်။ သို့သော် ယခုတစ်ကြိမ် အခမ်းအနားမှာ ထူးခြားပါသည်။ ယခင်ကကျောင်းသားများအားလုံး ကျောင်းသက်တမ်းတစ်လျှောက် အတူတကွကျောင်းတက်ခဲ့ကြသော်လည်း ယခုအခါ ငလျင်နှင့် ဆူနာမီကြောင့် ကျောင်းသားများမှာ ကယ်ဆယ်ရေး စခန်းများနှင့် အခြားမြို့များသို့ ရောက်ရှိနေကြပါသည်။ ၎င်းမြို့များမှာပင် ဆက်လက်နေထိုင်ကြဖို့ များပါသည်။


ကျောင်းသားများတက်တက်ကြွကြွရှိရန် အတတ်နိုင်ဆုံးကြိုးစားကြသော်လည်း အများစုမှာမျက်ရည်များကို ထိန်းမထားနိုင်။ ကျောင်းသီချင်းများ သီဆိုနေချိန်နှင့် အခမ်းအနားအပြီးတိုတောင်းသော ပါတီပွဲလေး ကျင်းပနေစဉ်မှာပင် မျက်ရည်ကျနေကြသည်။

“ဝမ်းနည်းမှုကို မပြဖို့ သူတို့အတတ်နိုင်ဆုံး ကြိုးစားကြပါတယ်။ ဒါပေမဲ့ ကျောင်းသားတွေပြုံးနေတာကို ငါတို့မတွေ့ရဘူး” ဟုအခမ်းအနား ဦးဆောင်ကျင်းပသူဆရာတစ်ဦးဖြစ်သူ ယာဆူယူကီက ပြောခြင်းဖြစ်သည်။ ထို့ကြောင့် ပါတီပွဲလေး အဆုံးသတ်ချိန်တွင် သူ့နားမှာ စုရုံးနေသောကျောင်းသားများကို ယာဆူယူကီကယခုလို တိုင်ပေးလိုက်သည်။

“ပြန်လည်ဆုံတွေ့ကြပါစို့”

“ပြန်လည်ဆုံတွေ့ကြပါစို့” ကျောင်းသားများကလည်း ညီညီညာညာရွတ်ဆိုကြပါတော့သည်။

*—Ref: NY Times*


Monkey Coffee mix
30 Sachets
Money နဲ့
Monkey coffee
ရှိရင် ပြီးပြီ...

# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 58,100 |
| Intel P4 Dual Core 2.7 (E 5400) Processor | 53,700 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 121,400 |
| Intel P4 Core i3 3.1 GHz (1155,2400) Processor | 177,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 267,500 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 53,700 |
| MSI P43-C51 (775) Motherboard | 69,500 |
| MSI H55M-E32 (1156) Motherboard | 83,600 |
| ASUS P7P55DE-Pro (1156) Motherboard | 176,000 |
| ASUS P7H55-MLX (1156) Motherboard | 79,200 |
| ASUS P5G41C-MLX (775) Motherboard | 55,400 |
| Gigabyte P41-ES3G (775) Motherboard | 66,000 |
| Gigabyte H55M-S2V (1156) Motherboard | 87,100 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 41,400 |
| 1 GB DDR2 (800) Kingston Memory | 19,400 |
| 2 GB DDR3 (1333) Kingston Memory | 22,000 |
| 4 GB DDR3 (1333) Kingston Memory | 40,500 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1 TB Seagate SATA | 54,600 |
| 2 TB Seagate SATA | 92,400 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 73,900 |
| MSI 8400GS 512MB PCI Express Card | 38,700 |
| MSI R5450 1GB DDR3 PCI Express Card | 48,400 |
| ASUS EAH 5750 Formula 1GB PCI Express Card | 130,200 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 48,400 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 53,700 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 75,700 |
| Gigabyte 8400STC 512I 512MB PCI Express Card | 35,200 |
| **Memory Stick** | |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick Toshiba 8 GB | 16,500 |
| Memory Stick pqi 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 9,900 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| SVC (600 VA) | 29,000 |
| SVC (1.2 KVA) | 56,300 |
| Power Pro (650 VA) | 34,500 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 29,900 |
| EAST (1.2 KVA) | 57,200 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 26,400 |
| ASUS DVD Writer (SATA) | 27,300 |
| Liteon DVD Writer (SATA) | 23,800 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ မတ်လ (၂၆) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 589,000 |
| Intel Atom 1.50 Ghz 2GB DDR3, 500GB HDD,10.1" | 343,000 |
| **Asus** | |
| Intel Core i5 2.67 Ghz 2GB DDR3, 500GB HDD,14.0″ | 712,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,180,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,15.6″ | 651,000 |
| **Sony** | |
| Intel Core i5 2.53 Ghz 4GB DDR3, 500GB HDD,14.0″ | 1,070,000 |
| **Toshiba** | |
| Intel Core i3 2.4 Ghz 2GB DDR3, 320GB HDD,14.0″ | 606,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မတ်လ (၂၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၄ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၈၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၇၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၄၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၂၆)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၆,၀၀၀-၆,၅၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၇၀၀-၈၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၃,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၈၀၀-၄,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မတ်လ (၂၆) ရက်က ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၂၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၉၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၃၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၅,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၅,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၆၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၇၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၀၀၀-၁၉,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၇၀၀-၃,၂၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၇၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၉,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၂,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၂၀၀ |

မတ်လ (၂၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၅၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | - | ၁၀/၂၀ | ၂၀၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၉၅ |
| စူဇူကီး R- (2Way) | - | ၁၀/၂၀ | ၁၅၀ ကျော် |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄၀ | ၃၄၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂/၉၃ | ၄၀ | ၄၃၈ |
| မတ်ခ်တူး(ခါတ်ဆီ)ရွှေငါး | ၂၀၀၂ | ၄၀ | ၈၀၀ |
| နစ်ဆန်းစူပါဆလွန်း | ၈၅ | ၅၀ | ၁၇၀ |
| ပါဂျဲရို | ၉၇ | ၄၀ | ၇၅၀ |

မတ်လ(၂၆) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Mar(19) | Mar (20) | Mar (21) | Mar(22) | Mar (23) | Mar (24) | Mar (25) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ |

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

## စာ-၉၊ လေလွင့်ရွက်ကြွေ မှ

လူမှုရေး၊ ကျန်းမာရေးတွေထိခိုက်မယ်။ အထင်သေး အမြင်သေးနဲ့ ဆက်ဆံကြမယ်။ လူကောင်းသူကောင်းတွေနဲ့ စည်းဝိုင်းထဲမှာ ပါဝင်ခွင့်မရတော့ဘူး။ အလိုလိုနေရင်း သီးခြားလူတန်းစားဖြစ်မှန်းမသိဖြစ်လာရမယ်”

“ကိုယ်တစ်ယောက်တည်းနဲ့ မပြီးဘူး၊ တစ်မျိုးလုံး သားစဉ်မြေးဆက်ထိ ဒီအမည်းစက်ကြီးက ဘယ်တော့မှ ပျောက်မသွားဘူး”

“သိတော့ သိနေပါတယ် အန်တီရယ်။ ကျွန်မယောကျ်ားဆုံးသွားတော့ ကလေးတစ်ယောက်နဲ့ ကျွန်မ ဘာမှလုပ်မစားတတ်ဘူး။ အင်္ဂတေလည်း မခံနိုင်တော့ သားလေးဘဝကိုလည်း ပျိုးထောင်ဖို့ ကျွန်မတာဝန်တွေလေ။ ရင်းနှီးစရာလည်းမရှိ၊ ဒါနဲ့ ဒီလိုဘဝကို ရောက်ခဲ့တာပါ”

“အေး. . သားလေးတစ်ယောက်ကို သူများနည်းတူထားတယ်၊ ကျွေးတယ်ဆိုတာသိတယ်။ ဒါပေမဲ့ ဒီကလေးက အရွယ်ရောက်လာရင် ဒီကောင်ကွာ မိန်းမရှင်ရဲ့ သားပါကွာလို့ပြောလာမယ်။ သားလေးကိုယ်တိုင် အမေ ဒီလိုဆိုတာ သိသွားရင် သမီးဘယ်လိုရင်ဆိုင်မလဲ တွေးမိလား။ ဖြစ်နိုင်ရင် အချိန်မီပြင်ဆင်စေချင်ပါတယ်ကွယ်။ အကူအညီလိုရင် ပြောပါ”

နောက်တစ်ယောက်ကလည်း သူ့အကြောင်းလေးကို ရင်ဖွင့်ပြန်ပါတယ်။ “အန်တီရယ် သမီးတို့ကို ဒီလို ရင်းရင်းနှီးနှီးဆက်ဆံတာကျေးဇူးတင်ပါတယ်။ ကျွန်မမှာ မိသားစုတာဝန်တွေများတယ်။ ရင်းနှီးမြှုပ်နှံငွေဆိုတာ လုံးဝမရှိ။ ရောင်းဝယ်စားဖို့ကလည်း စိတ်ကူးယဉ်သက်သက်။ ဒါနဲ့ မကြံ့အပ် မစည်အပ် နောက်ဆုံး ကိုယ်နဲ့ရင်းရတဲ့ ဘဝပါအန်တီ။ ဒီအလုပ်ကို ဘယ်လိုပျော်ပိုက်နိုင်မလဲ အန်တီရယ်” လို့ ပြောပြပြီး မျက်ရည်ကျပြန်တယ်။ နောက်တစ်ယောက်က ဆက်ပြောရှာတယ်။

“အန်တီရယ် . . . သမီးကတော့ ဆွေမျိုးမရှိဘူး။ တစ်ကိုယ်တည်းမို့ ဈေးမှာ ကုန်စိမ်းလေးကောက်ပြီး ရှိသမျှ ရင်းနှီးငွေလေးနဲ့ စပြီးရောင်းတဲ့နေ့မှာပဲ ကိုယ့်မှာဆိုင်ဆိုတာ ဘယ်ရှိပါ့မလဲ။ လမ်းဘေးလေးက ဗန်းတစ်နေရာစာလေးချပြီးရောင်းရတယ်။ မိုးလင်းတာနဲ့ ဈေးကောက်က လာကောက်တယ်။ ပြီးရင် မြူနီစပယ်သန့်ရှင်းခကောက်တယ်။ ပြီးတာနဲ့တစ်ပြိုင်နက် စည်ပင်က လာဖမ်းလို့ ဗန်းကလေးမပြီး ဟိုရှောင်၊ ဒီရှောင်၊ ဟိုပြေး၊ ဒီပြေး တကယ်ရောင်းရမယ့်အချိန်ကသွားပြီ။ စည်ပင်က ပြန်သွား၊ ကျွန်မတို့က ပြန်ထိုင်ရောင်းနဲ့၊ ဈေးသာ ကွဲသွားရော၊ ကောက်ထားတဲ့ ကုန်စိမ်းလေးတွေကမကုန်၊ ဟင်းသီးဟင်းရွက်ဆိုတော့ ကြာရှည်မခံဘူးပေါ့။ အရင်းအနှီးက ကုန်သွားတော့ နေ့ပြန်တိုးပြန်ရင်း၊ ပြန်ရောင်း၊ ပြန်ကုန်သံသရာတွေကလည်လာလိုက်တာ အန်တီရယ်၊ အကြွေးတွေတင်တော့ ဈေးထဲမှာလည်း ဘယ်ရောင်းရဲတော့မှာလဲ။ စိတ်တွေညစ်ပြီး ဒီဘဝကိုရောက်တော့တာပါပဲ”

ဩော်. . သန့်ရှင်းတဲ့ဘဝက ညစ်နွမ်းတဲ့ဘဝလေးထဲမှာနေပြီး ယောကျ်ားတကာရဲ့ ဖျော်ဖြေမှုအောက်မှာ တစ်ညတာ လိုသလို အသုံးချခံနေရတဲ့ ကလေးမလေးတွေကိုကြည့်ပြီး ကျွန်မရင်ထဲမှာဖြစ်တည်မှုတစ်ခုပေါ်လာပါတယ်။ အဲဒါကတော့ အမျိုးသမီးဂေဟာဖွင့်ပြီး တစ်ကောင်ကြွက်တို့၊ အားကိုးအားထားမရှိတဲ့သူများ စုဝေးနေထိုင်ပြီး စက်ချုပ်တတ်တဲ့သူကချုပ်၊ အပင်စိုက် ဝါသနာပါသူကစိုက်၊ ရောင်းသူကရောင်း၊ ကလေးတွေကို မူကြိုဖွင့်ပြီး စာသင်၊ ကောင်းနိုးရာရာ လုပ်တတ်ရာရာ အလုပ်လေးတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုစေချင်တဲ့ စေတနာ၊ မေတ္တာတွေ ပေါ်များသလောက်၊ ငွေကြေးကတော့ မပေါ်များတာကြောင့် ကျွန်မရဲ့အတွေးကလည်း စိတ်ကူးသက်သက်သာဖြစ်ပါတော့တယ်။ ။

## စာ-၁၀၊ အမေ့ရင်ခွင်ကြားက ဆိတ်ငြိမ်သောပန်းချီ မှ

သူက အသက် ၄၆နှစ်ရှိပြီဖြစ်သည်။ တကယ်တမ်းမှာတော့ သူ့ ပန်းချီကားများမှာ ဇစ်မြစ်က တစ်ခုတည်းပင်။ မိခင်တစ်ဦးက သားငယ်တစ်ဦးကို ချီပိုးကာ ခရီးထွက်လာသော ပုံကြမ်းကို အခြေခံ၍ အရောင်အမျိုးမျိုးဖြင့် ပန်းချီကားများ ထပ်ဆင့်ပွားထားခြင်းဖြစ်သည်ကိုတွေ့ရသည်။

ပန်းချီကားဆိုသော်လည်း ပုံမှန်ရေးဆွဲထားခြင်း မဟုတ်ဘဲ ဆေးဆိုးပန်းရိုက်၊ တံဆိပ်ရိုက်နည်းစနစ်ဖြင့် စနစ်တကျကူးယူကာ အရောင်များ ရောစပ်ထားခြင်းဖြစ်သည်။ ပန်းချီမြင့်စံမြင့်၏ ပန်းချီကားများမှာ စုစုပေါင်း ၁၁ ကားဖြစ်သည်။ ထိုကားများကို ပံ့ပိုးပေးထားသည့် ပန်းချီကားတစ်ချပ်ကတော့ အမေကဗျာတစ်ပုဒ်ကို စာလုံးများဖြင့်ရေးခြယ်ထားသောကားဖြစ်သည်။ အမေပန်းချီကားများ၏ ရည်ရွယ်ချက်မှာ ထိုကဗျာထဲတွင် ပါဝင်သည်ဟုလည်း သူက ညွှန်းဆိုနေသည်။

“Mother is my poem, Mother is my sky, Mother is my sea, Mother is my dream” ဟု သူက ဖိတ်စာထဲမှာ ဆိုထားသည်ကိုတွေ့ရသည်။ သူ့ပန်းချီကားများကို နည်းစနစ်အရ Pop-Art အမျိုးအစားများဟု သတ်မှတ်လို့ရသည်။

“အစကတည်းက ပေ့ါပ်အတ်ကို လေ့လာနေတာ။ အခုလည်း ပေ့ါပ်အတ်ကို လိုက်စားနေတယ်”ဟု ပန်းချီမြင့်စံမြင့်ကပြောသည်။ အမေပန်းချီကား ၁၁ချပ်မှာ ဆေးဆိုးပန်းရိုက်နည်းဖြင့် ဆန်းသစ်ပြသထားခြင်းဖြစ်ပြီး ကျန်ပန်းချီသုံးကားကိုတော့ လက်နှင့်ရေးဆွဲထားကြောင်း သိရသည်။ ထိုကဲ့သို့ ပန်းချီကားများကို လက်နှင့်မဆွဲဘဲ တံဆိပ်ရိုက်သကဲ့သို့ ရိုက်နှိပ်ထားခြင်းကို သူက “ပန်းချီဆိုတာ ရေးဆွဲမှ မဟုတ်ဘူး။ ပန်းချီဟာ Painting ပဲလုပ်လုပ်၊ Print ပဲလုပ်လုပ် 2D ဖြစ်ရမယ်။ ဒါက ပိုပြီးကျယ်ပြန့်စေချင်တာပါ။ ဆန့်ကျင်တာမဟုတ်ပါဘူး။ လက်နဲ့ဆွဲရင်လည်းဆွဲတယ်။ ဆေးမှုတ်ရင်လည်းမှုတ်တယ်။ ဖြတ်ညှပ်ကပ်လုပ်ရင်လည်း လုပ်တယ်”ဟု ရှင်းပြသည်။

ယခုကဲ့သို့ ပန်းချီကားများအား ဆေးဆိုးပန်းရိုက်နည်းဖြင့် ရိုက်နှိပ်ခြင်းအား သူက အင်ဒိုဟိုးလ်ဝါးကိုကြည့်ပြီး စိတ်ကူးရခဲ့တာဖြစ်သည်ဟုဆိုသည်။ သူ၏ ဖခင်မှာ ငယ်စဉ်က ဇာတိမြေ ရခိုင်ပြည်နယ်၊ ဂွမြို့တွင် ဆေးဆိုးပန်းရိုက်လုပ်ငန်းအား လုပ်ကိုင်ခဲ့သူဖြစ်သည်။ ပန်းချီမြင့်စံမြင့် ရန်ကုန်ရောက်တော့လည်း ရွှေဂုံတိုင်တွင် ဆေးဆိုးပန်းရိုက်လုပ်ငန်းကို လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုခဲ့ရသေးသည်ဟုသိရသည်။

ပန်းချီပညာအား ငယ်စဉ်ကတည်းက ဝါသနာပါခဲ့ပြီး ဖခင်ဖြစ်သူက ဆေးဆိုးပန်းရိုက်လုပ်သည့်အတွက်ကြောင့် အရောင်တွဲစပ်ပုံများကို ကလေးဘဝကပင် နားလည်သိရှိနေခဲ့သည်ဟု ဆိုသည်။

“ရှစ်တန်းတုန်းက ဂွမှာ ဦးဘအောင်ဆိုတဲ့ ဆရာက နွေရာသီ ပန်းချီသင်တန်းပေးတယ်။ နောက်ပိုင်း စာအုပ်ဖတ်လေ့လာတယ်။ ရန်ကုန်ဝိဇ္ဇာနဲ့သိပ္ပံ တက္ကသိုလ်အနုပညာအသင်းက ပန်းချီသင်တန်းကိုတက်ခဲ့တယ်။ ပန်းချီဆရာကြီး ဦးသိန်းဟန်အိမ်မှာ ခြောက်လလောက် သွားသင်ဖူးသေးတယ်”ဟု ပန်းချီသင်ယူမှုများကို သူကပြောပြသည်။

နယ်မှ ရန်ကုန်ရောက်စဉ်က သူက ဆေးဆိုးပန်းရိုက်လုပ်ငန်းအပြင် ဆိုင်းဘုတ်ရေးခြင်းကိုပါ လုပ်ခဲ့သူဖြစ်သည်။ ထို့နောက် ယူဇနဉယျာဉ်မြို့တော်အိမ်ရာသို့ ရောက်သွားသည်။ ယုဇနမှာက စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ စသောအနုပညာရှင်တွေ ပေါများလှသည်။ ထိုအထဲမှ ပန်းချီဆရာများနှင့်ပေါင်းမိကာ ပန်းချီမြင့်စံမြင့်ဟူ၍ သူလည်း ပန်းချီလောကထဲ ရောက်လာခဲ့သည်ဟု သိရသည်။

“ယုဇနမှာ ပန်းချီဆရာတွေများတယ်လေ။ သူတို့ကိုတွေ့တော့ ပန်းချီနဲ့လည်း ပိုက်ဆံရှာစားလို့ရတယ်ဆိုပြီး ဒီလောကထဲရောက်သွားတာ။ အစက ပန်းချီနဲ့ပိုက်ဆံရှာလို့ရတယ်ဆိုတာ မယုံဘူး” ဟု နောက်ပြောင်သည့်သဘောဖြင့် သူက ရယ်မောပြောသည်။

ယခင်က သရုပ်မှန်ပန်းချီကို ရေးဆွဲခဲ့သော်လည်း ယခုအခါတွင်မူ စိတ်ထဲမှာ ပေါ်သလို လျှောက်ရေးဖြစ်သည်ဟု သူက ဆက်ပြောသည်။ သမီးတစ်ယောက်၊ သားတစ်ယောက်ရှိပြီး ပန်းချီရေးဆွဲခြင်းကို ခုံမင်စွာပြုလုပ်နေသောသူ့ကို ဇနီးဖြစ်သူကလည်း အကူအညီများစွာပေး၍ ပါရမီဖြည့်ပေးကြောင်း သူက ဆိုသည်။

ဒေါ်ကြင်ယုံဟူသည့် သူ၏ အမေဖြစ်သူကို ရေးဆွဲတင်စားထားသော ပန်းချီကားများကို ပြသခဲ့ခြင်းပင်ဖြစ်သည်။

Silence ဟု ခေါင်းစဉ်တစ်ခုပေးထားသော်လည်း ပန်းချီကားအားလုံးမှာ Silence ချည်းမဟုတ်ဘဲ ၎င်းခေါင်းစဉ်ဖြင့် ရေးဆွဲထားသောကားနှစ်ကားသာပါဝင်သည်ဟုပြောလာသူက ပန်းချီမြင့်စံမြင့်နှင့် တွဲဖက်ပြသခဲ့သော လူငယ်ပန်းချီဆရာရဲမင်းပင်ဖြစ်သည်။

သရုပ်မှန်မဟုတ်ဘဲ ရေးဆွဲထားသည့် ပန်းချီကားများကို သူကပြသခဲ့သည်။ Musician ဟူသည့် ပန်းချီကားတစ်ချပ်တွင် ဆိုင်းဆရာက ဆိုင်းဝိုင်းကို တီးခတ်နေသည်။ သူတီးခတ်နေသောပုံများက ကြောက်မက်ဖွယ်မျက်နှာများဖြင့် လေထဲမှာပေါ်လာကာ သူ့ကို ပြန်တိုက်ခိုက်ကြတော့မည့်သဏ္ဍာန်ကိုရေးဆွဲထားသည်။ တိတ်ဆိတ်ခြင်းခေါင်းစဉ်အောက်မှာ ပန်းချီများက တိတ်ဆိတ်စွာပေါက်ကွဲနေသည်ကို မြင်တွေ့ရသည်။

“တစ်ကားချင်းစီကို ခေါင်းစဉ်ခွဲထားတယ်။ Silence ဆိုတာ တစ်ခုတည်းနဲ့ မလုံလောက်လို့ပါ။ သက်မဲ့တွေကို သက်ရှိလုပ်ပစ်လိုက်တာပေ့ါ”ဟု ပန်းချီရဲမင်းက ပြောသည်။

သူရေးဆွဲသော ပန်းချီကားများကို အစ်ဇင်(Ism) တစ်ခုအနေနှင့်မသတ်မှတ်ချင်ဘဲ နည်းစနစ်တစ်ခုအောက်မှာမနေချင်ကြောင်း သူက လူငယ်ပီပီ ဆိုလာသည်။ “အစ်ဇင်တစ်ခုအောက်မှာတော့ မနေဘူး။ ရေးလိုက်တာပဲ။ ဒါပေမဲ့ ကျွန်တော့်ပန်းချီကားတွေကို ဆာရီရယ်လစ်ဇင်ဘက်ပါတယ်လို့ပြောသံတွေကြားရတယ်။ အဲဒီလို ပြန်လာမယ့်အသံတွေကို နားထောင်တယ်။ ကိုယ်တိုင်တော့ မသတ်မှတ်ဘူး”ဟု သူကပြောပြသည်။

ပန်းချီရဲမင်းမှာ အသက်အရွယ်အားဖြင့် ၂၂နှစ်ရှိပြီး ၂၀၀၆ ခုနှစ်တွင်ပန်းချီလောကထဲစတင်ရောက်လာခဲ့ခြင်းဖြစ်သည်။ ဇာတိမြေမှာ မော်လမြိုင်ကျွန်းမြို့ဖြစ်ကာ ၂၀၀၆ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းတက်ရင်း ပန်းချီလောကထဲ တိုးဝင်ခဲ့ခြင်းဟုသိရသည်။ ပန်းချီပညာနှင့် ပတ်သက်၍ အပြင်မှပင် ကိုယ့်ဘာသာလေ့လာရေးဆွဲခဲ့ပြီး လမ်းပြဆရာမှာ ဦးမင်းမင်း(ချမ်းမြေ့မင်း)ဖြစ်သည်ဟုလည်းသိရသည်။

“ပန်းချီကိုတော့ ၂၀၀၂ ခုနှစ်က စဆွဲတယ်။ ၁၆နှစ်သားမှာ အခု လမ်းဘေးမှာတွေ့ရတဲ့ ဓားခြစ် ပန်းချီတွေကို ကျွန်တော်စဆွဲနေပြီ။ ကျောင်းတက်ရင်းနဲ့ ဒီလောကထဲ ရောက်လာတာ။ ၂၀၀၆ မတိုင်မီက ကျွန်တော်က ဒီပန်းချီလောကကိုမသိဘူး။ ကိုယ်လုပ်ချင်တာကိုပဲ ကိုယ်လုပ်နေခဲ့တာ”ဟု သူကပြောသည်။

ယခုပြပွဲတွင် သူက Musician နှင့်သက်ဆိုင်သော ပန်းချီကား အများဆုံးရေးဆွဲထားပြီး အားလုံးမှာ အခရိုင်းလစ်ဖြင့် ရေးဆွဲခြင်းဖြစ်ကာ ကိုယ်တိုင်ရေးပုံတူဆိုသော တစ်ကားသာ အခြား Medium များဖြင့် ဖန်တီးထားကြောင်းသိရသည်။

ပန်းချီရဲမင်းက ပန်းချီကားများအပြင် သစ်သားပန်းပုလက်ရာတစ်ခုကိုပါ ပြသထားသည်ကို တွေ့ရသည်။ သူ၏ပန်းပုကို ‘သူ’ ဟုအမည်ပေးထားသည်။ ပန်းပုမှာ ဂစ်တာတစ်လက်သာဖြစ်သည်။ သို့သော် ပုံမှန်မြင်တွေ့နေကျမဟုတ်ဘဲ ဂစ်တာအိုးအပေါ်က ပါးစပ်တစ်ခုဖြစ်နေပြီး သွားများဖြင့် ဂစ်တာကြိုး ခြောက်ချောင်းကို မရမကကိုက်ဆွဲနေသည့်ပုံဖြစ်သည်။ ဂစ်တာက စိတ်ဆိုးမာန်ဆိုးဖြစ်ကာ အလွန်အမင်းဒေါသထွက်နေဟန်ဖြစ်သည်။ ဂစ်တာ၏ သူ့ကြိုးများကို သူပြန်ကိုက်ဆွဲမှုကြောင့် ဖလက်တံပါကွေးကောက်လာနေရသည့်ပုံကို ထုဆစ်ပြသထားသည်။

“ကျွန်တော် လွန်ခဲ့တဲ့သုံးနှစ်က ဂစ်တာတစ်လုံးဝယ်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်က သိပ်မတီးတတ်ဘူး။ အဲဒါနဲ့ စိတ်ပျက်ပြီး ဂစ်တာကို ပန်းချီစတူဒီယိုထဲ လွှင့်ပစ်ထားလိုက်မိတယ်။ မကြာခင်က ပြန်ထုတ်ကြည့်တော့ ဂစ်တာက ဖုန်တွေတက်နေပြီ။ အနုပညာသမားဆိုတာက ခံစားလွယ်တယ်ဗျ။ ကျွန်တော် ဂစ်တာလေးကို ကြည့်ပြီး သနားသွားတယ်။ သူသာ သက်မဲ့တစ်ဦးဖြစ်ခဲ့ရင် ခုလို ကျွန်တော်ပစ်ထားခဲ့တဲ့အချိန်တွေမှာ သူဘယ်လိုနေမလဲ။ ဘယ်လိုခံစားနေရမလဲဆိုတာကို စဉ်းစားမိပြီး ပြထားတာပါ”ဟု ရဲမင်းက ‘သူ’အမည်ရှိ ဂစ်တာပုံသစ်သားပန်းပုအား ထုဆစ်ဖြစ်သောအကြောင်းရင်းကို ရှင်းပြသည်။

ထိုပန်းပုအား မထုဆစ်ခင် ပန်းချီကားတစ်ကားကို အရင်ဆုံးရေးဆွဲခဲ့သည်ဟုသိရသည်။ ယခုပွဲတွင် ပြသထားသည့် ကျန်သော Musician ပန်းချီကားများကိုလည်း သူ၏ဖုန်တက်ဂစ်တာလေးအား အခြေခံ၍ စိတ်ကူးရခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Mother and Silence ပန်းချီပွဲကို ၂၀၁၀ တွင် ပြုလုပ်ရန်စီစဉ်ထားသော်လည်း နောက်ကျပြီး ယခုမှ ကျင်းပရခြင်းဖြစ်သည်ဟု သူတို့ကဆိုသည်။ ပွဲပြုလုပ်ရန် စီစဉ်ကြစဉ်က သူတို့နှစ်ဦးပေါင်း၍ ပန်းချီကားကြီးတစ်ကားတည်းကို ခန်းမအပြည့်ရေးဆွဲရန် စဉ်းစားခဲ့ကြပြီး အကောင်အထည်မဖော်ဖြစ်ခဲ့ကြောင်း သိရသည်။

ပန်းချီမြင့်စံမြင့်နှင့် ပန်းချီရဲမင်းတို့နှစ်ဦးက သူတို့၏ပြပွဲလေးတွင် ထူးခြားသောအရာတစ်ခုကို လုပ်ခဲ့ကြသေးသည်။ ယင်းမှာ သူတို့အကြိုက်ဆုံး ပန်းချီတစ်ကားစီကို ပန်းချီမြင့်စံမြင့်၏ ဆေးဆိုးပန်းရိုက်နည်းပညာဖြင့် ရိုက်နှိပ်ကာ ပြပွဲလာ ပရိသတ်များအား မြန်မာငွေငါးရာကျပ်ဖြင့် ရောင်းချပေးခဲ့ခြင်းပင်ဖြစ်သည်။ ပန်းချီမြင့်စံမြင့်၏ အမေပန်းချီကားပုံကြမ်းနှင့် ရဲမင်း၏ ဂစ်တာပန်းချီကားတို့ကို ၁၂လက်မ×၁၀လက်မအရွယ် ကင်းဗတ်စပေါ်တွင် ဝယ်ယူသူများရှေ့မှာပင် ဆေးဖြင့်ရိုက်နှိပ်ပေးခြင်းကို တွေ့ခဲ့ရသည်။

“ပန်းချီကား ရောင်းရဖို့ခက်တယ်။ အဲဒီတော့ ပို့စ်ကတ်ရောင်းသလိုပဲ လုပ်လိုက်တယ်။ ပြည်တွင်းမှာ ပန်းချီကားကို မဝယ်နိုင်ကြဘူး။ ကျွန်တော်တို့က ပန်းချီကားကို လူတွေရဲ့ လက်ဝယ်ရောက်စေချင်တယ်။ အဲဒါကြောင့် ငါးရာနဲ့ရောင်းတာပေ့ါ” ဟု ပန်းချီမြင့်စံမြင့်က ရှင်းပြသည်။

မတူသော အသက်အရွယ်၊ မတူသော ရည်ရွယ်ချက်၊ မတူသော ရေးဆွဲမှု၊ မတူသော အကြောင်းအရာပြသပုံတို့အောက်မှာ တူညီသော ပန်းချီချစ်စိတ်ဖြင့် တွဲဖက်ပြသခဲ့ကြသည့် ပန်းချီမြင့်စံမြင့်နှင့် ပန်းချီရဲမင်းတို့နှစ်ဦးစလုံးက လာမည့်နှစ်တွင် တစ်ကိုယ်တော် ပြပွဲတစ်ပွဲစီကို သီးခြားပြသသွားကြရန် ရည်ရွယ်ထားကြသည်။ “တစ်ကိုယ်တော် ပြပွဲကနောက်နှစ်လောက်လုပ်ဖို့ရှိတယ်။ ဒါပေမဲ့ ဖြစ်ချင်မှလည်းဖြစ်လာမှာပါ။ ကြီးကြီးကျယ်ကျယ်လေး ကြံထားလို့” ဟု ပန်းချီမြင့်စံမြင့်က ပြောသည်။

“နောက်နှစ်တော့ တစ်ကိုယ်တော်ပြပွဲလုပ်ဖို့ စီစဉ်ထားတယ်။ Musician ပန်းပုတွေချည်းပဲ ပွဲတစ်ပွဲပြဖို့ အစီအစဉ်လည်းရှိတယ်”ဟု ပန်းချီရဲမင်းကဆိုသည်။

နာမည်ကြီးပန်းချီဆရာများ မဟုတ်သေးသော်လည်း ပန်းချီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန် သူတို့ အားထုတ်နေကြသည်။ စိတ်ကူးများစွာ၊ ရည်ရွယ်ချက်များစွာ၊ အိပ်မက်ပေါင်းများစွာဖြင့် သူတို့ရပ်တည်နေကြဆဲဖြစ်ပါသည်။

“နှစ်ယောက်ပေါင်းပြီး ခန်းလုံးပြည့်ရေးဆွဲတာကို မလုပ်ဖြစ်လိုက်ပေမယ့် ကျွန်တော်တို့လုပ်ဦးမှာ”ဟု ပန်းချီရဲမင်းက ဆံပင်ရှည်များကို တစ်ချက်သပ်တင်လိုက်ရင်းပြောပါသည်။

Environment
7 DAY NEWS JOURNAL
Vol.10, No.4 · MARCH 31, 2011

# လွှတ်တော်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆွေးနွေးမေးမြန်းမှုများ အားနည်းနေခြင်းကို ထိန်းသိမ်းရေးအဖွဲ့များ ထောက်ပြ

အိဖြူမွန်

**ရန်ကုန်၊ မတ်-၁၆**

သဘာဝ ပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ရာသီဥတုပြောင်းလဲခြင်းများနှင့် သဘာဝဘေးအန္တရာယ်များ ကမ္ဘာပေါ်တွင်သာမက ပြည်တွင်း၌ပါ လက်ရှိတွေ့ကြုံခံစားလာရသော်လည်း လက်တွေ့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ နိုင်ငံရေးသမားများ စိတ်ဝင်စားမှုလျော့နည်းနေခြင်းအပေါ် ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်းများက ထောက်ပြပြောဆိုလာကြသည်။

"လက်ငင်းဖြေရှင်းရမယ့် ကိစ္စတွေရှိနေလို့ အခုလွှတ်တော်မှာ ဆွေးနွေးမှုတွေ တက်မလာတာလည်း ဖြစ်နိုင်တယ်။ သဘာဝပတ်ဝန်းကျင်ကို နိုင်ငံရေးသမားမပြောနဲ့၊ ပြည်သူလူထုအကြား တကယ်တမ်း စိတ်ဝင်စားမှုက ၄၀ ရာခိုင်နှုန်းတောင်မရှိဘူး။ ဒါပေမဲ့လည်း နောက်ကျချန်ထားခဲ့လို့လည်း မရဘူး။ အချိန်ပြန်လှည့်လို့မရဘူး။ ဆေးကုလို့မရဖြစ်မယ့် အခြေအနေကြုံရင်ငွေကုန်မယ်" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြန်မာနိုင်ငံအနှံ့အပြား၌ လုပ်ကိုင်နေသူ Ecodev မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူက ပြောသည်။

ယခုလက်ရှိ ကျင်းပနေသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင်လည်း မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သော ဆွေးနွေးပြောဆိုမှုများ နည်းပါးနေသေးကြောင်း ပြည်တွင်းရှိ နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်သည်။

"ချင်းပြည်နယ်အနေနဲ့ တင်ပြထားတာရှိတယ်။ ပယ်ချလိုက်တာ မရှိသေးဘူး။ တခြားအရေးကိစ္စတွေရှိနေတော့ နောက်မှထပ်ဆွေးနွေးဖို့ နောက်ဆုတ်ထားတယ်။ ရွေးကောက်ပွဲဝင်ပြိုင်တုန်းကလည်း သဘာဝပတ်ဝန်းကျင်ကို ဇောင်းပေးပြီးပြောခဲ့တယ်။ ကိုယ်တိုင်ကလည်း စိတ်ဝင်စားတာလည်းပါတယ်။ လက်ရှိအခြေအနေအရလည်း ကြုံတွေ့နေရတယ်လေ။

*စာ(၁၈) သို့*

Environment Cartoon




**မတ်** လ ၂၂ရက်သည် ကမ္ဘာ့လူသားအားလုံးနှင့်သက်ဆိုင်သည့် ကမ္ဘာ့ရေသယံဇာတနေ့ (World Water Day) ဖြစ်သောကြောင့် ကမ္ဘာတစ်လွှားတွင် ရေသယံဇာတနှင့်ပတ်သက်၍ ဆွေးနွေးဆောင်ရွက်မှုများကို အလေးထားပြုလုပ်ခဲ့ကြသည်။

ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းသည် မြို့ပြ၌နေထိုင်ကြပြီး မြို့ပြသောက်သုံးရေရရှိမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစနစ်များအပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသည့် မြို့ပြများအလျင်အမြန်တိုးချဲ့လာမှု၊ မြို့ပြလူဦးရေတိုးပွားလာမှုနှင့်စက်မှုထွန်းကားလာမှုတို့၏ အကျိုးသက်ရောက်မှုများကို နိုင်ငံတကာသတိပြုလာရန်အတွက် ယခုနှစ်ကမ္ဘာ့ရေသယံဇာတနေ့၏ ဆောင်ပုဒ်ကိုပင် "မြို့ပြများအတွက် သောက်သုံးရေရရှိမှု၊ မြို့ပြစိန်ခေါ်မှုပြဿနာများအပေါ် တုံ့ပြန်ဖြေရှင်းခြင်း"(Water for Cities: Responding to the Urban Challenge) ဟူ၍ သတ်မှတ်ကျင်းပခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ခြိမ်းခြောက်မှုပိုမိုကြုံတွေ့နေရသော ရေသယံဇာတ

မေဝင်းမွန်

UN-HABITAT သည် ယခုနှစ် ကမ္ဘာ့ရေသယံဇာတနေ့အတွက်ဦးစီးဆောင်ရွက်သည့် ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်ပြီး ယခုနှစ်ကမ္ဘာ့ ရေသယံဇာတနေ့ဆိုင်ရာ ကုလသမဂ္ဂထုတ်ပြန်ချက်အရ မြို့ပြတွင် နေထိုင်သူမှာ တစ်စက္ကန့်လျှင် နှစ်ဦး တိုးပွားလျက်ရှိပြီး ဖွံ့ဖြိုးဆဲကမ္ဘာရှိ မြို့ပြနေထိုင်သူငါးသန်းသည် လစဉ်မြို့ပြလူနေထိုင်မှုတိုးပွားခြင်း ပြဿနာနှင့် ရင်ဆိုင်နေရသည်ဟုသိရသည်။

အာဖရိကနှင့် အာရှရှိမြို့ပြလူဦးရေ တိုးတက်မှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၃၀ ပြည့်နှစ်အတွင်း နှစ်ဆတိုးတက်လာမည့် အနေအထားရှိပြီး မြို့ပြနေထိုင်မှု အင်အားများလာခြင်းကြောင့် လူဦးရေ ၈၂၇ ဒသမ ၆ သန်းသည် ယာယီအဆောက်အအုံဖြင့်သာ နေထိုင်နိုင်မှု၊ သောက်သုံးရေမလောက်ငမှု၊ မသန့်ရှင်းသော မိလ္လာစနစ်များနှင့် နေထိုင်ရဖွယ်ရှိနေသည်ဟုဆိုသည်။

ကမ္ဘာ့လူဦးရေ၏ ၁၈ ရာခိုင်နှုန်းမှာရေကောင်းရေသန့်မရရှိမှု၊ ၄၂ ရာခိုင်နှုန်းမှာ အိမ်သာအလုံအလောက်မရှိမှုနှင့်လူဦးရေ၂ဒသမ ၂ သန်းမှာရေနှင့်ပတ်ဝန်းကျင်နှင့်ဆက်စပ်သည့်ရောဂါများကြောင့် သေဆုံးနေရသည်ဟု ဆိုသည်။

နောက်ဆုံးရရှိသည့် စာရင်းဇယားများအရ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အတွင်း အာရှ-ပစိဖိတ် ဒေသရှိမြို့ပြ အများစုတွင် သောက်သုံးရေရရှိမှုမှာ တိုးတက်ကောင်းမွန်ခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့် နီပေါနိုင်ငံတို့တွင် မြို့ပြလူဦးရေ၏ ရေကောင်းရေသန့်ရရှိသည့်ဝေစုမှာ ၃ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်း အထိကျဆင်းခဲ့သည်။ အဓိကဖြစ်သော ရေသယံဇာတသာမရှိပါမူ ရပ်တည်ရှင်သန်ဖို့ရာ ခက်ခဲသလို ဆင်းရဲမွဲတေမှုမှလည်း ရုန်းထွက်နိုင်လိမ့်မည်မဟုတ်ပေ။

ကမ္ဘာပေါ်တွင် စုစုပေါင်းရေသယံဇာတထုထည်ပမာဏသည် ၁ ဒသမ ၄ ဘီလီယံကုဗကီလိုမီတာခန့်ရှိပြီး ကမ္ဘာ့ရေချိုအရင်းအမြစ်သည် ၃၅ သန်းကုဗကီလိုမီတာရှိကာ ရေသယံဇာတထုထည်စုစုပေါင်း၏ ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိသည်ဟုသိရသည်။ ရေချို ၇၀ ရာခိုင်နှုန်းကို စိုက် ပျိုးရေးကဏ္ဍ၊ ၂၂ ရာခိုင်နှုန်းကို စက်မှုလုပ်ငန်းများ၊ ၈ ရာခိုင်နှုန်းကို သောက်သုံးရေအဖြစ်အသုံးပြုသည်ဟု သိရသည်။

အာရှဒေသတွင်နေထိုင်သည့် သန်းချီသောလူဦးရေများသည် အပူချိန် အနည်းငယ်မြင့်တက်သည်နှင့် ရေရှားပါးမှု၊ မိုးခေါင်မှု၊ ရေကြီးမှု စသည့်သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပြီး ကမ္ဘာပေါ်တွင် ရေရှားပါးရခြင်း၏ အဓိကအကြောင်းရင်းများမှာ လူဦးရေတိုးပွားလာခြင်း၊ ရေအသုံးပြုမှုမြင့်မားခြင်း၊ ရေထုညစ်ညမ်းမှုများပြားလာခြင်းနှင့် ရာသီဥတုပြောင်းလဲလာခြင်းတို့ပင်ဖြစ်သည်။

မြို့ပြနေထိုင်သူ ၉၄၃ သန်းသည် လက်ရှိတွင်မိလ္လာစနစ်ကိုမျှဝေသုံးစွဲနေရသည့်အနေအထားရှိပြီး အဆိုပါအခြေအနေမှာ ၁၉၉၀ ခုနှစ်က ၂၅၉ သန်းသာရှိသည်။ သန့်ရှင်းသောရေနှင့် မိလ္လာစနစ်မရှိသည့် မြို့များ၌ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါများဖြစ်လာမည့် အခြေအနေတွင် ရှိနေရာ မြစ်များ၊ ချောင်းများ၊ ရေကန်များနှင့် မြေအောက်ရေစနစ်များ၏ ရေအရည်အသွေးကျဆင်းမှုသည် လူသားများ ကျန်းမာရေးနှင့် ဂေဟစနစ်တို့ကို ဆိုးကျိုးများ သက်ရောက်လျက်ရှိသည်။

လက်ရှိ ပြောင်းလဲနေသော ရာသီဥတုအခြေအနေအရ ကမ္ဘာ့နိုင်ငံများတွင် ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ ဆီးနှင်းကျခြင်း၊ ဆူနာမီဘေးဖြစ်ပေါ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံကို ကြည့်မည်ဆိုပါက မိုးခေါင်ရေရှားမှုဖြစ်ပွားမှုအများဆုံးမှာ အပူပိုင်းဇုန်ဒေသများဖြစ်သည့် စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် စသည့်နေရာများဖြစ်ပြီး မိုးခေါင်မှုနှင့်အပူချိန်မြင့်မားမှုကြောင့် ရေရှားပါးမှုများ ကြုံတွေ့နေရသည်။

မြို့ပြနေလူဦးရေ၏ ၂၇ ရာခိုင်နှုန်းသည် နေအိမ်များတွင် ရေဘုံပိုင်ဖြင့် ရေသုံးစွဲနိုင်ခြင်းမရှိဘဲ မြို့ပြကြီးများ၏ ရေအလဟဿဆုံးရှုံးမှုမှာ တစ်နှစ်လျှင် ၂၅၀ မှ ၅၀၀ ကုဗမီတာရှိသည်ဟု ဆိုသည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် မိုးခေါင်မှုပိုမိုများပြားလာသဖြင့် တည်ရှိနေသောရေအရင်းအမြစ်များ ထိန်းသိမ်းသည့်အပြင် မိုးရေစုဆောင်းသုံးစွဲခြင်းပြုလုပ်ပါက လူဦးရေအတွက် လုံလောက်သည့် အစားအစာထုတ်လုပ်မှုအတွက် စိတ်ချရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံမှာ ရေရှားပါးမှုအနည်းနှင့်အများကြုံတွေ့ရသည့် ဒေသများတွင်နေထိုင်ရဖွယ်ရှိပြီး လက်ရှိကမ္ဘာ့လူဦးရေ ၃၅၀,၀၀၀ သည်ရေခပ်ရန်အတွက် နေ့စဉ် ၆ ကီလိုမီတာခရီးကိုလမ်းလျှောက်ရသည်ဟုဆိုသည်။ စားသောက်မှုပုံစံပြောင်းလဲလာခြင်း၊ မြို့ပြနေထိုင်မှုတိုးလာခြင်းနှင့် ရာသီဥတုပြောင်းလဲလာမှုတို့သည် ကမ္ဘာ့ရေအရင်းအမြစ်များကို တစ်ဖက်တစ်လမ်းက ထိခိုက်လျက်ရှိပြီး တိုးပွားလာမည့်လူဦးရေအတွက်နှင့်တွက်ချက်လျှင် လက်ရှိရေသုံးစွဲမှုထက် နှစ်ဆနီးပါး များပြားလာဖွယ်ရှိနေရာ ထိန်းသိမ်းရန်မဆိုထားနှင့် ဖြုန်းတီးနေမိသည်ကို အလေးအနက်ဂရုစိုက်လျှော့ချရန် ကြိုးပမ်းကြရမည်ဖြစ်ပေသည်။ ။



Tourism
7DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# Air KBZ က မြို့ကြီး ငါးမြို့ကို စတင်ပျံသန်းမည်

အောင်သူရ

**ရန်ကုန်၊ မတ် - ၂၄**



*Air KBZ အား နေပြည်တော်လေဆိပ်တွင် တွေ့ရစဉ်။*

ဓာတ်ပုံ - အေးမြကျော်

ပြည်တွင်းပြည်ပ ပျံသန်းခွင့်ရရှိထားသည့် တိုင်းရင်းသားလုပ်ငန်းရှင်က ရာနှုန်းပြည့်ပိုင်ဆိုင်သော Air KBZ လေကြောင်းလိုင်းသည် ပြည်တွင်း ခရီးစဉ်များအဖြစ် မြို့ကြီး ငါးမြို့သို့ ဧပြီ ၁ ရက်တွင် စတင် ပျံသန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ခရီးစဉ်များမှာ နေ့စဉ် ရန်ကုန်-ညောင်ဦး-မန္တလေး-ဟဲဟိုး-ရန်ကုန် ပျံသန်းမည်ဖြစ်ပြီး ရန်ကုန်-မြိတ်ခရီးစဉ်အား (Point to Point) တိုက်ရိုက်ပျံသန်းမည်ဖြစ်သည်။

ယခုလက်ရှိတွင် ATR 72500 လေယာဉ်တစ်စင်းဖြင့် ပျံသန်းပေးမည်ဖြစ်ပြီး နောက်ထပ် ATR 72500 လေယာဉ်အသစ်သုံးစင်း ထပ်မံမှာယူထားကြောင်း အဆိုပါ လေကြောင်းလိုင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က ပြောသည်။

အသစ်မှာယူထားသော လေယာဉ်တစ်စင်းမှာ ဧပြီလဆန်းတွင် ရောက်ရှိမည်ဖြစ်ပြီး ကျန်နှစ်စင်းမှာ ဇွန်၊ ဇူလိုင်လများတွင်ရောက်ရှိမည်ဖြစ်ကြောင်း လေကြောင်းလိုင်းတာဝန်ရှိသူကပြောသည်။

လေယာဉ်လက်မှတ်ဈေးနှုန်းများမှာ ဝန်ကြီးဌာနက သတ်မှတ်ပေးသဖြင့် အခြားသောလေကြောင်းလိုင်းများနည်းတူ ရောင်းချပေးသွားမည်ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် ပေးချေမှာယူရန် အစီအစဉ်များရှိကြောင်း သိရသည်။

ထို့အပြင် Air KBZ လေကြောင်းလိုင်း၏ ညီနောင်လေကြောင်းလိုင်းဖြစ်သော MAI လေကြောင်းလိုင်း၏ ပြည်ပနိုင်ငံ ရုံးများမှတစ်ဆင့် Air KBZ လက်မှတ်များ ဝယ်ယူရရှိရန်စီစဉ်ထားပြီး၊ Air KBZ လက်မှတ်များဖြင့်လည်း MAI လေယာဉ်စီးနိုင်ရန် စီစဉ်ထားရှိကြောင်း လေကြောင်းလိုင်း လက်ထောက်အထွေထွေမန်နေဂျာဦးမြတ်သူကပြောသည်။

လက်ရှိ ပျံသန်းပြေးဆွဲမည့် လေယာဉ်အား အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၆ သန်းပေးချေခဲ့ရပြီး ဧပြီလတွင် ရောက်ရှိမည့် လေယာဉ်မှာ အမေရိကန်ဒေါ်လာ ၄ သန်းကျသင့်ကြောင်းသိရှိရသည်။

အဆိုပါလေကြောင်းလိုင်း နာယကမှာ KBZ ကုမ္ပဏီအကြီးအကဲဦးအောင်ကိုဝင်းနှင့်ဒေါ်နန်းသန်းထွေးတို့ဖြစ်ပြီး ဥက္ကဋ္ဌမှာ ၎င်းတို့၏သမီးကြီး ဒေါ်နန်းလှိုင်ခမ်းဖြစ်သည်။

# နိုင်ငံခြားသားများအတွက်ပြေးဆွဲသော ရန်ကုန်-ပုဂံရထား ပြည်တွင်းခရီးသွားများကိုသာ အားကိုးနေရ

သိမ့်သိမ့်စိုး

**ရန်ကုန်၊ မတ်-၂၃**

နိုင်ငံခြားသားများအတွက် ရည်ရွယ်ပြေးဆွဲသည်ဟုဆိုသော ရန်ကုန်-ပုဂံအထူးရထားတွင် နိုင်ငံခြားသားခရီးသွားများထက် ပြည်တွင်းခရီးသွားများကိုသာ အားကိုးပြေးဆွဲနေရကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"နိုင်ငံခြားသားက မျှော်မှန်းထားသလောက် မစီးဘူး။ အချိန်ကလည်း ကားထက်စာရင် ငါးနာရီလောက်ပိုကြာတော့ နိုင်ငံခြားသားစီးတဲ့သူနည်းနေတာ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ထို့အပြင် နိုင်ငံခြားသားများအတွက် စီးနင်းခမှာ ကားခဈေးနှုန်းများနှင့်ယှဉ်လျှင် ဈေးနှုန်းများစွာ ကွာခြားခြင်းကြောင့်လည်း ယခုကဲ့သို့ စီးနင်းမှုနည်းခြင်းဖြစ်နိုင်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။ နိုင်ငံခြားသားများအတွက် ရထားစီးနင်းခမှာ အိပ်စင်ဖြင့်ဆိုလျှင် ဒေါ်လာ ၅၀၊ ထိုင်ခုံဖြင့် စီးနင်းပါက ကန်ဒေါ်လာ ၄၀ နှင့် ဒုတိယတန်းမှ စီးနင်းလျှင် ကန်ဒေါ်လာ ၃၀ ကျသင့်မည်ဖြစ်သည်။

ပြည်တွင်း ခရီးသွားများစီးနင်းပါက အထက်တန်းအတွက် ၁၅,၀၀၀ ကျပ်၊ ထိုင်ခုံဖြင့် အထက်တန်းမှစီးနင်းလျှင် ၁၂,၀၀၀ ကျပ်နှင့်ဒုတိယတန်းမှ စီးနင်းလျှင် ၃,၀၀၀ ကျပ် ကျသင့်မည်ဖြစ်သည်။ ၎င်းရထားတွင် ဒုတိယတန်းတွင်သာ စီးနင်းမှုများ၍ ဒုတိယတန်းအတွက် တွဲများထပ်မံဖြည့်စွက်ပြေးဆွဲရန်လည်းရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ရန်ကုန်-ပုဂံခရီးစဉ်တွင် ကားဖြင့်စီးနင်းပါက ယာဉ်စီးခမှာတစ်ဦးလျှင် ၁၀,၅၀၀ ကျပ် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိပြေးဆွဲနေသော ရထားကို ၂၀၁၀ပြည့်နှစ် မတ် ၁၀ ရက်တွင် စတင်ပြေးဆွဲခဲ့ပြီး ရန်ကုန်မှ ညနေ ၄နာရီထွက်၍ ပုဂံသို့နောက်တစ်နေ့ နံနက် ၈နာရီတွင်ဆိုက်ရောက်မည်ဖြစ်ပြီး ပုဂံမှ ညနေ ၄ နာရီခွဲ၌ ပြန်လည်ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၈ နာရီခွဲတွင်ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

# တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှ MAI စီးလာသော နိုင်ငံခြားသားအားလုံးကို ဆိုက်ရောက်ဗီဇာပေး

အောင်သူရ

**ရန်ကုန်၊ မတ်-၂၃**

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှ ရန်ကုန်မြို့သို့ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းဖြင့် လာရောက်သော မည်သည့်နိုင်ငံသားမဆို ဆိုက်ရောက်ပြည်ဝင်ခွင့် Visa On Arrival ပေးနေပြီဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း၏ ဈေးကွက်မန်နေဂျာဒေါ်အေးမရသာက ပြောသည်။

MAI လေကြောင်းလိုင်းသည် မတ်လ ၃ ရက်မှစ၍ အပတ်စဉ် ကြာသပတေးနှင့် တနင်္ဂနွေနေ့များတွင် Air Bus A320 ဖြင့် ရန်ကုန် ကွမ်ကျိုးခရီးစဉ်အား ပျံသန်းပေးလျက်ရှိသည်။

"ဗီဇာကြေးက ဒေါ်လာ ၃၀၊ ဓာတ်ပုံနှစ်ပုံနဲ့ အရင်ပေးနေတဲ့ ဆိုက်ရောက်ဗီဇာ လုပ်ထုံးလုပ်နည်းအတိုင်းပဲ"ဟု ဒေါ်အေးမရသာကဆိုသည်။

ဖေဖော်ဝါရီ ၂၃ မှ စတင်ပျံသန်းသော ရန်ကုန် စီရမ်ရိ(ပ်)ခရီးစဉ်တွင် စီရမ်ရိ(ပ်)မှ MAI လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ လာရောက်သော မည်သည့်နိုင်ငံသားမဆို ဆိုက်ရောက်ပြည်ဝင်ခွင့် ပေးခဲ့သည်။

၂၀၀၉ ခုနှစ် မေလ ၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)တို့၌ မည်သည့်နိုင်ငံသားမဆို ဆိုက်ရောက်ပြည်ဝင်ခွင့်ဖြင့် လာရောက်ခြင်းအား ခွင့်ပြုခဲ့ပြီး ၂၀၀၉ စက်တင်ဘာ ၁ ရက်မှစ၍ ယာယီရပ်ဆိုင်းခဲ့သည်။

# MAI လက်ရှိဥက္ကဋ္ဌမှာ အမျိုးသမီးလုပ်ငန်းရှင်တစ်ဦးဖြစ်

အောင်သူရ

**ရန်ကုန်၊ မတ် - ၂၄**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(အမ်အေအိုင်)၏ဥက္ကဋ္ဌသည် ဒေါ်နန်းလှိုင်ခမ်းဖြစ်ကြောင်း ကမ္ဘောဇကုမ္ပဏီအုပ်စု၏ အုပ်ချုပ်မှုဒါရိုက်တာဦးမိုးဆန်းအောင်က သတင်းထောက်များအားပြောသည်။ ဥက္ကဋ္ဌသစ်ဒေါ်နန်းလှိုင်ခမ်းမှာ ကမ္ဘောဇကုမ္ပဏီအုပ်စု၏ အကြီးအကဲဦးအောင်ကိုဝင်းနှင့် ဒေါ်နန်းသန်းထွေးတို့၏သမီးကြီးဖြစ်ပြီး လေကြောင်းလိုင်းဆိုင်ရာပညာရပ်များအား ပြည်ပနိုင်ငံများတွင် သင်ယူခဲ့သူဖြစ်သည်ဟု သိရသည်။

ဒေါ်နန်းလှိုင်ခမ်းမတိုင်မီ အမ်အေအိုင်ဥက္ကဋ္ဌရာထူးအား စီဘီဘဏ်အကြီးအကဲဦးခင်မောင်အေးက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ နိုင်ငံပိုင်လုပ်ငန်းများအား ပုဂ္ဂလိကပိုင်ပြုခဲ့သည့် ၂၀၁၀ ပြည့်နှစ်ဆန်းပိုင်းမှစ၍ အမ်အေအိုင်လေကြောင်းလိုင်းအား ပုဂ္ဂလိကပိုင်ပြုခဲ့ပြီး ဦးခင်မောင်အေးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။ အမ်အေအိုင်လေကြောင်းလိုင်းသည် ပုဂ္ဂလိကပိုင်ပြုပြီးနောက် လေယာဉ်အသစ်များ ထပ်မံဝယ်ယူခဲ့ပြီး ခရီးစဉ်သစ်များကိုလည်းတိုးချဲ့ပျံသန်းခဲ့ကာ လက်ရှိတွင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ ပျံသန်းပေးလျက်ရှိသည်။









7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

The Cartoon Logo












## ခတ်ရောင်ခြည်အဆိပ်သင့်မည်ဟူသော ကောလာဟလဖြန့်ချိသူကို တ ုတ်အာဏာပိုင်များက ထောင်ဒဏ်ချမှတ်

**ဘေဂျင်း၊ မတ် - ၂၁**
တရုတ်နိုင်ငံ အရှေ့ပိုင်းမှ ဒေသခံအာဏာပိုင်များသည်ဂျပန်နိုင်ငံတွင် နျူစက်ရုံပေါက်ကွဲမှုကြောင့် တရုတ်ပြည်တွင်းရှိ သောက်သုံးရေများ အဆိပ်သင့်မည်ဟူသော ကောလာဟလကို ဖြန့်ချိခဲ့သည့် လူတစ်ဦးအား ထောင်ဒဏ် ၁၀ ရက်နှင့် ဒဏ်ငွေယွမ် ၅၀၀ (ဒေါ်လာ ၇၆ ဒသမ ၁၃) ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ တရုတ်ပြည့်အရှေ့ပိုင်း ကျိကျန်းပြည်နယ်မှအာဏာပိုင်များသည် ကောလာဟလဖြန့်ချိခဲ့သော 'ချင်ဟု' ဆိုသူအမျိုးသားကို ထိုသို့ပြစ်ဒဏ်ချမှတ် အရေးယူခဲ့ခြင်းဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီအာဘော် ပြည်သူ့နေ့စဉ်သတင်းစာက ဖော်ပြသည်။

အဆိုပါချင်ဟုခေါ်သူ ကွန်ပျူတာကုမ္ပဏီအလုပ်သမားသည် ဂျပန်နျူစက်ရုံမှ ပြန့်လွင့်လာသောခတ်ရောင်ခြည်များကြောင့် ရှန်တုန်ပြည်နယ်ရှိ သောက်သုံးရေများထဲတွင် နျူခတ်ရောင်ခြည်အဆိပ်သင့်မှု ဖြစ်နေကြောင်း သတင်းမှားကို ဖြန့်ချိခဲ့သူဖြစ်သည်။ တရုတ်နိုင်ငံတွင် ပြီးခဲ့သည့်အပတ်ကလည်း ခတ်ရောင်ခြည်သင့်နိုင်သည်ဟူသော သတင်းမှားများပျံ့နှံ့ခဲ့ကာ အိုင်အိုဒင်းဆားများ ဝယ်ယူမှုအထူးမြင့်မားခဲ့သည်။

ယင်းကောလာဟလအရ အိုင်အိုဒင်းဆားများတွင် ပါဝင်သောအိုင်အိုဒင်းဓာတ်သည် နျူခတ်ရောင်ခြည်သင့်မှုကို ကာကွယ်နိုင်ကြောင်းဆိုသည်။ ယခုအခါတရုတ်အာဏာပိုင်များသည် ဂျပန်နျူခတ်အားပေး စက်ရုံပေါက်ကွဲမှုကြောင့် ဂျပန်မှတင်သွင်းသော အစားအစာများတွင် ခတ်ရောင်ခြည် အဆိပ်သင့်မှု ရှိမရှိ စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

—*Ref: Reuters*

## အိန္ဒိယနျူကလီးယားစက် ုံများ ပြန်လည်သုံးသပ်ရန် အိန္ဒိယသမတဟောင်း ပြောကြား

**နယူးဒေလီ၊ မတ် - ၂၃**
ဂျပန်နိုင်ငံတွင် နျူကလီးယား အကျပ်အတည်း ရှိနေစဉ် အိန္ဒိယနိုင်ငံ၏ နျူကလီးယား စက်ရုံများပြန်လည်သုံးသပ်ရေး အမြင်ကို အိန္ဒိယသမ္မတဟောင်း အဗ္ဗဒူကာလမ်းက ထောက်ခံပြောကြားခဲ့ကြောင်း သိရသည်။



အဆင့်မြင့် နည်းပညာ ကာကွယ်ရေး အင်စတီကျူဒ် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ခဲ့သည့် မစ္စတာကာလမ်းက ဂျပန်နိုင်ငံတွင်ကြုံတွေ့နေရသည့် ဘေးဒုက္ခမှနေ၍ အိန္ဒိယနိုင်ငံရှိ လက်ရှိနျူစက်ရုံများနှင့် နောက်ထပ်တည်ဆောက်မည့် နျူစက်ရုံများကို ပြန်လှန်သုံးသပ်ရန် တောင်းဆိုနေကြောင်းပြောကြားသည်။

"ဂျပန်နိုင်ငံမှာ ဖြစ်ပေါ်နေတာတွေကို ထောက်ရှုရင် နျူစက်ရုံတွေနဲ့ မဟာဗျူဟာကျတဲ့နေရာတွေကို ပြန်လှန်သုံးသပ်ဖို့ လိုအပ်လာတယ်လို့ အစိုးရက ယူဆနေပါတယ်" ဟုမစ္စတာကာလမ်းက ပြောသည်။ တည်ဆောက်ရန် အဆိုပြုထားသည့် ဂျိုင်တာပါ နျူစက်ရုံအတွက် သတ်မှတ်ချက်များကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသလားဟူသော မေးမြန်းချက်ကိုလည်း အခြေအနေသစ်အတွက် သတ်မှတ်ချက်အသစ်များ ချမှတ်ရန်လိုအပ်ကြောင်း မစ္စတာကာလမ်းက ပြောကြားသည်။

—*Ref: The Hindu*

## အိမ်ဖော်အား နှိပ်စက်ခဲ့သူ စင်ကာပူအိမ်ရှင်မ ထောင်ဒဏ်အပြစ်ပေးခံရ

**စင်ကာပူ၊ မတ် - ၂၃**
စင်ကာပူအာဏာပိုင်များသည် အိမ်ဖော်အမျိုးသမီးအား နှိပ်စက်ခဲ့သည့် အသက် ၃၁ နှစ်အရွယ်အိမ်ရှင်မတစ်ဦးအား ထောင်ဒဏ်ခြောက်ပတ်နှင့် ဒဏ်ငွေစင်ကာပူဒေါ်လာ ၁,၅၀၀ ချမှတ်ခဲ့ကြောင်း ဒေသခံမီဒီယာကဖော်ပြလိုက်သည်။

ပွန်းဝမ်မေဟုဆိုသူ အဆိုပါအမျိုးသမီးသည် ၎င်း၏ အင်ဒိုနီးရှားအိမ်ဖော်အား ကတ်ကြေးနှင့်ထိုးခဲ့သည့်အတွက် ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

သူမ၏ ထိုးနှက်မှုကြောင့် အင်ဒိုအိမ်ဖော် ဆူနာဝတ်တီမှာ ချန်ဂီအထွေထွေဆေးရုံ၌ နှစ်ရက်အကြာ တက်ရောက်ကုသခဲ့ရသည်။ အိမ်ရှင်မစ္စပွန်းသည် ထိုပြစ်မှုအပြင်စတိုးဆိုင်တစ်ခု၌လည်း စင်ကာပူဒေါ်လာ ၁၀၀ တန်ပစ္စည်းများကို တစ်ဒေါ်လာသာပေး၍ လိမ်လည်ဝယ်ယူခဲ့သည့်အတွက်ကြောင့်လည်း ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ —*Ref: CNA*

## စင်ကာပူဘဏ္ဍာရေး အမှုဆောင်များ ရရှိသောဆုကြေးများအပေါ် မပျော်ရွှင်

**စင်ကာပူ၊ မတ် - ၂၃**
စင်ကာပူဘဏ်များတွင် ဆုကြေးပေးအပ်ခြင်းများ မြင့်တက်လာသော်လည်း အလုပ်ပြောင်းရန် စဉ်းစားနေသော လူများလည်း များပြားလာကြောင်း စင်ကာပူချန်နယ်နယူးစ်သတင်းက ဖော်ပြသည်။

ကမ္ဘာလုံးဆိုင်ရာ အလုပ်အကိုင်များကိုဖော်ပြသော efinancial careers ကပြုလုပ်ခဲ့သည့် စစ်တမ်းအရ စင်ကာပူ ဘဏ္ဍာရေးလုပ်သား ၅၃ ရာခိုင်နှုန်းသည် နှစ်စဉ်ဆုကြေးများတိုး၍ ရရှိကြကြောင်း၊ သို့သော် ၅၅ ရာခိုင်နှုန်းကတိုးလာသော ပမာဏကို ကျေနပ်မှုမရှိကြကြောင်း တွေ့ရှိခဲ့သည်။

ထို့အတွက် ဘဏ္ဍာရေးလုပ်ငန်းအမှုဆောင်ငါးဦးတွင်သုံးဦးမှာ ၂၀၁၁ ခုနှစ်တွင် အလုပ်ပြောင်းရန် စဉ်းစားနေကြောင်း သိရသည်။ ယင်းအတွက် ကျွမ်းကျင်လုပ်သား လျော့နည်းနေပြီဖြစ်သော ကဏ္ဍအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်ကြောင်း သတင်းကဖော်ပြသည်။

ကြီးမားသော ကမ္ဘာလုံးဆိုင်ရာဘဏ်ကြီးများကလည်း စင်ကာပူနိုင်ငံတွင်လုပ်ငန်းတိုးချဲ့ရန် ပြင်ဆင်နေကြောင်း သိရသည်။ ဥပမာ DBS ကဲ့သို့ဘဏ်များသည် အလုပ်သမားတိုး၍ခေါ်ယူရန်ပြင်ဆင်နေကြသည်။ စီးပွားရေးလုပ်ငန်းတိုးတက်လာသည်နှင့်အညီ လုပ်သားများကို တိုး၍ခေါ်ယူကြောင်း၊ အာရှပစိဖိတ်ဒေသရှိ ၎င်းတို့ဘဏ်၏ ဖောက်သည်အကြံပေးသူများကို လက်ရှိ ၉၀၀ မှ ၁၂၀၀ ဦးအထိတိုးမြှင့်ခန့်အပ်သွားမည်ဖြစ်ကြောင်း စင်ကာပူ UBS ဘဏ္ဍာရေးလုပ်ငန်း၏လူသားရင်းမြစ်ဌာနအကြီးအကဲ မစ္စမိုအီရာရောဘတ်စ်က ပြောကြားသည်။

Credit Suisse ဘဏ်သည်လည်း ၎င်း၏ စတုတ္ထအကြီးဆုံးရုံးကို စင်ကာပူတွင် ဖွင့်လှစ်ထားပြီး လက်ရှိလုပ်သား ၅,၅၀၀ ခန့်အပ်ထားကာ လာမည့်နှစ်အတွင်း ၆,၀၀၀ ဦးအထိတိုးမြှင့်ရန် ပြင်ဆင်နေကြောင်း သိရသည်။

—*Ref: CNA*



7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

## စာ(၄၆) - ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဂိုင်ဒိုဗက်စတာဗဲလ်နှင့် စကားစမြည် မှ

ဒါပေမဲ့ အနောက်အုပ်စုက ဘာမှမလုပ်ပေးဘူးဆိုရင်တော့ပြောင်းပြန်အကျိုးသက်ရောက်သွားမလား။ ဒီ ပုန်ကန်သူတွေကတော့ ပြောကြမှာပဲ။ "ကျွန်တော်တို့က အာဏာရှင်ကို ဆန့်ကျင်ပုန်ကန်ပြီး လွတ်လပ်တဲ့တောင်းဆိုချိန်မှာ ခင်ဗျားတို့က ချီးကျူးခဲ့ကြတယ်။ ဒါပေမဲ့ တကယ်တွန်းအားပေးလုပ်ရမယ့် အချိန်ကျတော့ ခင်ဗျားတို့က ကျုပ်တို့ကို ပစ်ထားခဲ့ကြတယ်" လို့။

ပုန်ကန်သူတွေက ထောက်ခံမှု တောင်းဆိုတာကို နားလည်လို့ရပါတယ်။ ဒါပေမဲ့ အနောက်အုပ်စုက ဒီလစ်ဗျားကိစ္စမှာ ဘာ့ကြောင့်အခြေခံကျကျ တာဝန်ရှိနေရတာလဲ။ ဒေသထဲက နိုင်ငံတွေ၊ အာရပ်အဖွဲ့ချုပ်တို့မှာရော တာဝန်မရှိဘူးလား။ တိုက်ဆိုင်စွာပါပဲ။ ကျွန်တော်တို့ ဂျာမန်တွေလည်း လစ်ဗျားအတိုက်အခံဘက်နဲ့ဆွေးနွေးမှုတွေ မကြာသေးခင်က လုပ်ဖြစ်ခဲ့သေးတယ်။

**ဒါဆိုဝန်ကြီး အမြင်ဘယ်လို ရှိပါသလဲ။**

ကျွန်တော်တို့ရဲ့ ထောက်ခံမှုကိုတော့ အသေအချာပြသခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ဟာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲနဲ့ လူမျိုးစုအုပ်စုတွေ အုပ်ချုပ်တဲ့လူ့အဖွဲ့အစည်းကို ဖန်တီးမှာလား။ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းကို ဖန်တီးမှာလား ဆိုတာကိုတော့ ကျွန်တော်တို့မေးခဲ့တယ်။ ဒီမေးခွန်းတွေက မှန်ကန်တဲ့မေးခွန်းတွေပါ။

**ဝန်ကြီးဟာမကြာသေးမီကအရှေ့အလယ်ပိုင်းမှာ ဖြစ်ခဲ့တဲ့အဖြစ်အပျက်တွေကို ၁၉၈၉ မှာ ကွန်မြူနစ်ဝါဒပြိုလဲကျတာနဲ့ ခိုင်းနှိုင်းခဲ့တယ်။** ကျွန်တော်တို့လည်း လစ်ဗျားတို့၊ ဘာရိန်း ဒါမှမဟုတ် ယီမင်တို့ကိုကြည့်လိုက်တော့ အဲဒါတွေဟာ ၁၉၆၈ ကဖြစ်ခဲ့တဲ့ ပရာ့ဂ်နွေဦးဖြစ်စဉ်လိုအဆုံးသတ်သွားမယ်ထင်နေရပါတယ်။ အဲဒီတုန်းက ဆိုဗီယက်ယူနီယံနဲ့ ဝါဆောစစ်စာချုပ်အဖွဲ့ဝင်တွေ ချက်ကိုစလိုဗက်ကီးယားကို ဝင်သိမ်းပြီးတိုင်းပြည်ရဲ့ လစ်ဘရယ်လမ်းကြောင်းပြောင်းလဲရေးဖြစ်စဉ်ကို ရပ်တန့်ပစ်ခဲ့တယ်လေ။

ခင်ဗျားပြောတာ မှန်ပါတယ်။ သမိုင်းမှာ ဒီအခန်းကတော့ ဘယ်လိုဇာတ်သိမ်းမလဲဆိုတာ မရှင်းလင်းသေးပါဘူး။ ၁၉၈၉ မှာတုန်းကတော့ (ကွန်မြူနစ်အရှေ့ဂျာမနီ) လိုက်ပဇစ်မြို့မှာ ငြိမ်းချမ်းတဲ့ တော်လှန်ရေးတစ်ခုရှိခဲ့ရုံမကဘူး။ ဘေကျင်းကတိန်အန်မင်ရင်ပြင်မှာလည်း အကြမ်းဖက်တာတစ်ခုရှိခဲ့တယ်။ အရှေ့အလယ်ပိုင်းက တော်လှန်ရေးဇာတ်လမ်းဟာ ပျော်စရာဇာတ်သိမ်းနဲ့ အဆုံးသတ်မှာရှင်းနေတာပဲလို့တော့ ကျွန်တော်ဘယ်တော့မှ မပြောခဲ့ဘူး။ ဒါပေမဲ့ အာရပ်ကမ္ဘာမှာ ဒီဖြစ်ပေါ်တိုးတက်မှုတွေဟာ ဘယ်သူမှအချိန်တိုလေးအတွင်း စိတ်ကူးတောင်မကြည့်ခဲ့ဖူးတဲ့ မဟာအခွင့်အလမ်းလို့ ကျွန်တော်မြင်ပါတယ်။ ဒီလိုပါပဲ ဗဟိုဥရောပဒေသမှာ လွတ်လပ်ခွင့်တွေ ဖြစ်ထွန်းပေါ်ပေါက်လာပုံဟာ တစ်ဆင့်တည်းဖြစ်ပေါ်တာ မဟုတ်ပါဘူး။ တိုးတက်မှုနောက်ပြန်ကျတာတွေ မရှိဘဲလည်း ပေါ်ပေါက်ခဲ့တာမဟုတ်ပါဘူး။ *—Ref: Interview with German Foreign MinisterGuido Wester welle. Spiegel*

## နောက်ကျောဖုံး - နျူစီးရီမ်မှုများကြောင့် ဂျာမနီတွင်အရေးပါသော ပြည်နယ်ကို မာကယ်လ် ဆုံး႐ှုံးရဖွယ်ရှိ မှ




ဂျာမနီနိုင်ငံရှိ နျူကလီးယားစက်ရုံ ၁၇ ရုံမှ ၇ ရုံအား ယာယီပိတ်သိမ်းခဲ့သည်။ သို့သော် သူမ၏ မူဝါဒအပြောင်းအလဲမှာ ရိုးသားမှုရှိသည်ဟု မဲဆန္ဒရှင်များက ယုံကြည်မှုမရှိခဲ့ပေ။

မတ်လ ၂၇ ရက်မှာပင် ဂျာမနီမြို့ကြီး လေးမြို့တွင် လူပေါင်း ၂၀၀,၀၀၀ ကျော်ပါဝင်သော နျူကလီးယား စွမ်းအင်ဆန့်ကျင်ရေး ကန့်ကွက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဘေဒန်ဝတ်တင်ဘာ့ဂ် ပြည်နယ်သည် လူဦးရေ ၁၁ သန်းကျော်နေထိုင်ရာ ပြည်နယ်ဖြစ်ပြီး ဂျာမနီရှိပြည်နယ် ၁၆ ပြည်နယ်တွင် အအောင်မြင်ဆုံးနှင့် အချမ်းသာဆုံး ပြည်နယ်ဖြစ်ကြောင်း သိရသည်။

*—Ref: NY Times*

## Leader's Profile

# ယူနက်စကိုအဖွဲ့အကြီးအကဲ မစ္စအီရီနာဘိုကိုဗာ



ရဲမင်း

အီရီနာဘိုကိုဗာသည် ဘူလ်ဂေးရီးယား နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီး (UNESCO)၏ ဆယ်ယောက်မြောက် ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။ ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် (၃၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက မစ္စအီရီနာအား ယူနက်စကိုအဖွဲ့ကြီး၏ အကြီးအကဲအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

အီရီနာအား ၁၉၅၂ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ဘူလ်ဂေးရီးယားနိုင်ငံ မြို့တော်ဆိုဖီယာတွင်မွေးဖွားခဲ့သည်။ အီရီနာ၏ ဖခင်မှာ ကွန်မြူနစ်ခေတ် နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ကွန်မြူနစ်ပါတီသတင်းစာ၏ အယ်ဒီတာချုပ်ဖြစ်သည်။ မစ္စအီရီနာသည် အခြေခံပညာရေးကို ဆိုဖီယာမြို့၌ပင် သင်ယူခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ဆိုဖီယာရှိ ပထမအင်္ဂလိပ်ဘာသာသင်တန်းကျောင်း၌တက်ရောက်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် မော်စကိုနိုင်ငံတကာဆက်ဆံရေးကျောင်း၌ တက်ရောက်ကာ ယင်းတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး မာစတာဘွဲ့ရရှိခဲ့သည်။

မစ္စအီရီနာသည် ၁၉၈၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၊ မေရီလန်းတက္ကသိုလ်၌ တက်ရောက်ပြီး အမေရိကန် နိုင်ငံခြားရေးမူဝါဒဆုံးဖြတ်ချက်ချခြင်း အစီအစဉ်ကို သင်ယူခဲ့သည်။ ၁၉၉၂ မှ ၁၉၉၄ ခုနှစ်အထိ နေတိုးအဖွဲ့၏ ပညာရှင်အဖြစ်ဗဟိုနှင့် အရှေ့ဥရောပမှ ဒီမိုကရေစီဆိုင်ရာအဖွဲ့အစည်းများအတွက် အစီအစဉ်၌ တက်ရောက်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ဟားဗတ် တက္ကသိုလ်၌ ဂျွန်အက်ဖ်ကနေဒီအုပ်ချုပ်ရေးကျောင်း၌ ခေါင်းဆောင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်သို့တက်ရောက်ခဲ့သည်။

မစ္စအီရီနာသည် အစပထမတွင် ဘူလ်ဂေးရီးယားကွန်မြူနစ်ပါတီ၌ ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သည်။ နောက်ပိုင်းတွင် ဘူလ်ဂေးရီးယားဆိုရှယ်လစ်ပါတီအဖွဲ့ဝင်တစ်ဦးဖြစ်လာခဲ့သည်။ ဆိုရှယ်လစ်ပါတီအား ကိုယ်စားပြု၍ ဘူလ်ဂေးရီးယားပါလီမန်အမတ်အဖြစ် နှစ်ကြိမ်ရွေးကောက်တင်မြှောက်ခံရသည်။ ဝန်ကြီးချုပ်ဇန်ဗီဒီနော့ဗ်၏ ဆိုရှယ်လစ်အစိုးရလက်ထက်တွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၎င်းနောက် မစ္စအီရီနာသည် ပြင်သစ်နိုင်ငံဆိုင်ရာ ဘူလ်ဂေးရီးယားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။ ယင်းနောက် ယူနက်စကိုအဖွဲ့ကြီးသို့ ဘူလ်ဂေးရီးယားနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ် စေလွှတ်ခြင်းခံခဲ့ရသည်။

မစ္စအီရီနာဘိုကိုဗာသည် ဥရောပမူဝါဒဖိုရမ်အဖွဲ့ကို ၁၉၉၇ ခုနှစ်တွင် ဘူလ်ဂေးရီးယားနိုင်ငံမြို့တော်ဆိုဖီယာတွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၅ ခုနှစ်အထိ ၎င်းအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ မစ္စအီရီနာသည် နိုင်ငံခြားရေးမူဝါဒနှင့် ဥရောပပေါင်းစည်းရေးကိစ္စများနှင့်ပတ်သက်၍ ဆောင်းပါးနှင့် စာတမ်း အများအပြားကိုလည်း ရေးသားခဲ့သည်။

အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန်ဘာသာစကားလေးမျိုး ကျွမ်းကျင်ပိုင်နိုင်သော မစ္စအီရီနာအား ယူနက်စကိုအဖွဲ့ကြီး၏ အတွင်းရေးမှူးချုပ်နေရာအတွက် ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၂၂ရက်နေ့တွင် အဆိုတင်သွင်းခဲ့ပြီး ယင်းနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကအတည်ပြုခဲ့ရာ မစ္စအီရီနာသည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီးကို ပထမဆုံးဦးဆောင်ခွင့်ရသည့် အမျိုးသမီးနှင့် ပထမဆုံး အရှေ့ဥရောပတိုက်သူ ဖြစ်လာခဲ့သည်။

မစ္စအီရီနာသည် အိမ်ထောင်နှစ်ဆက်ကျခဲ့ပြီး သားသမီးနှစ်ဦး ထွန်းကားထားသည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - ဆီးရီးယားဆိပ်ကမ်းမြို့ကို ထိန်းသိမ်းရန် သမတအာဆတ်က တပ်ဖွဲ့ဝင်များချထား မှ

မြို့တော်ဒမတ်စကတ်ရှိ အူမေယက်ရင်ပြင်တွင် စုရုံးဆန္ဒပြရေးအတွက် လက်ကမ်းစာစောင်များနှင့် စာတိုသတင်းပေးပို့မှုများကို လျစ်လျူရှုထားကြရန် ဆီးရီးယားပြည်ထဲရေးဝန်ကြီးဌာနက နိုင်ငံတော်တယ်လီဗေးရှင်းမှနေ၍ ပြည်သူများအား တိုက်တွန်းခဲ့သည်။



လာတာကီးယားမြို့တွင် ဆွန်နီမွတ်ဆလင်များ၊ ခရစ်ယာန်များနှင့် အာဆတ်အား အဓိကထောက်ခံသည့် အာလာဝိုက်မျိုးနွယ်များ စုပေါင်းနေထိုင်ကြ၍ ယင်းမြို့တွင် မငြိမ်မသက်မှုများ ကြီးထွားလာမည်ကို အစိုးရက စိုးရိမ်နေကြောင်း သိရသည်။

*—Ref: Reuters*

## နောက်ကျောဖုံး - လစ်ဗျားစစ်ဆင်ရေးကွပ်ကဲမှုကို နေတိုးက အပြည့်အဝတာဝန်ယူ မှ

စောစောပိုင်းတွင် အဖွဲ့ဝင် ၂၈ နိုင်ငံလုံးပါဝင်သော နေတိုးအဖွဲ့အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဆုံးဖြတ်ချက်ကြောင့် နေတိုးသည် ယခုအခါ စစ်ဆင်ရေး၏ မျက်နှာစာအားလုံးတွင် အပြည့်အဝကိုင်တွယ်ဆောင်ရွက်ရမည်ဟူသည့် အဓိပ္ပာယ်ဖြစ်ကြောင်းနေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ သံတမန်တစ်ဦးက ပြောကြားသည်။ ယခုဆုံးဖြတ်ချက်ကြောင့်စစ်ဆင်ရေး၌ မည်သူ့တွင် အဓိကတာဝန်ရှိသနည်းဆိုသော အငြင်းပွားမှုများကို အဆုံးသတ်နိုင်ခဲ့သည်။

"အခုဆိုရင် အားလုံးဟာ နေတိုးအောက်ရောက်သွားမှာပါ" ဟုသံတမန်ကပြောကြားသည်။ နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် အန်းဒါးဖော့ဂ်ရက်မတ်ဆန်ကလည်း ၎င်းတို့၏ ရည်မှန်းချက်မှာ အရပ်သားများအား ကာကွယ်ပေးရေးဖြစ်ကြောင်း ပြောကြားပြီး ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို အပြည့်အဝ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်းပြောကြားသည်။

*—Ref: Reuters/ AFP*

## နောက်ကျောဖုံး - ဂျပန်နျူစက်ရုံအနီးပင်လယ်ပြင်တွင် ရေဒီယိုသတ္တကြွမှု အဆတစ်ထောင်ကျော် မြင့်မားနေ မှ

ယင်းမတိုင်မီတွင် ဓာတ်ပေါင်းဖို အမှတ် (၅) ၏ အပြင်ပိုင်းအရေးပေါ်မဟုတ်သော နေရာများတွင် လျှပ်စစ်ဓာတ်အား ပြန်လည်သွယ်တန်းပြီးဖြစ်၍ အသုံးပြုပြီးသား လောင်စာများထည့်ထားသည့် လောင်စာကန်ကိုလည်းအအေးခံမှု စတင်နေပြီဖြစ်ကြောင်း Tepco ကပြောကြားခဲ့သည်။

ဓာတ်ပေါင်းဖိုအမှတ် (၆) တွင်အရေးပေါ်ဂျင်နရေတာမှာ ပြန်လည်လည်ပတ်နေပြီဖြစ်ပြီး အအေးခံနေစနစ်လည်း လည်ပတ်နေပြီဖြစ်ကြောင်း Tepco က ပြောကြားသည်။

မတ်လ ၂၇ ရက်တွင် ဂျပန်ကမ်းရိုးတန်းမှ မီတာ ၂၀၀၊ ၃၀၀ ခန့်ရှိသော ရေပြင်၌ ဥပဒေ အရလက်ခံနိုင်သည့် ပမာဏထက် အဆပေါင်း ၁၈၅၀ ခန့်မြင့်တက်နေသော ရေဒီယိုသတ္တိကြွအိုင်အိုဒင်းဓာတ်များ တွေ့ရှိခဲ့သည်။ တာဝန်ရှိသူများကမူ ယင်းပမာဏမှာ ရေနေသတ္တဝါများနှင့် ပင်လယ်စာများအား လက်ငင်းခြိမ်းခြောက်မှုမရှိကြောင်း ပြောကြားသည်။

*—Ref: AFP*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.4 • MARCH 31, 2011

အင်တာဗျူးတွေကို ဖြေလေ့သိပ်မရှိကြတဲ့ မြန်မာပြည်ရဲ့နာမည်ကျော် အိုင်စီတီးဝိုင်းအဖွဲ့သားတွေထဲက ပင်တိုင်အဆိုတော်တစ်ဦးဖြစ်သူ မျိုးကြီးကို သင်္ကြန်အစီအစဉ်နဲ့ လတ်တလောပရိသတ်ကြား လှုပ်ခတ်နေတဲ့ အိုင်စီစတိတ်ရှိုးလက်မှတ်ဈေးနှုန်းအကြောင်း မေးမြန်းဖြစ်ခဲ့ပါတယ်။ မျိုးကြီးဟာ 'ယူလိုက်'စီးရီးနဲ့ သူ့ရဲ့ အောင်မြင်မှုအစဉ်အလာကို ဆက်ထိန်းထားပြီး အိုင်စီတီးဝိုင်းနဲ့အတူ ဖေဖော်ဝါရီလကုန်ပိုင်း ပူတာအိုမှာရှိုးပွဲတစ်ပွဲ၊ မတ်လ ၁၈ရက်နေ့က ရန်ကုန်မှာ တစ်ပွဲသီဆိုပြီးနောက်မန္တလေးသင်္ကြန်မှာဖျော်ဖြေမှာဖြစ်ပါတယ်။



## 'လက်မှတ်ဈေးနှုန်းကတော့ ပွဲလုပ်တဲ့လူတွေရဲ့ သဘော ဖြစ်နေပါတယ်'

### မျိုးကြီးနှင့်တွေ့ဆုံခြင်း

**အေးသူစံ**

**ဒီနှစ်သင်္ကြန်ကိုမန္တလေးမှာ အိုင်စီနဲ့ဖျော်ဖြေမယ့် အစ်ကို့ရဲ့ရင်ခုန်သံကိုသိချင်ပါတယ်။**

မန္တလေးသင်္ကြန်မှာ မြန်မာဘီယာနဲ့လက်တွဲပြီး ဖျော်ဖြေခွင့်ရတာ ဝမ်းသာပါတယ်။ ကျွန်တော်တို့ သင်္ကြန်လေးရက်လုံးမှာ မနက် ၉ နာရီကနေ ၁၂ နာရီနဲ့ ညနေ ၃နာရီကနေ ၆နာရီအထိ နှစ်ချိန်ခွဲ ဖျော်ဖြေပါမယ်။ မဏ္ဍပ်ကကျုံးမြောက်ဘက်မှာပါ။

**အစ်ကိုတို့ပုဂံအန်တာတိန်းမန့်နဲ့ ချုပ်ဆိုထားတဲ့စာချုပ်ရှိနေတော့ ခုလိုသင်္ကြန်မှာ တခြားBrand အမှတ်တံဆိပ်တစ်ခုနဲ့ဖျော်ဖြေတာမျိုးကို ဘယ်လိုညှိနှိုင်းထားတာပါလဲ။**

ပုဂံအန်တာတိန်းမန့်နဲ့ ချုပ်ထားတဲ့အထဲမှာ သင်္ကြန်ရယ်၊ နယူးရီးယားရယ်၊ One Man Show (တစ်ကိုယ်တော်ဖျော်ဖြေပွဲ)ရယ်၊ ပြည်ပရှိုးပွဲတွေ မပါပါဘူး။ ကျန်တဲ့ရိုးရိုး သမားရိုးကျရှိုးတွေပဲပေါ့။ နောက် Dinner (ညစာစားပွဲ)တွေမပါဘူး။ အခမဲ့ ဖျော်ဖြေပွဲတွေလည်းမပါဘူး။

**အိုင်စီတီးဝိုင်းကိုချစ်တဲ့ပရိသတ်တွေက အများကြီးလေ။ခုနောက်ပိုင်း အစ်ကိုတို့ရှိုးပွဲလက်မှတ်တွေရဲ့ဈေးနှုန်းတွေကများလွန်းတော့ မကြည့်နိုင်ဘူးလို့ညည်းနေကြတဲ့ ပရိသတ်တွေကို ဘာများပြောလိုပါသလဲ။**

လက်မှတ်ဈေးနှုန်းကတော့ ပွဲလုပ်တဲ့လူတွေရဲ့သဘောဖြစ်နေပါတယ်။ လက်မှတ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က ပြောပိုင်ခွင့်တော့မရှိဘူး။ ဒါပေမဲ့ ပွဲလုပ်တဲ့သူတွေကလည်း အမျိုးသားဇာတ်ရုံတို့၊ ဟိုတယ်မှာတို့ဆို ဈေးနည်းနည်းတင်လုပ်တယ်။ မျှော်စင်ကျွန်းလိုနေရာမျိုးဆိုရင်လည်း ထောင်ဂဏန်းနဲ့ ရောင်းတာလည်းရှိတယ်။ အဲဒီလိုမျိုးနှစ်မျိုးတော့ရှိတယ်လို့မြင်ပါတယ်။

**Live In Yangonလို တစ်ကိုယ်တော်လိုက်ဖ်ရှိုးထပ်လုပ်ဖို့ ရှိပါသလား။**

တစ်ကိုယ်တော် ဖျော်ဖြေပွဲက လုပ်ဖို့ကိုမရှိသေးတာပါ။ အဲဒီတုန်းက ဆိုနိုင်ဖို့ကို တော်တော်လေးလေ့ကျင့်ယူထားရတာ။ အခုကျတော့ နည်းနည်းအဆက်ပြတ်နေတယ်။ (ရယ်လျက်) ပြီးတော့ အဲဒီတုန်းက တစ်ကိုယ်တော် ဖျော်ဖြေပွဲလုပ်ချင်ခဲ့တဲ့ ဖီလင်မျိုးကို အခု ပြန်မရသေးလို့ပါ။

**အခမဲ့ရှိုးပွဲလေးတွေ အစ်ကိုလိုက်ဆိုပေးတာတွေ့ရတယ်။ သီချင်းနဲ့ လှူဒါန်းမှုလုပ်ရတဲ့အစ်ကို့အတွေ့အကြုံလေးက ဘယ်လိုနေလဲ။**

ပျော်ပါတယ်ဗျ။ သီချင်းနဲ့အခမဲ့ဖျော်ဖြေပေးရတာ ဝမ်းသာစရာကြီးပါ။ သင်္ကြန်လိုပေါ့။ လာကြည့်တဲ့လူတွေလည်း အားလုံး ဖရီးပဲဆိုတော့ လွတ်လွတ်လပ်လပ်ပဲ။ ခုလောလောဆယ်တော့ အဲဒီလိုသီချင်းအလှူပွဲလေးတွေဆိုဖို့ မရှိသေးပါဘူး။

**သီချင်းနဲ့ အလှူလုပ်တာအပြင် တခြားလူမှုရေးလုပ်ငန်းတွေလုပ်ဖို့ရှိပါသလား။**

လောလောဆယ်တော့ ဘာမှတော့မရှိသေးဘူးဗျ။

စာ(၄၉)သို့

## ဇာတ်ခုံက ရုပ်ရှင်ရိုက်တာထက် ပိုခက်တယ်ဆိုတဲ့ မိုးယုစံ

**အေးသူစံ**

ရန်ကုန်၊ မတ်- ၂၁

ဗီဒီယိုဇာတ်ကားများ၊ ကြော်ငြာများ အဆက်မပြတ်ရိုက်ကူးဖြစ်နေသော သရုပ်ဆောင် မိုးယုစံသည် တစ်ဖက်တွင်လည်း ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) စီစဉ်သော 'နှင်းဆီ' အငြိမ့်များတွင် ပါဝင်ကပြနေပြီး ဇာတ်ခုံပေါ်က တင်ဆက်မှုက ဇာတ်ကားရိုက်ကူးမှုထက် ပိုမိုစိတ်လှုပ်ရှားဖွယ်ကောင်းကြောင်းပြောသည်။

"ဇာတ်ခုံနဲ့ ရုပ်ရှင်ရိုက်တာနဲ့ နှစ်ခုလုံးကတော့ အခက်အခဲရှိပါတယ်။ ဇာတ်ခုံကျတော့ ပရိသတ်နဲ့တိုက်ရိုက်ထိတွေ့ရတာလေ။ ဗီဒီယိုရုပ်ရှင်ကျတော့ မှားသွားရင်ပြန်ပြင်လို့ရတယ်။ ပိုပြီးခက်ခဲမယ်ထင်ပါတယ်" ဟု ပြော ပြသည်။

လက်ရှိတွင် ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်) ရိုက်ကူးသော'ရင်ခွင်မြို့ရဲ့ အနီးတစ်ဝိုက်တွင်'ဗီဒီယိုဇာတ်ကား၌ ရဲတိုက်၊ ပိုင်ဇေရဲထွန်း၊ ရတနာမိုင်တို့ဖြင့် သရုပ်ဆောင်နေပြီး ရဲတိုက်ကို တစ်ဖက်သတ်ချစ်ကြိုက်ရသော ကျောင်းသူဇာတ်ကောင်နေရာက ပါဝင်သရုပ်ဆောင်ထားသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကျော်ကျော်ဗိုနှင့် ဒီဗီဒီကားတစ်ကား ရိုက်ကူးပြီး ရဲတိုက်နှင့်ဇာတ်ကားပြီးလျှင် ဟိန်းဝေယံနှင့် ရိုက်ကူးရန်ရှိနေပြီး အနုပညာအလုပ်များဆက်တိုက် လုပ်ဖြစ်နေခြင်းကြောင့် သူငယ်ချင်း အပေါင်းအသင်းမရှိလှဘဲ အထီးကျန်သည့်ခံစားချက်မျိုးရှိသလားဟု မေးမြန်းရာ "သူငယ်ချင်း အုပ်စုလိုက်ကြီးတွေ ပျော်နေတာတွေတွေ့လို့ရှိရင် ကိုယ်က သတ်သတ်ကြီးဖြစ်နေသလိုပဲ။ သူတို့နဲ့ရောပြီးတော့ သူတို့ပျော်နေသလိုကြီးတော့ မပျော်တတ်ဘူးပေါ့နော်။ ဒါပေမဲ့ သူတို့ကို ကြည့်ပြီးတော့ တစ်ခါတလေ အားကျတယ်။ ငယ်ငယ်လေးတည်းကနေ ခုချိန်ထိ သူငယ်ချင်းမရှိဘဲ တစ်ယောက်တည်းပဲ။ ရှိခဲ့ရင်လည်း အများကြီးတော့ မလိုချင်ဘူး။ ကိုယ်နဲ့ ဆိုးတူကောင်းဖက် တကယ် ပေါင်းနိုင်မယ့် သူ ငယ်ချင်းတစ်ယောက်ပဲလိုချင်တယ်" ဟု မိုးယုစံကပြောသည်။


အနုပညာလုပ်ငန်းများသို့ ထပ်မံဝင်ရောက်လာနေသော မင်းသမီးများစွာလည်းရှိနေရာ မိမိ၏ အနုပညာအရည်အသွေး အတွက် အခြားသူများကို မပြိုင်ဆိုင်ဘဲ မိမိကိုယ်ကိုသာ ယှဉ်ပြိုင်သုံးသပ်လုပ်ကိုင်ပါကြောင်း သူမကပြောသည်။

R&B ဂီတကိုယ်ပိုင်သံစဉ်တွေကိုသာ တစ်စိုက်မတ်မတ်ဖန်တီးခဲ့ပြီး နာမည်ရအမျိုးသမီးအဆိုတော်အများစုထံကသီချင်းရေးသားဖို့ အပ်နှံခြင်းကို ခပ်စိပ်စိပ်လက်ခံရရှိလာနေတဲ့ လူငယ်ဂီတသမား Ar.T က သူ့ဘဝရဲ့လေ့လာသင်ယူစရာ သင်ခန်းစာတစ်ခုလို ဖြစ်ပျက်ခဲ့တဲ့ အဆိုတော်ဘရစ်တနေ စပီးယားစ်အကြောင်း ဒီကဏ္ဍလေးကနေပြောပြလာပါတယ်။

## talk Ar.T ပြောပြတဲ့ ဘရစ်တနေစပီးယားစ်အကြောင်း

**ချမ်းခိုက်ခိုက်**

ကျွန်တော်ပြောပြချင်တဲ့အကြောင်းကတော့ အဆိုတော်ဘရစ်တနေ စပီးယားအကြောင်းပါ။ သူ့ကို ကျွန်တော် ဆယ်နှစ်သားအရွယ် ၁၉၉၉ခုနှစ်လောက်က Baby One More Time စထွက်လာချိန်မှာသိခဲ့တာပါ။ ကြောက်စရာကောင်းလောက်အောင် အရမ်းအောင်မြင်နေချိန်တုန်းက သိပ်မကြိုက်ခဲ့ပေမယ့်လုံးဝပုံပျက်ပန်းပျက်ဖြစ်ပြီး ကတုံးတွေတုံး၊ ဖက်တီးပုတ်ကြီးတွေဖြစ်နဲ့ နာမည်ကျသွားတာကနေ တစ်လှမ်းချင်း တစ်လှမ်းချင်းနဲ့ ထိပ်ဆုံးရောက်အောင် ပြန်လှမ်းလာနိုင်ခဲ့ချိန်မှာ သူဟာ ကျွန်တော့်ရဲ့ idol (စံပြ) အနုပညာရှင်ဖြစ်သွားတယ်။



အခု သူ့ရဲ့ သီချင်းသစ် 'Hold It Against Me' ဆိုရင် Top 100 Songs ဘီလ်ဘုတ်မှာ နံပါတ်တစ်ကိုခဏလေးနဲ့ပြန်ရသွားပြီ။ခုထွက်မယ့်အခွေ Femme Fatale ဆို အရမ်းခေတ်စားတဲ့ အီလက်ထရိုပေါ့ပ်အမိုက်စားတွေ လုပ်ထားတာ။ ခွေမထွက်သေးပေမယ့် ကျွန်တော် အင်တာနက်ကနေ ဒေါင်းလော့ဒ်ဆွဲပြီးနားထောင်နေပြီ။

ဘရစ်တနေဟာ မူးယစ်ဆေးသံသရာ၊ အိမ်ထောင်ရေး၊ လူမှုရေးပြဿနာတွေနဲ့ သူညအောက်ရောက်ခဲ့တဲ့ဘဝကို တစ်ကနေပြန်စနိုင်ခဲ့တာကြောင့် လေးစားအားကျမိတဲ့ Ar.T က ယခုလိုဆက်ပြောပါတယ်။ လူဆိုတာ အတက်အကျရှိတယ်။ အကျ ချိန်မှာ နစ်မသွားဖို့ပဲလိုတာ။ ကျွန်တော်တို့လည်း တစ်ချိန်ချိန် ကျမှာပဲ။ အဲဒီလိုကျရင်ပြန်တက်နိုင်ဖို့ စိတ်ကူးအသစ်တွေကို မွေးနေရမယ်လို့ ဘရစ်တနေက သင်ပေးလိုက်သလိုပါပဲ။

လုပ်သင့်တာကို လုပ်ဖို့လည်း စိတ်ကိုဆုံးမထိန်းသိမ်းနိုင်တဲ့ဘရစ်တနေဟာ အရက်စွဲနေတာကို ဖြတ်ဖို့ rehabilitation (ပြန်လည်ထူထောင်ခြင်း) စခန်းဝင်လိုက်တယ်။ အဲဒီကနေ ထွက်တာနဲ့ အခု အရမ်းခေတ်စားနေတဲ့ အီလက်ထရိုပေါ့ပ်တွေကို ချပြထားတဲ့ငါးခွေမြောက် BLack Out အယ်လ်ဘမ်မှာ နာမည်ပြန်ကြီးသွားတယ်။ အဲဒီအချိန်တုန်းက လေဒီဂါဂါတောင် မထွက်သေးဘူး။ Upbeat Tempo တွေနဲ့ Gimme More တို့၊ Piece of Me တို့ အရမ်းကို မိုက်တဲ့သီချင်းတွေ ပြန်ထွက်လာနိုင်တဲ့သူ့ရဲ့ဂီတဝမ်းစာက တကယ်လေးစားစရာပါ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သူနဲ့ပတ်သက်ပြီး ကျွန်တော့်အမှတ်တရ စုဆောင်းသိမ်းဆည်းထားတာက သူ့သီချင်းခွေတွေ၊ အမ်တီဗီတွေကို အွန်လိုင်းက ဒေါင်းလော့ဒ်ဆွဲထားတဲ့ ဗီဒီယိုဖိုင် တွေ၊ နောက် ကျွန်တော့်အစ်မနေတဲ့ နယူးဂျာစီကို ဘရစ်တနေ ပရိုမိုးရှင်းပွဲလာလုပ်တော့ အစ်မကိုယ်တိုင်တန်းစီပြီး ဓာတ်ပုံဝယ်၊ သူ့လက်မှတ် ထိုးထားတဲ့ဓာတ်ပုံလေး ကျွန်တော့်ကိုပို့ပေးထားတာ အခုထိသိမ်းထားတုန်းပဲ။

သူ့ကို ကြိုက်တဲ့အချက်တွေမှာ သူ့သီချင်းတွေကို တောက်လျှောက်ရေးပေးတဲ့ Max Martin တို့၊ Bloodshy & Avant တို့ သီချင်းတီးပေးတဲ့ Dr. Luke တို့ကို သဘောကျတာကလည်း အကြောင်းအချက်တစ်ခုပါ။

စာ(၄၉)သို့

7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011




# ကျော်ကြားသူများ လျှောက်လမ်းမှာ ဂုဏ်ပြုခံရတဲ့ ဘရိုင်ယန်အဒမ်

**လော့စ်အိန်ဂျလိစ်၊ မတ် - ၂၂**

ကနေဒါနိုင်ငံသား ရော့ခ်အဆိုတော်ကြီး ဘရိုင်ယန်အဒမ်သည် မတ်လ ၂၁ရက်က ဟောလိဝုဒ်ရှိ ကျော်ကြားသူများအမှတ်တရလျှောက်လမ်း Hollywood walk of Fameတွင် ၂,၄၃၅ ယောက်မြောက် ကြယ်ပွင့်အဖြစ် အမည် ရေးထိုးဂုဏ်ပြုခံခဲ့ရကြောင်း သိရသည်။ ဟောလိဝုဒ်ရှိ ဂီတအင်စတီကျုဒ်အရှေ့တွင် ပြုလုပ်သော ဂုဏ်ပြုအခမ်းအနား၌ အဆိုတော်အဒမ်က “ကျွန်တော့်နာမည်ကို ဒီမှာ ဂုဏ်ပြုခံရလို့ဝမ်းသာမိပါတယ်။ ဒါဟာ သိပ်ထူးခြားပါတယ်” ဟုပြောသည်။

ဘရိုင်ယန်အဒမ်သည် ၁၉၈၃တွင် Cuts Like a Knife ဟူသော ၎င်း၏ တတိယမြောက် အယ်လ်ဘမ်ဖြင့် နာမည်ကျော်ကြားခဲ့ပြီး ၁၉၉၂ခုနှစ်တွင် ဂရမ်မီဆုရခဲ့သည်။ အသက် ၅၁နှစ်အရွယ်ရှိ ဘရိုင်ယန်အဒမ်သည် မကြာသေးမီကပင် ကလေးအဖေ ဘဝခံယူရန် အဆင်သင့်ဖြစ်နေကြောင်းသတင်းများ ထွက်ပေါ်ခဲ့ပြီး ယင်းသတင်းကို ၎င်းကလည်းအတည်ပြုခဲ့သည်။ —Ref: Xinhua



# သကြၤန်ကို အိမ်မှာနေရင်းဖြတ်သန်းမယ့် ဟိန်းဝေယံ

**အေးသူစံ**

**ရန်ကုန်၊ မတ် ၂၁**

ယခုနှစ်သင်္ကြန်တွင် အနုပညာအလုပ်များ လုပ်ကိုင်မည်မဟုတ်ဘဲ အိမ်တွင်သာ အနားယူရင်း သင်္ကြန်ကာလကိုကုန်လွန်မည်ဆိုသည့် ဟိန်းဝေယံက ၎င်း၏ သင်္ကြန်အစီအစဉ်ကို ယခုကဲ့သို့ ပြောသည်။

“သင်္ကြန်ကိုရန်ကုန်မှာပဲ ရှိမှာပါ။ အိမ်မှာပဲအေးအေးဆေးဆေး နားနေမှာပါ။ လည်ဖြစ်ချင်လည်း လည်ဖြစ်မယ်။ ကျွန်တော်အဓိကပြောချင်တာက သင်္ကြန်ကို ဘာအလုပ်မှလက်မခံထားဘဲ သီးသန့်နေဖြစ်မယ်လို့ဆိုလိုတာ။ သူငယ်ချင်းတွေနဲ့အပြင်သွားဖြစ်ရင် သွားမယ်၊ မကျှော်ထိုင်ရင်ထိုင်မယ်။ အလုပ်ကိစ္စကတော့ မလုပ်ပါဘူး။ အေးအေးဆေးဆေးပဲ နားနေဖြစ်မှာပါ” ဟုပြောသည်။

ပြင်ပတွင် ကြားသိနေရသည့် ၎င်း၏ သတင်းများနှင့်ပတ်သက်၍မည်သို့ သဘောထားပါသလဲ ဟုမေးမြန်းရာ “ဖြစ်လာတဲ့အရာတစ်ခုအပေါ်မှာ စိတ်ကိုသိပ်ပြီး မခံစားရအောင်နေတယ်။ ကိုယ့်အနေနဲ့ ကိုယ်အတတ်နိုင်ဆုံး၊ သည်းအခံနိုင်ဆုံးအတိုင်းအတာတစ်ခုအထိ၊ ကိုယ်အကောင်းနိုင်ဆုံးအတိုင်းအတာတစ်ခုအထိနေမယ်။ ကျန်တာတွေကတော့ တခြားသူတွေ၊ တခြားကိစ္စတွေပေ့ါ။ ကျွန်တော်ကတော့ ကျွန်တော်လုပ်စရာရှိတဲ့အနုပညာကို အကောင်းဆုံးဖြစ်အောင်လုပ်ပါတယ်”ဟု အေးဆေးစွာဖြေကြားသည်။

ဟိန်းဝေယံသည် မင်းထုတ်လုပ်ရေးအတွက် ဒါရိုက်တာကျော်ဇရိုက်ကူးသော ‘အမုန်းမီးတောက်’ ရုပ်ရှင်ဇာတ်ကားကြီးတွင် မိုးသက်ဝေ ဇာတ်ကောင်အမည်ဖြင့် သရုပ်ဆောင်နေပြီး အခြားထုတ်လုပ်ရေးများနှင့် ရိုက်ကူးမည်ဆိုပါကလည်း မိမိတို့ထုတ်လုပ်ရေးကဲ့သို့ပင် သဘောထားရိုက်ကူးပါကြောင်းဖြင့်ပြောသည်။

“ကိုယ့်တိုက်နဲ့ပဲဖြစ်ဖြစ်၊ တခြား တိုက်နဲ့ပဲဖြစ်ဖြစ် အားလုံးက အနုပညာကိုဖန်တီးတဲ့အဖွဲ့တစ်ခုပဲလေ။ အဲဒီလို ညှိနှိုင်းစရာမလိုလောက်အောင်အဆင်ပြေပါတယ်။ တစ်ခုတော့ရှိပါတယ်။ ဇာတ်ကို သေချာဖတ်ထားပြီး ကြိုက်လားမကြိုက်လား မရိုက်ခင်ကတည်းက သေချာတွေးထားတယ်။ လက်ခံပြီးမှတော့ ညှိနှိုင်းမယ်ဆိုတာမျိုးမရှိပါဘူး” ဟု ပြောပြသည်။

တစ်လလျှင် လေးကား နှုန်းဖြင့် ရိုက်ကူးလေ့ရှိနေသည့်အတွက် တစ်ခါတစ်ရံ ဇာတ်ကောင်စရိုက်တူသွားခြင်းမျိုးကို အထူးဂရုစိုက်ပြီး သတိထားရိုက်ကူး ဖြစ်ကြောင်း သိရသည်။ ဟိန်းဝေယံသည် ကချင်ပြည်နယ်ဘက်သို့လည်း ဇာတ်ကားသွားရောက်ရိုက်ကူးရန်ရှိနေပြီး အချိန်ကာလအတိအကျကိုမူ ပြော၍မရသေးကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.4 ▪ MARCH 31, 2011



## စာ-၄၇၊ Ar.T ပြောပြတဲ့ဘရစ်တနေစပီးယားအကြောင်း မှ

မက်စ်မာတင်က အသက်လေးငါးဆယ်လောက်ရှိပြီ။ ဆံပင်ကြီးတွေဖြူပြီး အသက်ကြီးတဲ့လူတစ်ယောက်က ဒီလောက်ဖန်တီးနိုင်တာကို ဆလံသမိတယ်။

သူ့သီချင်းတွေထဲမှာ အကြိုက်ဆုံးသီချင်းက Toxic နဲ့ Rader ဖြစ်ပြီး ဘယ်အချိန်မေးမေး ဒီနှစ်ပုဒ်အကြိုက်ဆုံးပဲဆိုတဲ့ Ar.Tက ကိုယ်တိုင် R&B တေးရေး တေးဆိုတစ်ယောက်ဖြစ်ပေမယ့် သူ့ရဲ့ Up Beatတွေ ပါတဲ့ အီလက်ထရိုပေ့ါပ်တွေကို နေ့စဉ်နားထောင်ရင်း စိတ်တက်ကြွမှုကိုရယူပါတယ်။

တစ်ခါတလေ ကျွန်တော်ဖန်တီးတဲ့သီချင်းတွေထဲ ဘရစ်တနေသီချင်းတွေကို Ref ပြန်ယူတာမျိုးလေးတွေရှိပါတယ်။ ကျွန်တော့်ရဲ့ တေးရေးဘဝမှာမိန်းကလေးသီချင်းတွေ လာအပ်တဲ့အခါ သူ့ သီချင်းတွေရဲ့ လွှမ်းမိုးမှုကြောင့် အဆင်ပြေချောမွေ့မှုတွေရှိခဲ့တာကို မငြင်းနိုင်ပါဘူး။

သူနေ့စဉ် ဘယ်သွားတယ်၊ ဘာလုပ်တယ်၊ ဘာဝတ်အစားဝတ်တယ်၊ ဘာပစ္စည်းဝယ်တယ်၊ သူ့စိတ်ကူးတွေ ဘယ်လိုရတာလဲဆိုတာကအစ ဖော်ပြတဲ့ Fan ဆိုက်ကို အမြဲဝင်ကြည့်ဖြစ်တာကြောင့် သူ့စိတ်ကူးအသစ်တွေကို ခန့်မှန်းနိုင်ခဲ့တယ်လေ။

သူ့ရဲ့အောင်မြင်မှုကို အခါခါ ပြန်တည်ဆောက်နိုင်တာကိုလည်း အားကျမိတဲ့ Ar.T က ဘရစ်တနေနဲ့ခေတ်ပြိုင် ဂျက်စီကာဆင်ပဆင်တို့၊ မန်ဒီမိုးတို့ဆိုရင် ကျန်ရစ်ခဲ့ပြီ။ ခုချိန်မှာ ဘရစ်တနေနဲ့ ခရစ္စတီးနားအဂွီလဲရားတို့ကတော့ သူတို့ဂီတလမ်းကြောင်းမှာ ခိုင်ခိုင်မာမာရပ်တည်တုန်းပဲလို့ ထောက်ပြသွားပြန်ပါတယ်။

ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်လို့တော့ ဘာမှမဝေဖန်လိုပေမယ့် ခုနောက်ပိုင်း ဒူးဒဏ်ရာကြောင့် အရင်လိုမကဖြစ်တော့တာကိုတော့ပရိသတ်တစ်ယောက်အနေနဲ့ သိပ်မကျေနပ်ချင်ပါဘူးဟုဆိုသူ Ar.Tက ဘရစ်တနေသာ ဘန်ကောက်တို့၊ စင်ကာပူတို့လောက်ကိုရှိုးလာဆိုမယ်ဆိုရင် မရောက်ရောက်အောင်သွားအားပေးမယ်လို့လည်းပြောခဲ့ပါသေးတယ်။

ဘရစ်တနေရဲ့ဘဝကို လေ့လာပြီး သံဝေဂရမိတဲ့ Ar.T က ကိုယ်လည်း ဘယ်တော့မှသူ့လို မဖြစ်အောင်ကြိုးစားမယ်။ သူ့လိုပဲ အသစ်အသစ်တွေကို စူးစမ်းလေ့လာနေတယ်။ ကိုယ့်ဂီတကိုပုံစံမဟောင်းသွားအောင်၊ သူများမလုပ်ပြသေးတဲ့အသစ် အဆန်းကိုပဲစဉ်းစားတယ်။ အဲဒါမှ ကိုယ့်နေရာက ခိုင်မြဲမှာဆိုတာ ဘရစ်တနေဘဝက မီးမောင်းထိုးပြခဲ့သလိုပါပဲ။

# သင်္ကြန်မှာ သူတို့ဘယ်မှာရှိကြမလဲ

အေးသူစံ

သင်္ကြန်ချိန်ခါနီးလာပြီမို့ တီးဝိုင်းတွေ၊ ဒီဂျေတွေ၊ Dancer တွေ ဘယ်မြို့က ဘယ်မဏ္ဍပ်မှာရှိမလဲဆိုတဲ့အစီအစဉ်တွေသက်ဝင်လှုပ်ရှားလာကြပါပြီ။ ရန်ကုန်မှာတော့ မဏ္ဍပ်ဆောက်လုပ်ရမယ့်နေရာတွေမထွက်ပေါ်လာသေးပါဘူး။ ယခုနှစ်ရန်ကုန်မှာ မဏ္ဍပ်ဆောက်လုပ်ကြမယ့်သူထဲမှာ စီးပွားရေးလုပ်ငန်းရှင်တချို့ရဲ့ ဒီနှစ်အတွင်း ထပ်မံတိုးချဲ့လာတဲ့ Brand အသစ်တွေရဲ့အမည်နဲ့ မဏ္ဍပ်အများစုပါဝင်မယ်လို့လည်း စုံစမ်းသိရှိရပါတယ်။ အနုပညာရှင်တော်တော်များများနဲ့ တီးဝိုင်းအများစုဟာ မန္တလေးနဲ့ နေပြည်တော်မှာ သင်္ကြန်ကျဖို့များတာကြောင့် ရန်ကုန်သင်္ကြန်ပရိသတ်တွေအတွက် အင်ပါယာတီးဝိုင်းတစ်ဝိုင်းလောက်သာ အားပေးစရာရှိပါတယ်။

**နေတိုး**

သင်္ကြန်ကိုအိမ်မှာပဲနေရင်းနဲ့ အေးအေးဆေးဆေးဖြတ်သန်းမယ်။ တစ်နှစ်တော့ကျွန်တော်မဏ္ဍပ်ထိုးဖူးပါတယ်။ ကျွန်တော်တို့ အလုပ်ဆိုတာ အမြဲတမ်းစိတ်နဲ့ လုပ်ရတော့ အခုလိုသင်္ကြန်အချိန်လေးမှာ စိတ်ကို ပေ့ါပေ့ါပါးပါးနဲ့ အေးဆေးဆေးဆေး ဖြတ်သန်းချင်တယ်။ ဘာသာရေးအလုပ်လည်း လုပ်ရင်းပေ့ါ။ ကိုယ့်ကို ပရိသတ်တွေလည်း အတုယူစေချင်တဲ့အတွက် သင်္ကြန်မှာဘာသာရေးအလုပ်တွေလုပ်မယ်။ အနုပညာအလုပ်လည်းမလုပ်ဘူး။

**စိုင်းစိုင်းခမ်းလှိုင်**

မန္တလေးက အယ်လ်ပိုင်း မဏ္ဍပ်မှာ ရှိပါမယ်။

**အေသင်ချိုဆွေ**

သင်္ကြန်အစီအစဉ်က မန္တလေးမြို့တော်ဝန်မဏ္ဍပ်မှာ ရှိမယ်။ မနှစ်က အယ်လ်ပိုင်း မဏ္ဍပ်မှာပဲ။ ခုလက်ရှိထွက်ထားတဲ့ သင်္ကြန်အတွဲခွေနှစ်ခွေထဲက သီချင်းအသစ်လေးတွေပေါက်ရင်လည်းဆိုမယ်။ ဒါမှ



မဟုတ် ဝါကာဝါကာတို့လို၊ ကလို့ကောင်းမယ့်သီချင်းတွေ၊ မြူးမြူးလေးတွေ ရွေးထားပါတယ်။

**ဩရသ**

လားရှိုး၊ မြစ်ကြီးနားနဲ့ မန္တလေး သုံးနေရာခေါ်နေတယ်။ ဘယ်သွားဖြစ်မလဲကတော့ ဒီလကုန်မှသိမယ်။ မနှစ်က လားရှိုး၊ ပြီးခဲ့တဲ့တစ်နှစ်က မန္တလေး။ သင်္ကြန်မှာ ပရိသတ်တွေနဲ့က မောင်နှမတွေလိုပဲ။ သီချင်းဆိုတာနားရင် သူတို့နဲ့အတူ ရေပက်တယ်။

**ဟဲလေး**

သင်္ကြန်က မန္တလေး အယ်လ်ပိုင်း မဏ္ဍပ်မှာ The Trees တီးဝိုင်းနဲ့။ သင်္ကြန်အကြိုရှိုးပွဲကို စင်ကာပူမှာဆိုမယ်။ သင်္ကြန်ပြီးရင် အမေရိကသွားတယ်။

**ဇော်ဝင်းထွဋ်**

အဲပုဂံမဏ္ဍပ်နဲ့က ၁၉၉၉ ခုနှစ်လောက်တည်းက။ အဲဒီတုန်းက ထူးအုပ်စုပေ့ါ။ ဒီနှစ်လည်း ရန်ကုန်မှာပဲ အဲပုဂံနဲ့ရှိမယ်။ ဦးညီထွဋ်တို့နားမှာ ရှိတဲ့သူတွေ တော်တော်များများပါမှာ။ အောင်လ၊ အဲလက်စ်၊ Idiot တို့ပေ့ါ။

**DJ ဝိုင်း**

Channel 5 မဏ္ဍပ်မှာပဲရှိဖို့များပါတယ်။ နှစ်တိုင်းလည်း အဲဒီမဏ္ဍပ်မှာပဲ ရှိနေကျဆိုတော့ ဒီနှစ်လည်း မဏ္ဍပ်နေရာအသေအချာမသိရသေးပေမယ့် ရန်ကုန်က Channel 5 မှာပဲရှိဖို့များတယ်။

**DJ သားငယ်**

ခုထိတော့ ကမ်းလှမ်းထားတာ နှစ်ခုသုံးခုလောက်ရှိတယ်။ ဘယ်မဏ္ဍပ်မှာရှိမလဲတော့မသေချာသေးဘူး။ ရန်ကုန်မှာပဲရှိဖို့များပါတယ်။

**DJ သော်သော်**

ရန်ကုန်နဲ့ မန္တလေး ဘယ်မှာရှိမလဲတော့မသေချာသေးဘူး။ ကမ်းလှမ်းထားတဲ့သူတွေတော့ သုံးလေးခုလောက်ရှိပါတယ်။

**K Family Dance Group**

မန္တလေးအယ်လ်ပိုင်းမဏ္ဍပ်မှာရှိမယ်။ ဒီနှစ်နဲ့ဆို သုံးနှစ်ရှိပါပြီ။ မနှစ်ကလည်း အယ်လ်ပိုင်းမဏ္ဍပ်မှာပါပဲ။

**Lil ကောင်းမြတ်**

ကျွန်တော်မန္တလေး အယ်လ်ပိုင်းမဏ္ဍပ်မှာ ရှိပါမယ်။ ကျွန်တော့်ရဲ့ပရိသတ်တွေကို အကောင်းဆုံးတင်ဆက်ဖျော်ဖြေမယ် လို့ စဉ်းစားထားပါတယ်။

**ခေမီကို**

မန္တလေးက CNC မဏ္ဍပ်မှာပါ။ ခေမီကိုတို့က သင်္ကြန်မှာ မဏ္ဍပ်ကူးလေ့မရှိတော့ မဏ္ဍပ်တစ်ခုတည်းမှာပဲ သေချာဖျော်ဖြေမှာပါ။

**Uranium**

လောလောဆယ် ပြောထားတာ တွေက ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော် သုံးနေရာပါ။ ခုက စိုင်းစိုင်း မွေးနေ့ရှိုးအတွက်လည်း အရမ်းလုံးပန်းနေတယ်။ နယ်ရှိုးတွေလည်းအရမ်းများတော့ သင်္ကြန်ဘက်ကို မလှည့်နိုင်ဘူးဖြစ်နေလို့ ဘယ်မှာရှိမလဲ ဆိုတာ သေချာပြောလို့မရသေးဘူး။မနှစ်ကတော့ ရန်ကုန်က တော်ဝင်မဏ္ဍပ်မှာပါ။

**ရဲလေး**

မန္တလေးမြို့တော်ဝန်မဏ္ဍပ်မှာရှိပါမယ်။

**ခင်ဘုဏ်း**

ချောင်းသာက သင်္ကြန်ပွဲ မှာရောက်နေမှာပါ။ ခင်ဘုဏ်း သိသလောက် L လွန်းဝါ၊ နောနော်၊ ဂျင်းနီ၊ အိမ့်ချစ်၊ မိုးမိုးတို့ အပါအဝင် အဆိုတော် ၁၁ ယောက်လောက်ပါမယ်။

စာ(၃၁)သို့

## စာ-၄၇၊ မျိုးကြီးနှင့်တွေ့ဆုံခြင်း မှ

များသော အားဖြင့် ဒီဇင်ဘာဆိုရင်တော့ကိုချစ်စမ်းမောင်နဲ့ ကျွန်တော်က ကိုချစ်စမ်းမောင်တို့ ဘုရားကျောင်းမှာတော့ ခရစ္စမတ်ရှိုးလေးတွေ လုပ်ကြတာများတယ်။ အဲဒီလိုနေ့မျိုးတွေဆို လိုက်ဆိုဖြစ်တယ်။

**လူမှုရေးလုပ်ငန်းတွေကနေလာပြီးကမ်းလှမ်းရင်ရော အစ်ကို ဘယ်လိုပုံစံမျိုးဆိုရင်လက်ခံကူညီလုပ်ပေးဖို့ရှိပါသလဲ။**

ကျွန်တော်က ဘယ်အဖွဲ့အစည်းကြောင့်၊ ဘာရယ်လို့တော့ဟုတ်ပါဘူး။ ကိုယ်အားရင် အားသလိုမျိုး ဂီတနဲ့အခမဲ့ဖျော်ဖြေပွဲလေးတွေရှိရင်ဆိုပါတယ်။

**ပုဂံအန်တာတိန်းမန့်နဲ့ ဆက်စပ်နေတဲ့တခြားလုပ်ငန်းပိုင်းတွေမှာ အစ်ကိုတို့အဖွဲ့ပါဝင်ဖို့ရှိပါသလား။**

ကျွန်တော်တို့ကတော့ များသောအားဖြင့် တစ်ဖွဲ့လုံးအတူတူလုပ်ကြတာများပါတယ်။ တစ်ဖွဲ့လုံးကမလုပ်ဘူးဆိုရင်တော့ မလုပ်ပါဘူး။

**“ယူလိုက်” စီးရီးကိုအမ်တီဗီရိုက်ဖို့ရှိတယ်လို့သိရပါတယ်။ ဘယ်တော့လောက်စရိုက်တော့မှာပါလဲ။**

အမ်တီဗီကို ခုထိ ကျွန်တော် စကိုမလုပ်ရသေးဘူးဖြစ်နေတယ်။ ကျွန်တော်တို့က အခုချိန်ပွင့်လင်းရာသီဖြစ်နေတော့ ပွဲတွေများနေတယ်။ ပွဲတွေများနေတော့ ဘာမှကိုမလုပ်ဖြစ်သေးဘူး။

**ဒါဆို ခန့်မှန်းခြေ ဘယ်တော့လောက်များစလုပ်ဖြစ်မှာပါလဲ။**

မေလလောက်မှစလုပ်ဖြစ်လိမ့်မယ်။ ခုထိတော့ ကျွန်တော်တို့ လုံးဝမအားဘူး။ မနက်ဖြန် (မတ်၂၄) ကနေစပြီးခရီးထွက်ပြီ။ သင်္ကြန်ပြီးတဲ့အထိတောက်လျှောက်ဆိုတော့ ဘယ်လိုမှကိုယ့်အခွေဘက်ကိုမလှည့်နိုင်ဘူးဖြစ်နေတယ်။

**ပြည်ပဖျော်ဖြေပွဲတွေကရော ဘယ်တွေထပ်သွားဖို့ရှိပါသလဲ။**

မသေချာသေးဘူးညီမ။ လာပြောထားတာတွေတော့ရှိတယ်။


## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Limitless | Relativity Media | ၁၈,၉၀၇,၃၀၂ | ၁ |
| ၂။ | Rango | Paramount Pic. | ၉၂,၃၃၈,၆၉၁ | ၃ |
| ၃။ | Battle: Los Angeles | Sony Pic. | ၆၀,၅၄၀,၁၃၅ | ၂ |
| ၄။ | The Lincoln Lawyer | Lionsgate | ၁၃,၂၀၆,၄၅၃ | ၁ |
| ၅။ | Paul | Universal Pic. | ၁၃,၀၄၃,၃၁၀ | ၁ |
| ၆။ | Red Riding Hood | Warner Bors Pic. | ၂၅,၈၉၅,၅၁၄ | ၂ |
| ၇။ | The Adjustment Bureau | Universal Pic. | ၄၈,၆၁၉,၅၅၀ | ၃ |
| ၈။ | Mars Needs Moms | Walt Disney Studios | ၁၅,၄၀၀,၄၃၄ | ၂ |
| ၉။ | Beastly | CBS Films | ၂၂,၁၈၃,၉၄၃ | ၃ |
| ၁၀။ | Hall Pass | N/A | ၃၉,၅၅၇,၉၄၀ | ၄ |

## Movie Review

### Born to be wild 3D



လူသားနှင့် တိရစ္ဆာန်များအကြား ချစ်ခင်မှု၊ သစ္စာရှိမှုနှင့် သံယောဇဉ်ကြီးကြပုံကို စွဲမက်ဖွယ်ရာရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။ လူဝံများနှင့် ဆင်များကို ကယ်တင်စောင့်ရှောက်ထိန်းသိမ်းကြပုံ၊ တိရစ္ဆာန်တစ်ကောင်ချင်းစီအား ခက်ခက်ခဲခဲစောင့်ရှောက်ရာမှ သံယောဇဉ်ငြိတွယ်လာသည့် တစ်မူထူးခြားသောလူသားများအကြောင်းကို I MAX 3D စနစ်ဖြင့် သုံးဖက်မြင်ရိုက်ကူးထားသည်။ ရုပ်ရှင်ကြည့်ရှုသူများအား ကမ္ဘာကျော် ဘော်နီယိုမိုးသစ်တောများဆီသို့ ခေါ်ဆောင်သွားသလို ကင်ညာနိုင်ငံကန္တာရတွင် ဆင်များကို ကျွေးမွေးစောင့်ရှောက်၍ တောထဲပြန်လွှတ် ပေးကြသောအခါ မခွဲနိုင် မခွာရက်ဖြစ်ပုံတို့ကို မြင်တွေ့ရမည်ဖြစ်သည်။။ ပညာရှင်များ၏ လက်တွေ့အဖြစ်အပျက်များကို မှတ်တမ်းတင် ရိုက်ကူးထားသောဇာတ်ကားတွင် မင်းသားကြီး Morgan Freeman ပါဝင်သရုပ်ဆောင်ထားပြီး၊ David Lickley က ရိုက်ကူးထားသည်။ Warner Bros Pictures က ဧပြီလ ၈ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.10, No.4 • MARCH 31, 2011


## မိမိထက် ပိုသင့်လျော်သူရှိလျှင် ဥက္ကဋ္ဌရာထူးစွန့်လွှတ်ရန်အသင့်ဟု ဦးဇော်ဇော်ပြောကြား

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ်- ၂၃

မိမိထက် ပိုကောင်းသည့် ဥက္ကဋ္ဌတစ်ယောက်ရှိပါက အချိန်မရွေးဖယ်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌဦးဇော်ဇော်က ပြောကြားခဲ့သည်။

ရန်ကုန်မြို့တွင် လက်ခံကျင်းပခဲ့သည့် 2012 AFC Challenge Cup အုပ်စု(က) ဒုတိယပွဲစဉ်တွင် ဘင်္ဂလားဒေ့ရှ်အသင်းအား မိမိအိမ်ကွင်းတွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဒေါသထွက်နေသော ပရိသတ်များအား တောင်းပန်ခဲ့သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တောက်လျှောက်စေတနာနဲ့ အကောင်းဆုံးလုပ်ခဲ့တာ မဖြစ်တာကတော့ ကျွန်တော်ကိုယ်တိုင် အရည်အချင်းမရှိလို့ပါ။ တကယ်တမ်း တာဝန်အရှိဆုံးက ဥက္ကဋ္ဌပါပဲ။ ကျွန်တော် ငွေကုန်တယ်။ အချိန်ကုန်တယ်။ မအောင်မြင်ဘူး။ ကျွန်တော် တောင်းပန်စရာ ပရိသတ်၊ ဒါပဲရှိတယ်။ ကျွန်တော် တောင်းပန်ရုံကလွဲလို့ ဘာမှ မတတ်နိုင်ဘူး။ ကိုယ့်ထက် ပိုကောင်းတဲ့ ဥက္ကဋ္ဌတစ်ယောက်ရှိရင် အချိန်မရွေးဖယ်ပေးဖို့ အဆင်သင့်ပါပဲ”ဟု ဦးဇော်ဇော်က ပြောကြားခဲ့သည်။

ပွဲဦးထွက် ပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းအား သရေသာကစားနိုင်ခဲ့သည့် မြန်မာအသင်းအား ပရိသတ်များက အုပ်စုတွင် အားအနည်းဆုံးဟု သတ်မှတ်ထားခဲ့သည့် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ပွဲစဉ်တွင်မူ အနိုင်ရရှိရန် မျှော်လင့်ခဲ့ကြသည်။ သို့သော် တကယ်တမ်း ယှဉ်ပြိုင်ကစားသည့်အခါတွင်မူ လူငယ်အများစုပါဝင်သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၇၄ ရှိသည့် ဘင်္ဂလားဒေ့ရှ်အသင်းအား ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၆၁ ရှိသည့် မြန်မာအသင်းက ချေပဂိုးပင် မရရှိခဲ့ဘဲ အိမ်ကွင်းတွင် နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

၎င်းပွဲစဉ်အပြီးတွင် မြန်မာပရိသတ်များသည် ဧည့်သည့် ဘင်္ဂလားဒေ့ရှ်အသင်းကို အားပေးခဲ့ကြပြီး မြန်မာ့လက်ရွေးစင်အသင်းကိုမူ တစ်သင်းလုံးအား လဲလှယ်မှုပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။

“ကျွန်တော့်အနေနဲ့ အကောင်းဆုံးလုပ်ခဲ့တာပဲ။ နည်းပြအကောင်းဆုံးခေါ်ပေးတယ်။ ပရော်ဖက်ရှင်နယ်လိဂ် လုပ်ပေးတယ်။ လစာကောင်းကောင်းပေးတယ်။ သူတို့ကို တိုင်းပြည်ချစ်ဖို့အတွက် အမြဲတမ်းတိုက်တွန်းတယ်။ နောက်ဆုံးအဖြေက ဖြစ်မလာဘူး။ ကျွန်တော်တို့လည်း အစကတည်းကတော့ သိတယ်။ ဒီကစားသမားတွေနဲ့ ကစားရင် မဖြစ်ဘူးဆိုတာ။ ဒါပေမဲ့ အချိန်တစ်ခုယူရမှာ။ အကယ်ဒမီကကလေးတွေ၊ လူငယ်တွေနဲ့ အဲဒီအချိန်တစ်ခုရောက်ရင် အားလုံးအတွက် စိတ်ချမ်းသာစရာအနေအထားရောက်လာမှာပါ” ဟု ဦးဇော်ဇော်ကပြောကြားသည်။



ဓာတ်ပုံ - အောင်အောင်

## “ဒီကစားသမားတွေရဲ့ အနာဂတ်က ပြီးဆုံးသွားပါပြီ”

—မြန်မာအသင်းနည်းပြချုပ်မီလန်ဇီဗာဒီနိုဗစ်

ဗိုလ်ဗိုလ်ဝင်း

လက်ရွေးစင်ကစားသမားကြီးများ၏ လက်ရွေးစင်ကစားသမားဘဝသည် ယခုပြိုင်ပွဲတွင် နိဂုံးချုပ်ခဲ့ပြီဖြစ်ကြောင်း မြန်မာအသင်း၏ နည်းပြချုပ်မီလန်ဇီဗာဒီနိုဗစ်က ဘင်္ဂလားဒေ့ရှ်အသင်းအား ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီး၌ ပြောကြားခဲ့သည်။

“ကျွန်တော့်ရဲ့ အဓိကအမှားကတော့ ဒီပြိုင်ပွဲအတွက် စီနီယာကစားသမားတွေကိုရွေးချယ်ပြီး သူတို့ကိုယုံကြည်ခဲ့ပြီး ပြိုင်ခဲ့တာပါပဲ။ ဒီကစားသမားတွေရဲ့ လက်ရွေးစင်ကစားသမားဘဝက ပြီးဆုံးသွားခဲ့ပါပြီ။ သူတို့ကိုအနားပေးဖို့ အချိန်ရောက်လာပါပြီ။ ကျွန်တော့်အနေနဲ့ နောက်ပြိုင်ပွဲတွေအတွက် သူတို့ကို ရွေးချယ်မှာမဟုတ်တော့ပါဘူး။ ဒီကစားသမားတွေရဲ့ အနာဂတ်က အဆုံးသတ်သွားပါပြီ”ဟု မြန်မာအသင်းနည်းပြချုပ်က 2012 AFC Challenge Cup အုပ်စု(က)ခြေစစ်ပွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းအား နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးသောပွဲအပြီး သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းက မြန်မာ့လက်ရွေးစင်အသင်းမှ ကစားသမားများအား အိုလံပစ်အသင်းမှ လူငယ်ကစားသမားများနှင့် နှိုင်းယှဉ်ပြောဆိုခဲ့ပြီး လူငယ်ကစားသမားများ၏တိုက်ပွဲဝင်စိတ်ဓာတ်မှာ စီနီယာကစားသမားများထက်သာလွန်ကြောင်းပြောသည်။

“စီနီယာကစားသမားတွေက ဘောလုံးဆုံးရှုံးသွားရင် ပြန်မလိုက်ကြဘူး။ လူငယ်တွေက ပြန်လိုက်ကစားပါတယ်။ ဘောလုံးကစားနည်းမှာ နှစ်မျိုးပဲရှိတယ်။ တိုက်စစ်နဲ့ ခံစစ်၊ တိုက်စစ်ပျက်သွားတာနဲ့ ခံစစ်ဖြစ်သွားမှာပဲ။ တကယ်လို့သာ ဒီပြိုင်ပွဲကို အိုလံပစ်အသင်းကိုအခြေပြုပြီး စီနီယာသုံးလေးယောက်လောက်နဲ့ ပေါင်းကစားမယ်ဆိုရင်တောင် အခုလို ဆိုးဆိုးရွားရွားမဖြစ်နိုင်ပါဘူး”ဟု မီလန်ဇီဗာဒီနိုဗစ်က ပြောကြားခဲ့သည်။

## လက်ရွေးစင်ဘောလုံးအသင်း ဝတ်စုံသစ်အား ပရိသတ်များ မကြိုက်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ် - ၂၃

ပြောင်းလဲလိုက်သော မြန်မာဘောလုံးအသင်း၏ဝတ်စုံဂျာစီအသစ်အား ပရိသတ်များ ကြိုက်နှစ်သက်မှုမရှိကြောင်း စုံစမ်းသိရှိရသည်။

မြန်မာအသင်းသည် ရန်ကုန်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် 2012 AFC Challenge Cup အုပ်စု(က)ခြေစစ်ပွဲ ဖိလစ်ပိုင်အသင်းနှင့် ပွဲစဉ်တွင် ဝတ်စုံသစ်ဖြစ်သည့် အင်္ကျီအနီရောင်(ကိုယ်ထည်အနီနှင့် လက်မောင်းအဖြူ)၊ ဘောင်းဘီအဖြူ၊ ခြေအိတ်အဖြူတို့နှင့် စတင်ပွဲထွက်ခဲ့သည်။



AFC Challenge Cup **ပြိုင်ပွဲဝင် မြန်မာဘောလုံးသမားများ။** ဓာတ်ပုံ - အောင်အောင်

“ခုပြောင်းလိုက်တဲ့ဝတ်စုံက အရောင်မှိုင်းမှိုင်းကြီးဖြစ်နေသလိုပဲ။ ပြောရရင် အရင် မြန်မာအသင်းဝတ်စုံဖြစ်တဲ့ အပေါ်အောက်အနီဝမ်းဆက်၊ အဖြူဝမ်းဆက်လောက် မကြိုက်ဘူး”ဟု သာကေတမြို့နယ်မှ လာရောက်အားပေးသည့် မြန်မာပရိသတ်တစ်ဦးက ပြောသည်။

မြန်မာအသင်းအနေဖြင့် ယခင်ဝတ်စုံဟောင်းနှင့် နောက်ဆုံးယှဉ်ပြိုင်ခဲ့သောပွဲစဉ်မှာ ပြီးခဲ့သည့် မတ်လ ၉ ရက်က အိမ်ကွင်းသုဝဏ္ဏကွင်း၌ လန်ဒန်အိုလံပစ် ပထမအဆင့် ပွဲစဉ်ဖြစ်သည့် အိန္ဒိယအိုလံပစ်အသင်း ကစားခဲ့သောပွဲစဉ်ဖြစ်သည်။ အဆိုပါပွဲစဉ်တွင် မြန်မာအိုလံပစ်အသင်းသည် အပေါ်အောက်အဖြူရောင်ဝမ်းဆက်ဝတ်စုံနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။

“မြန်မာအသင်းရဲ့ ဝတ်စုံသစ်က အာစီယံဒေသတွင်းက အင်ဒိုနီးရှားနဲ့ စင်ကာပူအသင်းတွေနဲ့လည်း သွားတူနေတာတွေ့ရပါတယ်။ အခု ဝတ်စုံသစ်ကို မကောင်းဘူးလို့ မပြောချင်ပေမယ့် အရင်ဝတ်စုံကို ပိုကြိုက်ပါတယ်”ဟု သယ်န်းကျွန်းမြို့တွင် နေထိုင်သူပရိသတ်တစ်ဦးကပြောသည်။

ဒေါပုံမြို့နယ်မှ မြန်မာဘောလုံးပရိသတ်တစ်ဦးကလည်း “ခု မြန်မာအသင်းဝတ်စုံက အရောင်မပေါ်တာတော့ အမှန်ပဲ။ အရင်ဝတ်စုံတွေလောက် မကြိုက်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့တော့ မြန်မာဘောလုံးအသင်းကို ဝတ်စုံထက် ခြေစွမ်းကိုပိုအားပေးမှာပါ” ဟု ၎င်း၏အမြင်ကိုပြောသည်။

ထို့အပြင် မြန်မာနေရှင်နယ်လိဂ်အသင်းများအနက် ရတနာပုံ၊ ရန်ကုန်ယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်နှင့် ဇေယျာရွှေမြေအသင်းတို့၏ ဝတ်စုံ(ဂျာစီ)များအား ကြိုက်နှစ်သက်ကြကြောင်း မြန်မာပရိသတ်များ၏ ပြောပြချက်အရသိရသည်။




7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# အမှတ်ကွာဟချက်အသာနဲ့ ဇယားကိုဆက်လက်ဦးဆောင်မယ့် မန်ယူအပါအဝင် ပရီးမီးယားလိဂ်ပွဲစဉ်(၃၂) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်



ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၃၂)မှာတော့ ဇယားထိပ်မှာ အမှတ်အသာနဲ့ ဦးဆောင်နေတဲ့ မန်ယူတို့ပဲ ဆက်လက်ဦးဆောင်သွားမှာပါ။ ဒါပေမဲ့ ကျန်ထိပ်တန်းအသင်းတွေဖြစ်ကြတဲ့ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီးတို့ကတော့ နိုင်ပွဲတွေရတာနဲ့အမျှ ဇယားမှာရပ်တည်မှု နေရာအပြောင်းအလဲတွေဖြစ်လာနိုင်တာကြောင့် ကြိုးစားကစားသွားကြဖွယ်ရှိနေပါတယ်။

**၂ ဧပြီ၊ စနေ**

**ညနေ ၆း၁၅ နာရီ**

**ဝက်စ်ဟမ်း-မန်ယူ**

**ပ-ကျော့ရလဒ် ဝ-၃**

မန်ယူဟာ ဒီဇင်ဘာမှာ ဝက်စ်ဟမ်းနဲ့ တွေ့ဆုံခဲ့တဲ့ လိဂ်ဖလားပွဲမှာတော့ လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမဲ့ မန်ယူဟာ ၂၀၀၈ မေလကစလို့ ပရီးမီးယားလိဂ်ပွဲစဉ်ခြောက်ပွဲစလုံးမှာ ဝက်စ်ဟမ်းကိုနိုင်ထားပါတယ်။ ဇယားမှာ ဦးဆောင်မှုအတွက် အရေးကြီးတာမို့ အဝေးကွင်းမှာ မန်ယူတို့ တိုက်စစ်ကစားသွားမှာပါ။ မန်ယူ ရဂိုးနည်းနိုင်ပါတယ်။

**ည ၈း၃၀ နာရီ**

**ဘာမင်ဂမ်-ဘော်လ်တန်**


**ပ-ကျော့ရလဒ် ၂-၂**

ပြီးခဲ့တဲ့အပတ် အက်ဖ်အေဖလားပွဲတွေ့ဆုံမှုမှာတော့ ဘော်လ်တန်က ဘာမင်ဂမ်ကို ၃-၂ ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဘာမင်ဂမ်အိမ်ကွင်းဆိုပေမယ့် လိဂ်မှာ ဇယားအောက်ဆုံးအသင်းဖြစ်နေတာမို့ ညှော့သည်ဘော်လ်တန်ဘက်ကပဲ ဂိုးအနည်းနဲ့ ရပ်တည်ချင်ပါတယ်။

**အဲဗာတန်-ဗီလာ**

**ပ-ကျော့ရလဒ် ဝ-၁**

အဲဗာတန်ဟာ နောက်ဆုံးအိမ်ကွင်းပွဲ ဖူလ်ဟမ်နဲ့ကစားခဲ့ရာမှာ ၂-၁ ဂိုးနဲ့ အနိုင်ရခဲ့ပြီး ရာသီကုန်မှာ ဥရောပဝင်ခွင့်တစ်နေရာ မျှော်မှန်းနိုင်ပါသေးတယ်။ အဝေးကွင်းနိုင်ပွဲနည်းနေတဲ့ ဗီလာတို့ အများဆုံးသရေပဲရမှာပါ။ အဲဗာတန်ကပ်နိုင်ခြေရှိပါတယ်။



**နယူးကာဆယ်-ဝုလ်**

**ပ-ကျော့ရလဒ် ၁-၁**

နယူးကာဆယ်ဟာ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ ရှုံးပွဲတစ်ပွဲ၊ သရေပွဲနှစ်ပွဲရထားပြီး အိမ်ကွင်းရလဒ်ပိုင်း ဆိုးရွားနေပါတယ်။ ညှော့သည်ဝုလ်ကလည်း တန်းဆင်းဇုန်နားမှာရှိနေဆဲမို့ ရုန်းကန်ရမှာပါ။ သရေပွဲဖြစ်နိုင်သလို အိမ်ရှင် နယူးကာဆယ်ဘက်မှာလည်း ဂိုးအနည်းနဲ့ နိုင်ခြေရှိပါတယ်။

**စတုတ်စီးတီး-ချယ်လ်ဆီး**

**ပ-ကျော့ရလဒ် ဝ-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်စလုံးမှာ ချယ်လ်ဆီးကပဲ နိုင်ထားခဲ့ပါတယ်။ ဇယားမှာ အနည်းဆုံးဒုတိယနေရာရဖို့အတွက် ချယ်လ်ဆီးတို့ ဒီအဝေးကွင်းပွဲမှာ ဖိကစားနိုင်ပါတယ်။ တိုက်စစ်ပိုကောင်းတဲ့ ချယ်လ်ဆီးကို နှစ်ဂိုးအသာလောက်နဲ့ ရွေးသင့်ပါတယ်။

**ဝက်စ်ဘရွန်း-လီဗာပူး**

**ပ-ကျော့ရလဒ် ဝ-၁**

ဝက်စ်ဘရွန်းဟာ တန်းဆင်းဇုန်ထိပ်နားမှာရှိပေမယ့် ဒီရာသီမှာ အိမ်ကွင်းရလဒ်ပိုင်းကောင်းမွန်နေတာတွေ့ရပါတယ်။ လီဗာပူးဟာ ပြီးခဲ့တဲ့အဝေးကွင်းသုံးပွဲမှာ ဆန်းဒါးလန်း၊ ချယ်လ်ဆီးတို့ကိုတော့နိုင်ပြီး ဝက်စ်ဟမ်းကိုရှုံးခဲ့ပါတယ်။ ပရီးမီးယားလိဂ်သမ္မာရင့် လီဗာပူးကိုပဲ ဂိုးအနည်းနဲ့ရွေးချယ်ချင်ပါတယ်။

**ဝီဂန်-စပါး**

**ပ-ကျော့ရလဒ် ၁-ဝ**

အိမ်ရှင်ဝီဂန်တို့အတွက် ခက်ခဲတဲ့ပွဲပါပဲ။ ပထမအကျော့တုန်းက ကပ်နိုင်ခဲ့ပေမယ့် ဒီဒုတိယအကျော့မှာတော့ ထိပ်သီးလေးသင်းစာရင်းထဲဝင်ဖို့ကြိုးစားနေတဲ့ စပါးကိုခုခံဖို့မလွယ်ပါဘူး။ တိုက်စစ်အားသာတဲ့ စပါးကပဲ အပြန်အလှန်သွင်းဂိုးတွေနဲ့နိုင်သွားမှာပါ။

**အာဆင်နယ်-ဘလက်ဘန်း**

**ပ-ကျော့ရလဒ် ၂-၁**

ဇယားထိပ်က မန်ယူထက် တစ်ပွဲလျော့ကစားထားတဲ့ အာဆင်နယ်တို့ အိမ်ကွင်းပွဲမှာ အမှတ်ပြည့်ရအောင် ကစားရမှာပါ။ ဆက်ဂ်ညာ၊ ဗာမယ်လန်တို့ရဲ့ အာဆင်နယ်နောက်တန်းက ဘလက်ဘန်းကို ထိန်းချုပ်နိုင်စွမ်းရှိပါတယ်။ အိမ်ကွင်းဆိုပေမယ့် အာဆင်နယ်တို့ တစ်ဂိုးအသာလောက်နဲ့ပဲကပ်နိုင်မှာပါ။

**၃ ဧပြီ၊ တနင်္ဂနွေ**

**ည ၇း၀၀ နာရီ**

**ဖူလ်ဟမ်-ဘလက်ပူးလ်**

**ပ-ကျော့ရလဒ် ၂-၂**

ဇယားမှာ ရပ်တည်မှုအရရော ရမှတ်ပိုင်းပါ သိပ်မကွာတဲ့ နှစ်သင်းဖြစ်ပါတယ်။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ ဖူလ်ဟမ်က နှစ်ကြိမ်နိုင်ခဲ့တယ်။ အိမ်ကွင်းရလဒ်ပိုကောင်းတဲ့ ဖူလ်ဟမ်ကို အားပေးသင့်ပါတယ်။ နှစ်သင်းပေါင်းသွင်းဂိုးများနိုင်ပါတယ်။

**ည ၉း၃၀ နာရီ**

**မန်စီးတီး-ဆန်းဒါးလန်း**

**ပ-ကျော့ရလဒ် ဝ-၁**

မန်စီးတီးဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရထားပါတယ်။ ဆန်းဒါးလန်းကလည်း အဲဗာတန်ပြီးရင် အဝေးကွင်းသရေပွဲအများဆုံးအသင်းတစ်သင်းဖြစ်နေပါတယ်။ ဒါပေမဲ့ မန်စီးတီးတို့ တိုက်စစ်ပိုင်းလျင်မြန်မှုကြောင့် အနိုင်သေချာတဲ့ပွဲပါ။ နှစ်ဂိုးလောက် ရနိုင်ပါတယ်။






7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

# ဓာတ်ရောင်ခြည်သင့်နိုင်သော အစားအစာများ နိုင်ငံရပ်ခြားသို့ တင်ပို့ခြင်းကို ဂျပန်ရပ်တန့်

**တိုကျို၊ မတ် - ၂၁**

အချို့အစားအစာများတွင် ဓာတ်ရောင်ခြည်သင့်မှု မြင့်မားနေကြောင်း တွေ့ရှိခဲ့ရပြီးနောက် ဖူကူရှီးမား ဒိုင်အိချိနျူကလီးယားဓာတ်ပေါင်းဖို အနီးတစ်ဝိုက်စီရင်စု ၄ ခုမှ စားသောက်ကုန်များအားတင်ပို့ရောင်းချခြင်းကို ဂျပန်အစိုးရက ပိတ်ပင်လိုက်ကြောင်း သိရသည်။

အီဘာရာကီ၊ တိုချီဂီ၊ ဂန်းမား၊ ဖူကူရှီးမား စီရင်စုများမှ စားသောက်ကုန်များကို တင်ပို့ရောင်းချခြင်းမှ ပိတ်ပင်လိုက်ကြောင်း ဂျပန်အစိုးရက အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ယင်းမတိုင်မီ ဖူကူရှီးမားစီရင်စုမှ နေ၍ နွားနို့တင်ပို့ခြင်းကိုလည်း ဂျပန်အစိုးရက ရပ်ဆိုင်းထားသည်။

ယိုယွင်းနေသော ဖူကူရှီးမားနျူဓာတ်ပေါင်းဖို ပတ်ဝန်းကျင် စီရင်စုများမှ ထုတ်လုပ်သည့် အစိမ်းရောင်အသီးအရွက်များတွင် ရေဒီယိုသတ္တုကြွဓာတ်များ တွေ့ရှိခဲ့ရသည်။ ယင်းအတွက် နိုင်ငံအများအပြားကလည်း ဂျပန်နိုင်ငံမှ တင်ပို့သော စားသောက်ကုန်များတွင် ရေဒီယိုသတ္တုကြွမှု ရှိ၊မရှိ စမ်းသပ်စစ်ဆေးနေကြသည်။

ဂျပန်အစိုးရ အတွင်းဝန်ချုပ် ယူကီအိုအီဒါနိုကမူ စားသောက်ကုန်များတွင် တွေ့ရသည့် ဓာတ်ရောင်ခြည်သင့်မှု ပမာဏမှာ လူများ၏ ကျန်းမာရေးကို မထိခိုက်နိုင်ကြောင်း ပြောကြားသည်။

ယင်းအစားအသောက်များကိုအကြိမ်များစွာ စားသုံးလျှင်ပင် လူ၏ ကျန်းမာရေးအတွက် အန္တရာယ်မရှိကြောင်း ယူကီအိုအီဒါနိုကသတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင်ပြောကြားသည်။

—Ref: Xinhua



# အမေရိကန်က ကဒါဖီကို အရေးပါသောမဟာမိတ်ဟု ခေါ်ဝေါ်ခဲ့ကြောင်း ဝီကီလိခ်ဖော်ပြ

**လန်ဒန်၊ မတ် - ၂၃**

ဝီကီလိခ် စာရွက်စာတမ်းများနှင့် အမေရိကန်ထောက်လှမ်းရေး သတင်းရင်းမြစ်များ၏ အဆိုအရ အနောက်နိုင်ငံများသည် လစ်ဗျားအရှေ့ပိုင်းရှိ ဂျီဟတ်အုပ်စုများ၏ အကြောင်းကို လစ်ဗျားထောက်လှမ်းရေးက ပံ့ပိုးပေးခဲ့ခြင်းကြောင့် အမြတ်ထွက်ခဲ့ကြကြောင်း The Times ကဖော်ပြသည်။ ကဒါဖီ၏ထောက်လှမ်းရေးအဖွဲ့သည် အမေရိကန်စီအိုင်အေနှင့် ဗြိတိန်ထောက်လှမ်းရေးအဖွဲ့သို့ ရာပေါင်းများစွာသော မသင်္ကာသူများ၏ အမည်နာမများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်မြို့တော်ထရီပိုလီရှိ အမေရိကန်သံရုံးမှပေးပို့ခဲ့သည့် ကြေးနန်းတွင်လည်းလစ်ဗျားနိုင်ငံသည် အကြမ်းဖက်တိုက်ဖျက်ရေး အမေရိကန်၏ ကြိုးပမ်းမှု၌ အရေးပါသောမဟာမိတ်ဟု သုံးနှုန်းခဲ့ပြီး အကြမ်းဖက်တိုက်ဖျက်ရေးနယ်ပယ်တွင် အမေရိကန်-လစ်ဗျား မဟာဗျူဟာမြောက် လက်တွဲဆောင်ရွက်မှုမှာ နှစ်နိုင်ငံစလုံးအတွက် အလွန်ကျေးဇူးများကြောင်း ဖော်ပြခဲ့သည်။

ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ MI-16 သည်လည်းမစ္စတာကဒါဖီနှင့် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ကြောင်း ဗြိတိသျှ ထောက်လှမ်းရေးအရာရှိကြီးတစ်ဦးက ပြောကြားခဲ့သည်ဟု The Times သတင်းစာက ဖော်ပြသည်။ လစ်ဗျားနိုင်ငံက ထောက်လှမ်းရေးသတင်းမျှဝေသဖြင့် အဖိုးတန်သတင်းအချက်အလက်များ ရရှိခဲ့သည်ဟု ဗြိတိသျှထောက်လှမ်းရေးအရာရှိက ပြောကြားသည်။

လစ်ဗျားနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိသော်ငြားလည်း ဗြိတိန်နှင့် အမေရိကန်သည်လစ်ဗျားနိုင်ငံနှင့် ထောက်လှမ်းရေး ဆက်သွယ်မှုများကို ၂၀၀၉ ခုနှစ်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

*—Ref: The Hindu*

# ယောက်ျားလေးများ၏ အခက်အခဲကို အံ့ဖွယ်ဆေးလုံးဖြင့် ကုသနိုင်မည်

**စင်ကာပူ၊ မတ် - ၂၄**

ယောက်ျားလေးများ ကြုံတွေ့ရသည့် လိင်ဆက်ဆံရာတွင် အချိန်မတိုင်မီ သုတ်လွှတ်ခြင်းပြဿနာအားကုသရန် ဆေးတစ်မျိုးကိုစင်ကာပူနိုင်ငံတွင် အတည်ပြုပေးလိုက်ကြောင်း သိရသည်။

ပရိလီဂျီဟုခေါ်သော ဆေးဝါးအား အသက် ၁၈ နှစ်နှင့် ၆၄ နှစ်ကြား အမျိုးသားများ အသုံးပြုနိုင်ကြရန် အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။ အချို့ကလည်း ယင်းကို အံ့ဖွယ်ဆေးလုံးဟုခေါ်ဝေါ်ကြပြီး သုံးလုံးတစ်ကတ်ကို စင်ကာပူဒေါ်လာ ၆၀ ကျသင့်မည်ဖြစ်သည်။ သို့သော်ဆေးကို အထူးကုဆရာဝန်များ၏ ညွှန်ကြားချက်ဖြင့်သုံးရမည်ဖြစ်သည်။

ယင်းဆေးမှာ အာရုံကြောဆဲလ်များမှ ထုတ်လုပ်သည့် စီရိုတိုနင်ဓာတုပစ္စည်းကို ပစ်မှတ်ထား၍ယောက်ျားလေးများ၏ အချိန်မတိုင်မီသုတ်လွှတ်ခြင်း အခက်အခဲကို ကူညီဖြေရှင်းပေးမည်ဖြစ်သည်။

အချိန်မတိုင်မီသုတ်လွှတ်ခြင်းဆိုသည်မှာ လူတစ်ဦးသည် သုတ်လွှတ်ခြင်း မထိန်းချုပ်နိုင်ခြင်းကို ရည်ညွှန်းကြောင်း၊ အချို့အတွက် ယင်းမှာ မွေးရာပါ အခြေအနေဖြစ်၍ စီရိုတိုနင်ဓာတ်ပစ္စည်း နည်းပါးခြင်းကြောင့်ဖြစ်ကြောင်း ထို့အတွက် အာရုံကြောတွင် ၎င်းဓာတ်ကို တိုးမြှင့်ထားသော ဆေးတစ်မျိုးကိုထုတ်လုပ်လိုက်ခြင်းဖြစ်ကြောင်း စင်ကာပူ Raffles ဆေးရုံမှ အကြောအထူးကုဆရာဝန်ဒေါက်တာ လင်ကော့ဘင်းကပြောကြားသည်။

ဆေးမှာ ဘေးထွက်ဆိုးကျိုးအချို့ရှိပြီး ခေါင်းမူးခြင်း၊ အော့အန်ခြင်းများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

*—Ref: CNA*

# ဒုံးကျည်များ ပစ်ခတ်ခံရပြီးနောက် အစ္စရေးက ဂါဇာပစ်မှတ်များကို တိုက်ခိုက်

**ဂါဇာ၊ မတ် - ၂၄**

အစ္စရေးနိုင်ငံအတွင်းပိုင်းအထိရောက်ရှိခဲ့သော ပါလက်စတိုင်းစစ်သွေးကြွများ၏ ဒုံးကျည်များနှင့်မော်တာများ ပစ်ခတ်တိုက်ခိုက်မှုများရှိခဲ့ပြီး နောက်တစ်ရက်အကြာတွင်အစ္စရေးလေယာဉ်များက ဂါဇာဒေသရှိပစ်မှတ်များကို တိုက်ခိုက်ကြကြောင်း သိရသည်။

ဂါဇာ-အီဂျစ်နယ်စပ်ရှိ မှောင်ခိုတင်သွင်းသည့် လိုဏ်ခေါင်းလမ်းကြောင်းများနှင့် ဂါဇာအလယ်ပိုင်းရှိ ၎င်းတို့၏ လေ့ကျင့်ရေးစခန်းတစ်ခုကို အစ္စရေးက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဂါဇာဒေသအားထိန်းချုပ်ထားသည့် အစ္စလာမ်မစ်အုပ်စုက ပြောကြားသည်။

တတိယတိုက်ခိုက်မှုတွင် လျှပ်စစ်ဓာတ်အား မြှင့်စက်တစ်လုံးကိုထိမှန်ခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်သွားခဲ့ကြောင်း မျက်မြင်သက်သေများကပြောသည်။ တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း ကျန်းမာရေးဝန်ထမ်းများက ပြောသည်။ တပ်ဖွဲ့ဝင်များအား စခန်းများမှ ရှောင်ရှားနေရန် ပြောကြားခဲ့ကြောင်း ဟားမားစ်တပ်ဖွဲ့ကပြောကြားသည်။

မတ်လ ၂၃ ရက်တွင် ဂါဇာဒေသမှနေ၍ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်တစ်ဒါဇင်ကျော် မော်တာဖြင့် ပစ်ခတ်မှုများဖြစ်ပေါ်ခဲ့သည်။ ဒုံးကျည်အချို့သည်ဘီယာရှီဘာနှင့်အက်ရှ်ဒေါ့မြို့များအထိရောက်ရှိခဲ့ကြောင်း အစ္စရေးစစ်ဘက်ကပြောကြားသည်။

ယင်းနေ့မှာပင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နာတာညာဟုက စစ်သွေးကြွအုပ်စုများအား သတိပေးချက်ထုတ်ပြန်ခဲ့ပြီး အစ္စရေးသည် မိမိကိုယ်ကိုကာကွယ်ရန်ပြတ်ပြတ်သားသား အရေးယူသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

*—Ref: Reuters*






7 DAY NEWS JOURNAL
Vol.10, No.4 • MARCH 31, 2011

## မြောက်ကိုရီးယားက ဂျပန်ငလျင် ကယ်ဆယ်ရေးအတွက် ကန်ဒေါ်လာတစ်သိန်းလှူဒါန်း

**ဆိုးလ်၊ မတ် - ၂၄**

ပြင်းထန်သော ငလျင်နှင့်ဆူနာမီ ဖြစ်ပေါ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံတွင်ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် မြောက်ကိုရီးယားနိုင်ငံက ကန်ဒေါ်လာ တစ်သိန်းလှူဒါန်းလိုက်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာက ကြေညာခဲ့သည်။

မြောက်ကိုရီးယား ကြက်ခြေနီအဖွဲ့သည် ဂျပန်ကြက်ခြေနီတပ်ဖွဲ့ထံသို့ ကယ်ဆယ်ရေး ရန်ပုံငွေပေးပို့လိုက်ကြောင်းနှင့် ဘေးအန္တရာယ်ကြောင့် သေဆုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုများအတွက်လည်း လေးလေးနက်နက် စာနာ ထောက်ထားမိပါကြောင်းလည်း ဖော်ပြခဲ့သည်ဟု ကိုရီးယားဗဟိုသတင်းအေဂျင်စီက ပြောကြားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်ကလည်း ဂျပန်နိုင်ငံတွင် နေထိုင်သည့် မြောက်ကိုရီးယားကို လိုလားသော ကိုရီးယားလူမျိုးများအတွက်ကန်ဒေါ်လာငါးသိန်း သီးခြားပေးပို့ခဲ့ကြောင်း သတင်းကဖော်ပြသည်။

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းကမ်းရိုးတန်းဒေသ၌ ရိုက်ခတ်ခဲ့သော ငလျင်နှင့် ဆူနာမီ ဖြစ်ပေါ်ပြီး ၁၂ ရက်အကြာတွင် လူပေါင်း၂၅,၀၀၀ကျော်မှာ သေဆုံး (သို့မဟုတ်) ပျောက်ဆုံးနေကြောင်း အတည်ပြုထားသည်။ ငလျင်နှင့် ဆူနာမီကြောင့် နျူကလီးယားဓာတ်အားပေးစက်ရုံတွင်လည်း အကျပ်အတည်းဖြစ်ပေါ်ခဲ့သည်။

မြောက်ကိုရီးယားသည် ဂျပန်နိုင်ငံနှင့် သံတမန်ရေးဆက်သွယ်မှုမရှိဘဲ ထုံးစံအားဖြင့် မြောက်ကိုရီးယားက ဂျပန်အား ပဒေသရာဇ်ကျူးကျော်သူအဖြစ် ရှုတ်ချပြောဆိုလေ့ရှိသည်။ ဂျပန်ကကိုရီးယားကျွန်းဆွယ်အား ၁၉၁၀ မှ ၁၉၄၅ ခုနှစ်အထိ ကိုလိုနီပြုခဲ့ခြင်းကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

—*Ref: AFP*

## တိုက်ပွဲအတွက် လစ်ဗျား အဆင်သင့်ရှိကြောင်း ကဒါဖီပြောကြား



**ထရီပိုလီ၊ မတ် - ၂၃**

ကုလသမဂ္ဂက ထောက်ခံခဲ့သော လစ်ဗျားနိုင်ငံအပေါ် စစ်ရေးတိုက်ခိုက်မှုများ လေးရက်မြောက် ဖြစ်ပေါ်ခဲ့ပြီးနောက် အနောက်နိုင်ငံခေါင်းဆောင်များက ရှေ့ဆက်အရေးယူရမည့် အစီအစဉ်များချမှတ်နေစဉ်အတွင်း လစ်ဗျားခေါင်းဆောင် ကဒါဖီက လစ်ဗျားနိုင်ငံသည် တိုက်ပွဲအတွက်အဆင်သင့်ရှိနေကြောင်း တယ်လီဗေးရှင်းမှတစ်ဆင့်ပြောကြားခဲ့သည်။

"ဒီတိုက်ပွဲကို ငါတို့နိုင်မှာပါ" ဟုကဒါဖီက ဘက်အယ်လ်အဇီဇီယာခြံဝင်းအတွင်းတွင် ၎င်းအား ထောက်ခံသူများအား ပြောကြားနေပုံကို တယ်လီဗေးရှင်းက ပြသခဲ့သည်။ ထရီပိုလီရှိ ၎င်းခြံဝင်းမှာ မဟာမိတ်တို့ ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် နေရာလည်းဖြစ်သည်။

မဟာမိတ်တပ်ဖွဲ့များသည် မတ်လ ၂၃ ရက် အစောပိုင်းတွင် ထရီပိုလီမြို့ အရှေ့ဘက်ရှိ မစ်ထရာတာမြို့တွင် လေကြောင်းမှ တိုက်ခိုက်မှု စတင်ခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနကပြောကြားသည်။

မစ်ထရာတာမြို့ရှိ ၎င်းတို့စခန်းတွင် အပြင်းအထန်တိုက်ခိုက်မှုကိုခံနေရကြောင်း သူပုန်များကပြောကြားခဲ့သည်။ မစ်ထရာတာမြို့အား ကဒါဖီတပ်ဖွဲ့များကစီးနင်းတိုက်ခိုက်နေသည်မှာ ရက်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ တိုက်ခိုက်မှုများကြောင့် မတ်လ ၂၂ ရက်တွင် ကလေးလေးဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုအတောအတွင်း လက်တင်အမေရိက ခရီးစဉ်မှစောစောစီးစီး ပြန်လာခဲ့သော အမေရိကန်သမ္မတဘားရက်အိုဘားမားကလည်း မဟာမိတ်တပ်ပေါင်းစုစစ်ဘက်စစ်ဆင်ရေး၏ ရှေ့ဆက်လုပ်ဆောင်မည့် ကွပ်ကဲမှုပုံသဏ္ဌာန်ကို ရက်အနည်းငယ်အတွင်း ရှင်းရှင်းလင်းလင်းသိရှိလိုကြောင်း ပြောကြားခဲ့သည်။

—*Ref: AFP*






# ဖူကူရှီးမား နျူအကျပ်အတည်းအတွက် အသက်အသေခံရန် ဂျပန်အလုပ်သမားအချို့ ပြင်ဆင်ထား

အိုဆာကာ၊ မတ် - ၂၂

ချည့်နဲ့နေသော ဖူကူရှီးမား နျူကလီးယား ဓာတ်ပေါင်းဖို ပေါက်ကွဲ၍ နျူကလီးယား ကပ်ဆိုးကြီးဖြစ်ပေါ်ခြင်းကို ရှောင်လွှဲနိုင်ရန် ကိုယ်ကျိုးမငဲ့သော ဂျပန်လုပ်သားများသည် လူသန်းပေါင်းများစွာအတွက် မိမိတို့၏ အသက်ကိုပင် အသေခံရန် ပြင်ဆင်ထားကြောင်း သိရသည်။ အန္တရာယ်ရှိသော ဓာတ်ရောင်ခြည်သင့်မှုများ ထပ်ခါထပ်ခါကြုံတွေ့ခြင်းအတွက် ယင်းအလုပ်ကို အလုပ်သမားများက မိမိတို့ဆန္ဒအလျောက် ရွေးချယ်ခဲ့ကြသည်။

ကြီးကျယ်သော မြေငလျင်နှင့် ဆူနာမီကြောင့် ယိုယွင်းနေသည့် နျူဓာတ်အားပေးစက်ရုံအား အင်ဂျင်နီယာများက လျှပ်စစ်ဓာတ်အား ပြန်လည် သွယ်တန်းနိုင်လျှင်ပင် ၎င်းလုပ်သားများသည် တစ်သက်တာလုံး ကျန်းမာရေးချို့ယွင်းမှုကို ခံစားရနိုင်ကြောင်း သိရသည်။ အလုပ်သမားများသည် အသက်အသေခံရန်ပင် ပြင်ဆင်ထားကြကြောင်း ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်ကပြောကြားသည်။

အလုပ်သမားများသည် ငရဲခန်းတမျှဖြစ်နေသည့် အဆိပ်သင့်ပတ်ဝန်းကျင်တွင် ဝင်ရောက်၍လျှပ်စစ်ဓာတ်အားကြိုးများ သွယ်တန်းခြင်း၊ စက်များကို စစ်ဆေးခြင်းနှင့် ဓာတ်ပေါင်းဖိုများအား အအေးခံရန် မီးသတ်သမားများက ချိန်ရွယ်ရမည့်နေရာများ ပြသခြင်းစသော လုပ်ငန်းများပြုလုပ်ရန် မိမိသဘောဖြင့် ရွေးချယ်ခံကြကြောင်းသိရသည်။

ဓာတ်ရောင်ခြည်များ ထုတ်လွှတ်နေသော အပူလွန်ကဲနေသည့် ဓာတ်ပေါင်းဖိုများအား ရေဖြင့်ဖျန်းပက် အအေးခံရန် ကာကွယ်ရေးတပ်ဖွဲ့များနှင့် မီးသတ်သမားများကလည်း မီးသတ်ကားများ၊ ရေကားများကို ဓာတ်ပေါင်းဖိုများဆီသို့ အကြိမ်ကြိမ်မောင်းနှင်သွားနေကြောင်း သိရသည်။ ဓာတ်ရောင်ခြည်သင့်မှု ၁၀၀ မီလီဆိုင်းဗာ့ (100 milisieverts) ကြုံတွေ့ခဲ့သော အလုပ်သမားအရေအတွက် ၁၃ ဦးရှိလာကြောင်း တိုကျိုလျှပ်စစ်စွမ်းအား ကုမ္ပဏီက ပြောကြားသည်။ သာမန်အချိန်များတွင် တစ်နှစ်ပတ်လုံးအတွက် အလုပ်သမားများ၏ ဓာတ်ရောင်ခြည်သင့်မှု ပမာဏကန့်သတ်ချက်မှာ ၅၀ မီလီဆိုင်းဗာ့သာရှိကြောင်း သိရသည်။

—*Ref: AFP*



## ဂျပန်နျူစက်ရုံဒေသအတွင်းမှထုတ်လုပ်သော အစားအစာများကို စင်ကာပူတွင်ပိတ်ပင်

စင်ကာပူ၊ မတ် - ၂၄

ဓာတ်ရောင်ခြည်သင့်မှုများရှိနေသောကြောင့် ဂျပန်ဖူကူရှီးမား နျူကလီးယားစက်ရုံရှိရာဒေသများမှ အသား၊ နို့နှင့် ထုတ်ကုန်များတင်သွင်းခြင်းကို စင်ကာပူနိုင်ငံက ဆိုင်းငံ့ထားလိုက်ကြောင်း အစိုးရအေဂျင်စီတစ်ခုကပြောကြားသည်။

ဖူကူရှီးမား၊ အီဘာရာကီ၊ တိုချီဂီနှင့် ဂန်းမာစီရင်စုများမှ လာသောဟင်းသီးဟင်းရွက်နှင့် သဘာဝနွားနို့များတွင် ရေဒီယိုသတ္တုကြွမှုအာနိသင်မြင့်မားစွာတွေ့ရှိခဲ့ရကြောင်း ဂျပန်ကျန်းမာရေး၊ အလုပ်သမားရေးနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာနက ပြောကြားခဲ့ပြီးနောက် ယင်းသို့ပိတ်ပင်ခြင်း ပြုလုပ်ခြင်းဖြစ်ကြောင်း စင်ကာပူလယ်ယာထွက်စားသောက်ကုန်နှင့် တိရစ္ဆာန်ရောဂါအာဏာပိုင်အဖွဲ့ (AVA) ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

AVA သည်အခြေအနေကို ဆက်လက်၍အနီးစောင့်ကြည့်သွားမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှတင်သွင်းသည့် စားသောက်ကုန်များကို စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း စင်ကာပူအာဏာပိုင်အဖွဲ့က ပြောကြားသည်။ ပိတ်ပင်လိုက်သော စားသောက်ကုန်များတွင် နို့နှင့် နို့ထွက်ပစ္စည်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ၊ ပင်လယ်စာနှင့် အသားများ ပါဝင်ကြောင်း သိရသည်။

—*Ref: Reuters*




7DAY NEWS JOURNAL

# International

Vol.10, No.4 ▪ MARCH 31, 2011

## ဂျပန်နျူစက်ရုံအနီးပင်လယ်ပြင်တွင် ရေဒီယိုသတ္တိကြွမှု အဆတစ်ထောင်ကျော် မြင့်မားနေ

အိုဆာကာ၊ မတ် - ၂၈

ဘေးအန္တရာယ်ကျရောက်ခဲ့သော ဖူကူရှီးမားနျူကလီးယားစက်ရုံရှိ ဓာတ်ပေါင်းဖိုအမှတ် (၅) နှင့် (၆) မှ ပေ ၁၀၀ ခန့်ကွာဝေးသော ပင်လယ်ရေပြင်တွင် ပုံမှန်ထက် အဆပေါင်း ၁၁၅၀ ဆ ရေဒီယိုသတ္တိကြွမှုဖြစ်ပေါ်နေသည့် အိုင်အိုဒင်းဓာတ်များအား တိုကျိုလျှပ်စစ်စွမ်းအင်ကုမ္ပဏီ (Tepco) က စမ်းသပ်တွေ့ရှိခဲ့ကြောင်း နျူကလီးယားဘေးကင်းလုံခြုံရေးအေဂျင်စီက ပြောကြားသည်။

ဝင်းဓာတ်ပေါင်းဖိုနှစ်လုံးမှာ မြေငလျင်နှင့် ဆူနာမီကျရောက်ချိန်တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ဆောင်နိုင်ရန် ပိတ်ထားခဲ့ကြောင်း သိရသည်။

စာမျက်နှာ(၄၅)သို့▸▸▸

## လစ်ဗျားစစ်ဆင်ရေးကွပ်ကဲမှုကို နေတိုးက အပြည့်အဝတာဝန်ယူ

ဘရပ်ဆဲလ်၊ မတ် - ၂၈

လစ်ဗျား စစ်ဘက်စစ်ဆင်ရေး ကွပ်ကဲမှုအား အပြည့်အဝတာဝန်ယူရန် နေတိုးအဖွဲ့က မတ်လ ၂၈ ရက်တွင် သဘောတူညီခဲ့ကြောင်း သံတမန်တစ်ဦးနှင့် နေတိုးအရာရှိတစ်ဦးက ပြောကြားသည်။

ကဒါဖီအစိုးရ၏ တိုက်ခိုက်ခြင်းမှ ခြိမ်းခြောက်ခံနေရသော အရပ်သားများ နေထိုင်ရာဒေသများနှင့် အရပ်သားများအား ကာကွယ်ရန် ကုလသမဂ္ဂဆုံးဖြတ်ချက်အမှတ် (၁၉၇၃) ၏အစိတ်အပိုင်းအားလုံးကို အကောင်အထည်ဖော်ရန် နေတိုးက ဆုံးဖြတ်ခဲ့ကြောင်း နေတိုးအရာရှိတစ်ဦးက ပြောကြားသည်။

စာမျက်နှာ(၄၅)သို့▸▸▸



### Interview

စာမျက်နှာ(၄၆)သို့▸▸▸



ကဒါဖီကတော့ သွားကို သွားရပါမယ် . . .

ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဂိုင်ဒိုဗက်စတာဗဲလ်နှင့် စကားစမြည်

### News Analysis

စာမျက်နှာ(၃၆)သို့▸▸▸



မရေရာသော အနာဂတ်ကို အန်တုခြင်း

## ဆီးရီးယားဆိပ်ကမ်းမြို့ကို ထိန်းသိမ်းရန် သမတအာဆတ်က တပ်ဖွဲ့ဝင်များချထား

ဒမတ်စကတ်၊ မတ် - ၂၈

နိုင်ငံတစ်ဝန်းပျံ့နှံ့လာသော ကန့်ကွက်ဆန္ဒပြမှုများ ရက်သတ္တပတ် နှစ်ပတ်ကြာမြင့်လာပြီးနောက် ဆီးရီးယားနိုင်ငံ၏ အဓိကဆိပ်ကမ်းမြို့ လာတာကီးယားတွင် သမ္မတဘာရှားအယ်လ်အာဆတ်က ကြည်းတပ်တပ်ဖွဲ့ဝင်များ ချထားလိုက်ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံတွင် ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်ပြီးနောက်ပိုင်း နိုင်ငံသို့ တိုက်ရိုက်မိန့်ခွန်းမပြောသေးသော ဆီးရီးယားသမ္မတ အာဆတ် (၄၅ နှစ်)သည် မကြာမီ နိုင်ငံသို့ မိန့်ခွန်းပြောကြားလိမ့်မည်ဟု မျှော်လင့်ကြောင်း အရာရှိများကပြောကြားသည်။ သို့သော် အသေးစိတ်အချက်အလက်များကိုမူ အရာရှိများကမပြောကြပေ။

ဆီးရီးယားနိုင်ငံတောင်ပိုင်းရှိ ဒီရာမြို့ ဆာနာမိန်း၊ လာတာကီယာ၊ ဒမတ်စကတ်နှင့် အခြားမြို့များတွင် ဒီမိုကရေစီလိုလားသူများ၏ ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဆီးရီးယားအစိုးရကမူ နိုင်ငံတကာ အင်အားကြီးနိုင်ငံများ၏ ထောက်ခံမှုကိုရရှိနေသော လက်နက်ကိုင်အုပ်စုများက ဆီးရီးယားနိုင်ငံတွင် လူမျိုးရေးမငြိမ်မသက်မှုများ ဖြစ်ပေါ်စေရန် ကြိုးပမ်းနေကြကြောင်း ပြောကြားသည်။ စာမျက်နှာ(၄၅)သို့▸▸▸

## နျူစိုးရိမ်မှုများကြောင့် ဂျာမနီတွင်အရေးပါသောပြည်နယ်ကို မာကယ်လ် ဆုံးရှုံးရဖွယ်ရှိ




ဘာလင်၊ မတ် - ၂၈

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်လ်၏ ရှေးရိုးစွဲ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီသည် ဂျာမနီနိုင်ငံ တောင်ပိုင်းမှ ၎င်းတို့၏ အမာခံပြည်နယ်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ဖွယ်ရှိကြောင်း ကနဦးထွက်ပေါ်လာသော ရလဒ်များကပြသနေသည်။

ယင်းပြည်နယ်တွင် အစိမ်းရောင်ပါတီက ပထမဦးဆုံးအကြိမ်အဖြစ်ပြည်နယ်အစိုးရဖွဲ့၍ ဦးဆောင်သွားနိုင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော နျူကလီးယားဘေးဒုက္ခနှင့် မစ္စမာကယ်လ်၏ နျူကလီးယားစွမ်းအင်မူဝါဒအား ပြောင်းပြန်လှန်ခြင်း စသောအခြင်းအရာများမှာ ဂျာမနီနိုင်ငံအနောက်တောင်ပိုင်း ဘေဒန်ဝတ်တင်ဘာ့ဂ်ပြည်နယ် ရွေးကောက်ပွဲများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ယင်းပြည်နယ်အား ခရစ်ယာန် ဒီမိုကရက်တစ်ပါတီက ၁၉၅၃ ခုနှစ်မှ စ၍အုပ်ချုပ်ခဲ့သည်။

ဂျပန်နိုင်ငံတွင် နျူကလီးယားဘေးဒုက္ခ ဖြစ်ပေါ်ခဲ့ပြီးနောက် မစ္စမာကယ်လ်သည် ယမန်နှစ်ကအတည်ပြုခဲ့သော နျူကလီးယားလိုလားသည့် မူဝါဒကို ပြောင်းပြန်လှန်ခဲ့ကာ

စာမျက်နှာ(၄၅)သို့▸▸▸



ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
အချုပ်ပို
Vol.10, No.4 • MARCH 31, 2011

# နှစ်ရက်၊ သုံးရက်အတွင်း မုန်တိုင်းဝင်ရောက်ဖွယ်ရှိ

## ယခုရက်ပိုင်းအတွင်း မုန်တိုင်းသတိပေးချက်များနားထောင်ရန်နှင့် ပင်လယ်ရေလမ်းခရီးရှောင်ရှားရန်လို

အောင်သူရ

ရန်ကုန်၊ မတ်-၂၉

ကော့သောင်းမြို့၏တောင်ဘက် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မတ်လ ၂၉ ရက် နေ့လယ်တစ်နာရီခွဲအချိန် တိုင်းတာချက်များအရ မုန်တိုင်းဖြစ်ရန် အခြေခံလိုအပ်ချက်များပြည့်နေပြီဖြစ်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကပြောသည်။

"နှိုးဆော်တဲ့အဆင့်တော့ ရောက်ပြီ။ စောင့်ကြည့်အဆင့်ကနေကျော်လာပြီ။ သတိပေးတဲ့အဆင့်တော့ မရောက်သေးဘူး"ဟု ဒေါက်တာထွန်းလွင်ကပြောသည်။


မုန်တိုင်းဖြစ်ပေါ်လာပါက မြန်မာနိုင်ငံ အနောက်ဘက် သို့မဟုတ် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အနောက်မြောက်ဘက်သို့ရွေ့လျားပါက ပထမဆုံးသတိထားရမည့် ဒေသမှာ တနင်္သာရီတိုင်းဒေသကြီးဖြစ်ပြီး ကိုကိုးကျွန်း၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးကိုပါ ဖြတ်သန်းနိုင်သည်။

အနောက်မြောက်ဘက်သို့ ရွေ့လျားပါက နှစ်ရက်မှ သုံးရက်အတွင်း မြန်မာနိုင်ငံ ကမ်းရိုးတန်းသို့ ဝင်ရောက်နိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မိုးရွာသွန်းနိုင်သည်။

"အဆိုးဆုံးမြင်ကွင်းကတော့ အနောက်မြောက်ဘက်ကို ဖြတ်တာပဲ။ အနောက်မြောက်ဘက်ကိုဖြတ်ရင် တစ်နာရီ မိုင် ၄၀၊ ၅၀ နှုန်းလောက်အမြင့်ဆုံးလေတိုက်နိုင်တယ်။ မိုးရွာနိုင်တယ်။ လှိုင်းကြီးနိုင်တယ်။ အနောက်ဘက်ကိုရွေ့ရင်တော့ ပြဿနာသိပ်မရှိဘူး။ ဇာတ်မသိမ်းမချင်းတော့ စောင့်ကြည့်ရမယ်။ အနောက်ဘက်ကိုထွက်သွားပြီး ပြန်ကွေ့လာရင်ဆိုးမယ်။ အနောက်ဘက်ကိုထွက်ပြီး ပြန်ကွေ့လာရင် အားကောင်းတဲ့ အဆင့်ဖြစ်သွားမယ်" ဟု ဒေါက်တာထွန်းလွင်က ပြောသည်။ အနောက်မြောက်ဘက်သို့ ရွေ့လျားပါကလည်း မုန်တိုင်းဒီရေမတက်နိုင်ကြောင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းကြီးတစ်ခုမဖြစ်နိုင်ကြောင်း ဒေါက်တာထွန်းလွင်ကဆိုသည်။

ထို့ကြောင့် ယခုရက်ပိုင်းမှစ၍ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်သည့် မုန်တိုင်းသတိပေးချက်များအား နားထောင်ရန်၊ ကြိုတင်ကာကွယ်မှုပြုလုပ်ရန်နှင့် ပင်လယ်ရေလမ်းခရီးရှောင်ရှားကြရန် လိုအပ်သည်။

မိုးလေဝသမှတ်တမ်းများအရ မတ်လအတွင်းဖြစ်ပေါ်သောမုန်တိုင်းမှာ မြန်မာနိုင်ငံသို့ဝင်လေ့မရှိသော်လည်း ယခုနှစ်မတ်လမှာ ယခင်နှစ်များက မတ်လရာသီဥတုနှင့်မတူခြင်းနှင့် မတ်လကုန်ပိုင်းတွင် မုန်တိုင်းဖြစ်ပေါ်နေသဖြင့် မိုးလေဝသ သတင်းများအား အခါမလပ်စောင့်ကြည့်ရမည်ဖြစ်သည်။



မတ်လ ၂၉ ရက် နေ့လယ် တစ်နာရီခွဲအချိန် မိုးလေဝသ ဂြိုဟ်တုတိမ်ပုံ

## မြန်မာနိုင်ငံသားများအတွက် လေဆိပ်အခွန်ကို ကျပ် ၃၀၀၀ မှ ကန်ဒေါ်လာ ၁၀ သို့ တိုးမြှင့်ကောက်မည်

အောင်သူရ

ရန်ကုန်၊ မတ်-၂၉

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့သွားရောက်မည့် မြန်မာနိုင်ငံသားများပေးဆောင်ရသော လေဆိပ်အခွန်အား ဧပြီ ၁ ရက်မှစ၍ နိုင်ငံခြားသားများနည်းတူ ကန်ဒေါ်လာ ၁၀ ပေးဆောင်ရန် သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

"မနေ့က အစည်းအဝေးခေါ်ပြီးပြောတာ စာတော့မထုတ်သေးဘူး။ လေဆိပ်အခွန်ကို လက်မှတ်ခထဲမှာ တစ်ခါတည်းပေါင်းထည့်ရမယ်။ အရင်လိုလေဆိပ်မှာ သီးသန့်ပေးစရာမလိုတော့ဘူး" ဟု အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ လက်မှတ်ခတွင် လေဆိပ်အခွန်ပေါင်းထည့်နိုင်ရန် မြန်မာနိုင်ငံသားများအတွက် ကောက်ခံနေသော လေဆိပ်အခွန် ကျပ် ၃,၀၀၀ အား နိုင်ငံခြားသားများနည်းတူ ကန်ဒေါ်လာ ၁၀ သတ်မှတ်လိုက်ခြင်းဖြစ်နိုင်ကြောင်း လေကြောင်းလိုင်းအသိုင်းအဝိုင်းက သုံးသပ်ကြသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအား လေဆိပ်အခွန်ကို ၁၉၉၆ ခုနှစ်မှစ၍ ကျပ် ၅၀၀ သတ်မှတ်ခဲ့ပြီး ၂၀၁၀ ခုနှစ်ဆန်းပိုင်းမှစ၍ ကျပ် ၃,၀၀၀ သို့ တိုးမြှင့်ကောက်ခံခဲ့ သည်။